# မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ

## ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဝင်ငွေခွဲဝေမှုနှင့် သက်ရောက်မှု






တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)
Ethnic Nationalities Affairs Center (Union of Burma)

# မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ

## ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဝင်ငွေခွဲဝေမှုနှင့် သက်ရောက်မှု

**တိုင်းရင်းသားလူမျိုးများရေးရာစင်တာ**
Ethnic Nationalities Affairs Center – ENAC

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ပထမအကြိမ် - | ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ |
| အုပ်ရေ - | ၃၀၀၀ |
| ပုံနှိပ်တိုက် - | ပြည်အေးမိသားစု ပုံနှိပ်တိုက်<br>YMCA International Housing<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန် |
| Design & Layout - | Ying Tzarm |
| ထုတ်ဝေသူ - | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ<br>(ပြည်ထောင်စု မြန်မာနိုင်ငံ)<br>Ethnic Nationalities Affairs Center<br>(Union of Burma) |
| လိပ်စာ - | P.O. Box 5, Chang Puak, A. Mueang<br>Chiang Mai 50302, Thailand |


## တိုင်းရင်းသားလူမျိုးများရေးရာစင်တာ

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (Ethnic Nationalities Affairs Center - ENAC) သည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့ပြီး လွတ်လပ်သော သုတေသန အဖွဲ့အစည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးကို ရှေးရှုလျက် နိုင်ငံရေးအစုအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုင်းအဝန်းများနှင့် ပူးပေါင်းကာ အလုပ်ရုံ ဆွေးနွေးပွဲနှင့် သင်တန်းများ ကျင်းပပြုလုပ်ခြင်း၊ မူဝါဒဆိုင်ရာ သုတေသန စာတမ်းများ ရေးသားပြုစုထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်လည်း နည်းပညာပိုင်းဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးလျက် ရှိသည်။


အသေးစိတ်သိရှိလိုပါက http://www.burmaenac.org/ တွင် ကြည့်ရှုနိုင်ပါသည်။
(သို့မဟုတ်) info@burmaenac.org သို့ ဆက်သွယ်နိုင်ပါသည်။

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံတွင် စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေး ရရှိနိုင်ရေးအတွက် သဘာဝ သယံဇာတဆိုင်ရာ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဝင်ငွေခွဲဝေမှုနှင့် သက်ရောက်မှုတို့ကို နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးညှိနှိုင်းသင့်သည်ဟု တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (Ethnic Nationalities Affairs Center – ENAC) မှ ယူဆပါသည်။ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ များစွာရှိသော်လည်း ကျောက်စိမ်းနှင့် သဘာဝဓာတ်ငွေ့ (၂) မျိုးကိုသာ လေ့လာနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်မှ ထွက်သော သဘာဝ ဓာတ်ငွေ့နှင့် ကချင်ပြည်နယ်မှထွက်သော ကျောက်စိမ်းအကြောင်းတို့ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့နယ်ရှိ မလကျွန်း၊ နမ်းဖဲတောင်နှင့် ပျားတဲကျေးရွာများသို့လည်းကောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ဖားကန့်မြို့သို့လည်းကောင်း ကွင်းဆင်းသုတေသန ပြုလုပ်ခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

သုတေသနခရီးစဉ်အတွင်း ENAC သုတေသနအဖွဲ့ကို လက်ခံတွေ့ဆုံခဲ့သော ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့ကို အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ကချင်ပြည်နယ်၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးအိပ်ချိုလအောင်၊ ကချင်ပြည်နယ်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဒေါက်တာမနမ်တူးဂျာနှင့် အခြားသော ကချင်နိုင်ငံရေးပါတီများမှ ခေါင်းဆောင်တို့ကို လည်းကောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးတော်ဆောင်အဖွဲ့ (PCG) နှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အကြံပေးအဖွဲ့ (TAT) တို့ကိုလည်းကောင်း၊ ကချင်နှစ်ချင်းခရစ်ယာန်အသင်းချုပ် (KBC) မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ခလမ်ဆမ်မ်ဆင်နှင့် ခေါင်းဆောင်များကိုလည်းကောင်း၊ ကျောက်စိမ်းမြေ မြန်မာကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးယွတ်ဇော်ခေါ်နှင့် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ (KDNG) မှ ဦးစတီဗင် နော်အောင်ကို လည်းကောင်း၊ ရခိုင်အမျိုးသားပါတီမှ ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်၊ ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ (AOW) မှ ဦးကျော်ခိုင်နှင့် ရခိုင်အမျိုးသမီးများကွန်ယက် (AWN) မှ ဒေါ်ညိုဝင်းနှင့် ဒေါ်ဝေဝေလွင်တို့ကိုလည်းကောင်း ကျေးဇူးတင်ပါသည်။ ထို့အပြင် ENAC သုတေသနအဖွဲ့ကို လက်ခံတွေ့ဆုံပြီး မေးခွန်းများဖြေကြားပေးခဲ့ကြသော ဒေသခံပြည်သူများ၊ ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ အားလုံးကိုလည်း ကျေးဇူးတင်ပါသည်။

ကွင်းဆင်းသုတေသနပြုလုပ်ပြီးနောက် ပြုစုရေးသားထားသော တွေ့ရှိချက်များကို တင်ပြနိုင်ရန်နှင့် အကြံပြုချက်များ ဆက်လက်ရယူနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ (၃) ကြိမ် ထပ်မံပြုလုပ်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (EAOs) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်လည်းကောင်း၊ နိုင်ငံရေး ပါတီများနှင့် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက် ဆွေးနွေးပေးခဲ့ကြသော ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအားလုံးကို ENAC မှ ကျေးဇူးတင်ပါသည်။

ထို့အပြင် ဤစာတမ်းတွင် ပါရှိသော မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အကြောင်းကို နိုင်ဟံသာကလည်းကောင်း၊ ကချင်ပြည်နယ်အကြောင်းကို ဒေါက်တာလာဂျာကလည်းကောင်း၊ ရခိုင်ပြည်နယ်အကြောင်းကို ဒေါက်တာခင်မောင်ကလည်းကောင်း စိစစ်တည်းဖြတ်ပေးသည့်အတွက် တည်းဖြတ်ပေးသော ခေါင်းဆောင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာတမ်းကို ပြုစုရေးသားရာတွင် ပြည့်စုံမှုရှိမည် မဟုတ်ပေ။ ဤစာတမ်းပါ အကြောင်းအရာများနှင့် ပတ်သက်၍ မှားယွင်းမှု တစ်စုံတစ်ရာ ရှိခဲ့လျှင် ENAC နှင့်သာ သက်ဆိုင်ပါသည်။

သဘာဝသယံဇာတဆိုင်ရာ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဝင်ငွေခွဲဝေမှုနှင့် သက်ရောက်မှုများ ဟူသော အချက် (၄) ချက်ကို အခြေခံပြီး ရေးသားပြုစုထားသော ဤစာတမ်းသည် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် တစ်စုံတစ်ရာ အကျိုးပြုမည်ဟု မျှော်လင့်ပါသည်။

ဗိုသုန်းမှုန်
အမှုဆောင် ဒါရိုက်တာ
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မူဝါဒအကြံပြုချက်များ | ၁ |
| | အကျဉ်းချုပ် | ၅ |
| အခန်း (၁) | နိဒါန်းနှင့် ရည်ရွယ်ချက် | ၇ |
| အခန်း (၂) | သုတေသန နည်းစနစ်နှင့် နယ်ပယ် | ၉ |
| အခန်း (၃) | မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သယံဇာတအခြေအနေကို သုံးသပ်ခြင်း | ၁၁ |
| | ၃.၁. လက်နက်ကိုင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၁၁ |
| | ၃.၂. သဘာဝသယံဇာတနှင့် အကျိုးအမြတ်ခံစားခွင့် | ၁၅ |
| | ၃.၃. သဘာဝသယံဇာတ စီမံထိန်းချုပ်မှု | ၁၇ |
| | ၃.၃.၁. မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၉ |
| | ၃.၃.၂. မြန်မာ့သတ္တုတူးဖော်ရေးလုပ်ငန်း | ၂၁ |
| | ၃.၃.၃. သက်ရောက်မှုများ | ၂၃ |
| | ၃.၃.၄. ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှု | ၂၄ |
| အခန်း (၄) | သဘာဝ သယံဇာတစီမံအုပ်ချုပ်မှုသဘောတရားများ | ၂၇ |
| | ၄.၁. ပိုင်ဆိုင်မှု | ၂၇ |
| | ၄.၂. စီမံခန့်ခွဲမှု | ၂၇ |
| | ၄.၃. ဝင်ငွေခွဲဝေမှု | ၂၉ |
| အခန်း (၅) | သယံဇာတဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းအတွေ့အကြုံ | ၃၁ |
| | ၅.၁. နိုင်ငံတကာအတွေ့အကြုံ | ၃၁ |
| | ၅.၁.၁. အင်ဒိုနီးရှား | ၃၁ |
| | ၅.၁.၂. ဆူဒန် | ၃၄ |
| | ၅.၁.၃. နိုင်ဂျီးရီးယား | ၃၅ |
| | ၅.၁.၄. ကနေဒါ | ၃၆ |
| | ၅.၂. မြန်မာနိုင်ငံအတွေ့အကြုံ | ၃၈ |
| | ၅.၂.၁. ကချင်ပြည်နယ် | ၃၈ |
| | ၅.၂.၂. ရခိုင်ပြည်နယ် | ၆၀ |
| အခန်း (၆) | စဉ်းစားချက်များ | ၇၇ |
| | ၆.၁. သုတေသနမှ ရရှိလာသော စဉ်းစားချက်များ | ၇၇ |
| | ၆.၂. အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော စဉ်းစားချက်များ | ၈၁ |
| အခန်း (၇) | နိဂုံး | ၈၅ |
| | ကိုးကားသည့် အရင်းအမြစ်များ | ၈၇ |
| | **ဇယားများ** | |
| ဇယား (၁) | အာဆီယံနိုင်ငံများ၏ ၂၀၁၄ ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း နှိုင်းယှဉ်ချက် | ၁၆ |
| ဇယား (၂) | ကျောက်ရည်ကျောက်သားအမျိုးမျိုးနှင့် ၎င်းတို့၏ ယေဘုယျတန်ဖိုးများ | ၄၅ |
| ဇယား (၃) | ကျောက်စိမ်းဝင်ငွေမှ ကောက်ခံသည့် အခွန်နှုန်းများ ပြောင်းလဲသွားပုံ | ၅၆ |
| ဇယား (၄) | မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏<br>နှစ် (၃၀) ကြာ နှစ်စဉ် စွမ်းအင်သုံးစွဲမှု ခွဲတမ်း | ၆၅ |

ဇယား (၅) မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ အစုရှယ်ယာများ .............. ၆၇

**ပုံများ**

ပုံ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းပုံ .............................................. ၂၀
ပုံ (၂) မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဖွဲ့စည်းပုံ ................. ၂၂
ပုံ (၃) ၁၉၉၅ -၂၀၁၅ ခုနှစ်အတွင်း ကျောက်စိမ်းထုတ်လုပ်မှု ပမာဏ (တန်ချိန်)..................................... ၄၃
ပုံ (၄) ကျောက်စိမ်းမှ ရရှိသည့် ဝင်ငွေများကို အနာဂတ်တွင် ခွဲဝေနိုင်ပုံ နည်းတစ်နည်း........................... ၅၈
ပုံ (၅) အနာဂတ်ကျောက်စိမ်းဝင်ငွေခွဲဝေမှုပုံစံ .............................................. ၅၉

**အချပ်ပိုများ**

အချပ်ပို (၁) သဘာဝသယံဇာဆိုင်ရာ မူဝါဒများ (မူကြမ်း) ............................................ ၈၉
အချပ်ပို (၂) ကျောက်စိမ်းတူးဖော်ခြင်းသမိုင်း .............................................. ၉၂
အချပ်ပို (၃) ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၏ ဝန်ထမ်းအင်အား ................................ ၉၃
အချပ်ပို (၄) ရတနာမြေအလိုက် တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂလိကနှင့် အကျိုးတူ လုပ်ကွက်များ .............................................. ၉၃
အချပ်ပို (၅) ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၏ လုပ်ငန်းတာဝန်များ ................................ ၉၄
အချပ်ပို (၆) ကျောက်မျက်ရတနာခွန် အမျိုးအစားနှင့် အခွန်ရာခိုင်နှုန်း ................................ ၉၅
အချပ်ပို (၇) ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီး ကချင်ပြည်နယ်လူထု၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ကြေညာချက် .................... ၉၆
အချပ်ပို (၈) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံညီလာခံသို့ ရခိုင်အမျိုးသားပါတီမှ တင်သွင်းသည့် အကြံပြုစာတမ်း၊ စာမျက်နှာ (၇) ........................................ ၉၈
အချပ်ပို (၉) ရွေးချယ်ထားသော နိုင်ငံများရှိ သဘာဝသယံဇာတပိုင်ဆိုင်မှု ................................ ၉၉
အချပ်ပို (၁၀) ရွေးချယ်ထားသော နိုင်ငံများရှိ သဘာဝသယံဇာတ စီမံထိန်းချုပ်မှု ................................ ၁၀၀
အချပ်ပို (၁၁) ရွေးချယ်ထားသော နိုင်ငံများရှိ သဘာဝသယံဇာတ ဝင်ငွေ ခွဲဝေမှု ................................ ၁၀၁
အချပ်ပို (၁၂) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ (၃)သို့ သုတေသနခရီးစဉ်အတွင်း ဒေသခံရွာသားများ ထံမှ ကောက်ယူစုဆောင်းခဲ့သော ကျေးရွာအချက်အလက်များ ......... ၁၀၃
အချပ်ပို (၁၃) သုတေသနခရီးစဉ်နှင့် အလုပ်ရုံဆွေးနွေးပွဲ ဓာတ်ပုံမှတ်တမ်းများ ................................ ၁၀၄

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ANP | Arakan National Party |
| AOW | Arakan Oil Watch |
| AWN | Arakan Women Network |
| BGF | Border Guard Force |
| BOC | Burma Oil Company |
| CEFU | Committee for the Emergence of Federal Union |
| CIA | Conflict Impact Assessment |
| CNF | Chin National Front |
| CNPC | China National Petroleum Corporation |
| CPA | Comprehensive Peace Agreement |
| CSOs | Civil Society Organizations |
| DIC | Daewoo International Corporation |
| EAOs | Ethnic Armed Organizations |
| EC | Ecological Compensation |
| EIA | Environmental Impact Assessment |
| EITI | Extractive Industries Transparency Initiatives |
| EQEG | Environmental Quality Emission Guidelines |
| FPD | Framework for Political Dialogue |
| FPIC | Free Prior Informed Consent |
| GAIL | Gas Authority of India Limited |
| GAM | Gerakan Aceh Merdeka |
| HDI | Human Development Index |
| KDNG | Kachin Development Networking Group |
| KIA | Kachin Independence Army |
| KIO | Kachin Independence Organization |
| KNU | Karen National Union |
| KNUP | Karen National Union Party |
| KRC | Karen Revolutionary Council |
| KSDP | Kachin State Democracy Party |
| KNPP | Karreni National Progressive Party |
| KOGAS | Korea Gas Corporation |
| MEC | Myanmar Economic Corporation |
| MEITI | Myanmar Extractive Industries Transparency Initiative |
| MIC | Myanmar Investment Commission |
| MNDAA | Myanmar National Democratic Alliance Army |
| MOGE | Myanmar Oil and Gas Enterprise |
| MOU | Memorandum of Understanding |
| MPE | Myanmar Petrochemical Enterprise |
| MPPE | Myanmar Petroleum Products Enterprise |
| NCA | Nationwide Ceasefire Agreement |
| NCCT | Nationwide Ceasefire Coordination Team |
| ONGC | Oil and Natural Gas Corporation |
| PCG | Peace-Talk Creation Group |
| PSLF | Palaung State Liberation Front |
| RGI | Resources Governance Index |
| SAL | Special Autonomy Law |
| SD | Special Delegation |
| SEAOP | Southeast Asia Oil Production |
| SEAGP | Southeast Asia Gas Production |
| SIA | Social Impact Assessment |
| SLORC | State Law and Order Restoration Council |
| SPDC | State Peace and Development Council |
| SSNA | Shan State National Army |
| SSPP | Shan State Progress Party |
| TAT | Technical Advisory Team |
| UDPKS | Unity and Democracy Party of Kachin State |
| UMEHL | Union of Myanmar Economic Holdings Limited |
| UNFC | United Nationalities Federal Council |
| UPWC | Union Peacemaking Working Committee |




# မူဝါဒအကြံပြုချက်များ

## ပိုင်ဆိုင်မှု

၁။ ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအတွင်းရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များအားလုံးကို သက်ဆိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအတွင်းရှိ သမိုင်းအစဉ်အဆက် နေထိုင်လာကြသော မူလဌာနေ တိုင်းရင်းသားများနှင့် ယင်းပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအတွင်း နှစ်ပေါင်းများစွာ အစဉ်တစိုက် နေထိုင်လာကြသော တိုင်းရင်းသားများက ပိုင်ဆိုင်သည်။ မူလဌာနေတိုင်းရင်းသားများ၏ ဘိုးဘေးဘီဘင်များထံမှ အမွေဆက်ခံ ရရှိလာခြင်းနှင့် နှစ်ပေါင်းများစွာ အစဉ်တစိုက်နေထိုင်လာခြင်းတို့ကြောင့် မူလဌာနေတိုင်းရင်းသားများနှင့် နှစ်ပေါင်း များစွာ နေထိုင်လာသော တိုင်းရင်းသားများသည် သယံဇာတများ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

## စီမံခန့်ခွဲမှု

၁။ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်များအားလုံးကို စီမံခန့်ခွဲရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့၏ ပူးတွဲ စီမံခန့်ခွဲမှု၊ ပြည်နယ်/တိုင်းဒေသကြီး၏ သီးခြားစီမံခန့်ခွဲမှုနှင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ ပူးတွဲ စီမံခန့်ခွဲမှုတို့ကို သတ်မှတ်ထားရမည်။ ပြည်ထောင်စုတစ်ခုလုံးနှင့်ဆိုင်သော သယံဇာတထုတ်ယူမှုများ၊ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့်သာ သက်ဆိုင်သော သယံဇာတ ထုတ်ယူမှုများနှင့် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုထက်မက ဆက်နွယ်နိုင်သော သယံဇာတထုတ်ယူမှုများ ရှိနေနိုင်သောကြောင့် သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၏ သီးခြားလုပ်ပိုင်ခွင့်၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စု အစိုးရ အကြား ညှိနှိုင်းဆောင်ရွက်မှုများ ရှိရန်လိုပါသည်။

၂။ ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွားကို ထိခိုက်နိုင်သော သယံဇာတထုတ်ယူမှုများ (ဥပမာ-ယူရေနီယမ်) နှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကြီးမားသော သယံဇာတထုတ်ယူ သုံးစွဲရောင်းချမှုများကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုထဲသာမက ဆက်စပ်လျက်ရှိသော ပြည်နယ်/တိုင်း ဒေသကြီးအစိုးရများ ညှိနှိုင်းဆောင်ရွက်သွားရမည်။ နိုင်ငံတော် အကျိုးစီးပွားကို ကာကွယ်သောအားဖြင့်လည်းကောင်း၊ နည်းပညာပိုင်းအားဖြင့် လည်းကောင်း၊ လူ့စွမ်းအား အရင်းအမြစ်အားဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နိုင်မည့် သယံဇာတ ထုတ်ယူမှုများ အတွက် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းဒေသကြီးတို့၏ ပူးတွဲ စီမံခန့်ခွဲမှု ရှိရန်လိုပါသည်။

၃။ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၏ အစိုးရနှင့် ထိုပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ဒေသန္တရအစိုးရများကသာ စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် မိမိတို့ဒေသ၏ လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရထက်ပို၍ နားလည်နိုင်သောကြောင့်လည်းကောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ဒေသတွင်း အစိုးရ၏ စွမ်းဆောင်ရည်များ တိုးတက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးတို့၏ သယံဇာတများကို ပြည်နယ်/တိုင်းဒေသကြီးတို့၏ လက်ထက်တွင်သာ ထားရှိသင့်ပါသည်။

၄။ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ သဘာဝသယံဇာတများကို စီမံခန့်ခွဲရာတွင် တိုင်းရင်းသားမျိုးများ၏ ရိုးရာဓလေ့ အစဉ်အလာအရ ကျင့်သုံးလာခဲ့သော သဘာဝသယံဇာတ စီမံခန့်ခွဲမှုစနစ်များကိုလည်းကောင်း၊ လူမျိုးစုငယ်များ၏ အထူးစီမံခန့်ခွဲပိုင်ခွင့်တို့ကိုလည်းကောင်း အသိအမှတ်ပြုပြီး ညှိနှိုင်းဆောင်ရွက်သွား

ရမည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ၎င်းတို့၏ သယံဇာတခွဲဝေမှု စနစ်များကို အသိအမှတ်ပြုခြင်းဖြင့် တိုင်းရင်းသားတို့၏ ဝိသေသလက္ခဏာများကို ထိန်းသိမ်းသွားနိုင်မည် ဖြစ်သည်။

၅။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုထက်ပိုသော သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ(ဥပမာ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ရေအားလျှပ်စစ်ထုတ်ထုတ်ယူမှု) ကို ဆုံးဖြတ်ရာတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများက လည်းကောင်း၊ အချို့ကိစ္စရပ်များတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများအပြင် ပြည်ထောင်စု အစိုးရလည်း ပါဝင်ညှိနှိုင်းရမည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုထက်မက ဆက်နွယ်နိုင်သော သဘာဝသယံဇာတများကို ထုတ်ယူရာတွင်လည်းကောင်း၊ ထုတ်ယူသော သယံဇာတများကို ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချရန် သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း ထုတ်ယူသော ပြည်နယ်/တိုင်း ဒေသကြီးတစ်ခုတည်းအပေါ်တွင်သာမက ဆက်စပ်လျက်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများအပေါ်၌လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဆက်စပ်လျက်ရှိသော ပြည်နယ်/တိုင်း ဒေသကြီးများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားရန်လိုပါသည်။

## ဝင်ငွေခွဲဝေမှု

၁။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှ ထွက်သော သဘာဝသယံဇာတများကို ထုတ်ယူရောင်းချခြင်းမှ ရရှိလာသော အကျိုးအမြတ်နှင့် ဘဏ္ဍာငွေများကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအစိုးရကြားတွင်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ယင်းပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ဒေသန္တရအစိုးရများ အကြားတွင်လည်းကောင်း ခွဲဝေရမည်ဖြစ်ပြီး ခွဲဝေမည့် ယန္တရားတစ်ခုကို သတ်မှတ်ထားရမည်။ ဖွံ့ဖြိုးမှုနိမ့်ကျသောပြည်နယ်/တိုင်းဒေသကြီးများကိုကူညီနိုင်ရန်နှင့်ပြည်နယ်/တိုင်းဒေသကြီးများအကြား ဖွံ့ဖြိုးမှုနှင့် လူနေမှုအဆင့်အတန်းကွာဟချက်များ ထိန်းညှိနိုင်ရန်အတွက် ရရှိလာသော သဘာဝသယံဇာတ ဝင်ငွေများကို ခွဲဝေသွားရန် လိုပါသည်။

၂။ ပြည်နယ်/တိုင်းဒေသကြီးများမှ ကောက်ခံရရှိလာသော သယံဇာတဘဏ္ဍာငွေများကို ပြည်ထောင်စုဘဏ္ဍာအတွက် ထည့်ဝင်ရာတွင် ထည့်ဝင်မည့် အချိုးအစား ရာခိုင်နှုန်းကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးက ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။ သို့ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများထည့်ဝင်သော သယံဇာတဘဏ္ဍာငွေ ရာခိုင်နှုန်းနှင့် ပတ်သက်၍ အများလက်ခံနိုင်သော သင့်လျော်သော စံနှုန်းတစ်ခုကို ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုသို့ ထည့်ဝင်သည့် စံနှုန်းတစ်ခုသတ်မှတ်ရခြင်းမှာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/တိုင်းဒေသကြီးများအကြား တရားမျှတမှုရှိရန်နှင့် ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းများလည်ပတ်ရန်အတွက် လိုအပ်သောဘဏ္ဍာငွေများ ပံ့ပိုးနိုင်ရန် ဖြစ်သည်။

၃။ သယံဇာတဘဏ္ဍာငွေနှင့် အကျိုးအမြတ်များကို ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား ခွဲဝေရာတွင် သယံဇာတထွက်ရှိသော ပြည်နယ်/တိုင်းဒေသကြီးက အဓိကခံစားပိုင်ခွင့် ရှိရမည်။ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးမှ ထွက်သော သယံဇာတမှ ရရှိသော ဘဏ္ဍာငွေ၏ (၇၀) ရာခိုင်းနှုန်းကို သယံဇာတ ထွက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးအားလည်းကောင်း၊ ကျန်(၃၀) ရာခိုင်နှုန်းကို ပြည်ထောင်စုသို့လည်းကောင်း ထည့်ဝင်နိုင်သည်။ သယံဇာတထုတ်ယူမှုကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝနှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို သယံဇာတထုတ်ယူရာ ပြည်နယ်/တိုင်းဒေသကြီးက အခြားပြည်နယ်/တိုင်းဒေသကြီးများထက် ခံစားရနိုင်ဖွယ်ရှိသောကြောင့်လည်းကောင်း၊ ထိခိုက်နစ်နာမှုများကို ပြည်လည်ကုစားရန် ဘဏ္ဍာငွေများ ပိုလိုအပ်နိုင်သောကြောင့်လည်းကောင်း သယံဇာတထွက်သော ပြည်နယ်/တိုင်းဒေသကြီးများအတွက် အကျိုးခံစားခွင့် ပိုရသင့်သည်။



၄။ ပြည်ထောင်စုဘဏ္ဍာသို့ ထည့်ဝင်ပြီးနောက် ပြည်နယ်/တိုင်းဒေသကြီးမှ ရရှိသော ကျန်သယံဇာတဘဏ္ဍာငွေနှင့် အကျိုးအမြတ်များကို ပြည်နယ်/တိုင်းဒေသကြီးအတွင်း ပြန်လည်ခွဲဝေရာတွင် သယံဇာတ ထွက်ရှိသော ဒေသသည် သယံဇာတမထွက်သော ဒေသထက် အကျိုးခံစားခွင့် ပိုရှိမည်။ သယံဇာတထွက်သော ဒေသသည် သယံဇာတမထွက်သော ဒေသများထက် သယံဇာတထုတ်ယူမှုများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ခံစားရနိုင်ပြီးထိုသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ရန်ပုံငွေများ လိုအပ်နိုင်သောကြောင့် ဖြစ်သည်။

## သက်ရောက်မှုများ

၁။ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရောင်းချခြင်းကြောင့် တစ်ဘက်တွင် ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက် ကောင်းမွန်လာနိုင်သကဲ့သို့ အခြားတစ်ဘက်တွင်လည်း သယံဇာတထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော နောက်ဆက်တွဲဆိုးကျိုးများကို တားဆီးထိန်းချုပ်နိုင်သော အကာအကွယ် ယန္တရားများ (Safeguard Policy) ထားရှိရမည်။ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်(EIA)၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက် (SIA)၊ ပဋိပက္ခထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက် (CIA)၊ လွတ်လပ်ပြီး လူထုထံမှ ကြိုတင်ရယူထားသော သဘောတူညီချက် (FPIC)၊ ဂေဟ လျော်ကြေး (EC)နှင့် ကုမ္ပဏီများ၏ လူမှုရေးတာဝန်ခံမှု (CSR) တို့ပါဝင်သော အကာအကွယ်ယန္တာယားများ ဖြစ်ရမည်။ ဒေသခံပြည်သူများ ပါဝင်နိုင်သည့် အကာအကွယ်ယန္တရားများထားရှိပြီး အကောင်အထည် ဖော်ဆောင်ခြင်းဖြင့် ကြီးမားသော သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက် နစ်နာပျက်ဆီးမှုများကို ထိရောက်စွာ တာဆီးထိန်းချုပ်နိုင်မည် ဖြစ်သည်။

## မူဝါဒဖော်ဆောင်နိုင်သည့် လမ်းကြောင်းများ

၁။ အထက်တွင် တင်ပြထားသော သဘာဝသယံဇာတဆိုင်ရာ မူဝါဒများကို အတည်ပြုပြဋ္ဌာန်းစေနိုင်ရန် ချဉ်းကပ်နိုင်သည့် နည်းလမ်း (၂) ခု ရှိသည်။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ဆင်ခြင်း (သို့မဟုတ်) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကျင်းပသော နိုင်ငံရေးဆွေးနွေးပွဲများမှ သဘာဝသယံဇာဆိုင်ရာ သဘောတူညီချက်များကို ငြိမ်းချမ်းရေးစာချုပ်တွင် ထည့်သွင်းထားခြင်းဖြင့် သဘာဝသယံဇာတဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်သွားရမည်။ ထိုနည်းလမ်းတစ်ခုခုဖြင့် အောင်မြင်စွာ ဖော်ဆောင်နိုင်လျှင် တိုင်းရင်းသားနယ်မြေများတွင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရယူခံစားနိုင်မည် ဖြစ်သည်။

# အကျဉ်းချုပ်

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စသည် အရေးတကြီး ဆွေးနွေးညှိနှိုင်းရန် လိုအပ်သကဲ့သို့ သဘာဝ သယံဇာတစီမံအုပ်ချုပ်မှု ကိစ္စရပ်များကိုလည်း ဆွေးနွေးညှိနှိုင်းသွားရန် အရေးကြီးပါသည်။ သယံဇာတထွက်သော တိုင်းရင်းသားနယ်မြေများရှိ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် သယံဇာတ တူးဖော်ထုတ်လုပ်မှုကို စနစ်တကျ စီမံဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ၌ သဘာဝသယံဇာတကိစ္စကို ထည့်သွင်းဆွေးနွေးပြီး သဘောတူညီမှုများရယူနိုင်လျှင် တိုင်းရင်းသား နယ်မြေများနှင့် မြန်မာနိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။ သဘာဝသယံဇာတပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှု အပါအဝင် သယံဇာတတူးဖော်မှုများကြောင့် ဖြစ်ပေါ်လာသော လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကိုလည်း ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို သဘောတူညီမှု ရယူသွားရန် လိုပါသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ် ဖွဲ့စည်းပုံထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤသုတေသနစာတမ်းတွင် ကမ္ဘာ့နိုင်ငံ (၄) ခု ဖြစ်သော အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယား၊ ဆူဒန်နှင့် ကနေဒါနိုင်ငံတို့၏ သယံဇာတစီမံအုပ်ချုပ်မှုအကြောင်းကို ထုတ်ပြန်ထားသော စာတမ်း၊ အစီရင်ခံစာနှင့် သတင်းများမှလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များမှ ထွက်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်စိမ်း စီမံဆောင်ရွက်မှုတို့ကို ကွင်းဆင်းလေ့လာ မေးခြင်းခြင်းဖြင့်လည်းကောင်း သဘာဝ သယံဇာတ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဝင်ငွေခွဲဝေမှုနှင့် အကျိုးသက် ရောက်မှုတို့ကို လေ့လာတင်ပြထားပါသည်။ ထို့နောက် သုတေသနတွေ့ရှိချက်များကို တင်ပြနိုင်ရန်နှင့် အကြံပြုချက်များ ဆက်လက်ရယူနိုင်ရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်လည်းကောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့်လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲ (၃) ခု ကို သီးသန့်စီ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၏ သဘောထားများကိုလည်း ဤစာတမ်းတွင် ပေါင်းစည်းဖော်ပြထားပါသည်။

သဘာဝသယံဇာဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများကို လေ့လာရာတွင် ချဉ်းကပ်ပုံ လမ်းကြောင်း (၂) ခု ဖြစ်သော ငြိမ်းချမ်းရေးစာချုပ်မှ သဘောတူညီမှု ရယူခြင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းတို့ကို လေ့လာတင်ပြထားသည်။ အင်ဒိုနီးရှားအစိုးရနှင့် အာချေးပြည်နယ်အစိုးရတို့ ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေး စာချုပ်အရ အာချေးပြည်နယ်မှ ထွက်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝင်ငွေ၏ ၇၀%ကို အာချေးပြည်နယ်အတွက် ခွဲဝေပေးထားပြီး သယံဇာတ စီမံခန့်ခွဲမှုကို အင်ဒိုနီးရှား အစိုးရနှင့် ပူးတွဲပေးထားသည်။ သို့ရာတွင် အာချေးပြည်နယ်အစိုးရမှ ကောက်ခံခွင့်ရှိသော အခွန်အမျိုးအစားနှင့် ကောက်ခံနိုင်သည့် နည်းလမ်းတို့ကို တိကျသေချာစွာ ဖော်ပြထားခြင်း မရှိခဲ့သောကြောင့် လက်တွေ့တွင် အခက်အခဲများ ရှိနေသည်။ ဆူဒန်အစိုးရနှင့် တောင်ဆူဒန်အစိုးရတို့ ချုပ်ဆိုခဲ့ကြသော ငြိမ်းချမ်းရေး စာချုပ်တွင် သဘာဝယံဇာတ ပိုင်ဆိုင်မှုကိစ္စကို ထည့်သွင်းဆွေးနွေးထားခြင်းမရှိပဲ နောက်ပိုင်းတွင် ကျင်းပသည့် တောင်ဆူဒန်လွတ်မြောက်ရေး လူထုဆန္ဒ ခံယူပွဲ၌သာ ဆုံးဖြတ်ခဲ့ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံ၏ သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုစနစ်သည် ငြိမ်းချမ်းရေးစာချုပ်မှ တစ်ဆင့် ဖြစ်တည်လာခြင်း မဟုတ်ပဲ နိုင်ဂျီးရီးယားနိုင်ငံသားများ အပြည့်အဝပါဝင်ခွင့်မရှိခဲ့သော ဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲမှုမှတစ်ဆင့် ပေါ်ပေါက်လာသော နိုင်ငံရေးလှည့်ကွက်တစ်ခု၏ ရလဒ်သာ ဖြစ်သည်။ စက်မှုထွန်းကားပြီး ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုဖြစ်သော ကနေဒါနိုင်ငံတွင်

ပြည်နယ်များ၏ သဘာဝ သယံဇာတ ပိုင်ဆိုင်ခွင့်၊ စီမံအုပ်ချုပ်ခွင့်နှင့် ဝင်ငွေကောက်ခံပိုင်ခွင့်တို့ကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အတိအလင်း ပြဋ္ဌာန်းပေးထားသည်။ ဗဟိုချုပ်ကိုင်မှုစနစ် လွှမ်းမိုးသော မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှုများ အလွန်အားနည်းနေပြီး အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာအတွက် သယံဇာတအခွန်ငွေများကို အနည်းငယ်သာ ကောက်ခံနိုင်ခဲ့သည်။ ထို့ကြောင့် အဖိုးတန် သဘာဝသယံဇာတများ ထွက်ရှိသော်လည်း သယံဇာတထွက်သော ပြည်နယ်များနှင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များမှာ ဆက်လက်ရှိနေပါသည်။

ဤသုတေသနစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သော ဒေသခံတိုင်းရင်းသားနိုင်ငံရေးပါတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများသည် မိမိတို့ဒေသ (သို့မဟုတ်) ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတများကို ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဝင်ငွေခွဲ ဝေခံစားပိုင်ခွင့်တို့ကို ပြည်နယ်အစိုးရလက်ထဲတွင်သာ ထားရှိသင့်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ပြည်နယ်၏ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များကို နည်းမျိုးစုံဖြင့် တောင်းဆိုလာကြသော်လည်း အုပ်ချုပ်သူအစိုးရအဆက်ဆက်က လျစ်လျူရှုခဲ့သည်။ ထို့ကြောင့်လည်း သယံဇာတထွက်သော တိုင်းရင်းသား နယ်မြေများတွင် လက်နက်ကိုင် ပဋိပက္ခများ မချုပ်ငြိမ်းနိုင်ပဲ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အဟန့်အတားသဖွယ် ဖြစ်နေပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး စာချုပ်တွင် သယံဇာတကိစ္စ ထည့်သွင်းပြီး ထိုမှတစ်ဆင့် နိုင်ငံ၏ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင်လည်းကောင်း၊ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင်လည်းကောင်း ပြဋ္ဌာန်းထားရန် လိုပါသည်။

ထိုကဲ့သို့ ပြဋ္ဌာန်းထားပြီးနောက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံသား အားလုံး လိုလားတောင်းတသော စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်လာနိုင်မည် ဖြစ်သည်။



# အခန်း (၁) နိဒါန်း

မြန်မာနိုင်ငံတွင် ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်း အစိုးရသစ် တက်လာသောအခါ မြန်မာနိုင်ငံကို ဒီမိုကရေစီသို့ ကူးပြောင်းနေသော နိုင်ငံတစ်ခုအဖြစ် ရှုမြင်လာကြသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်အတွင်း ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများအနက် နှစ်ပေါင်း (၇၀)နီးပါးနှင့် ယခုတိုင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ မြန်မာ့သမိုင်းကြောင်းအရ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးတို့သည် ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်တွင်သော နိုင်ငံ၌ ကိုယ့်ထီးကိုယ့်နန်းဖြင့် သီးခြားလွတ်လပ်စွာ နေထိုင်လာခဲ့ကြသည်။ ဗမာပဒေသရာဇ် မင်းများသည် စစ်အင်အားသုံးပြီး တိုင်းရင်းသားနယ်မြေများအား ကျူးကျော်သိမ်းပိုက်ကာ ဗမာအင်ပါယာများကို[1] တိုးချဲ့ တည်ထောင်လာခဲ့ကြသည်။ ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတို့က ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက် ဖြစ်သော သီပေါမင်းကို နန်းချပြီး ၎င်းတို့ လက်အောက်ရှိ ဒေသအားလုံးကို “British Burma” ခေါ် ဗမာပြည်ဟု ခေါ်တွင်စေခဲ့သည်။

ဗြိတိသျှတို့သည် အောက်မြန်မာပြည်ကို ဗမာပြည်မ (Burma Proper) အဖြစ် တိုက်ရိုက်အုပ်ချုပ်ခဲ့ပြီး တောင်တန်းနှင့် အခြားဒေသများကို တိုင်းရင်းသားခေါင်းဆောင်များဖြစ်သော စော်ဘွား၊ စောကဲ၊ စောဖျာ၊ ဒူဝါများဖြင့် တစ်ဆင့်ခံ အုပ်ချုပ်ခဲ့သည်။ ကရင်နီပြည်ကို သီးခြားလွတ်လပ်သော နယ်မြေအဖြစ် အသိအမှတ်ပြုခဲ့သည်။ တိုင်းရင်းသားတို့သည် ဗမာလူမျိုးနှင့်အတူ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရယူရန် ဆုံးဖြတ်ခဲ့ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် လွပ်လပ်သော “ပြည်ထောင်စုမြန်မာနိုင်ငံ” (Union of Burma) ပေါ်ပေါက်လာခဲ့သည်။ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက် အုပ်ချုပ်လာခဲ့ကြသော ဗမာခေါင်းဆောင်များသည် ပင်လုံစာချုပ်၏ တန်းတူရေးအနှစ်သာရကို ဖျက်ကွယ်ပြုပြီး ပြည်ထောင်စုစနစ် (Union) အစား တပြည်ထောင်စနစ် (Unitary) တည်ထောင်ကာ တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်သည့် နိုင်ငံကို “ဗမာနိုင်ငံ” ဖြစ်အောင် ကြိုးပမ်းခဲ့ကြသည်။

တိုင်းရင်းသားလူမျိုးတို့သည် လွတ်လပ်ရေးနှင့်အတူ တန်းတူရေးအတွက် ဖိနှိပ်အုပ်ချုပ်မှုများကို တော်လှန်ခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး (၈) လအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန် ပုန်ကန်မှု အပါအဝင် နိုင်ငံတစ်ဝန်း တော်လှန်ပုန်ကန်မှုများကြောင့် ပြည်တွင်းစစ်မီး လောင်ကျွမ်းခဲ့သည်။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် စစ်အာဏာသိမ်းခဲ့သည်။ ထိုအချိန်မှစ၍ စစ်အစိုးရအဆက်ဆက်က မြန်မာနိုင်ငံကို အုပ်ချုပ်လာခဲ့ပြီး တိုင်းရင်းသားတို့ လိုလားသော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ တန်းတူရေးနှင့် ဒီမိုကရေစီရေးတို့ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို လျစ်လျူရှုခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးတို့သည် မိမိတို့၏ မွေးရာပါ အခွင့်အရေးများအတွက် အာဏာရှင်စနစ်ကို နှစ်ပေါင်း (၆၀) ကျော် လက်နက်စွဲကိုင် တော်လှန်လာခဲ့ကြသည်။ စစ်အစိုးရအဆက်ဆက်သည် တိုင်းရင်းသားတို့၏ အရေးကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ စစ်ရေး နည်းလမ်းဖြင့်သာ ဖြေရှင်းလာသဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သည် သက်စိုးရှည်ခဲ့သည်။

ယခုထိတိုင် အဆုံးမသတ်နိုင်သေးသော မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သည် ၂၀၁၆ ခုနှစ်တွင် တက်လာသော အစိုးရသစ်ကို ဆက်လက်စိန်ခေါ်နေပါသည်။ နိုင်ငံရေးမညီမျှမှုများနှင့် တိုင်းရင်းသားအပေါ် ခွဲခြားဆက်ဆံမှုများ အပါအဝင် သဘာဝသယံဇာတ ကြွယ်ဝသော တိုင်းရင်းသားနယ်မြေများကို ထိန်းချုပ်မှုနှင့် ဗဟိုအာဏာတိုးချဲ့နေမှုများသည် လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်နွယ်နေသည်။ သဘာဝသယံဇာတသည် အစိုးရ၏ စစ်တပ်က တိုင်းရင်းသားနယ်မြေများကို တိုးချဲ့ထိန်းချုပ်လိုသည့် တစ်ခုတည်းသော အကြောင်းရင်း မဟုတ်သော်လည်း ကြီးမားသော မက်လုံးတစ်ခု ဖြစ်သည်။ သယံဇာတမှ ရရှိလာသော အကျိုးအမြတ်များကို ပြည်နယ်နှင့် တိုင်း

---

[1] ဗမာမင်းများ တိုးချဲ့တည်ဆောက်ခဲ့သော အင်ပါယာများမှာ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်တို့ ဖြစ်သည်။

ဒေသကြီးများအား မျှတစွာ ခွဲဝေပေးမှုမရှိခြင်း၊ အဂတိလိုက်စားခြင်း၊ မြေသိမ်းဆည်းခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းတို့ကြောင့် အစိုးနှင့်ပြည်သူ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့တို့ကြားပဋိပက္ခများရှိနေပါသည်။ ထို့ကြောင့်စစ်မှငြိမ်းချမ်းရေးသို့ကူးပြောင်းသောနိုင်ငံများ၏ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်ဆွေးနွေးအဖြေရှာခဲ့သကဲ့သို့ မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်၌လည်း မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် လိုပါသည်။

ယခင်စစ်အစိုးရက ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်တပ်ကို တရားဝင် နိုင်ငံရေးအာဏာများ အပ်နှံထားသည်။ ထိုဖွဲ့စည်းပုံဖြင့် ၂၀၁၅ ရွေးကောက်ပွဲမှတစ်ဆင့် ၂၀၁၆ ခုနှစ်တွင် သမ္မတသစ်ဦးထင်ကျော်ဦးဆောင်သော အစိုးရတက်လာသည်။ အစိုးရသစ်တက်လာပြီး လအနည်းငယ်၌ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့နှင့် မြန်မာ့တပ်မတော်အပါအဝင် နိုင်ငံရေးအစုအဖွဲ့အားလုံးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် အစပျိုးသည့်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကို ကျင်းပခဲ့သည်။ ထိုညီလာခံသို့ တက်ရောက်ခဲ့သော နိုင်ငံရေးအစုအဖွဲ့များသည် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် အစရှိသော အကြောင်းအရာတို့ကို ညီလာခံအတွင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ သို့ရာတွင် တင်ပြခဲ့သော အကြောင်းအရာများအပေါ် အသေးစိတ်ဆွေးနွေးခြင်းနှင့် အရေးကြီး ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို မပြုလုပ်ခဲ့ပေ။ ညီလာခံပြီးနောက် (၆) လအတွင်း ကျင်းပမည့် နိုင်ငံရေး ဆွေးနွေးပွဲများ၌ ထိုအကြောင်းအရာများကို အသေးစိတ်ဆွေးနွေးကြမည်။ ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်မည့် သက်ဆိုင်ရာ အစုအဖွဲ့များက ဆွေးနွေးမည့် အကြောင်းအရာအလိုက် ကြိုတင်ပြင်ဆင်သွားရန် လိုပါသည်။

## သုတေသန၏ ရည်ရွယ်ချက်

အထက်တွင် ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ နိုင်ငံရေးအစုအဖွဲ့များက အရေးတကြီး ကိုင်တွယ်ဖြေရှင်းသင့်သည့် ပြဿနာတစ်ခုမှာ သဘာဝသယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ ဖြစ်သည်။ သို့ရာတွင် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရေးအတွက် သယံဇာတ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းရင်းသားတို့၏ သိရှိနားလည်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေသေးသည်။ ထို့ကြောင့် ဤသုတေသနစာတမ်းသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ် အတွင်း သဘာဝသယံဇာတ၏ အခန်းကဏ္ဍကို ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ခွဲဝေမှုရှုထောင့်တို့မှ ညှိနှိုင်းဆွေးနွေးနိုင်ရန် လေ့လာတင်ပြထားပါသည်။ သက်ဆိုင်ရာ နိုင်ငံရေး အစုအဖွဲ့များအား မြန်မာနိုင်ငံ၏ လက်ရှိသဘာဝသယံဇာတ စီမံအုပ်ချုပ်မှုစနစ်ကို အသိပေးရန်၊ သဘာဝသယံဇာတ သဘောတူညီချက်များ ပါဝင်သော နိုင်ငံတကာ ငြိမ်းချမ်းရေးဖြစ်စဉ်များကို နှိုင်းယှဉ်ပြရန်နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း သဘာဝသယံဇာတများကို ထိရောက်စွာညှိနိုင်းသင့်သည့် လက်တွေ့ကျသော နည်းလမ်းများကို အကြံပြုနိုင်ရန် ရည်ရွယ်ပြုစုထားပါသည်။ အဓိကရည်မှန်းချက်မှာ သုတေသနတွေ့ရှိချက်များသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်ပြီး တရားမျှတမှုရှိသော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုစနစ် ပေါ်ထွန်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် အသုံးဝင်သော အရင်းအမြစ်တစ်ခုအဖြစ် ရည်ရွယ်သည်။

ဤသုတေသနစာတမ်းတွင် အခန်း (၇) ခန်းပါရှိသည်။ အခန်း (၁) နိဒါန်းတွင် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများ၏ နောက်ခံသမိုင်းအကျဉ်းနှင့် သုတေသန ရည်ရွယ်ချက်တို့ကို တင်ပြထားသည်။ အခန်း (၂) တွင် ဤသုတေသနစာတမ်း ပြုစုရေးသားခဲ့သည့် နည်းစနစ်နှင့် နယ်ပယ်ကို တင်ပြထားပြီး အခန်း (၃) တွင် မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေများကို သုံးသပ်ထားပါသည်။ အခန်း (၄) တွင် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုကဏ္ဍများဖြစ်သော ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှုသဘောတရားများကို တင်ပြထားပါသည်။ အခန်း (၅) တွင် သဘာဝသယံဇာတဆိုင်ရာ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို တင်ပြထားပါသည်။ ထို့နောက်အခန်း (၆) တွင် နိုင်ငံရေးဆွေးနွေးပွဲများနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွက် သဘာဝသယံဇာတဆိုင်ရာ စဉ်းစားချက်များကို တင်ပြထားပြီး အခန်း (၇) တွင် နိဂုံးချုပ်တင်ပြထားသည်။



# အခန်း (၂) သုတေသန နည်းစနစ်နှင့် နယ်ပယ်

ဤသုတေသနစာတမ်းထွက်ပေါ်လာရေးအတွက် ENAC သုတေသနအဖွဲ့သည် ပညာရှင်များ ရေးသား ထုတ်ဝေထားသော သယံဇာတဆိုင်ရာ စာအုပ်စာတမ်းများ၊ အစီရင်ခံစာများနှင့် သဘောထား ထုတ်ပြန်ချက်များကို စုဆောင်းပြီး လေ့လာမှတ်သားခြင်း၊ သက်ဆိုင်ရာပညာရှင်များနှင့် တိုင်ပင်ခြင်း၊ ENAC အဖွဲ့မှ ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသည့် သယံဇာတမူဝါဒများ (အချပ်ပို - ၁ တွင်ကြည့်ရန်)ကို လေ့လာသုံးသပ်ခြင်းနှင့် ယခင်ရေးသားပြုစုထားပြီး ပုံနှိပ်ဖြန့်ချိခြင်း မပြုရသေးသည့် ENAC အဖွဲ့၏ သဘာဝသယံဇာတစာတမ်း (မူကြမ်း) တွင် ပါရှိသော အကြောင်းအရာ တစ်ချို့ကို ဤစာတမ်းတွင် ပေါင်းစပ်ထားခြင်း၊ တန်ဖိုးကြီးသယံဇာတများထွက်သည့် မြန်မာနိုင်ငံ၏ ပြည်နယ် (၂)ခုသို့ ကွင်းဆင်းလေ့လာ မေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

သုတေသန ခရီးစဉ်အတွင်း မေးမြန်းခဲ့သော မေးခွန်းများအနက် အဓိက မေးခွန်း (၄) ခုမှာ အောက်ပါ အတိုင်းဖြစ်သည်။

- သဘာဝသယံဇာတများကို မည်သူက ပိုင်ဆိုင်သင့်သနည်း။
- သဘာဝသယံဇာတများကို မည်သူက စီမံခန့်ခွဲသင့်သနည်း။
- သဘာဝသယံဇာတဝင်ငွေများကို (ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများအကြား) မည်သို့ခွဲဝေသင့် သနည်း။
- သယံဇာတတူးဖော်ထုတ်လုပ်သော ဒေသများတွင်မည်သည့်အကျိုးသက်ရောက်မှုများ ရှိသနည်း။

အထက်ပါမေးခွန်းများကို ဖြေဆိုရန်အတွက် ENAC သုတေသနအဖွဲ့သည် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ကို သွားရောက်ခဲ့ပြီး ဒေသခံအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ရခိုင်နိုင်ငံရေးပါတီတစ်ခု၏ ခေါင်းဆောင်များနှင့် ပြည်နယ်အစိုးရ အရာရှိများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုပြည်နယ် (၂) ခုကို သွားရောက်လေ့လာရသည့် အကြောင်းရင်းမှာ ထိုဒေသများတွင် မြန်မာနိုင်ငံအတွင်း အကြီးမားဆုံး သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှု စီမံကိန်းများ တည်ရှိနေခြင်းကြောင့် ဖြစ်သည်။ ENAC သုတေသနအဖွဲ့သည် ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့သို့ သွားခဲ့သည်။ စစ်တွေမြို့တွင် ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ (AOW)၊ ရခိုင်အမျိုးသမီးကွန်ယက် (AWN) နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ (၃) ရွာသို့ သွားရောက်ခဲ့ပြီး ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံခဲ့သည်။ ထိုရွာများသည် ရခိုင်ကမ်းလွန်သဘာဝများ ထုတ်လုပ်ရန်နှင့် မြန်မာ-တရုတ်ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန်အတွက် လယ်ယာမြေအချို့ သိမ်းဆည်းခံရသော ကျေးရွာများဖြစ်သည်။

ထို့နောက် ENAC သုတေသနအဖွဲ့သည် ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့နှင့် ဖားကန့်မြို့များသို့ သွားရောက်လေ့လာခဲ့သည်။ မြစ်ကြီးနားမြို့တွင် ကချင်နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေး အကျိုးဆောင် အဖွဲ့နှင့် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့၊ ကချင်နှစ်ချင်း ခရစ်ယာန်အသင်းချုပ်မှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ကချင် ပြည်နယ်၏ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဖားကန့်မြို့တွင် ကျောက်မျက်တူးဖော်ရေး လုပ်ငန်းနေရာများကို သွားရောက် လေ့လာခဲ့သည်။ မြေစာပုံ ပြိုကျမှုကြောင့် သေဆုံးသွားသော လုပ်ငန်းနေရာကိုလည်း သွားရောက်လေ့လာခဲ့သည်။ ဖားကန့်ဒေသခံ ရပ်မိရပ်ဖတစ်ဦးနှင့် ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထို့အပြင် ENAC သုတေသနအဖွဲ့သည် ရန်ကုန်မြို့ရှိ အစိုးရမဟုတ်သော ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကိုလည်း သဘာဝသယံဇာတနှင့်ဆိုင်သော ၎င်းတို့၏ လုပ်ငန်းများနှင့် အစီရင်ခံစာများအတွက် တွေ့ဆုံခဲ့ပါသည်။

အချိန်အကန့်အသတ်နှင့် လုံခြုံရေး အခြေအနေများကြောင့် ENAC သုတေသနအဖွဲ့သည် သဘာဝ သယံဇာတထွက်ရှိသော ပြည်နယ်(၂)ခုဆီသို့သာ သွားရောက်လေ့လာနိုင်ခဲ့ပြီး နိုင်ငံရေးနှင့် လူမှုရေးအစုအဖွဲ့ အချို့နှင့်သာ

တွေ့ဆုံနိုင်ခဲ့သည်။ ထိုအစုအဖွဲ့၏ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ယေဘုယျဆန်သော်လည်း အဓိကကျသောမေးခွန်းတစ်ချို့ကို မေးမြန်းခဲ့ပါသည်။ ထိုနောက် လေ့လာသိရှိလာသော သဘာဝ သယံဇာတဆိုင်ရာ အကြောင်းအရာများကို ပြန်လည်ပြုစုရေးသားပြီး တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲ (၃) ခုကို သီးသန့်စီ ကျင်းပပြုလုပ်ကာ အကြံပြုချက်များ ဆက်လက်ရယူခဲ့သည်။ ဤစာတမ်းသည် သဘာဝသယံဇာတ အကြောင်းအရာအားလုံးကို အသေးစိတ် လေ့လာတင်ပြထားခြင်း မဟုတ်ဘဲ အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘာဝသယံဇာတ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးရာတွင် သက်ဆိုင်ရာ ခေါင်းဆောင်များအတွက် သဘာဝသယံဇာတဆိုင်ရာ အခြေခံစဉ်းစားချက်များ ပံ့ပိုးပေးနိုင်ရန် အတွက်သာ ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံရှိ သဘာဝသယံဇာတစီမံအုပ်ချုပ်မှုအပေါ် လေ့လာသုံးသပ်ခြင်းအပြင် အခြားနိုင်ငံများတွင် အောင်မြင်စွာ ကျင့်သုံးလျက်ရှိသော သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှုစနစ်များကိုလည်း လေ့လာရန် အရေးကြီးပါသည်။ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးစနစ်ဆိုင်ရာ နောက်ခံအခင်းအကျင်း မတူညီမှုများကြောင့် အခြားနိုင်ငံများ၏ သယံဇာတစီမံအုပ်ချုပ်မှုစနစ်များသည် မြန်မာနိုင်ငံအတွက် အံဝင်ဂွင်ကျ မဖြစ်နိုင်သော်လည်း ထိုနိုင်ငံများ၏ သဘာဝသယံဇာတဆိုင်ရာ အတွေ့အကြုံများသည် မြန်မာနိုင်ငံအတွက် အသုံးဝင်သော သင်ခန်းစာများ ပေးနိုင်ပါသည်။ ဤသုတေသနစာတမ်းတွင် နိုင်ဂျီးရီးယား၊ တောင်ဆူဒန်၊ အင်ဒိုနီးရှားနှင့် ကနေဒါနိုင်ငံတို့၏ သဘာဝသယံဇာတဆိုင်ရာ အတွေ့အကြုံများကို လေ့လာတင်ပြထားပါသည်။ ထိုနိုင်ငံတကာနှင့် ပြည်တွင်း သယံဇာတဆိုင်ရာ အတွေ့အကြုံများကို အခြေခံပြီး အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲများအတွက် သဘာဝ သယံဇာတဆိုင်ရာ အကြံပြုချက်များကို ပြုစုထားပါသည်။



# အခန်း (၃) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သယံဇာတအခြေအနေကို သုံးသပ်ခြင်း

## ၃.၁. လက်နက်ကိုင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး

နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့လက်အောက်မှ လွတ်မြောက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော (ဖ.ဆ.ပ.လ) အဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အား " မိမိတို့ နယ်မြေခံ တိုင်းရင်းသားများအပေါ် အဝေးကလာရောက်ပြီး သွေးစုပ်အမြတ်ထုတ်နေသော နယ်ချဲ့သမားများနှင့် နည်းမျိုးစုံဖြင့်ဖိနှိပ်နေသော ဖက်ဆစ်များအား စုပေါင်းတိုက်ထုတ်ပြီး လွတ်လပ်ရေးရလာသည့်အခါ ညီရင်းအစ်ကို ပမာအခွင့်အရေးများကို ညီတူညီမျှ ခွဲဝေရယူကြမည်" ဟု ကတိကဝတ်ပေးပြီး စည်းရုံးခဲ့သည်။ ဤသို့ဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ စုပေါင်းပါဝင်ပြီး တိုက်ပွဲဝင်ခဲ့ကြရာ အင်္ဂလိပ်တို့က မနေသာတော့ပဲ လွတ်လပ်ရေးပေးရမည့် အခြေအနေသို့ ရောက်ရှိလာသည်။ ထိုအခါ အင်္ဂလိပ်တို့က မြေပြန့်ဒေသလောက်ကိုသာ လွတ်လပ်ရေးပေးရန် ပြောလာပြီး တောင်တန်းဒေသများကို နောက်မကြာခင်နှစ်တွင် ပေးမည်ဟု ပြောလာသည်။ ထိုအခါ တောင်တန်း ဒေသခံများ ဖြစ်ကြသော ရှမ်း၊ ကချင်နှင့် ချင်းလူမျိုးတို့က နောက်မကြာခင်နှစ်ဆိုသည်မှာ မရေရာ မသေချာသည်က တစ်ကြောင်း၊ လွတ်လပ်ရေးကို အမြန်လိုချင်နေကြသည်က တစ်ကြောင်းတို့ကြောင့် (ဖ.ဆ.ပ.လ) အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ညှိနှိုင်းလိုသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် (ဖ.ဆ.ပ.လ) ခေါင်းဆောင်များကလည်း နယ်မြေကျယ်ပြန့်ကြီးမားသော နိုင်ငံကို တည်ဆောက်လိုသည်ကတစ်ကြောင်းတို့ကြောင့် ညှိနှိုင်း ပေါင်းစည်းလိုသည်။ ထို့ကြောင့် ကချင်၊ ချင်း၊ ရှမ်းခေါင်းဆောင်များစုစည်း တိုင်ပင်၍ မိမိတို့ ဒေသကို မိမိတို့ စီမံအုပ်ချုပ်ခွင့် အပြည့်အဝရှိပြီး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသည့် စစ်မှန်သော ပြည်ထောင်စုကို တည်ဆောက်ရန် လက်ရှိရှမ်းပြည်နယ် ပင်လုံမြို့တွင် ၁၉၄၇-ခု ဖေဖော်ဝါရီလ (၁၂) ရက်နေ့၌ ညှိနှိုင်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။ ထိုသို့ သဘောတူညီမှုရပြီး လွတ်လပ်ရေး အတူတကွရယူရန် ပြင်ဆင်မှုများ လုပ်ဆောင်နေစဉ် ထိုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်အချို့လုပ်ကြံခံလိုက်ရသည်။

ဗိုလ်ချုပ်အောင်ဆန်းမရှိသည့်နောက် ဦးနုက ဖ.ဆ.ပ.လ အဖွဲ့ချုပ်ခေါင်းဆောင်ဖြစ်လာပြီး နိုင်ငံတော်ကို လက်တွေ့အကောင်အထည်ဖော် တည်ဆောက်သည့်အခါ တိုင်းရင်းသား ခေါင်းဆောင်များကို ယခင် ကတိပေးထားသော "လွတ်လပ်ရေးရလာသည့်အခါ ညီရင်းအစ်ကိုပမာ အခွင့်အရေးများကို တန်းတူညီမျှ ခွဲဝေပေးမည်" ဆိုသည့် ကတိစကားကိုလည်းကောင်း၊ ပင်လုံစာချုပ်အရ "အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များဖြင့် စုပေါင်းထားသည့် ပြည်ထောင်စုကို တည်ဆောက်မည်"ဟူသော ကတိကဝတ်ကို လည်းကောင်း ဖောက်ဖျက်ပြီး ပြည်မက လွှမ်းမိုးချုပ်ကိုင်ထားသော ပြည်နယ်အချို့ဖြင့် အတုအယောင် ပြည်ထောင်စုကို ဖော်ဆောင်ခဲ့သည်။ မြေပြန့်ဒေသရှိ ကရင်၊ မွန်၊ ရခိုင်တို့က ကချင်၊ ရှမ်းတို့နည်းတူ ပြည်နယ်ဖွဲ့စည်းပေးရန် တောင်းဆိုသောအခါ ငြင်းပယ်ပြီး အင်အားသုံးနှိပ်ကွပ်ခဲ့သဖြင့် လက်နက်ကိုင်ပြီး ခုခံတော်လှန်ခဲ့ရသည်။ မင်းတုံးမင်း လက်ထက်ကပင် သီးခြားလွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် တည်ရှိခဲ့သော ကရင်နီပြည်ကို အတုအယောင် ပြည်ထောင်စုတွင် ပြည်နယ်တစ်ခုအဖြစ် အဓမ္မထည့်သွင်းခဲ့သဖြင့် ကရင်နီလူမျိုးတို့ကလည်း မခံနိုင်၍ လက်နက်ကိုင် တော်လှန်လာခဲ့ကြသည်။ ဤသို့ဖြင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေး လမ်းစဉ်မတူညီသော ကွန်မြူနစ်များအပေါ်တွင်လည်း ကိုင်တွယ်ဖြေရှင်းမှု နည်းနာမမှန်သဖြင့် လက်နက်ကိုင် ပဋိပက္ခဖြစ်လာခဲ့ရသည်။ ၁၉၅၀ ခုနှစ်အလွန်တွင် ပအိုဝ်းလူမျိုးတို့ကလည်း လက်နက်ကိုင် တော်လှန်လာကြသည်။ ကရင်၊ မွန်၊ ရခိုင်၊ ပအိုဝ်းအမျိုးသားတော်လှန်ရေး အဖွဲ့အစည်းများအနက် အင်္ဂလိပ်တို့ ဖွဲ့စည်းပေးခဲ့သည့် တပ်ရင်း - တပ်ဖွဲ့များရှိခဲ့သော ကရင်တော်လှန်ရေးအဖွဲ့က အင်အားပိုကောင်းပြီး အစိုးရ တပ်မတော်နှင့် ယှဉ်ပြိုင်ရင်ဆိုင်တိုက်ခိုက်နိုင်ခဲ့သဖြင့် ကရင်ပြည်နယ်ကို ဆောလျှင်စွာ ၁၉၅၁ ခုနှစ်တွင် စတင် ဖွဲ့စည်းသတ်မှတ်ပေးခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ကရင်ပြည်နယ်ကို ထပ်မံတိုးချဲ့ပေးခဲ့သည်။ သို့သော် ဗဟိုက ချုပ်ကိုင်ထားသည့် နာမည်ခံပြည်နယ်သာ ဖြစ်နေသဖြင့် ကရင်လူမျိုးများက ဆက်လက်ပြီး လက်နက်ကိုင် တော်လှန်နေကြသည်။

အလံဖြူ၊ အလံနီ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ဝါဒကို အခြေခံသော ပြည်သူ့ရဲဘော်ပါတီ၊ ကရင်၊ ကရင်နီ၊ ပအိုဝ်း၊ မွန်နှင့် ရခိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများက ပုန်ကန်တိုက်ခိုက်နေသဖြင့် ဖ.ဆ.ပ.လ အစိုးရအတွက် အခက်ကြုံလာရသည်။ နောက်ပိုင်းတွင် ဖ.ဆ.ပ.လ အစိုးရအတွင်း သန့်ရှင်းနှင့် တည်မြဲဟုခေါ်သော အုပ်စုနှစ်စု ကွဲခဲ့သည်။ ရွေးကောက်ပွဲတွင် ဦးနု ခေါင်းဆောင်သော သန့်ရှင်း ဖ.ဆ.ပ.လမှ မဲနိုင်ပြီး အစိုးရဖြစ်လာ သောအခါ ၁၉၅၈ ခုနှစ်တွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအပေါ် အတိတ်က အဖြစ်အပျက်များကို သင်ပုန်းချေ၊ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာပြီး ဒီမိုကရေစီအခွင့်အရေး အပြည့်အဝဖွင့်ပေးမည်၊ နိုင်ငံရေးရာ ကိစ္စတွင် ပြည်သူလူထု၏ သဘောထားဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်မည်။ လက်နက်ကိုင် အင်အားစုများ လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ပြီး နိုင်ငံရေးပါတီ တည်ထောင်ပြီး ရွေးကောက်ပွဲဝင်ကြရန် ကမ်းလှမ်း ဖိတ်ခေါ်ခဲ့သည်။ ထိုအခါ ဆိုရှယ်လစ်ဝါဒအတွက် တိုက်ပွဲဝင်နေသော ပြည်သူ့ရဲဘော်ပါတီနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများဖြစ်ကြသော ပအိုဝ်း၊ မွန်၊ ရခိုင်အဖွဲ့အစည်းများက နိုင်ငံရေးလုပ်လျှင် ပြည်သူလူထု၏ အဆုံးအဖြတ်ကို ခံယူရမည်ဟူသော ခံယူချက်နှင့် အစိုးရ၏ ဒီမိုကရေစီ အပြည့် အဝ ဖွင့်ပေးမည်ဟူသော စကားကို ယုံကြည်ပြီး ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းထားသော လက်နက်အားလုံးကို ပေးအပ်၍ တိုက်ပွဲ အသွင်ပြောင်းကာ နိုင်ငံရေးပါတီ ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ ထို့နောက် ၁၉၆၀ ခုနှစ်တွင် ရွေးကောက်ပွဲ ဝင်ခဲ့ကြသည်။ ရွေးကောက်ပွဲပြီးနောက် တိုင်းရင်းသား နိုင်ငံရေးပါတီ ခေါင်းဆောင်များနှင့် ရွေးချယ်ခံ တိုင်းရင်းသားအမတ်များစုပေါင်းပြီး ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု အသွင်ပြင်ဆင် ပြောင်းလဲဖွဲ့စည်းရန် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ညီလာခံခေါ်ပြီး ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲခဲ့ကြသည်။ ထိုသို့ရေးဆွဲညှိနှိုင်းပြီး ပြည်သူလူထု ထောက်ခံအားပေးမှုနှင့်အတူ လွှတ်တော်တွင် အတည်ပြုရန် နေ့ရက်ရာထားခဲ့ကြသည်။ ထိုအချိန်တွက် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော ဗမာ့တပ်မတော်မှ တည်မြဲ ဖ.ဆ.ပ.လ ခေါင်းဆောင်အချို့၏ အားပေးထောက်ခံမှုနှင့် နိုင်ငံတော်အာဏာကို သိမ်းယူလိုက်သည်။ ၎င်းတို့က ဖက်ဒရယ်စနစ်သည် ခွဲထွက်ရေးကို ဦးတည်နေခြင်းဖြစ်၍ နိုင်ငံတော် ပြိုကွဲတော့မည့် အရေးကို ထိန်းသိမ်းရန် အာဏာသိမ်းရခြင်း ဖြစ်သည်ဟု အကြောင်းပြခဲ့သည်။ ဒီမိုကရေစီစနစ်ကို ယုံကြည်၍ ငြိမ်းချမ်းကို အလေးထားကာ နိုင်ငံရေးပြဿနာကို ပြည်သူ့ဆန္ဒဖြင့် ဖြေရှင်းရေးကို လက်ခံပြီး လက်နက်အပ်၍ တိုက်ပွဲ အသွင်ပြောင်းခဲ့ကြသော တိုင်းရင်းသားခေါင်းဆောင်များ နှစ်ရှည်အကျဉ်းချ ခံခဲ့ကြရသည်။ အချို့သော ခေါင်းဆောင်များသည် အကျဉ်းသားဘဝနှင့် ကွယ်လွန်သွားခဲ့ကြရသည်။

အာဏာသိမ်း ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်အစိုးရသည် ၁၉၆၃ ခုနှစ်တွင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအား တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ တော်လှန်ရေးအဖွဲ့အားလုံးက သွားရောက် ညှိနှိုင်းဆွေးနွေးခဲ့သည်။ သို့သော် တော်လှန်ရေးကောင်စီအမည်ခံ စစ်အစိုးရသည် တော်လှန်ရေးအဖွဲ့များအား လက်နက်စွန့် အလင်းဝင်ရေးမှုအပေါ်တွင်သာ ရပ်တည်ပြောဆိုနေသည့်အပေါ် တော်လှန်ရေးအဖွဲ့များ လက်မခံကြသဖြင့် ဆွေးနွေးပွဲ ပျက်ပြားခဲ့ရသည်။ ၁၉၆၄ ခုနှစ်ဆန်းပိုင်းတွင် ကရင်အမျိုးသားတော်လှန်ရေးအဖွဲ့ခွဲ တစ်ဖွဲ့ဖြစ်သော စောဟန် တာသာမွေးနှင့် ဗိုလ်မှူးကြီးလင်းထင်တို့ ဦးဆောင်သည့် ကရင်တော်လှန်ရေးကောင်စီ (KRC) အဖွဲ့က "မိမိတို့လက်နက်ကိုဆက်ကိုင်ထားပြီး အစိုးရချထားပေးသော နေရာတွင်နေ" ဆိုသည့်မူနှင့် နားလည်မှု ရယူပြီး ဝင်ရောက် ပူးပေါင်းခဲ့သည်။ အစဦးပိုင်းတွင် စောဟန်တာသာမွေးကို အစိုးရလုပ်ငန်းတွင် အဆင့်မြင့် တာဝန်တစ်ခု ပေးထားပြီး တပ်ဖွဲ့ဝင်များကိုလည်း အခွင့်အရေးကောင်းများ ပေးထားခဲ့သည်။ သို့သော် အချိန်ကာလ (၂) နှစ်ပြည့် ခါနီးတွင် ဗိုလ်မှူးကြီးလင်းထင်အား ဗမာ့တပ်မတော်မှ လုပ်ကြံသတ်ဖြတ်လိုက်ပြီး စောဟန် တာသာမွေးကိုလည်း တာဝန်မှ ရုပ်သိမ်းလိုက်သည်။ ၎င်းတို့၏ တပ်ဖွဲ့ဝင်များသည်လည်း အချို့က တောထဲ ပြန်ရောက်သွားကြပြီး အချို့က အစိုးရချုပ်ကိုင်မှုအောက်သို့ အပြည့်အဝရောက်ရှိသွားကာ ကရင်တော်လှန်ရေးကောင်စီ ပျက်စီးသွားရသည်။ သခင်စိုးဦးဆောင်သော အလံနီကွန်မြူနစ်ပါတီကလည်း ငြိမ်းချမ်းရေးတံခါးကို ရအောင် ကြိုးစားဖွင့်မည်ဟူသော ကြွေးကြော် သံနှင့် ၎င်းတို့၏ ကိုယ်စားလှယ် အချို့ကို စေလွှတ်ပြီး ညှိနှိုင်းစေခဲ့သည်။ ထို့နောက် ၎င်း၏ ဇနီးမယား ကို လွှတ်ပြီး ညှိနှိုင်းစေပြန်သည်။ နောက်ဆုံးတွင် သခင်စိုးကိုယ်တိုင် သွားရောက်ပြီး ကြိုးပမ်းညှိနှိုင်းခဲ့သည်။ ထိုအခါ တော်လှန်ရေးကောင်စီ စစ်အစိုးရသည် ၎င်း၏ အလိုကို မလိုက်ပဲ ၎င်းအား ဖမ်းဆီးပြီး ထောင်ထဲထည့်ထားလိုက် သည်။ ဤသို့ဖြင့် တစ်ချိန်က ကွန်မြူနစ်လောကတွင် တောက်ပြောင်ကျော်ကြားခဲ့သော သခင်စိုးသည် ထောင်ထဲ တွင်ပင် ဆုံးပါးသွားရပြီး ၎င်း၏ အလံနီ ကွန်မြူနစ် ပါတီသည်လည်း ကျေပြုန်းပျောက်ဆုံးသွားခဲ့ရသည်။



တော်လှန်ရေးကောင်စီ စစ်အစိုးရသည် တပ်အင်အားကိုများစွာ တိုးချဲ့ဖွဲ့စည်းပြီး လက်နက်ကိုင် တော်လှန်ရေး အင်အားစုများအပေါ် အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ဖြတ်လေးဖြတ်၊ ဝိုင်းပတ် ပိတ်ဆို့ စစ်နည်း ဗျူဟာများဖြင့် ထိုးစစ်ဆင်ခဲ့သည်။ ထိုသို့ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် မြစ်ဝကျွန်းပေါ် ဒေသတွင် အခြေစိုက်နေ သော ကရင်တော်လှန်ရေးအဖွဲ့ (KNUP)နှင့် ပဲခူးရိုးမတွင် အခြေစိုက်သော ဗမာပြည်ကွန်မြူနစ် ပါတီတို့မှ အဖွဲ့ဝင်များစွာ ကျဆုံးပြီး ၎င်းနယ်မြေမှ ဆုတ်ခွာရှောင်ပေးခဲ့ရသည်။ သို့သော် မည်သည့်တော်လှန်ရေး အဖွဲ့ အစည်းမှ ကျေပြုန်းပျောက်ဆုံးသွားခြင်း မရှိခဲ့ပါ။ နိုင်ငံ၏ ဘဏ္ဍာငွေကို စစ်ရေးတွင် ပုံအောသုံးစွဲခဲ့ပြီး စစ်အင်အား နှင့် တိုးချဲ့ထိုးစစ်များ အဆက်မပြတ်လုပ်နေသဖြင့် နိုင်ငံ၏စီးပွားရေးနိမ့်ကျကာ လူ့အခွင့်အရေးများ ပျက်သုဉ်းခဲ့ရ သည်။ ဆိုရှယ်လစစနစ်ကို မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် တည်ဆောက်မည်ဟု သံကောင်းဟစ်ပြီး လူတန်းစား အရေးကို ဦးစားပေးပြီး ရှိပြီးသား တိုင်းရင်းသားများ၏ အခွင့်အရေးများကို ဖျက်ဆီးလာသဖြင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ တိုးပွားလာသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံအနှံ့ လူထုအုံကြွမှုပေါ်ပေါက်လာပြီး ဗိုလ်ချုပ်ကြီးနေဝင်း အာဏာစွန့်လွှတ်၍ ၎င်း လက်အောက်ရှိ တပ်မှူးများကို အာဏာလွှဲအပ်ခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးစောမောင် ဦးဆောင်ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (န.ဝ.တ) ဟူသော နာမည်ကို ခံယူ၍ အုံကြွနေသော လူထုကြီးကို ရက်စက်စွာ နှိပ်ကွပ်ခဲ့သည်။ တစ်ဘက်တွင် လူထုကြီးကို လှည့်စားထိန်းချုပ်နိုင်ရန် ရွေးကောက်ပွဲလုပ်ပေးမည်၊ ရွေးကောက်ပွဲနိုင်သည့်အဖွဲ့ကို အာဏာလွှဲအပ်မည်ဟု ကြွေးကြော်ခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သော်လည်း စစ်တပ်လိုလားသည့် အဖွဲ့မှ လုံးဝရှုံးနိမ့်သွားသဖြင့် အာဏာမလွှဲအပ်ပဲ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရမည်ဟု အကြောင်းပြပြီး နှစ်ပေါင်းများစွာ အချိန်ယူ၍ စစ်တပ်က အာဏာကို ချုပ်ကိုင်ထားသော ၂၀၀၈ ဖွဲ့စည်းပုံကို ရေးဆွဲခဲ့သည်။ အခြားတစ်ဘက်တွင် တိုက်ပွဲဝင်နေသော တော်လှန်ရေး အင်အားစုများကို ထိန်းချုပ်ဖြိုခွဲနိုင်ရန် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့သည်။ အစောပိုင်း အပစ် အခတ်ရပ်စဲသည့် ကိုးကန့်၊ ဝ၊ မိုင်းလားအဖွဲ့များကို ၎င်းတို့နယ်မြေကို ၎င်းတို့စီမံအုပ်ချုပ်ခွင့် အပြည့်အဝ ပေးထားပြီး ကျန်အဖွဲ့များကို ထိုးစစ်ဖြင့် ဖိအားပေးကာ ၎င်းတို့နှင့်အပစ်ရပ်စဲရန် ထပ်မံအကြပ်ကိုင် ဖိတ်ခေါ်ပြန် သည်။ ဒုတိယအဆင့် အပစ်ရပ်သည့် အဖွဲ့များကို အခွင့်အရေးအထိုက်အလျှောက်ပေးထားပြီး ကျန်သည့် အဖွဲ့ များကို ထိုးစစ်ဆင်ပြန်သည်။ ၁၉၉၅ ခုနှစ် ကုန်ပြီးသည့်နောက် ကျန်နေသည့် အဖွဲ့များကို လက်နက်အပ်ရမည်ဟု မူချပြီး ထိုးစစ်ဖြင့် အကြပ်ကိုင်ဖိအားပေးခဲ့သည်။ ဤသို့ မရိုးသားသော နည်းဗျူဟာဖြင့် တော်လှန်ရေး အင်အားစု များကို ခွဲထုတ်ပြီး ချေမှုန်းခဲ့သည်။ အပစ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များက အပစ်ရပ်စဲရေးတစ်ခုတည်းနှင့် မလုံလောက်၊ နိုင်ငံရေးအရ ဆွေးနွေးပြီး တိုင်းရင်းသား ပြဿနာကို ဖြေရှင်းရမည်ဟု တောင်းဆိုသောအခါ "၎င်းတို့သည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော အစိုးရ မဟုတ်၊ အာဏာသိမ်းစစ်အစိုးရ ဖြစ်သဖြင့် နိုင်ငံရေးကိစ္စရပ်များကို အဆုံးအဖြတ်ပေးပိုင်ခွင့် မရှိ၊ ရွေးကောက်ပွဲ ပြီးနောက် အစိုးရသစ်တက်လာသောအခါ နိုင်ငံရေးဆွေးနွေးပွဲ လုပ်ပေးမည်။" ဟု ကတိပေးထားသည်။

ဤသို့ဖြင့် အချိန်များစွာယူပြီး ၎င်းတို့အလိုကျ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပအေသစ်ကို ရေးဆွဲခဲ့သည်။ ထိုကာလတွင် အပစ်ရပ်အဖွဲ့များအား စီးပွားရေးလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ခွင့်ပေးထားသည်။ တိုင်းရင်းသားဒေသများအတွင်း တပ်အင်အားများ တိုးချဲ့ချထားကာ သြဇာစိုက်ထူလာသည်။ ဤအခြေနေတွင် အချို့သော အဖွဲ့အစည်းများ၊ ခေါင်းဆောင်များက စီးပွားရေးတွင် နစ်မျောသွားပြီး တော်လှန်ရေးခံယူချက်များ ပြောင်းလဲပျက်ပြားလာသည်။ တော်လှန်ရေး အဖွဲ့အစည်းများအတွင်း ညီညွှတ်မှု ပျက်ပြားအောင် ဖန်တီး လုပ်ဆောင်လာသည်။ ကိုးကန့်အဖွဲ့အတွင်း အမြင်ကွဲပြားသည့် ပြဿနာ ဖြစ်လာသည်ကို ကူညီဖြေရှင်းပေးရန် အကြောင်းပြပြီး တပ်အင်အားအလုံးအရင်းဖြင့် နေရာဝင်ယူခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အပစ်ရပ်ထားသော ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) အား အကြပ်ကိုင်ပြီး လက်နက်သိမ်း၍ ၎င်းတို့၏ တပ်ဖွဲ့ အားလုံးကို ဖျက်သိမ်းခဲ့သည်။ ထိုနှစ်တွင်ပင် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ၏ တပ်ဖွဲ့အချို့ကိုလည်း အကြပ်ကိုင်လက်နက်သိမ်းခဲ့သည်။ ၂၀၀၈-ခုနှစ်တွင် ပအိုဝ်းနီအဖွဲ့ခေါ် ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေး အဖွဲ့(ရ.လ.လ.ဖ)အဖွဲ့ကိုလည်း အကြပ်ကိုင်လက်နက်သိမ်းခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည် ပြုပြီးသည့်နောက် ရွေးကောက်ပွဲလုပ်ရန် အချိန်နီးလာသောအခါ ၂၀၀၉ ခုနှစ် နှောင်းပိုင်းတွင် အပစ်ရပ်စဲရေး

ကာလကုန်ဆုံးပြီ၊ အပစ်ရပ်ရပ်စဲထားသည့်အဖွဲ့များမှ အသက်ကြီးသူများ နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ကြ၊ အရွယ်လတ်များ စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကြ၊ အသက်ငယ်ရွယ်သူများ နယ်ခြားစောင့်တပ် (BGF) နှင့် ပြည်သူ့စစ်အသွင်ပြောင်းပြီး ဗမာ့တပ်မတော်အောက်မှပါဝင်ကြပါဟု အမိန့်ပေးသလို ပြောလာသည်။ လက်မခံဘဲ ငြင်းပယ်ပါက ယခင်အပစ်မရပ်မီကဲ့သို့ တရားမဝင်အဖွဲ့အဖြစ် သဘောထားပြီး အရေးယူမည်ဟု ပြောလာသည်။ ဤလုပ်ရပ်သည် ရွေးကောက်ပွဲလုပ်ပေးပြီး အစိုးရသစ်တက်လာပါက နိုင်ငံရေး ပြဿနာ ဖြေရှင်းရေး ဆွေးနွေးပွဲ လုပ်ပေးရမည်ကို ရှောင်ရှားလိုခြင်းလည်း ပါဝင်သည်။ ဤသို့ အကြပ်ကိုင်လာသဖြင့် အပစ်ရပ်အဖွဲ့တော်တော်များ၏ တပ်ဖွဲ့များ ၎င်းတို့အောက်ရောက် ရှိသွားခဲ့ရသည်။ ကိုးကန့်နယ်မြေတွင် ၎င်းတို့ တပ်များ ယခင်ကတည်းက ဝင်ရောက်နေရာယူထားသဖြင့် ထိုသို့ အသွင်ပြောင်းရေးကို လက်မခံသော ကိုးကန့်အဖွဲ့ကို စစ်အင်အားနှင့် အရေးယူသိမ်းပိုက်လိုက်သည်။

စစ်အစိုးရနှင့် အပစ်ရပ်ထားသောအဖွဲ့အစည်းများအနက် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ မွန်ပြည်သစ် ပါတီ (NMSP) နှစ်ဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ တပ်အင်အားတစ်ဝက်ခန့်သာ အသွင်ပြောင်းရေးကို လက်မခံပဲ စစ်အစိုးရကို တိုက်ပွဲဝင်နေသော ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့နှင့် လက်တွဲပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကော်မီတီ (CEFU) ကို ဖွဲ့စည်းကာ ဆက်လက်တိုက်ပွဲဝင်လာခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖေါ်ဝါရီလတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ကွန်ဖရင့်တစ်ရပ်ခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ကာ အခြားသော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များလည်း ပါဝင်ပြီး ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တပ်ပေါင်းစုကို ဖွဲ့စည်းလာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ ဤသို့ စုစည်းလာသောအခါ စစ်အင်အားနှင့် တိုက်ခိုက်ချေမှုန်း၍ မရနိုင်မှန်းသိမြင်လာသော သမ္မတဦးသိန်းစိန်အစိုးရသည် နိုင်ငံရေးပြဿနာ တွေ့ဆုံဆွေးနွေးဖြေရှင်းရေးမူကို ချမှတ်ပြီး ညှိနှိုင်းဆွေးနွေးလာခြင်း ဖြစ်သည်။ အစဦးပိုင်းတွင် တစ်ဖွဲ့ချင်းစီနှင့် သာတွေ့ဆုံဆွေးနွေးဖြေရှင်းရန် ၎င်းတို့ ရပ်တည်ဆွေးနွေးခဲ့သည်။ (UNFC) တပ်ပေါင်းစုဘက်မှ တစ်ဖွဲ့ချင်းစီ ဆွေးနွေးရေးကို လက်မခံ၊ တပ်ပေါင်းစုအနေနှင့်သာ ဆွေးနွေးမည်ဟု ရပ်တည်ငြင်းပယ်ခဲ့သဖြင့် တပ်ပေါင်းစုအနေဖြင့် ဆွေးနွေးပွဲများ ဖြစ်လာခဲ့ရသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် UNFC တပ်ပေါင်းစုမှ အခြားသော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကိုပါ ဖိတ်ခေါ်ပြီး ကချင်တော်လှန်ရေးအခြေခံနယ်မြေရှိ လိုင်ဇာမြို့တွင် တွေ့ဆုံ ညှိနှိုင်း၍ (၁၆) ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်သည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေး အဖွဲ့ (NCCT) ကို ဖွဲ့စည်းလာခဲ့သည်။ NCCT နှင့် (၁) နှစ်နှင့် (၅) လ ဆွေးနွေးညှိနှိုင်းပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ မူကြမ်း၏ သဘောမှာ နှစ်ဘက်သော ကိုယ်စားလှယ်အဆင့်၏ သဘောတူညီချက်သာ ဖြစ်ပြီး နှစ်ဘက်စလုံးမှ အထက်အဆင့်ကို တင်ပြကာ ပြင်ဆင်ဖြည့်စွက် လိုသည်များကို ပြင်ဆင်ဖြည့်စွက်၍ ထပ်မံညှိနှိုင်းအတည်ပြုပြီး အကောင်အထည် ဖေါ်သွားရန်ဖြစ်သည်။ NCCT ဘက်မှ ထိပ်သီးခေါင်းဆောင်များ ပါဝင်သော အစည်းအဝေးကြီးတစ်ရပ်ကို ခေါ်ယူ၍ ပြင်ဆင်ဖြည့်စွက်ရန် အချက်အချို့ကို ချမှတ်ကာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ (SD) ကို ဖွဲ့စည်းပြီး ဆက်လက်ညှိနှိုင်းခဲ့သည်။ နောက်ဆုံးတွင် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ် သဘောတူညီမှုရခဲ့သော်လည်း သဘောတူစာချုပ်တွင် တစ်လျှောက်လုံး ပါဝင်ဆွေးနွေးလာသော တိုင်းရင်းသားအဖွဲ့အားလုံးကို ပါဝင်ခွင့်မပေးပဲ ၎င်းတို့ထဲမှ အဖွဲ့ (၃) ဖွဲ့နှင့် လက်မှတ်ထိုးစရာမလိုဟု ခွဲခြားလာသည်။

တိုင်းရင်းသားများဘက်မှ အတူပါဝင်ဆွေးနွေးလာသော အဖွဲ့အားလုံးပါဝင်ရေး၊ ထိုသို့ မဖြစ်နိုင်ပါက ထိုချန်ထားသော အဖွဲ့များအား (၁) အစိုးရဘက်မှ သွားရောက်တိုက်ခိုက်ခြင်း မပြုရေး၊ (၂) နိုင်ငံတကာမှ ပေးလာသော စစ်ပြေးဒုက္ခသည်များအတွက် အကူအညီနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အကူအညီများအား ၎င်းတို့လည်း ခံစားခွင့်ရရှိရေးနှင့် (၃) နိုင်ငံရေးပြဿနာဖြေရှင်းသည့် နိုင်ငံရေးဆွေးနွေးပွဲတွင် ၎င်းတို့လည်း ပါဝင်ခွင့် ရှိရေးတို့ကို ထိပ်သီးခေါင်းဆောင်များကိုယ်တိုင် သွားရောက်ပြီး သမ္မတကြီးနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ သို့သော် ရှင်းလင်းတိကျသော အဖြေမရပါ။ ကိုးကန့် (MNDAA)၊ ပလောင် (PSLF/TNLA) နှင့် ရခိုင်(AA) တို့အား ဆက်လက်တိုက်ခိုက်



နေသဖြင့် UNFC တပ်ပေါင်းစုမှ NCA ကိုလက်မှတ် မထိုးခဲ့ခြင်းဖြစ်သည်။ ဤသို့ အဖွဲ့အချို့ကို ခွဲထုတ်ပြီး တိုက်ခိုက်နေခြင်းသည် ရိုးသားသော လက္ခဏာမဟုတ်၊ စုစည်းနေသော အင်အားကို ခွဲထုတ်ပြီး ချေမှုန်းသော နည်းဗျူဟာတစ်ရပ်သာ ဖြစ်သည်ဟု ရှုမြင်သည်။ အာဏာရ အစိုးရအဆက်ဆက်တို့ ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် နိုင်ငံရေးအရ တရားမျှတစွာ ဖြေရှင်းရေးကို တစ်ခါမျှမလုပ်ခဲ့၊ တော်လှန်ရေး အဖွဲ့အစည်းများအား လက်နက်အပ်၊ တပ်ဖျက်သိမ်းရေးကိုသာ တောင်းဆိုလုပ်ဆောင်နေသည်ကို တွေ့ရသည်။ ယုံကြည်မိ၍ လက်နက်အပ် တပ်ဖျက်ခဲ့သော အဖွဲ့များနှင့် အကြပ်ကိုင်၍ လက်နက်အပ်ခဲ့ရသော အဖွဲ့များသည် မိမိတို့ လိုလားသော အမျိုးသားရေးဆိုင်ရာ တရားမျှတသောမွေးရာပါအခွင့်အရေးများ မရရှိသဖြင့် လက်နက်သစ် လူသစ်စုဆောင်းပြီး ဆက်လက်တိုက်ပွဲ ဝင်နေကြသည်ကို တွေမြင်နေရသည်။

ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကို အမှန်တကယ် တည်ဆောက်လိုပါက မူနှင့် နည်းနာ ပြောင်းရန် လိုအပ်မည်။ မူဟောင်း သဘောထားဟောင်းအတိုင်း လူမျိုးတစ်မျိုးတည်းက လွှမ်းမိုးကြီးစိုးရေးကို ဆက်လက် ကျင့်သုံးနိုင်ရန် ကြိုးပမ်းနေမည်ဆိုပါက မည်သို့မျှ ဖြေရှင်းနိုင်မည်မဟုတ်ပါ။ တိုင်းရင်းသား လူမျိုးအားလုံး ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး၊ တန်းတူညီမျှသော အခွင့်အရေးရှိသည့် ဖက်ဒရယ်ပြည်ထောင်စုမူအပေါ် ရပ်တည် အကောင်အထည်ဖေါ်မည်ဆိုပါက လွယ်ကူစွာ ဖြေရှင်းနိုင်မည် ဖြစ်သည်။

## ၃.၂. သဘာဝသယံဇာတနှင့် အကျိုးအမြတ်ခံစားခွင့်

လက်ရှိမြန်မာနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံဟု နာမည်မှည့်ခေါ်ထားသော်လည်း ပြည်ထောင်စုအသွင် ကျင့်သုံးမှုမရှိပဲ ကိုလိုနီနယ်ချဲ့ကဲ့သို့ တိုင်းရင်းသားဒေသပြည်နယ်များမှ ထွက်ရှိနေသော သဘာဝသယံဇာတအားလုံးကို အာဏာရအစိုးရတို့က လက်ဝါးကြီးအုပ် ချုပ်ကိုင်သိမ်းယူသွားသည်ကို တွေ့နေရသည်။ ထို့ကြောင့် ဗမာမဟုတ်သော တိုင်းရင်းသားများ၏ အမြင်ခံယူချက်တွင် လွတ်လပ်ရေးရသည်ဟု ဆိုသော်လည်း ၎င်းတို့အတွက် ဘာမျှ မထူးခြားပဲ၊ ရပ်ဝေးနယ်ချဲ့အောက်မှ ဗမာနယ်ချဲ့လက်အောက်သို့ ပြောင်းလဲရောက်ရှိသွားခြင်းဟု မြင်နေကြသည်။ လွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ အသက်ပေးတိုက်ပွဲဝင်လာခဲ့ကြသော်လည်း လွတ်လပ်ရေး၏ အကျိုးကျေးဇူးများကို ဗမာလူမျိုးများသာ လက်ဝါးကြီးအုပ် သိမ်းယူသွားသည်ဟု ရှုမြင်ကြသဖြင့် တော်လှန်တိုက်ပွဲဝင်နေကြရသည့် အခြေခံအကြောင်းရင်းတရပ် ဖြစ်သည်။ သက်သေအားဖြင့် ထောက်ပြရသော် ကရင်နီပြည်နယ်ရှိ လောပီတရေတံခွန်မှ ထုတ်လုပ်သော လျှပ်စစ်ဓါတ်အားများကို ရန်ကုန်၊ မန္တလေးနှင့် အလယ်ပိုင်းရှိ မြို့ကြီးများကိုသာ ဖြန့်ဝေပေးထားပြီး ကရင်နီပြည်နယ်က ခံစားခွင့် လုံးဝ မရကြပါ။ ထို့နည်းတူ ရှမ်းပြည်နယ်မှ ထွက်ရှိသော ပတ္တမြား၊ နီလာကျောက်တွင်းများနှင့် ကချင်ပြည်နယ်မှ ထွက်ရှိသော ကျောက်စိမ်းနှင့် ရွှေတွင်းများကို ဗဟိုအစိုးရကသာ အားလုံးချုပ်ကိုင်ထားသည်။ ပြည်နယ်များစွာတွင် ထွက်ရှိနေသော သတ္တုတွင်းများကိုလည်း ဗဟိုအစိုးရက ချုပ်ကိုင်သိမ်းယူထားသည်။ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် ကမ်းလွန်တွင် တွေ့ရှိသော သဘာဝဓါတ်ငွေ့များကိုလည်း ဗဟိုအစိုးရကပင် ထိန်းချုပ်ရယူ ထားသည်။ နိုင်ငံအနှံ့ရှိ သစ်တောများကိုလည်း ဗဟိုအစိုးရကသာ ချုပ်ကိုင်ထားပြန်သည်။

ယင်းသဘာဝသယံဇာတများသည် လွတ်လပ်ရေးမရမီနှင့် ပြည်ထောင်စုမပေါ်ပေါက်မီ နှစ်ပေါင်းထောင်သောင်းများစွာကတည်းက တည်ရှိနေခြင်းဖြစ်သည်။ ထိုနယ်မြေဒေသရှိလူမျိုးတို့မှ မျိုးဆက်ပေါင်းများစွာ ပိုင်ဆိုင် ထိန်းသိမ်းလာသော ရတနာများ ဖြစ်သည်။ ထို့ကြောင့်ဒေသခံများသာ ပိုင်ဆိုင်စီမံခန့်ခွဲသင့်သည်။ ပြင်ပမှ လာရောက်ထိန်းချုပ် ပိုင်ဆိုင်ယူဆောင်သွားခြင်းသည် လုယက်သွားခြင်းသာဖြစ်မည်။ အင်အားဖြင့် လာရောက်သိမ်းပိုက်ရယူခြင်းသည် နယ်ချဲ့သမားတို့၏ ကိုလိုနီစနစ်ကျင့်သုံးခြင်း ဖြစ်သည်။ တန်ဖိုးရှိသော သတ္တု၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ တို့ကိုထုတ်လုပ်သောအခါ အပေါ်ယံမြေဆီလွှာများ အောက်ကိုရောက်၊ အောက်မှ မြေညံ့မြေမာ၊ ကျောက်သားရောမြေများ အထက်ကိုရောက်လာပြီး စိုက်ပျိုးမရသည့် အနေအထားမျိုးဖြစ်ပေါ်စေသည်။ ရွှေတူးရွှေကျင်သည့်လုပ်ငန်းတွင် အဆိပ်ဓါတ်ပါသောပြဒါးကိုသုံးရသဖြင့် ဒေသခံများအတွက် အလွန်အမင်း အန္တရာယ်ဖြစ်စေသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးနေကြသော ဒေသခံများ မြေယာဆုံးရှုံး၊ ချောင်းမြောင်းရေများ သောက်သုံးမရ ဘဝပျက်နေရသည့်ပြည်သူ များစွာရှိနေသည်။ လက်တွေ့တွင် ကချင် ပြည်နယ်၊

ဖားကန့်မြို့တဝိုက်၌ တောင်ကုန်းများစွာ ပျောက်ဆုံးသွားရပြီး မြစ်ချောင်းများလည်း ရေနောက် တိမ်ကောနေပြီ ဖြစ်သည်။ ဗဟိုအစိုးရ၊ ကုမ္ပဏီများနှင့် ခရိုနီများကသာ အကျိုးအမြတ်များရနေပြီး ဒေသခံပြည်သူများ ဒုက္ခမျိုးစုံ ရောက်နေကြရသည်။ မြစ်-ချောင်းများကို တမံလုပ်၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရာတွင်လည်း မြေပြင်များစွာ နစ်မြုပ်သွားရသဖြင့် သဘာဝသစ်တောနှင့် ဒေသခံပြည်သူများ၏ နေရပ်ကျေးရွာစိုက်ခင်းများ ပျက်ပြားသွား ရသည်။ ထို့ပြင် တိုးလာသော ရေပြင်၏ အလေးချိန်ကြောင့် ငလျင်ကို ဖြစ်ပေါ်စေနိုင်သည်။ မြေငလျင် ပြင်းစွာ လှုပ်ခတ်လာပါက တမံကျိုးပေါက်နိုင်ပြီး ဒေသခံများအတွက်အလွန် ကြီးမားသော အန္တရာယ်ကို ဖြစ်စေမည် ဖြစ်သည်။ ထို့ကြောင့်ဧရာဝတီမြစ်ဆုံတွင် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန် တမံတုပ်ဆည် တည်ဆောက်ခြင်း၊ သံလွင်မြစ်ကြောင်းတလျှောက် နေရာများစွာတွင် တမံလုပ်ဆည်တည်ဆောက်ခြင်း လုပ်ငန်းများတွင် ဒေသခံ ပြည်သူများ၏ ဆန္ဒကို မယူပဲ ဗဟိုအစိုးရမှ မိမိတို့ ဆန္ဒတခုတည်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း မပြုသင့်ပါ။ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းမှ တွေ့ရှိသော သဘာဝဓါတ်ငွေ့များကိုလည်း ဗဟိုအစိုးရကသာ ချုပ်ကိုင် သိမ်းပိုက်ထားပြီး သန့်စင်စက်ရုံဆောက်လုပ်ခြင်းနှင့် ပြင်ပနိုင်ငံသို့ ထုတ်ရောင်းသည့် ပိုက်လိုင်းများကြောင့် ဒေသခံများ၏ လယ်ယာစိုက်ခင်းများ ပျက်ပြားဆုံးရှုံးရခြင်းများစွာ ရှိနေပါသည်။ ထို့ကြောင့် ဒေသခံ တိုင်းရင်းသား ပြည်သူများအတွက် မိမိတို့ဒေသရှိ သဘာဝ သယံဇာတများအပေါ် မိမိတို့ အကျိုးခံစားပိုင်ခွင့် မရှိရုံမျှမက ထိုသယံဇာတကြောင့် ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်နေရခြင်းကို ဆက်လက်ခွင့်ပြုထားရန် မသင့်ပါ။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင် ပိုင်ဆိုင်ထားသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ မိမိတို့နိုင်ငံမှ ထွက်ရှိသော သဘာဝသယံဇာတများကို ကိုလိုနီနယ်ချဲ့သမားများလက်မှ မိမိတို့ ပြန်လည် ရရှိရန် စုပေါင်းပြီး တိုက်ခိုက်ရယူလာခြင်း ဖြစ်သည်။ ထို့အတူစုပေါင်းပြီး ကာကွယ်သွားရန်လည်း တာဝန်ရှိသည်။ ထို့ကြောင့် ပြည်သူအားလုံးမှ ခံစားခွင့်ရှိသင့်သည်။ သို့သော် သက်ဆိုင်ရာ ဒေသခံများ အတွက် ၎င်းတို့၏အမွေ အနှစ်ဖြစ်ပြီး ဆိုးကျိုးကိုလည်း ၎င်းတို့ပိုမိုခံစားကြရသဖြင့် ၎င်းတို့အား စီမံခန့်ခွဲခွင့် ပေးအပ်ထားရမည်။ ထွက်ရှိလာ သောအကျိုးကျေးဇူးကို ၎င်းတို့အားပိုမိုခွဲဝေပေးရမည်။ အခြားသော ပြည်ထောင်စု နိုင်ငံများတွင်လည်း ဤသို့ပင် ကျင့်သုံးနေကြသည်။ ထို့ကြောင့် မိမိတို့ပြည်ထောင်စုနိုင်ငံတွင် သဘာဝသယံဇာတနှင့်ပတ်သက်၍ အခြေအနေ နှင့် ကိုက်ညီသော မူကိုပြောင်းလဲချမှတ်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် တန်ဖိုးကြီးသယံဇာတ အမြောက်အများထွက်ရှိသော်လည်း နိုင်ငံသားတို့၏ လူသား ဖွံ့ဖြိုးတိုးတက်မှုအဆင့်သည် နိမ့်ကျနေဆဲ ဖြစ်သည်။ (ဇယား - ၁ တွင် ကြည့်ရန်)

**ဇယား (၁) အာဆီယံနိုင်ငံများ၏ ၂၀၁၄ ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း နှိုင်းယှဉ်ချက်**

| နိုင်ငံအဆင့် | နိုင်ငံအမည် | ဖွံ့ဖြိုးမှုအဆင့်အုပ်စု | အညွှန်းကိန်း |
|---|---|---|---|
| ၁၁ | စင်္ကာပူ | အလွန်မြင့်မား | ၀.၉၁၂ |
| ၃၁ | ဘရူနိုင်း | အလွန်မြင့်မား | ၀.၈၅၆ |
| ၆၂ | မလေးရှား | မြင့်မား | ၀.၉၉၇ |
| ၉၃ | ထိုင်း | မြင့်မား | ၀.၇၂၆ |
| ၁၁၀ | အင်ဒိုနီးရှား | အလယ်အလတ် | ၀.၆၈၄ |
| ၁၁၅ | ဖိလိပိုင် | အဘယ်အလတ် | ၀.၆၆၈ |
| ၁၁၆ | ဗီယက်နမ် | အလယ်အလတ် | ၀.၆၆၆ |
| ၁၄၁ | လာအို | အလယ်အလတ် | ၀.၅၇၅ |
| ၁၄၃ | ကမ္ဘောဒီးယား | အလယ်အလတ် | ၀.၅၅၅ |
| ၁၄၈ | မြန်မာ | နိမ့်ကျ | ၀.၅၃၆ |

*အရင်းအမြစ်။ ။ UNDP Human Development Index (HDI), 2014*



သယံဇာတများကို တူးဖော်ထုတ်လုပ်ရောင်းချရာတွင် တပ်မတော်၏အခန်းကဏ္ဍ အလွန်ကြီးမား နေပါသည်။ တပ်မတော်သည် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းကိုလည်းကောင်း သတ္တုတွင်းဝန်ကြီးဌာနရှိ ကျောက်မျက် တူးဖော်ရေးလုပ်ငန်းနှင့် အခြားအရေးကြီးသော နိုင်ငံတော်၏ စီးပွားရေး လုပ်ငန်းများကိုလည်းကောင်း လက်ဝါးကြီးအုပ် ကြီးစိုးနေဆဲဖြစ်သည်။ တပ်မတော်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ် ရေးရာဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ကို တိုက်ရိုက်ချုပ်ကိုင်ပြီး ထိုဌာနများမှတစ်ဆင့် ကျန်ဝန်ကြီး ဌာနများ၏ လုပ်ငန်း ပိုင်းကို ခြယ်လှယ်ခဲ့သည်။ ဥပမာ - ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အထွေထွေ အုပ်ချုပ်ရေးမှူးများကို ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်သဖြင့် အုပ်ချုပ်ရေးပိုင်းတွင် လွှမ်းမိုး ခြယ်လှယ်နေပါသည်။ ပြည်နယ်အဆင့် နယ်စပ်ရေးရာဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအပြင် တန်ဖိုးကြီး သယံဇာတ သယ်ယူပို့ဆောင်မှု အပိုင်းတွင် ပါဝင်နေကြသည်။ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တပ်မတော် အရာရှိကြီးများသည် သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေပြီး အကျိုးအမြတ် များကို ရယူနေကြသည်ဟု ယူဆရသည်။

တပ်မတော်၏ လက်ဝါးကြီးအုပ် ကြီးစိုးနေမှုများကို ဖယ်ရှားပြီး တရားမျှတမှုရှိသော ငြိမ်းချမ်းရေး ဖြစ်စဉ်တစ်ခု ဖော်ဆောင်ရန် လိုပါသည်။ သို့ရာတွင် အစိုးရသစ်နှင့် နိုင်ငံတော်အတိုင်ပင်ခံတို့ ပါဝင်သော လက်ရှိ နိုင်ငံရေး အခင်းအကျင်း၌ပင် တပ်မတော်သည် အာဏာဆက်လက်ချုပ်ကိုင်ကာ သဘာဝ သယံဇာတ အကျိုးအမြတ်များကို ရယူနေကြသည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူများသည် ၂၀၁၆ ခုနှစ် ငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစု ပင်လုံ) အပေါ် မျှော်လင့်ချက်ကြီးမားစွာ ထားခဲ့သည်။ သို့ရာတွင် တပ်မတော်သည် ညီလာခံပြီးပြီး နောက်တစ်နေ့တွင် ကချင်တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့ (KIA) ဌာနအား ထိုးစစ် ဆင်ခဲ့ခြင်း၊ နောက်ပိုင်းတွင် အခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် စစ်ပွဲများဖြစ်နေခြင်းတို့ကြောင့် ငြိမ်းချမ်းရေး တည်ဆောက်ရန် အလှမ်းဝေးသွားသလို ဖြစ်သွားသည်။ ထင်ရှားသော သာဓကတစ်ခုမှာ ကချင်ပြည်နယ်၊ ဖားကန့်ဒေသ အကြီးစား ကျောက်စိမ်း တူးဖော်ရေး လုပ်ငန်းများ၏ အကျိုးအမြတ်များမှာ ကြီးမားသဖြင့် တပ်မတော်သည် ထိုဒေသကို အပြည့်အဝ ထိန်းချုပ်လိုဟန်ရှိသည်ဟု သုံးသပ်ရသည်။

၂၀၁၁ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲမှုအချို့ လုပ်လာသောအခါ အနောက်နိုင်ငံများက ကုန်သွယ်ရေး ပိတ်ဆို့မှု အချို့ကို ရုတ်သိမ်းခဲ့ကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း အလုံးအရင်း ဝင်ရောက်လာသည်။ အထူးသဖြင့် တွင်းထွက် သယံဇာတတူးဖော်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု တိုးလာသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်အထိ တွေ့ရသော မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် ၇၅% မှာ ကုန်ကြမ်းများသာ ဖြစ်နေသဖြင့် နိုင်ငံ၏ စီးပွားရေး ဖွဲ့စည်းပုံ ပိုင်း၌ ပြောင်းလဲမှု နည်းနေသေးသည်။ အလုံးအရင်း ဝင်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ထိန်းချုပ်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြေယာဥပဒေနှင့် သဘာဝသယံဇာတတူးဖော်ထုတ် လုပ်မှုဆိုင်ရာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း ရေးဆွဲထားသော ဥပဒေများ၏ အားနည်းချက်များနှင့် စောင့်ကြည့် လေ့လာအရေးယူမှုပိုင်း အားနည်းချက်များကြောင့် သယံဇာတဝင်ငွေအားလုံးကို နိုင်ငံတော်ဘဏ္ဍာအတွက် မကောက်ယူနိုင်ခဲ့ပေ။ အဂတိလိုက်စားမှုများ နေရာအနှံ့ရှိနေခြင်းကြောင့် တာဝန်ရှိသူများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှုပိုင်းမှာ လိုအပ်ချက် ကြီးမားစွာ ရှိနေသည်။

## ၃.၃. သဘာဝသယံဇာတ စီမံထိန်းချုပ်မှု

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးချိန်မှစ၍ မြန်မာနိုင်ငံ၏ ဥပဒေများစွာကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ဥပဒေ ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့်အတူ သမ္မတဦးသိန်းစိန်ဦးဆောင်သော အရပ်သားတစ်ပိုင်း အစိုးရလက်ထက်တွင် မြန်မာ နိုင်ငံကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းခဲ့သည်။ မြန်မာ့စီးပွားရေး တိုးတက်ရေး အတွက် စီးပွားရေးနှင့်ဆိုင်သော ဥပဒေများလည်း ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ[၂]၊

၂ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်လျှောက်ထားရာတွင် လွယ်ကူချောမွေ့စေရန် များစွာပြောင်းလဲပေး ခဲ့သည်။ အခွန်ကင်းလွတ်ခွင့်၊ အကျိုးခံစားခွင့်များ၊ အခွင့်အရေးအာမခံချက်နှင့် အကာအကွယ်များကို နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအား ပေးအပ် ထားသည်။ http://www.dica.gov.mm/mm/my/243322

## မြန်မာနိုင်ငံ၏ ဒေသန္တရဆိုင်ရာ အုပ်ချုပ်ရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍများ

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် ပြည်နယ်(၇)ခုနှင့် ဗမာလူမျိုးအများစုနေထိုင်သော တိုင်းဒေသကြီး (၇) ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် တိုင်း (၆) ခုနှင့် နေပြည်တော်နှင့် ဆက်စပ်မြို့နယ်များ ပါဝင်သည့် ပြည်ထောင်စု နယ်မြေ (၁) ခုတို့ဖြင့် ပိုင်းခြားသတ်မှတ်ဖွဲ့စည်းထားသည်။ အုပ်ချုပ်ရေး၏ အသေးဆုံးအဆင့်မှာ ကျေးရွာဖြစ်ပြီး ကျေးရွာအုပ်စုအဖြစ် စုစည်းထားသည်။ မြို့ပြဒေသများကို ရပ်ကွက်များဖြင့် ဖွဲ့စည်းထားပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု စုပေါင်း၍ မြို့နယ်အဖြစ်လည်းကောင်း၊ မြို့နယ်များကို စုပေါင်း၍ ခရိုင်အဖြစ်လည်းကောင်း၊ ခရိုင်များကို စုပေါင်း၍ ပြည်နယ်/တိုင်းဒေသကြီးများအဖြစ်လည်းကောင်း ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍအတွက် ပြည်ထောင်စုဝန်ကြီးဌာန (၂၁) ခုထားရှိပြီး ကာကွယ်ရေးဦးစီးချုပ်မှ အောက်ပါဌာန (၃) ခုအတွက် ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်း တင်သွင်းခန့်အပ်သည်။ ထိုဝန်ကြီးများသည် လက်ရှိ စစ်ဘက်တာဝန်များကို ထမ်းဆောင်နေသည်။

### ၁) ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနဟူ၍ ဖွဲ့စည်းထားသည်။ ဒေသန္တရအဆင့် ထွေအုပ်သည် ဒေသန္တရ အုပ်ချုပ်ရေး၏ အဓိကကျောရိုးဖြစ်သည်။ ထွေအုပ်အကြီးအကဲသည် ပြည်နယ်/တိုင်းဒေသကြီး၏ ထွေအုပ်ရုံး၊ အစိုးရအဖွဲ့ရုံးနှင့် လွှတ်တော်ရုံးဝန်ထမ်းများအပြင် ရာနှင့်ချီသော ထွေအုပ်ဝန်ထမ်းများကို ကြီးကြပ်ရသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သော ထွေအုပ်အကြီးအကဲသည် ပြည်ထဲရေးကို တိုက်ရိုက်တာဝန်ခံရသော်လည်း ပြည်နယ်/တိုင်းဒေသကြီး၏ ဝန်ကြီးချုပ်များထံ အစီရင်ခံတင်ပြရသည်။

### ၂) ကာကွယ်ရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသော ဌာနတစ်ခု ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ရှိသော်လည်း ကာကွယ်ရေးဝန်ကြီးကို ခန့်အပ်သဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ပို၍ လုပ်ပိုင်ခွင့်ရှိနေသည်။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့သည် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ စစ်တပ်ပိုင် စီးပွားရေးကုမ္ပဏီကြီးများဖြစ်ပြီး သယံဇာတတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းအပါအဝင် မြန်မာနိုင်ငံ၏ အရေးကြီးသော စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားသည်။

### ၃) နယ်စပ်ရေးရာဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသာလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစီးဆောင်ရွက်ရသော ဌာနတစ်ခုဖြစ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဟူ၍ ဦးစီးဌာန (၂) ခု ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရသည်။

အရင်းအမြစ် - ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ (မြန်မာနိုင်ငံ) *(http://www.gad.gov.mm/, http://myanmarpoliceforce.org/, http://www.mod.gov.mm/, http://www.mba.gov.mm//)*
- *Adam Smith International and MDRI, Institutional and Regulatory Assessment of the Extractive Industries in Myanmar (12 May 2015), (accessed 8 February 2017)*



၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ[၃]နှင့် ၂၀၁၄ ခုနှစ်တွင် မြန်မာအထူးစီးပွားရေးဇုံဥပဒေ[၄] တို့ကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အစိုးရသစ် တက်လာသောအခါ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတို့ကို ပေါင်းစပ်ထားသော ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ[၅]ကို ပြဋ္ဌာန်းလိုက်သည်။ အမေရိကန် အစိုးရကလည်း နိုင်ငံပိုင်လုပ်ငန်း (၁၀) နှင့် ဘဏ်များအပေါ် စီးပွားရေးပိတ်ဆို့မှု[၆] တို့ကို ရုတ်သိမ်းခဲ့သည်။ ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် အခြားနိုင်ငံရေးပြုပြင် ပြောင်းလဲမှုနှင့် အနောက်နိုင်ငံတို့၏ စီးပွားရေးပိတ်ဆို့မှု ရုတ်သိမ်းခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အထိုက်အလျောက် ဆွဲဆောင်နိုင်ခဲ့သည်။ တရားဝင်ထုတ်ပြန်ထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများ[၇] ကို လေ့လာကြည့်လျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်မှုသည် ငွေပမာဏအားဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ဦးသိန်းစိန်အစိုးရလက်ထက်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သိသိသာသာတိုးလာပြီး သမ္မတသစ် ဦးထင်ကျော် လက်ထက်တွင်လည်း ဆက်လက်တိုးလာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းကြသည်။

၁၉၆၃ခုနှစ်တွင် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်အဖြစ် သိမ်းလိုက်ချိန်မှစ၍ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကဏ္ဍသည် အစိုးရထိန်းချုပ်မှုအောက်သို့ နှစ်ပေါင်းများစွာ ကျရောက်ခဲ့သည်။ နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ပြီး နိုင်ငံပိုင်လုပ်ငန်းအချို့ကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပြီး စီးပွားရေးတံခါးများ တစ်ဖြည်းဖြည်း ဖွင့်ပေးခဲ့သည်။ သို့ရာတွင် သယံဇာတနှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံ၏ ပုဒ်မ ၃၇ (က-ခ) တွင် "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ နိုင်ငံပိုင် သယံဇာတ ပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်။" ဟု ဖော်ပြထားသည်။ သယံဇာတစီမံခန့်ခွဲမှု အာဏာသည် ဗဟိုအစိုးရ လက်ထဲတွင် စုပုံနေပြီး သဘာဝသယံဇာတ အမျိုးအစားအလိုက် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများက တာဝန်ယူရသည်။ နိုင်ငံပိုင်လုပ်ငန်းများလည်း လုပ်ငန်းလိုင်စင်နှင့် အခွန်အကောက်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ဆက်လက်ကျင့်သုံးသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့သည် ဆားနှင့်သစ်တောထွက် ပစ္စည်းများကဲ့သို့သော တန်းဖိုးနည်း သယံဇာတများတွင်သာ စီမံခန့်ခွဲခွင့်နှင့် အခွန်ကောက်ခံခွင့် ပေးထားပြီး ထိုလုပ်ပိုင်ခွင့်များသည် အာဏာခွဲဝေခြင်းထက် အာဏာ ဖြန့်ကျက်ထားခြင်းသာဖြစ်သည်ဟု Asia Foundation[၈] က သုံးသပ်ထားပါသည်။ ဆိုလိုသည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့သည် စီမံခန့်ခွဲရေးအဆင့်တွင်သာရှိနေပြီး ကိုယ်ပိုင်လုပ်ပိုင်ခွင့် အဆင့် မရရှိသေးပေ။

### ၃.၃.၁. မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အကျိုးအမြတ် အများဆုံးလုပ်ငန်း တစ်ခုဖြစ်သည်။ ကိုလိုနီခေတ်ဥပဒေများ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပြီးခြင်း ထုတ်ပြန်ထားသော ဥပဒေများ၊ ၁၉၆၂ - ၁၉၈၈ ခုနှစ်အတွင်း တော်လှန်ရေးကောင်စီ ထုတ်ပြန်ထားသော ဥပဒေများ၊ ၁၉၈၈ - ၂၀၁၁ ခုနှစ်အတွင်း စစ်အစိုးရ ထုတ်ပြန်ထားသော အမိန့်များနှင့် ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း အရပ်သားအစိုးရတစ်ပိုင်း ထုတ်ပြန်ထားသော ဥပဒေများကို ပေါင်းစပ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကို ထိန်းချုပ်ကွပ်ကဲ[၉]

---

၃ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သော ဥပဒေစည်းမျဉ်းဘောင်များနှင့် အကျိုးခံစားခွင့်များအား ပံ့ပိုးပေးခြင်းအားဖြင့် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုများအတွက် တန်းတူလုပ်ကိုင်နိုင်သော နယ်မြေတစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားသည်။ http://www.dica.gov.mm/mm/my/243323 (Accessed 16 Dec 2016)

၄ ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေသည် မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး လတ်တလောတွင် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ တနင်္သာရီတိုင်းရှိ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါ အထူးစီးပွားရေးဇုန်စသည့် အထူးစီးပွားရေးဇုန် (၃)ခုကို အကောင်အထည် ဖော်လျက် ရှိသည်။ http://www.dica.gov.mm/mm/my/243328

၅ http://www.mizzima.com/business-domestic/myanmar-investment-law-approved (Accessed 16 Dec 2016)

၆ အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကို ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ဖြေလျှော့ခဲ့ပြီး ၂၀၁၆ ခုနှစ် တွင် နိုင်ငံပိုင်လုပ်ငန်း (၁၀) နှင့် ဘဏ်တို့အပေါ် ပိတ်ဆို့မှုကို ရုတ်သိမ်းခဲ့သည်။ https://www.bloomberg.com/news/articles/2016-06-14/dealmaking-excitement-builds-over-beers-in-newly-opened-myanmar (Accessed 16 Dec 2016)


၇ http://www.dica.gov.mm/sites/dica.gov.mm/files/document-files/yearly_by_sector.pdf - Accessed 15 Dec 2016

၈ https://asiafoundation.org/resources/pdfs/NaturalResourcesandSubnationalGovernmentsinMyanmar.pdf - Accessed 15 Dec 2016

၉ MEITI report available at MEITI website: http://myanmareiti.org/ (Accessed 16 Dec 2016)

လျက်ရှိသည်။ ယခင်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိပြီး ၂၀၁၆ ခုနှစ် အရပ်သားအစိုးရသစ် တက်လာသော အခါ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန[၁၀] အောက်တွင်ရှိသည်။ (ပုံ-၁ ကို ကြည့်ရန်) ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ၊ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ[၁၁]နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေနှင့် ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ဖြင့် ထိန်းချုပ်ထားသည်။

### ပုံ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းပုံ




အရင်းအမြစ် - လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အင်တာနက်စာမျက်နှာ များမှ ရယူထားပါသည်။
http://www.moep.gov.mm/organization , http://www.energy.gov.mm/index.php/about-ministry/ministry-office/history-of-ministry (Accessed 16 Dec 2016)

မြန်မာ့ရေနံတူးဖော်ရေးလုပ်ငန်းသည် ဗြိတိသျှအုပ်ချုပ်သည့် ကိုလိုနီခေတ်ကတည်းက စတင်ခဲ့သည်။ ကိုလိုနီခေတ်အတွင်းနှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည်မှ ၁၉၆၃ ခုနှစ်အထိ ရေနံထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းအားလုံးကို ဘီအိုစီ (BOC) မှ ဆောင်ရွက်ခဲ့သည်။[၁၂] ဘီအိုစီသည် ရေနံချောင်းနှင့် ချောက်မြို့ရှိ ရေနံကြောတို့ကို ၁၈၈၇ ခုနှစ် နှင့် ၁၉၀၂ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး ထိုဒေသ နှစ်ခုလုံးသည် ယနေ့တိုင် ရေနံများထုတ်လုပ်လျက်ရှိသည်။ ၁၉၆၂ ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကို ပြည်သူပိုင်အဖြစ် သိမ်းပြီးနောက် နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့

၁၀ ၂၀၁၆ ခုနှစ်တွင် အရပ်သားအစိုးရသစ်တက်လာသောအခါ ဝန်ကြီးဌာန (၃၆)ခုကို (၂၁)ခုထိ လျှော့ချလိုက်သည်။ လျှပ်စစ်ဝန်ကြီးဌာနနှင့်စွမ်းအင် ဝန်ကြီးဌာနတို့ကို ပေါင်းစည်းပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအဖြစ် ပြောင်းလိုက်သည်။

၁၁ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် ၂၀၁၂ ခုနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၃ ခုနှစ် မြန်မာ နိုင်ငံသား ဥပဒေတို့ကို ပေါင်းစည်းပြင်ဆင်ရေးဆွဲထားသော ဥပဒေတစ်ခု ဖြစ်သည်။

၁၂ လျှပ်စစ်နှင့်စွမ်းအင်ပန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် http://www.energy.gov.mm/eng/index.php/about-ministry/ministry-office/history-of-ministry ဖော်ပြထားသသည်။ (Accessd 15 Dec 2016)



လုပ်ငန်း (MOGE) သည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအားလုံးကို ပုဂ္ဂလိကကန်ထရိုက်စနစ်ဖြင့် ထိန်းချုပ် ကွပ်ကဲလာခဲ့သည်။ နိုင်ငံခြား ကုမ္ပဏီများသည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူ လုပ်ငန်းမှတစ်ဆင့် လုပ်ကိုင်ခွင့် ရှိသည်။ စွမ်းအင်ဝန်ကြီးဌာနသည် MOGE မှတစ်ဆင့် ကုန်းတွင်းလုပ်ကွက် (၁၆)ခု နှင့် ကမ်းလွန် လုပ်ကွက် (၁၉) ခုကို ကြီးကြပ်လျက်ရှိသည်။ တနင်္သာရီကမ်းလွန်လုပ်ကွက်အတွင်းရှိ ရတနာ[၁၃]နှင့် ရဲတံခွန်[၁၄] သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ လည်းကောင်း၊ မုတ္တမကမ်းလွန်ရှိ ဇောတိက[၁၅] သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ထွက်ရှိသော သဘာဝ ဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ ရခိုင်ကမ်းလွန် လုပ်ကွက်အတွင်းရှိ ရွှေသဘာဝ ဓာတ်ငွေ့ လုပ်ငန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့ရောင်းချ လျက်ရှိသည်။

သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှုများလာသော်လည်း ပြည်တွင်းစွမ်းအင်သုံးစွဲမှုအတွက် လူဦးရေ တိုးပွားမှုနှုန်းနှင့်အညီ လုံလောက်သော ခွဲတမ်းကို ထည့်သွင်းစဉ်းစားမှု အားနည်းခဲ့သည်။ ဆိုလိုသည်မှာ ထွက်ရှိသော သဘာဝဓာတ်ငွေ့အများစုကို နိုင်ငံခြားတိုင်းပြည်များအား ရောင်းချပေးပြီး အနည်းငယ်သာ ပြည်တွင်းသုံးစွဲမှုအတွက် ချန်ထားသည်။ တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးကို ပြည်သူတို့က လိုလားကြ သော်လည်း လက်ရှိအနေအထားအရ မြန်မာနိုင်ငံ၏ မြို့များအားလုံးသည် လျှပ်စစ်မီးမရကြသေးပေ။ လျှပ်စစ်မီးရရှိသော မြို့နှင့် ကျေးရွာများမှာလည်း အကန့်အသတ်ဖြင့်သာ ရရှိကြသည်။ သဘာဝဓာတ်ငွေ့ ရောင်းရငွေသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများစွာ ရှာဖွေပေးသော်လည်း အဂတိလိုက်စားမှုများ ရှိနေခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာအတွက် ရသင့်ရထိုက်သော သယံဇာတ ဘဏ္ဍာငွေအားလုံးကို ကောက်ခံနိုင်ခြင်း မရှိခဲ့ပေ။ ထို့အပြင် နိုင်ငံတော်အတွက် ကောက်ခံရရှိသော ဘဏ္ဍာငွေ ပမာဏအပေါ် မူတည်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ချပေးသော ဘဏ္ဍာငွေအချိုးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွယ်နိုင်ပါသည်။ ထိုဆက်နွယ်မှုကြောင့် ဗဟိုအစိုးရမှ ချပေးသည့် ဘဏ္ဍာငွေ နည်းလျှင် ဒေသန္တရဖွံ့ဖြိုးရေး ဖော်ဆောင်မှုလည်း အားနည်းသွား နိုင်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ပြီး ပြည်သူလူထု အကျိုးစီးပွားကို ရှေးရှုသော သယံဇာတ မူဝါဒများနှင့် ဖွံ့ဖြိုးရေးပန်းတိုင်များကို ချမှတ်အကောင်အထည်ဖော်ရန် လိုပါသည်။

## ၃.၃.၂. မြန်မာ့သတ္တုတူးဖော်ရေးလုပ်ငန်း

မြန်မာနိုင်ငံ၏ ဒုတိယ အကျိုးအမြတ်အများဆုံး သယံဇာတ တူးဖော်ရေးလုပ်ငန်းတစ်ခုမှာ သတ္တု တူးဖော်ရေးလုပ်ငန်းဖြစ်ပြီး ရှေးမြန်မာဘုရင်များ လက်ထက်ကပင် ရှိခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရှိရသည်။[၁၆] ယခင် သတ္တုတွင်းဝန်ကြီးဌာနအောက်တွင် ထားရှိပြီး ၂၀၁၆ ခုနှစ်တွင် အရပ်သားအစိုးရသစ် တက်လာသောအခါသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန[၁၇]အောက်တွင်ရှိသော လုပ်ငန်းဖြစ်သည်။ လက်ရှိဌာနတွင် ဝန်ကြီးရုံး၊ ဦးစီးဌာန (၂)ခုနှင့် နိုင်ငံပိုင်လုပ်ငန်း (၄)ခုတို့ဖြင့် ဖွဲ့စည်း

၁၃ ရတနာသဘာဝဓာတ်ငွေ့သိုက်ကို MOGE က ၁၉၈၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး ပြင်သစ် TOTAL ကုမ္ပဏီက တူးဖော် ထုတ်လုပ်ပြီး ပြင်သစ် TOTAL ကုမ္ပဏီ၊ အမေရိကန် Unocal၊ ထိုင်း PTTEP နှင့် MOGE တို့က အစုရှယ်ယာ ပိုင်ဆိုင်ကြသည်။ နိုင်ငံခြားသို့ သဘာဝဓာတ်ငွေ့ တင်ပို့မှုကို ၁၉၉၈ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၂၈ ခုနှစ် အထိ နှစ်(၃၀)ကြာ တင်ပို့ ရောင်းချမည် ဖြစ်သည်။ http://www.mmtimes.com/index.php/special-features/151-energy-spotlight/2922-offshore-gas-fields.html (Accessed 15 Dec 2016)

၁၄ ရဲတံခွန်သဘာဝဓာတ်ငွေ့သိုက်ကို ထိုင်း PTTEP ကုမ္ပဏီက ၁၉၉၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ Petronas ကုမ္ပဏီက ထူးဖော်ထုတ်လုပ်ပြီး MOGE၊ ထိုင်း PTTEP ကုမ္ပဏီနှင့် အခြားနိုင်ငံခြားကုမ္ပဏီများက အစုရှယ်ယာ ပိုင်ဆိုင်ကြသည်။ ရတနာသဘာဝဓာတ်ငွေ့သိုက်မှထွက်သော သဘာဝဓာတ်ငွေ့များကို၂၀၀၀ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သည်။ http://www.mmtimes.com/index.php/special-features/151-energy-spotlight/2922-offshore-gas-fields.html (Accessed 15 Dec 2016)


၁၅ ဇောတိကသဘာဝဓာတ်ငွေ့သိုက်ကို ၂၀၀၇ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး ထိုင်း PTTEP ကုမ္ပဏီက တူးဖော်ထုတ်လုပ်သည်။ နိုင်ငံခြား တင်ပို့ရောင်းချမှုကို ၂၀၁၄ ခုနှစ်မှစ၍ ဇောတိကမှ ထွက်သော သဘာဝဓာတ်ငွေ့ (၈၀%) နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။ http://www.nationmultimedia.com/news/business/aec/30240373 (Accessed 15 Dec 2016)

၁၆ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုရေးရာ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ http://www.mining.gov.mm/Minister_Office/3.Minister_Office/Details.asp?submenuID=4&sid=59 (Accessed 15 Dec 2016)

၁၇ ၂၀၁၆ ခုနှစ်တွင် အစိုးရသစ်တက်လာသောအခါ ယခင်ဝန်ကြီးဌာန (၃၆) ခု ကို (၂၁) ခု ထိ လျှော့ချလိုက်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့ကို ပေါင်းစည်းပြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထန်းသိမ်းရေးဝန်ကြီးဌာနအဖြစ် ပြောင်း လိုက်သည်။ http://www.myanmar-now.org/news/i/?id=947fc3ae-c8fd-4735-a0dd-9a840f0cf66b (Accessed 15 Dec 2016)

ထားသည်။ (ပုံ -၂ ကိုကြည့်ရန်)။ မြန်မာနိုင်ငံ၏ သတ္တုတွင်းလုပ်ငန်းကို ထိန်းချုပ်လာခဲ့သော ဥပဒေများမှာ ၁၉၉၄ ခုနှစ် သတ္တုတွင်းဥပဒေ၊ ၁၉၉၆ ခုနှစ် သတ္တုတွင်းနည်းဥပဒေ၊ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် နည်းဥပဒေများ၊ ၁၉၉၅ ခုနှစ် ပုလဲဥပဒေနှင့် နည်းဥပဒေများ၊ ၁၉၉၂ ခုနှစ် ဆားလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများဖြစ်သည်။ ၁၉၈၉ ခုနှစ်မတိုင်ခင်အထိ သတ္တုတူးဖော်ရေးလုပ်ငန်းများသည် အစိုးရကသာ အဓိကလုပ်ကိုင်ပြီး အစိုးရနှင့် နီးစပ်သူအချို့သာ လုပ်ကိုင်ခွင့် ရရှိခဲ့သည်။ နောက်ပိုင်းတွင် ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ပြီး ပုဂ္ဂလိကလုပ်ပိုင်ခွင့် မူဝါဒများ ချမှတ်လာခဲ့သည်။

### ပုံ (၂) မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဖွဲ့စည်းပုံ




အရင်းအမြစ် - ၂၀၁၆ ခုနှစ် အစိုးရသစ်လက်ထက်တွင် ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနတို့ကိုပေါင်းစည်းပြီးသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အထက်ပါ ဇယားသည် အသစ်ဖွဲ့စည်းလိုက်သော သယံဇာတ နှင့် သဘာဝပတ်ငန်းကျင်းထိန်းသိမ်းရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ http://www.moecaf.gov.mm/ မှ အချက်အလက်များကို ကိုးကားရေးဆွဲထားသည်။ (Accessed 16 Dec 2016)



မြန်မာနိုင်ငံတွင် အကြီးစားသတ္တုတွင်း လုပ်ကိုင်ခွင့် (၁၃၉) ခု ကျော် ရှိသည်။[၁၈] မြန်မာနိုင်ငံသတ္တုတွင်းများမှ ရွှေ၊ ရွှေဖြူ၊ ကောပါး၊ ခဲ၊ ဇင့်၊ သံ၊ မဂ္ဂနီဆီယမ်နှင့် ခနောက်စိမ်းကဲ့သို့သော အခြေခံသတ္တုများ၊ ဘိလပ်မြေ၊ ရွှံ့စေးမြေ၊ ဂျစ်ပဆမ်၊ ဒိုလိုမိုက်၊ ထုံးကျောက်၊ ဆားနှင့် ဘာရိုက်ကဲ့သို့သော စက်မှုလုပ်ငန်းသုံး သတ္တုများ၊ ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာကဲ့သို့သော ကျောက်မျက်ရတနာများ ထွက်ရှိသည်။[၁၉] သို့ရာတွင် သတ္တုတွင်း လုပ်ငန်း၏မှ ရရှိလာသော အကျိုးအမြတ်ကြီးမားမှုနှင့်ပတ်သက်၍ တိကျသော ကိန်းဂဏန်းများကို ပြည်သူများက မသိခဲ့ရပေ။ ၂၀၁၅ ခုနှစ်၊ အောက်တိုလာလတွင် Global Witness အဖွဲ့မှ ထုတ်ပြန်သော "ကျောက်စိမ်း - မြန်မာ့နိုင်ငံ၏ ကြီးမားသည့် နိုင်ငံတော်လျှို့ဝှက်ချက်"[၂၀] အစီရင်ခံစာကို ထုတ်ပြန်လိုက်သော အခါ နိုင်ငံတော်၏ မြန်မာ့ကျောက်မျက်လုပ်ငန်းအောက်ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ ကွင်းဆက်နှင့် သန်းချီဝင်ငွေများကို ကမ္ဘာက ကွက်ကွက်ကွင်းကွင်း သိရှိခဲ့ရသည်။ ထိုအစီရင်ခံစာအရ ကျောက်စိမ်းလုပ်ငန်းကို စစ်ဘက်ဆိုင်ရာ အရာရှိများ၊ အမေရိကန်နိုင်ငံက ပိတ်ဆို့ထားသော မူးယစ်ရာဇာများနှင့် ခရိုနီကုမ္ပဏီများက ထန်းချုပ်ထားပြီး အကျိုးအမြတ်များကို နိုင်ငံသားနှင့် ဒေသခံပြည်သူများက မစို့မပို့သာ ခံစားရသည်ကို သိရှိလာကြသည်။

### ၃.၃.၃. သက်ရောက်မှုများ

မြန်မာနိုင်ငံ၏ သဘာသယံဇာတ တူးဖော်ထုတ်လုပ်ရောင်းချမှုသည် ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာသည့်အလျောက် နိုင်ငံအပေါ် ကောင်းကျိုးထက် ဆိုးကျိုးသက်ရောက်မှု အလွန်ကြီးမားခဲ့သည်။ သယံဇာတထွက်သော တိုင်းရင်းသားဒေသများသို့ သယံဇာတတူးဖော်မှု တိုးချဲ့လာ ခြင်းကြောင့် အချို့ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပဋိပက္ခများ ဖြစ်ပွားကာ အပြစ်မဲ့ ပြည်သူများက မြေစာပင်များ ဖြစ်ခဲ့ရသည်။ ဖွံ့ဖြိုးရေးအမည်ခံ စီမံကိန်းလုပ်ငန်းများသည် ဒေသခံများ၏ မြေယာများကို သိမ်းဆည်းမှုများ ရှိနေပြီး ဒေသခံတိုင်းရင်းသားများ မှီခိုအားထားကြသည့် သဘာဝ အရင်းအမြစ်များကို ထုတ်ယူခြင်းကြောင့် ဒေသခံများရပ်တည်ရန် ခက်ခဲလာသည်။ ရခိုင်ကမ်းလွန်သဘာဝ ဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရှာပေးနိုင်သော်လည်း ဒေသခံ ရခိုင်လူမျိုးများအတွက် စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မဖန်တီးနိုင်ခဲ့ပေ။ စားဝတ်နေရေးအတွက် ရပ်တည်ရန်ခဲခက်လာသောကြောင့် ဒေသခံ ရခိုင်တိုင်းရင်းသားများသည် အခြားဒေသသို့ ပြောင်းရွှေ့နေထိုင်မှုများလာသည်ဟု သုတေသနခရီးစဉ်အတွင်း ဒေသခံများ ပြောပြချက်အရ သိရှိရပါသည်။ ပြောင်းရွှေ့နေထိုင်မှုများကြောင့် လယ်ယာလုပ်ငန်းအတွက် လုပ်သားရှားပါးမှု ပြဿနာများရှိလာပြီး စာပေယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် အားနည်းလာသည်။ ဒေသခံမဟုတ်သောသူများ ဝင်ရောက်ပြောင်းရွှေ့လာမှုကြောင့် လူမှုရေးနှင့် ယဉ်ကျေးမှုပဋိပက္ခများ ထွက်ပေါ်လာပြီး ဒေသ လုံခြုံရေးအတွက် စိုးရမ်ဖွယ်ရာများ ရှိလာသည်။

မြန်မာနိုင်ငံအတွင်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်စိမ်းကဲ့သို့သော တန်ဖိုးကြီး သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နောက်ဆက်တွဲပြဿနာများ ရှိနေပါသည်။ ရခိုင်ကမ်းလွန်မှထွက်သော သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ဆောက်လုပ်ခဲ့သော မြန်မာ-တရုတ် ရေနံနှင့် သဘာဝပိုက်လိုင်းများ ဖြတ်သွားသည့် မြေနေရာတစ်ဝိုက်တွင် သစ်တောပြုန်းတီးခြင်း၊ မြေဆီလွှာ ပျက်ဆီးခြင်း၊ မိုးရာသီတွင် မြေပြိုခြင်း၊ ရေဝပ်ခြင်းနှင့် ရေကြောပိတ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ဂေဟာစနစ်မှာ ဖျက်ဆီးနေပါသည်။ ကချင်ပြည်နယ် ဖားကန့်ဒေသတွင် စက်ယန္တရား

၁၈ Adam Smith International နှင့် MDRI အဖွဲ့တို့၏ "Institutional and Regulatory Assessment of the Extractive Industries in Myanmar" အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ http://www.burmalibrary.org/docs21/WB-2015-Extractive_industries-en-red-tu-red.pdf (Accessed 16 Dec 2016)

၁၉ Myanmar Extractive Industries Transparency Initiative (MEITI) အဖွဲ့၏ EITI အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုအစီရင်ခံစာကို MEITI ၏ အင်တာနက်စာမျက်နှာ http://myanmareiti.org/ တွင် ရယူနိုင်ပါသည်။ (Accessed 16 Dec 2016)

၂၀ Global Witness အဖွဲ့၏ "Jade: Myanmar's Biggest Secret" အစီရင်ခံစာကို အင်တာနက်စာမျက်နှာ http://reliefweb.int/sites/reliefweb.int/files/resources/Jade_full_report_online_hi_res.pdf တွင် ရယူနိုင်ပါသည်။ (Accessed 16 Dec 2016)

ကြီးများဖြင့် စည်းကမ်းမဲ့ အလွန်အကျွံ ကျောက်စိမ်းတူးဖော်မှုများကြောင့် အချိန်တိုအတွင်း သဘာဝသစ်တောများပြုန်းတီးကာ တောင်များလည်း ပျောက်ကွယ်နေပါသည်။ ဖားကန့်ကိုဖြတ်၍စီးဆင်းနေသော ဥရုချောင်းအတွင်းသို့ မြေစာပုံများ စွန့်ပစ်ခြင်းကြောင့် ချောင်းရေများ နောက်ကျိခန်းခြောက် လာမှုမှာ စိုးရိမ်ဖွယ် အလွန်ကောင်းနေပါသည်။ အချိန်မှီ သဘာဝပတ်ဝန်းကျင်း ထိန်းသိမ်းစောင့်ရှောက်မှု မလုပ်လျှင် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများသည် အနာဂတ်မျိုးဆက်သစ်များအတွက် ကြီးမားသော အန္တရာယ်တစ်ခု ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၅ အရ "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင် ကို ထိန်းသိမ်းစောင့်ရှောက်ရမည်" ဟု လည်းကောင်း၊ ပုဒ်မ ၃၉၀ (ခ) အရ "နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များ[၂၁]တွင် နိုင်ငံတော်အား ကူညီရန် တာဝန် ရှိသည်။" ဟု လည်းကောင်း ပြဌာန်းထားသည်။ ထို့အပြင် မြန်မာနိုင်ငံအစိုးရသည် ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ၊ ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(EIA)၊ ၂၀၁၆ ခုနှစ် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများ (EQEG) တို့ကို ထုတ်ပြန်ထားပါသည်။[၂၂] မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သည် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများအား ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်မှုများ ဆောင်ရွက်စေသော်လည်း ကုမ္ပဏီများ၏ EIA ကို ပြည်သူများ သိရှိခြင်းမရှိပါ။ ပြည်သူများနှင့်လည်း ပွင့်လင်းမြင်သာစွာ အသိပေးတိုင်ပင်ခြင်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် လူမှုအဖွဲ့အစည်းများမှ ထုတ်ပြန်သော အစီရင်ခံစာများတွင်သာ သယံဇာတ တူးဖော်ရေးလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို သိရှိခွင့်ရသည်။ ဝန်ကြီးဌာနချင်း ချိန်ဆက်မှု အားနည်းခြင်းကြောင့် ယခင် သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပေးသော သတ္တုတူးဖော်ရေး လုပ်ပိုင်ခွင့် အချို့သည် ယခင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နယ်မြေနှင့် ငြိစွန်းမှုများ ရှိခဲ့သည်။

## ၃.၃.၄. ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှု

အရပ်သားတစ်ပိုင်းအစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှုရှိရေးအတွက် ၂၀၁၂ ခုနှစ်တွင် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းပွင်းလင်းမြင်သာမှုဖော်ဆောင်ရေး (EITI)[၂၃] အဖွဲ့ဝင်အဖြစ် လျှောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ ဖြစ်လာခဲ့သည်။ EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်မှ တင်းပြည့်ကျပ်ပြည့် အဖွဲ့ဝင်နိုင်ငံအဖြစ် ဖြစ်လာစေရန် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ပထမဆုံး EITI အစီရင်ခံစာကို[၂၄] ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာသည် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ကို ရည်ညွှန်းထားသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းလုပ်ငန်း၏ ထုတ်လုပ်မှု၊ ဝင်ငွေစီးဆင်းမှု၊ လိုင်စင်နှင့် ကုမ္ပဏီပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ဖော်ပြထားသည်။ အစီရင်ခံစာပါ အချက်အလက်များမှာ မပြည့်စုံသော်လည်း ယခင်မရနိုင်သော အချက်အလက်များကို ထည့်သွင်းဖော်ပြထားသဖြင့် သမိုင်းတစ်လျှောက်

၂၁ (က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ (ဃ) အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၂၂ http://www.dica.gov.mm/mm/my/243330, http://www.ecd.gov.mm/ (Accessed 15 Dec 2016)

၂၃ EITI သည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးစက်မှုလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုများကို တိုင်းတာသော နိုင်ငံတကာစံနှုန်းတစ်ခု ဖြစ်သည်။ EITI ၏ ရည်မှန်းချက်မှာ သဘာဝသယံဇာတအရင်းအမြစ်များမှ ရရှိ လာသော ဝင်ငွေများအား ပွင့်လင်းမြင်သာစွာနှင့် တာဝန်သိစွာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်လာစေရန် ဖြစ်သည်။ အဖွဲ့ဝင် ဖြစ်လာရန်အတွက် အစိုးရ၊ ကုမ္ပဏီနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားတင်ပြခြင်းတို့ပါဝင်သော အချက်(၇)ချက်ကို ဖြည့်ဆည်းပေးရမည်။ လက်ရှိတွင် EITI အဖွဲ့ဝင်နိုင်ငံ (၄၆) နိုင်ငံ ရှိသည်။ http://myanmareiti.org/my/content/what-eiti (Accessed 16 Dec 2016)

၂၄ ရေနံနှင့် သဘာဝဓာတ်ငွေ့အခွန်ဘဏ္ဍာငွေ ၁၀၀% ကိုယ်စားပြုသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ ၁၃ ခု၊ ကျောက်မျက်ရတနာပြပွဲ၏ အခွန်ဘဏ္ဍာငွေ ၆၇%ကို ကိုယ်စားပြုသည့် ကျောက်မျက်ရတနာ ကုမ္ပဏီ ၃၀ နှင့် သတ္တုကဏ္ဍ၏ အခွန်ဘဏ္ဍာငွေ ၅၀% ကို ကိုယ်စားပြုသည့် ကုမ္ပဏီ ၁၁ ခုတို့ ပါဝင်သည်။



ဝေဝါးခဲ့သော မြန်မာ့တွင်းထွက် တူးဖော်ရေးလုပ်ငန်းနှင့်ပတ်သက်၍ သိရှိခွင့် ရခဲ့သည်။ ထိုအစီရင်ခံစာအရ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများထံမှ ကောက်ခံရရှိသော ဝင်ငွေတစ်ဝက်နီးပါးခန့်သာ ပြည်ထောင်စု ဘဏ္ဍာငွေထဲသို့ စီးဝင်ပြီး ကျန်ငွေများမှာ နိုင်ငံပိုင်လုပ်ငန်းထဲသို့ စီးဝင်သည်။ နိုင်ငံပိုင်လုပ်ငန်းထဲသို့ဝင်သော ငွေများကို မည်ကဲ့သို့ စီမံခန့်ခွဲသည်ကို ပြည်သူများက မသိရပါ။ ထို့အပြင် EITI အစီရင်စာတွင် ဖော်ပြထား ကျောက်မျက်လိုင်စင် (၁၂၅၈) ခု အနက် (၄၂၈) ခုသည် မြန်မာ့တပ်မတော်၏ မြန်မာ့ဦးပိုင်ကုမ္ပဏီပိုင်သော မြန်မာအင်ပီးရီးရယ်(လ်)ဂျိတ် ကျောက်မျက်ရတနာ) ကုမ္ပဏီက ရရှိသော လိုင်စင်ဖြစ်သည်။ သို့ရာတွင် ထိုကုမ္ပဏီ၏ အကျိုးအမြတ်ကို ခံစားနေသည့် ပိုင်ရှင်အစစ်အမှန်ကို ထုတ်ပြန်ထားခြင်း မရှိပေ။ မြန်မာနိုင်ငံ၏ သယံဇာတကဏ္ဍ ပွင့်လင်းမြင်သာမှု တိုးတက်လာရေးအတွက် ပြည်သူအားလုံး ပိုင်းဝန်းဖိအားပေးရန် လိုကြောင်း အစီရံခံစာက ထောက်ပြနေပါသည်။

လက်ရှိအုပ်ချုပ်နေသော အရပ်သားအစိုးရက နိုင်ငံ၏ သယံဇာတကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှု တိုးတက်လာရေးအတွက် ကြိုးပမ်းနေချိန်တွင် အမေရိကန်အခြေစိုက် NRGI အဖွဲ့၏ ၂၀၁၃ ခုနှစ် သယံဇာတစီမံအုပ်ချုပ်မှုအညွှန်းအရ (RGI)[၂၅] မြန်မာနိုင်ငံသည် နိုင်ငံအားလုံး၏ အောက်ဆုံးတွင် ရောက်နေသည်။ သယံဇာတကြွယ်ဝမှု အမျိုးအစား၊ အတိုင်းအတာနှင့် ဖြန့်ကျက်မှု၊ တရားဝင်နှင့် တရားမဝင် သယံဇာတတူးဖော်ထုတ်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေအတွင်းရှိ သယံဇာတ တူးဖော်ထုတ်လုပ်မှုများ၊ တပ်မတော်ပိုင်ကုမ္ပဏီများနှင့် သယံဇာတ အကျိုးအမြတ်ကို ခံစားရသော ပိုင်ရှင်အစစ်အမှန်များ စသည့်အကြောင်းအရာများနှင့် ပတ်သက်၍ မသိရခြင်းနှင့် မရေရာမှုများရှိနေခြင်းတို့သည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် များစွာခက်ခဲစေပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ပါဝင်မည့် သက်ဆိုင်ရာ အစုအဖွဲ့နှင့် ပုဂ္ဂိုလ်များအားက နိုင်ငံနှင့်သက်ဆိုင်ရာ ဒေသများ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး ညှိနှိုင်းဆောင်ရွက်ပေးရန် အတားအဆီးသဖွယ် ဖြစ်နေပါသည်။

၂၅ Resource Governance Index (RGI) သည် နိုင်ငံပေါင်း(၅၈)ခု၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှုကို တိုင်းတာသည့် သယံဇာတစီမံအုပ်ချုပ်မှုအညွှန်းကိန်းဖြစ်သည်။ အညွှန်းကိန်းအတွက် အဖွဲ့အစည်းနှင့်ဥပဒေရေးရာအခင်းအကျင်း၊ အစီရင်ခံတင်ပြသည့်စနစ်၊ လုံခြုံရေးနှင့်အရည်အသွေး ထိန်းချုပ်မှုနှင့် ပံ့ပိုးပေးသည့် ပတ်ဝန်းကျင် စသည့် အချက်(၄)ချက်ကို အခြေခံတွက်ချက်သည်။ http://www.resourcegovernance.org/our-work/country/myanmar (Accessed 16 Dec 2016)

# အခန်း (၄) သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု သဘောတရားများ

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေသည် ထိုနိုင်ငံ၏ သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုစနစ်နှင့် ဆက်နွယ်မှုရှိနိုင်သည်။ ကမ္ဘာ့ဖွံ့ဖြိုးရေးဘဏ်က စီမံအုပ်ချုပ်မှုကို "နိုင်ငံ တစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုနိုင်ငံ၏ အရင်းအမြစ်များကို စီမံခန့်ခွဲရန် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး အာဏာများကို အသုံးချခြင်းဖြစ်သည်။"ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။[၂၆] ကောင်းမွန်ထိရောက်သော စီမံအုပ်ချုပ်မှုသည် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံများအတွက် တိုးတက်သာယာမှုနှင့် ငြိမ်းချမ်းမှုကို ဖန်တီးပေးနိုင်သကဲ့သို့ မားယွင်းပြီး ထိရောက်မှုမရှိသော စီမံအုပ်ချုပ်မှုစနစ်သည် သယံဇာတပေါကြွယ်ဝသော နိုင်ငံများအား သယံဇာတ ကျိန်စာသင့် စေနိုင်ပါသည်။ ထို့အပြင် ထိုနိုင်ငံ၏ ငြိမ်းချမ်းရေးကိုလည်း ခြိမ်းခြောက်နိုင်ပြီး ပြဿနာဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်နိုင်ငံသည် ၎င်း၏ သယံဇာတကြွယ်ဝမှုကို အကျိုးအမြတ် ရယူခံစားနိုင်ရန် ကောင်းမွန်သော သယံဇာတ စီမံအုပ်ချုပ်မှုစနစ် ရှိရန်လိုသည်။ သယံဇာတ စီမံအုပ်ချုပ်မှုကို ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် သယံဇာတ ဝင်ငွေခွဲဝေမှု ရှုထောင့်တို့မှ ဆွေးနွေးတင်ပြသွားပါမည် ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် (သို့မဟုတ်) ငြိမ်းချမ်းရေးသဘောတူစာချုပ်အတွက် စဉ်းစားချက်များ ပံ့ပိုးပေးနိုင်ရန် လေ့လာတင်ပြ ထားပါသည်။

## ၄.၁. ပိုင်ဆိုင်မှု

သဘာဝသယံဇာတပိုင်ဆိုင်မှုသည် မကြာခဏ အငြင်းပွားရသော အကြောင်းအရာတစ်ခု ဖြစ်သည်။ ပိုင်ဆိုင်မှုအငြင်းအခုံများကို ရှောင်ရှားနိုင်ရန်အတွက် ပိုင်ဆိုင်ခွင့် အခွင့်အရေး အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းချက်ထုတ်ရန် လိုပါသည်။ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်း (သို့) နိုင်ငံသားနှင့် အစုအဖွဲ့ပိုင်များအဖြစ် ပိုင်ဆိုင်မှု အပြိုင်အဆိုင်အပေါ် အခိုင်အမာပြောဆိုနေမှုများကို ဖြေရှင်းရန်လိုသည်။ သဘာဝသယံဇာတပိုင်ဆိုင်မှုကို နိုင်ငံသား ပုဂ္ဂလိက ပိုင်ဆိုင်မှု၊ အစုအဖွဲ့ပိုင်ဆိုင်မှု (သို့) နိုင်ငံတော်ပိုင်ဆိုင်မှုအဖြစ် ခွဲခြားသတ်မှတ်နိုင်သော်လည်း ရှင်းလင်းတိကျမှုမှာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တည်မြဲမှုရေးအတွက် အလွန်အရေးကြီးပါသည်။ ပိုင်ဆိုင်မှုကို ခွဲခြားသတ်မှတ်သည့် အခြား နည်းလမ်းများတွင် မြေပေါ်ပိုင်ဆိုင်မှုနှင့် မြေအောက် ပိုင်ဆိုင်မှုကို ခွဲခြားသတ်မှတ်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် ပိုင်ဆိုင်မှုကို မည်သည့် နည်းလမ်းတစ်ခုခုဖြင့် ခွဲခြားသတ်မှတ်စေကာမူ ပိုင်ဆိုင်မှုသည် စိတ်ခံစားချက်အပေါ် အခြေခံစဉ်းစားချက် တစ်ခုသာဖြစ်ပြီး ညှိနှိုင်းဆွေးနွေးပွဲအတွင်း နိုင်ငံရေးပါးနပ်မှုအတွက် အခွင့်အရေးများစွာ မပေးထားသော အရှုံးထွက်သော ကစားကွက်တစ်ခုသာ ဖြစ်သည်။ သယံဇာတပိုင်ဆိုင်မှုကို သယံဇာတ စီမံခန့်ခွဲမှုနှင့် သယံဇာတ ဝင်ငွေ ခွဲဝေမှု အကြောင်းအရာများနှင့် ပူးတွဲ၍သာ စဉ်းစားသင့်ပါသည်။ ပိုင်ဆိုင်မှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို လမ်းချော်သွား စေနိုင်လျှင် ငြိမ်းချမ်းရေးဖြစ်စဉ် ပြီးဆုံးသွားပြီး အစုအဖွဲ့များ ပြန်လည်ရင်ကြားစေ့သည်အထိ ဆိုင်းငံ့ထားရန် လိုနိုင်သည်။

## ၄.၂. စီမံခန့်ခွဲမှု

သဘာဝ သယံဇာတများကို ပိုင်ဆိုင်မှုထက် ပိုအရေးကြီးပြီး ရှုပ်ထွေးနိုင်သည့် အရာမှာ သဘာဝ သယံဇာတ စီမံခန့်ခွဲခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုမှု သို့မဟုတ် ငြိမ်းချမ်းရေး ဖြစ်စဉ် ညှိနှိုင်းသဘောတူစာချုပ်ထဲတွင် ထည့်သွင်းထားသော စီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည် သဘာဝ သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်မှုနှင့်ဆိုင်သော ဥပဒေများ ပြဋ္ဌာန်းပိုင်ခွင့်နှင့် စီမံကွပ်ကဲပိုင်ခွင့် ရှိသူများကို သတ်မှတ်ထားကြသည်။ ထိုပြဋ္ဌာန်းချက်များတွင် ပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်အကန့်အသတ်များ မဖြစ်မနေ ပါရှိသည်။ သယံဇာတ စီမံခန့်ခွဲမှု အာဏာများတွင် စာချုပ်ချုပ်ဆိုခွင့်များ၊ အလုပ်အကိုင်နှင့် အလုပ်သမား စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ကြေး၊

---

၂၆ (က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ဂ) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ (ဃ) အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

အခွန်များ (သို့မဟုတ်) ခိုင်ကြေးများကို ကောက်ခံခြင်း၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် သွင်းကုန်၊ ပို့ကုန်ခွန်များ ပါဝင်နိုင်ပါသည်။

သယံဇာတစီမံခန့်ခွဲမှုသည် အကြိတ်အနယ် ဆွေးနွေးငြင်းခုံရသော၊ အလွန်ရှုပ်ထွေးသော အကြောင်းအရာဖြစ်သဖြင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ရှင်းလင်းတိကျသော ဖော်ပြချက်များဖြင့် ထည့်သွင်းပြဋ္ဌာန်းထားရန် လိုပါသည်။ ပဋိပက္ခ (သို့မဟုတ်) ဖက်ဒရယ်ဆိုင်ရာ အာဏာခွဲဝေမှု ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံများတွင် အစိုးရအဆင့်ဆင့်ကြား အာဏာခွဲဝေမှုများအတွက် ဆုံးဖြတ်ရာတွင် ထိရောက်မှု၊ လုပ်ကိုင်နိုင်စွမ်း၊ မျှတမှု၊ တာဝန်ယူ/တာဝန်ခံမှုနှင့် အမျိုးသား အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရပါမည်။ ဤရှုပ်ထွေးသော သတ်မှတ်ချက်များကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှုရရှိရေးအတွက် ရှင်းလင်းတိကျသော ပြဋ္ဌာန်းချက်များ ရေးဆွဲရန် ခက်ခဲသွားနိုင်သည်။

ပြည်နယ်အစိုးရလက်ထဲသို့ သဘာဝသယံဇာတ စီမံခန့်ခွဲမှုအာဏာများကို လုံးလုံးခဲခဲ ခွဲဝေပေးလိုက်ခြင်းဖြင့် အစိုးရ၏ ပြည်သူအပေါ် တာဝန်ယူ/တာဝန်ခံမှု ပိုရှိလာနိုင်သည်။ သို့ရာတွင် ပြည်နယ်အစိုးရက ၎င်းတို့၏ သယံဇာတစီမံခန့်ခွဲမှုအာဏာများကို ထိရောက်စွာ အသုံးမချနိုင်ခဲ့သော်ဟူသည့် ပြည်နယ်အစိုးရ၏ ထိရောက်မှုနှင့် လုပ်ကိုင်နိုင်စွမ်းအပေါ် စိုးရိမ်မှုများရှိနေပါသည်။ ထို့အပြင် အမျိုးသားသဘာဝသယံဇာတမူဝါဒများမှာ ရှုပ်ထွေးနက်နဲနိုင်ပါသည်။ ကြီးမားသော အဆီအငေါ် မတည့်မှုများကြောင့် ပြည်နယ်များကြား ပြိုင်ဆိုင်မှုကို စောင့်ကြည့်ကွပ်ကဲမှု မရှိလျှင် တစ်နိုင်ငံလုံးအပေါ်နစ်နာစေနိုင်သည့် ပြိုင်ဆိုင်မှုများ (race to the bottom)[၂၇] ရှိလာနိုင်သည်။

ပြည်နယ်နယ်နိမိတ်များကို ဖြတ်ကျော်သော သဘာဝသယံဇာတများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ရေအရင်းအမြစ်၊ ပင်လယ်အရင်းအမြစ် (သို့မဟုတ်) ဟိုက်ဒရိုကာဗွန်အရင်းအမြစ်များသည် နယ်နိမိတ် ဖြတ်ကျော်သော အရင်းအမြစ်များဖြစ်သည်။ ထိုအရင်းအမြစ်များကို စီမံခန့်ခွဲရန် အမျိုးသားဥပဒေများ (သို့မဟုတ်) ပြည်နယ်များကြားပြဿနာများကို ကိုင်တွယ် ဖြေရှင်းနည်းများ ရှိရန်လိုသည်။ နယ်နိမိတ်ဖြတ်ကျော်သော အရင်းအမြစ်များအား အမျိုးသားဥပဒေများနှင့်အညီ ကိုင်တွယ်ဖြေရှင်းလေ့ရှိသော်လည်း လုပ်ငန်းများကို ခွဲခြားသတ်မှတ်နိုင်သည်။ ဥပမာ သောက်သုံးရေများကို ပြည်နယ်အစိုးရက စီမံခန့်ခွဲပြီး ပြည်ထောင်စုအစိုးရက ရေထုညစ်ညမ်းမှုနှင့် ရေပေးဝေမှုများကို စီမံခန့်ခွဲခြင်းဖြင့် လုပ်ငန်းပိုင်းအရ ခွဲခြားသတ်မှတ်နိုင်သည်။ ထို့အပြင် လုပ်ပိုင်ခွင့်များကို ခွဲခြားသတ်မှတ်နိုင်သည်။ ဥပမာ နယ်နိမိတ်ဖြတ်ကျော်သော ရေနံသိုက်တစ်ခုအတွက် တစ်ခုတည်းသော ထုတ်လုပ်မှု အစီအစဉ်ကို ပြည်နယ်အစိုးရက စီမံခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့စီမံခန့်ခွဲရာတွင် လွဲချော်မှု မရှိစေရန် လုပ်ပိုင်ခွင့်စီမံခန့်ခွဲမှုများကို ပြည်ထောင်စုအစိုးရက ကြပ်မတ်ပိုင်ခွင့် ရှိသင့်သည်။

သဘာဝသယံဇာတ အာဏာခွဲဝေမှုများသည် ပြည်နယ်များကြား အချိုးညီခွဲဝေမှု (သို့) အချိုးမညီ ခွဲဝေမှုများ ရှိနိုင်ပါသည်။ အချို့သောပြည်နယ်များအတွက် အထူးအာဏာများ ပေးထားခြင်းဖြင့် ပဋိပက္ခများကို လျော့ချစေနိုင်သည်။ ဥပမာ တိုင်းရင်းသားဒေသရှိ ပဋိပက္ခများကို ထိုနည်းဖြင့် လျော့ချနိုင်သည်။ ထိုကဲ့သို့ အထူးအာဏာခွဲဝေပေးမှုကို ဖက်ဒရယ်နှင့် တပြည်ထောင်စနစ် နှစ်ခုလုံးအတွက် ပြုလုပ်နိုင်ပါသည်။ ထိုကဲ့သို့ အထူးအာဏာခွဲဝေမှုနှင့်အတူ ထည့်စဉ်းစားရမည့် အချက်မှာ အခြားပြည်နယ်များ၏ သယံဇာတကြွယ်ဝမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေဖြစ်သည်။ ပြည်နယ်များကြား မျှတမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန် အတွက်ဖြစ်သည်။

ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရကြား စီမံခန့်ခွဲမှုဆိုင်ရာ အကျိုးစီးပွားတူညီမှုကို ထင်ဟပ်နိုင်ရန် အခြေခံဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ သဘောတူညီမှုတို့ကို အသုံးချနိုင်ပါသည်။ ပြည်နယ်နှင့် ပြည်ထောင်စု အစိုးရကြား တိကျသော တာဝန်ဝတ္တရားများကို ခွဲခြားသတ်မှတ်နိုင်သည်။ ပြည်နယ်အစိုးရက သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းအတွက် တာဝန်ယူပြီး ပြည်ထောင်စုအစိုးရက သယ်ယူပို့ဆောင်ရေး၊ သန့်စင်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းအတွက် တာဝန်ယူနိုင်သည်။ သို့မဟုတ် သယံဇာတကို စီမံခန့်ခွဲသည့် စံချိန်စံနှုန်းများကို ပြည်ထောင်စုအစိုးရက ရေးဆွဲသတ်မှတ်ပြီး ပြည်နယ်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ကိစ္စရပ်များကို အောက်ခြေအဆင့်အစိုးရက ကိုင်တွယ်ဖြေရှင်းသည့် မူဝါဒကို ထင်ဟပ်စေနိုင်မည်။ ဗဟို/ပြည်ထောင်စုအစိုးရ၏ ပွင့်လင်းမြင်သာမှုအပေါ် စိုးရိမ်မှုများ ရှိနေလျှင် နည်းဗျူဟာနှင့် ပဋိပက္ခပြေငြိမ်းရေးအတွက် လုပ်ပိုင်ခွင့်အာဏာများကို ဒေသအလိုက် ကိုယ်စားပြုမှုရှိသော ဥပဒေပြုရေး အဖွဲ့ ထံ အပ်နှံထားနိုင်သည်။ ပြည်နယ်များကြား ပြဿနာများကို ဖြေရှင်းရန်အတွက် သီးခြားလွတ်လပ်သော ကော်မရှင်များထားရှိခြင်းဖြင့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်နိုင်သည်။ ပြည်နယ်များတွင် လုပ်ပိုင်ခွင့်များရရှိရေးအတွက် ကော်မရှင်အဖွဲ့ သို့မဟုတ် ဥပဒေပြုရေးအဖွဲ့၏ အဖွဲ့ဝင်များ၏ ပြည်နယ် များ၏ စာချုပ်အဆိုပြုချက်များကို ပယ်ချရန်လိုသည်။

## ၄.၃. ဝင်ငွေခွဲဝေမှု

သဘာဝသယံဇာတဝင်ငွေများကို မည်ကဲ့သို့ ခွဲဝေသင့်သည်ကို သတ်မှတ်ရာတွင် အဓိကကျသော မေးခွန်းများဖြစ်သည့် "သဘာဝ သယံဇာတများကို ဘယ်သူ (ပြည်နယ် သို့မဟုတ် ပြည်ထောင်စု) က ကောက်ခံပိုင်ခွင့်ရှိသလဲ။" "သဘာဝ သယံဇာတဝင်ငွေများကို ဘယ်လိုခွဲဝေမလဲ။" အစရှိသော မေးခွန်းများ၏ အဖြေများကို ရှာဖွေဖော်ထုတ်ရမည်။ ရှုပ်ထွေးပြီး အစုအဖွဲ့များသော အခြေအနေမျိုးတွင် ရည်ရွယ်ချက်အမျိုးမျိုးနှင့် စိုးရိမ်မှုများ ရှိနိုင်သည်။ မျှတသော ခွဲဝေမှုနှင့် ပဋိပက္ခဖြေရှင်းမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိနေသည်။ ထိုအခြေအနေ မျိုးတွင် အခြေခံ ဥပဒေပြဋ္ဌာန်းချက်များနှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ်များကို စဉ်းစားလျှင် ဝင်ငွေခွဲဝေမှုကို သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ပိုင်ဆိုင်မှုတို့နှင့် သီးသန့်စီ သဘောထားလျှင် ကောင်းမည်ဖြစ်သည်။

အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် သယံဇာတဝင်ငွေခွဲ့ဝေသည့် အခြေခံမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် နည်းလမ်းများကို ထည့်သွင်းထားသည်။ ဖက်ဒရယ်စနစ်တွင် ဝင်ငွေခွဲဝေမှုဆိုင်ရာ အခြေခံဥပဒေပြဋ္ဌာန်းချက်များမှာ အလွန်ရှုပ်ထွေးသည်။ ပဋိပက္ခ သို့မဟုတ် ခွဲထွက်ရေးလှုပ်ရှားမှုများ တစိုက်မတ်မတ်ရှိနေသော အခြေအနေမျိုးတွင် စီးပွားရေးထက် နိုင်ငံရေးစဉ်းစားချက်များက လွှမ်းမိုးလေ့ရှိသည်။ ထိုကဲ့သို့ လွှမ်းမိုးရသည့်အကြောင်းမှာ ပဋိပက္ခဖြစ်သော ဒေသများအား သယံဇာတဝင်ငွေ တိုးမြှင့်ခွဲဝေပေးခြင်းဖြင့် ပဋိပက္ခပြေငြိမ်းအောင် ဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် သယံဇာတဝင်ငွေ ခွဲဝေနိုင်သည့် နည်းလမ်းများစွာရှိသည်။ ဝင်ငွေခွဲဝေရာတွင် ပါဝင်ပတ်သက် ဆက်နွယ်သူများနှင့် အဖွဲ့များအပြင် အစိုးရအဆင့်ဆင့်၏ တာဝန်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုပါသည်။

ဖက်ဒရယ်စနစ်တွင် သယံဇာတဝင်ငွေခွဲဝေသည့် အဓိက နည်းလမ်း (၃) ခု ရှိသည်။ ပထမနည်းလမ်း တစ်ခုမှာ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအကြား အခွန်အမျိုးမျိုး ကောက်ခံခွင့်ကို ခွဲခြားသတ်မှတ်ထားခြင်းဖြစ်သည်။ ဥပမာ ပြည်နယ်အစိုးရသည် မြေခွန်များကို ကောက်ခံပြီး ပြည်ထောင်စုအစိုးရသည် လုပ်ငန်း (ဝင်ငွေ) ခွန်များကို ကောက်ခံနိုင်သည်။

ဒုတိယနည်းလမ်းတွင် ပြည်နယ် (သို့မဟုတ်) ပြည်ထောင်စုအစိုးရက ဝင်ငွေအားလုံးကို ကောက်ခံခြင်း ဖြစ်သည်။ သို့သော် ကြိုတင်သတ်မှတ်ထားသော ပုံသေနည်းကိုသာ အသုံးပြုရမည် ဖြစ်သည်။ ထိုနည်းဖြင့် ကောက်ခံရရှိသော ဝင်ငွေများကို ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရအား ခွဲဝေပေးရမည်။ ထိုပုံသေနည်းအတွက် အချက်အလက်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားနိုင်သည်။ ထို့ကြောင့် နိုင်ငံတစ်ခု၏ အခြေအနေနှင့်ကိုက်ညီသော ပုံသေနည်းကို ရေးဆွဲချမှတ်နိုင်သည်။ ထိုပုံသေနည်းကို နိုင်ငံရေးဖြစ်စဉ်များတွင် ဆုံးဖြတ်လေ့ရှိသည်။ ဥပမာ နိုင်ဂျီးရီးယားနိုင်ငံတွင် ဥပဒေပြုရေးအဖွဲ့သည် ထိုပုံသေနည်းကို (၅) နှစ် တစ်ကြိမ် ရေးဆွဲသည်။ ပုံသေနည်းတွင်

[၂၇] "Race to the bottom" သည် အစိုးရများက စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို အပြိုင်အဆိုင်ဆွဲဆောင်နေသော အခြေအနေတစ်ရပ်ကို ရည်ညွှန်းသည်။ ထိုသို့ဆွဲဆောင်ရာတွင် တည်ဆဲဥပဒေများ၊ အထူးသဖြင့် စီးပွားရေးနှင့် အခွန်ဆိုင်ရာ ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းကြသည်။ "Race to the bottom" သည် ကုမ္ပဏီများကြား ပြိုင်ဆိုင်မှုများကိုလည်း ဖော်ညွှန်းလေ့ရှိပြီး ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေရေးအတွက် နည်းမျိုးစုံ (အလုပ်သမားလျှော့ချခြင်း၊ လုပ်အားခသက်သာသော နိုင်ငံများသို့ လုပ်ငန်းပြောင်းရွှေ့ခြင်း) ဖြင့် အပြိုင်အဆိုင် ဆောင်ရွက်နေမှုများကို ဆိုလိုသည်။

ထည့်သွင်းစဉ်းစားသော အချက်များတွင် ပြည်နယ်လူဦးရေ၊ မြေဧရိယာအကျယ်အဝန်း၊ လက်ရှိနှင့် အနာဂတ် အချိန်တွင် ရရှိနိုင်သော သဘာဝသယံဇာတ အရင်းအမြစ်ပမာဏ၊ ပြည်နယ်များကြား ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ တန်းညှိနိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေး/ နစ်နာကြေးနှင့် ပြည်ထောင်စုနှင့်ပြည်နယ်အစိုးရအသုံးစရိတ်များ ပါဝင်သည်။

ကုန်ပစ္စည်းဈေးနှုန်းများ မတည်ငြိမ်မှုများသည် ပြည်နယ်များကြား ကူးပြောင်းနိုင်သဖြင့် ဘဏ္ဍာရေးအရ အနည်းငယ်သာ ကောင်းမွန်သော နည်းလမ်းတစ်ခု ဘောဂဗေဒပညာရှင်အချို့က ရှုမြင်ကြသည်။ ထို့အပြင် ပြည်နယ်များသည် လွှဲပြောင်းငွေများ အချိန်မီရောက်ရှိမှုနှင့် ပွင့်လင်းမြင်သာမှုအတွက် စိုးရိမ်နေသည်။ ထိုကဲ့သို့ ယုတ္တိရှိသော စိုးရိမ်မှုများအတွက် ဝင်ငွေ အလိုအလျောက် လွှဲပြောင်းပေးနိုင်သည် ဖွဲ့စည်းပုံနှင့် ဥပဒေဆိုင်ရာ အကောင် အထည်ဖော်ဆောင်မှုနည်းလမ်းများကို ဖန်တီးထားရန် လိုပါသည်။ အချို့နိုင်ငံများသည် ထိုဝင်ငွေ လွှဲပြောင်းသည့် နည်းလမ်းများအတွက် ကြားလူများအား တာဝန်လွှဲအပ် ဆောင်ရွက်စေသည်။

တတိယနည်းလမ်းတစ်ခုမှာ အထက်ပါနည်းလမ်းနှစ်ခုကို ပေါင်းစပ်ထားသော ခွဲဝေမှုစနစ်ဖြစ်သည်။ ရှုပ်ထွေးသော သဘာဝသယံဇာတဝင်ငွေခွဲမှု ကိစ္စရပ်များကို အထိရောက်ဆုံး ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပထမ နည်းလမ်းနှင့် ဒုတိယနည်းလမ်းတို့ကို ပေါင်းစပ်ကာ နည်းလမ်းသစ်များကို ဆန်းသစ်တီထွင်ပြီး ရေးဆွဲနိုင်ပါသည်။ ဤ တတိယနည်းလမ်းကို အသုံးချလျှင် ပထမနှင့် ဒုတိယနည်းလမ်းနှစ်ခုလုံး၏ အားနည်းချက်များ ရှိနေနိုင်ပြီး ၎င်းတို့ကို ဖြေရှင်းရမည် ဖြစ်သည်။



# အခန်း (၅) သဘာဝသယံဇာတဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း အတွေ့အကြုံများ

## ၅.၁. နိုင်ငံတကာအတွေ့အကြုံ

### ၅.၁.၁. အင်ဒိုနီးရှားနိုင်ငံ




အင်ဒိုနီးရှားနိုင်ငံသည် ခရိုင်/ပြည်နယ် (၃၄) ခုတို့ဖြင့် ဖွဲ့စည်းထားသော တစ်ပြည်ထောင်စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ယေဘုယျအားဖြင့် ခရိုင်များသည် ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို အထိုက်အလျောက် နစ်မြှုက်ကြသော်လည်း သဘာဝ သယံဇာနှင့် သဘာဝ သယံဇာတ ဝင်ငွေများကို တိုက်ရိုက်ထိန်းချုပ်နိုင်ခွင့် မရရှိပေ။ သို့ရာတွင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့်လည်းကောင်း၊ ၂၀၁၅ ခုနစ်တွင် လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေး စာချုပ်ကြောင့်လည်းကောင်း အာချေးပြည်နယ်တွင် သယံဇာတ စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့် ပိုရှိလာပြီး သယံဇာတ ဝင်ငွေခွဲဝေမှု ဆိုင်ရာ ပွင်းလင်းမြင်သာမှု ပိုရှိလာသည်။ အထူးသဖြင့် အခြားပြည်နယ်များ၏ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုက ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက် ရှိနေချိန်တွင် ထိုလုပ်ပိုင်ခွင့်မျိုးရှိနေခြင်းသည် မှတ်သားဖွယ်ကောင်း ပါသည်။ သဘာဝသယံဇာတ ပြဿနာချက်အသေးစိတ်ကို လေ့လာထား သင့်သော်လည်း ဤအပိုင်းတွင် ငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း သယံဇာတများ၏ အမှန်တကယ် အခန်းကဏ္ဍကိုသာ မီးမောင်းထိုးပြ ထားပါသည်။

အာချေးထကြွပုန်ကန်မှုသည် ခွဲထွက်ရေးလှုပ်ရှားမှုတစ်ခု ဖြစ်သည်။ ၁၉၇၆ ခုနစ်မှ ငြိမ်းချမ်းရေး သဘောတူစာချုပ်ချုပ်ဆိုသည့် ၂၀၀၅ ခုနစ်အထိ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။ ၂၀၀၂ ခုနစ်တွင် အပစ်အခတ်ရပ်စဲရေး မအောင်မြင်သည့်နောက်ပိုင်းတွင် GAM (အာချေး လွတ်မြောက်ရေး အဖွဲ့) သည် အစိုးရ၏ ဆိုးရွားသော တိုက်ခိုက်မှုကို (၂) နှစ်တိုင်တိုင် ခံခဲ့ရပြီး အဖွဲ့ဝင်တစ်ဝက်ခန့် ဆုံးရှုံးခဲ့ရသည်။ ၂၀၀၄ ခုနစ် အကုန်တွင် ရောမဆူနာမီမုန်တိုင်းတစ်ခုက အာချေးပြည်နယ်ကို ဖျက်ဆီးခဲ့သည်။ ထို့နောက် GAM သည် လူသားချင်း စာနာထောက်ထားသည့် အကူအညီများ လိုအပ်နေသူများထံသို့ ပို့လာနိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရေး ကြေငြာခဲ့သည်။ ၂၀၀၅ ခုနစ် ဖေဖော်ဝါရီလတွင် ဖင်လန်နိုင်ငံ၌ ယခင်ဖင်လန်သမ္မတ ကြားခံဆောင်ရွက်ပေးသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စတင်လာခဲ့သည်။ ဂျူလိုင်လတွင် အင်ဒိုနီးရှားသမ္မတနှင့် GAM တို့သည် နှစ်(၃၀) ကြာ ထကြွပုန်ကန်မှု အဆုံးသတ်သွားကြောင်း ကြေငြာခဲ့သည်။

ထိုငြိမ်းချမ်းရေးသဘောတူစာချုပ်ဖြင့် ရန်လိုမှုများ ချက်ချင်းရပ်ဆိုင်းခဲ့ပြီး GAM ကို (၄)လ အတွင်း နက်လက်ဖြုတ်သိမ်းခဲ့သည်။ လက်နက် (၈၀၀) ကျော်ကို နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့များထံ အပ်နှံခဲ့သည်။ အစိုးရသည် ဒေသခံမဟုတ်သော စစ်တပ်နှင့် ရဲတို့ကို ထိုပြည်နယ်မှ ဖယ်ထုတ်ပေးခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့နှင့် အာဆီယံအဖွဲ့တို့က အာချေးစောင့်ကြည့်ရေးအဖွဲ့ (The Aceh Monitoring Mission) ဖွဲ့စည်းပြီး လက်နက်ဖြုတ်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးဖြစ်စဉ်များကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ အင်ဒိုနီးရှားအစိုးရက GAM အဖွဲ့ဝင်များကို လွတ်ငြိမ်းချမ်းသာခွင့်

ပေးပြီး နိုင်ရေးအကျဉ်းသား (၁၄၀၀၀) ကျော်ကို လွတ်ပေးခဲ့သည်။ အင်ဒိုနီးရှား အစိုးရသည် အာချေး ဒေသ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာရေးအတွက်လည်း ကူညီပေးခဲ့ပြီး အမှန်တရားနှင့် ပြန်လည် ရင်ကြားစေ့ရေးကော်မရှင် (Truth and Reconciliation Commission) ကို ဖွဲ့စည်းပေးခဲ့သည်။ နောက်ဆုံးတွင် ယခုစာတမ်းရည်ရွယ်ချက်များနှင့် အလျော်ညီဆုံးဖြစ်သော သယံဇာတခွဲဝေမှု ကိစ္စတွင် အာချေးပြည်နယ်မှထွက်သော သဘာဝသယံဇာတဝင်ငွေများ၏ ၇၀%သည် အာချေး ပြည်နယ် အတွက် ချန်ထားရမည်ဟု သဘောတူညီမှု ရရှိခဲ့သည်။ ထိုကဲ့သို့ သဘောတူရသည့် အကြောင်းရင်း မှာ "ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း"နှင့် "ဖက်ဒရယ်စနစ်"သည် ခွဲထွက်ရေးနှင့် တစ်ထပ်တည်းမကျ (မတူညီ) သည်ကို ဒေသအတွင်း နားလည်မှု ပိုရှိလာသောကြောင့် ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အခြားပြည်နယ်များက အာချေးပြည်နယ်အပေါ် စိတ်ဝင်စားမှု ပိုရှိလာကြသည်။ အာချေးပြည်နယ် သည် အင်ဒိုနီးရှားနိုင်ငံ၏ အခြားပြည်နယ်များအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပုံစံတစ်ခုအဖြစ် ရှိနေသည်။

၁.၃.၁ အာချေးပြည်နယ်သည် ပြည်ပချေးငွေများ ရယူပြီး ရန်ပုံငွေ ရှာဖွေ မြှင့်တင်ခွင့်ရှိသည်။ အင်ဒိုနီးရှား အစိုးရ၏ ဗဟိုဘဏ်မှ ချမှတ်ထားသော အတိုးနှုန်းများထက်ပိုသော အတိုးနှုန်းများကို သတ်မှတ်ပိုင်ခွင့် ရှိသည်။

၁.၃.၂ အာချေးပြည်နယ်သည် အားချေးပြည်နယ်ကို ဝန်းရံထားသော ပိုင်နက်ပင်လယ် အတွင်းရှိ သဘာဝသယံဇာတများအပေါ် အုပ်ချုပ်စီရင်ပိုင်ခွင့်အာဏာ ရှိမည်။

၁.၃.၄ အာချေးပြည်နယ်သည် အာချေးပြည်နယ်အတွင်းနှင့် အားချေးပြည်နယ်ကို ဝန်းရန်ထားသော ပိုင်နယ်ပင်လယ်အတွင်းရှိ လက်ရှိနှင့် အနာဂတ် ဟိုက်ဒရိုကာဗွန်သိုက်များနှင့် အခြားသော သဘာဝသယံဇာတများမှ ရရှိလာသော ဝင်ငွေ ၇၀%ကို ထိန်းသိမ်းထားပိုင်ခွင့် ရှိသည်။


အင်ဒိုနီးရှားအစိုးရနှင့် GAM အဖွဲ့တို့ကြားချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာ

၂၀၀၁ ခုနှစ် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေ (SAL) နှင့်အညီ ဗဟိုချုပ်ကိုင်မှု လျော့ချသည့် ဥပဒေ ပြဋ္ဌာန်းချက်များအနက် သဘာဝသယံဇာတ ဝင်ငွေခွဲဝေမှုဆိုင်ရာ ခွင့်ပြုချက်များကို အာချေး ပြည်နယ်က ပထမဦးစွာ ရရှိခဲ့သည်။ ထိုခွင့်ပြုချက်များမှာ ထကြွပုန်ကန်မှုနှင့်ပတ်သက်၍ အရေးကြီးဆုံး ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အင်ဒိုနီးရှားအစိုးရ၏ အားသွန်ခွန်စိုက် ကြိုးပမ်းမှုများဖြစ်သည်။ သို့ရာတွင် အားနည်းပြီး အဂတိလိုက်စားသော ဒေသန္တရအစိုးရများနှင့် ဂျာကာတာအစိုးရ၏ နောက်ကွယ်မှ ဝေဖန်မှုများကြောင့် ထိုကြိုးပမ်းမှုမှာ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခအပေါ် အနည်း ငယ်သာ သက်ရောက်မှု ရှိခဲ့သည်။ ၂၀၀၅ ခုနှစ် သဘာဝ သယံဇာတဆိုင်ရာ ညှိနှိုင်းမှုများအတွက် ကနဦး ခြေလှမ်းတစ်ခု ဖြစ်လာနိုင်သော်လည်း (နောက်ပိုင်းတွင် အတိုင်းအတာတစ်ခုထိ ဖြစ်လာခဲ့သည်) အစိုးရမှ ဥပဒေထုတ်ပြန်ပြီး အဆိုပြုခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ် အသက်ဝင်လာအောင် အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများ ရှိနေခဲ့သည်။ အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေကို သူပုန်ခေါင်းဆောင်နှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းတို့ လုပ်မည့် ညှိနှိုင်းပွဲများ၏ တစ်စိတ်တစ်ဒေသ အဖြစ် ရေးဆွဲဖန်တီးခဲ့ခြင်း မရှိပါ။ ခွဲထွက်ရေးလှုပ်ရှားမှုအဖွဲ့များက လက်ခံရမည့် ရာဇသံတစ်ခု ပုံစံဖြင့် တင်ပြခဲ့သည်။ ထို့ကြောင့် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေ (SAL) ကို နှစ်ဖွဲ့လုံး၏ ရပ်တည်ချက်များကိုယ်စားပြုသော နိုင်ငံရေးဆုံမှတ်တစ်ခုအဖြစ် မဟုတ်ဘဲ အစိုးရ၏ ပြယုဂ်တစ်ခု အဖြစ်သာ GAM က သဘောထားခဲ့သည်။ သဘောတူစာချုပ်တွင် စောင့်ကြည့်စစ်ဆေးသည့် နည်းလမ်းများ၊ သယံဇာတဝင်ငွေများ အာချေးပြည်နယ်သို့ ခွဲဝေခြင်းမပြုမီ သယံဇာတဝင်ငွေ ကောက်ခံမှုများကို ဗဟိုကထိန်းချုပ်ထားခြင်း၊ သဘာဝသယံဇာတအရင်းအမြစ်များ ကုန်ဆုံးသည့် နောက်ပိုင်း စီးပွားရေး အလားအလာများကို ထည့်သွင်းစဉ်းစားထားမှု မရှိခြင်းတို့ကြောင့် ရှေ့ဖော်ပြပါ သဘောထားများ ရှိနေခြင်းဖြစ်သည်။

ကောင်းသောအချက်မှာ ၂၀၀၅ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ခဲ့သူများနှင့် ကြားခံဆောင်ရွက်ပေးသူ များက အတိတ်၏ အမှားများကို လေ့လာသင်ယူခွင့် ရရှိခဲ့သည်။ ထိုငြိမ်းချမ်းရေးဖြစ်စဉ်ကို "အရာ အားလုံးကို သဘောမတူမချင်း ဘယ်အရာမှ သဘောမတူပါ" ဟူသည့် ပုံသေနည်းဖြင့် ဖော်ဆောင် ခဲ့သည်။ ဆိုလိုသည်မှာ စစ်တပ်ဖြုတ်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး မတိုင်ခင်တွင် နိုင်ငံရေး ကျေအေးမှုအတွက် ကျယ်ပြန့်သော အစီအစဉ်တစ်ခုကို ရေးဆွဲသတ်မှတ်ရန် လိုပါသည်။ ယခင် မအောင်မြင်ခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆန့်ကန်ဘက်အခြေအနေတစ်ရပ် ဖြစ်သည်။ ယခင် ဖြစ်စဉ်တွင် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှု ရယူပြီးနောက် ပွင့်လင်းမှုရှိသော နိုင်ငံရေး ဖြစ်စဉ်တစ်ခု ဆက်လက်ဖော်ဆောင်သွားရန် ပါရှိသည်။ ထိုချဉ်းကပ်မှု ပုံစံသည် နှစ်ဖက်လုံးကို ဆန်းသစ်ပြီးအဓိကကျသော အပေးအယူများ ပြုလုပ်ရန် ဖိအားပေးခဲ့သော်လည်း ပြဿနာ အချို့ များကို ဖြေရှင်းခြင်းထက် ယေဘုယျဆန်သော စကားများသာ ထွက်ပေါ်လာသည်။ နောက်ဆုံး လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာသည် SAL ဥပဒေကို အခြေခံထားခြင်း မရှိပါ။ အာချေးပြည်နယ်၏ ဟိုက်ဒရိုကာဗွန်အကျိုးအမြတ် (၇၀%)ကို ယခင် (၈) နှစ်အစား အမြဲတမ်း ခံစားခွင့်ရှိအောင် တိုးပေးခဲ့သည်။

၂၀၀၅ ခုနှစ် နားလည်မှုစာချွန်လွှာတွင် ပါရှိသော သယံဇာတပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းခြင်း (သို့) ပြန်လည်ညှိနှိုင်းခြင်း ရှိပုံမရပါ။ ထိုပြဋ္ဌာန်းချက်များသည် ၂၀၀၁ ခုနှစ် SAL ဥပဒေ၏ ရည်မှန်းချက်များနှင့် ၁၉၉၉ ခုနှစ် ဥပဒေ၏ ပိုနည်းသော ယခင်ခွဲဝေမှုတို့မှ ပေါ်ထွက် လာပုံရသည်။ အမျိုးသား လွှတ်တော်က လက်ခံထားသော ကြွယ်ဝမှုခွဲဝေခြင်း အစီအစဉ်ပါသည့် ယခင်ဥပဒေများကြောင့် ၂၀၀၅ ခုနှစ် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် သဘာဝသယံဇာတနှင့် အခြား စီးပွားရေးအပေါ် အငြင်းပွားမှု မရှိခဲ့ပါ။ ထိုသယံဇာတနှင့် စီးပွားရေးကိစ္စကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ (၅) ခု အနက် (၃) ခု မြောက်တွင် ဘုံသဘောတူညီမှု တည်ဆောက်ပြီးမှသာ ဆွေးနွေးခဲ့ကြသည်။ ထိုသယံဇာတ ဝင်ငွေခွဲဝေရေးကိစ္စသည် အခြားကိစ္စများ၏ ယခင်လိပ်ခဲတည်းလဲ ဖြစ်နေသည့် အခြေအနေမှ ရှေ့ဆက်သွားနိုင်ရေးအတွက် အသုံးချခဲ့သည်။ ထို့အပြင်ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝင်ငွေများသည် ၂၀၀၅ ခုနှစ်တွင် ကျဆင်းလာသဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်သူများအတွက် အလွန် အရေးကြီးခဲ့သည်။ သို့ရာတွင် အရေးပါသော ဗဟိုချုပ်ကိုင်မှု အာဏာ လျော့ချမှုများကိုလည်း သတိပြုမိဖွယ် ကောင်းပါသည်။ ထိုလျော့ချမှုကြောင့် ဆယ်စုနှစ်ချီသော ပြည်တွင်းစစ်များ ချုပ်ငြိမ်း အောင် လုပ်နိုင်ခဲ့သည်။ ပညာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိကရည်ရွယ်သည့် ဘဏ္ဍာငွေ အမြောက်အများ အာချေးပြည်နယ် ထဲသို့ ဝင်ရောက်လာခဲ့သည်။ ပြည်နယ်အစိုးရသည် ဝင်လာသော ဘဏ္ဍာငွေများအသုံးချရန် အကောင်အထည် ဖော်ဆောင်ရွက်နိုင်စွမ်း မရှိကြောင်း တွေ့ရသည်။ ဥပမာ ၂၀၀၈ ခုနှစ် ပြည်နယ်ဘတ်ဂျက်၏ ၃၃% ကို အသုံးခဲ့ခြင်း မရှိပေ။ သို့ရာတွင် ဝေဝါးသော စီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်များက လာမည့် အနာဂတ်တွင် အာချေးပြည်နယ်အပေါ် မည်သို့အ ကျိုးသက်ရောက်သွားနိုင်သည်ကို လေ့လာစောင့်ကြည့်ရမည်ဖြစ်သည်။ ရေနံသိုက် ကုန်ခမ်းလာ သည်နှင့်အမျှ အာချေးပြည်နယ်သည် ၎င်း၏ စီးပွားရေးနယ်ပယ်ကို ကဏ္ဍစုံလင်အောင် တစ်ဖြည်း ဖြည်း ချဲ့ထွင်သွားရန် လိုပါသည်။ ထိုအတွက် အင်ဒိုနီးရှားအစိုးရနှင့်အတူ လက်တွဲပြီး သစ်လွင် ဆန်းသစ်သော နည်းလမ်းများဖြင့် ဖော်ဆောင်သွားရန် လိုပါသည်။

## ၅.၁.၂. ဆူဒန်နိုင်ငံ




၂၀၀၅ ခုနှစ် ခုတွင် ဆူဒန်အစိုးရနှင့် ဆူဒန်ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ (Sudan People's Liberation Movement) တို့ကြား ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေးစာချုပ် (CPA) သည် ၂၀၁၁ ခုနှစ် တောင်ဆူဒန် ခွဲထွက်ရေး လူထုဆန္ဒခံယူပွဲ မတိုင်ခင် ကြားကာလ နှစ်များအတွက် လမ်းညွှန်တစ်ခု ဖြစ်ခဲ့သည်။ ရေနံသိုက်များကို စီမံခန့်ခွဲမှုနှင့် ရေနံမှ ရရှိသော ဝင်ငွေများသည် ပြည်တွင်းစစ်ဖြစ်ရသည့် အဓိက အကြောင်းရင်းဖြစ်ပြီး အခြေအနေရှုပ်ထွေးမှုများသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးများ ပြုလုပ်ရန် ခက်ခဲစေခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ရေနံကုမ္ပဏီများ၏ တိုက်တွန်းနိုးဆော်မှုများကြောင့် ဆူဒန်အစိုးရ ခေါင်းဆောင်များသည် နိုင်ငံ၏ သဘာဝသယံဇာတ အကျိုးအမြတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် သယံဇာတကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေသည့် အခွင့်အလမ်းများနှင့် လွဲနေသည်ကို သတိထားလာ ကြသည်။ ထို့ကြောင့် ရေနံသည် ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် အဓိကကျသော ခံယူချက်တစ်ခု ဖြစ်လာခဲ့သည်။ သို့ရာတွင် ထိုဖြစ်စဉ်သည် နိုင်ငံရေး အလွန်ဆန်နေဆဲ ဖြစ်သည်။ သဘာဝ သယံဇာတ အစီအစဉ်အသေးစိတ်ကို ညှိနှိုင်းဆွေးနွေးခြင်းသည် အခြားနိုင်ငံရေး ကိစ္စများနှင့် နောက်ပိုင်းတွင် ယှက်နွယ်လာသည်။

နောက်ဆုံးငြိမ်းချမ်းရေးစာချုပ် (CPA) တွင် လိုက်နာရမည့် သဘောတူညီချက် (၆) ခုအနက် ကြွယ်ဝမှု ခွဲဝေခြင်းဆိုင်ရာ သဘောတူညီချက် (Agreement on Wealth Sharing) သည် တစ်ခု အပါအဝင် ဖြစ်သည်။ ထိုသဘောတူညီချက်တွင် ဝင်ငွေခွဲဝေမှုကို စီမံကွပ်ကဲသည့် မူဝါဒများကို ချမှတ်ထားပြီး သဘာဝသယံဇာတ စီမံခန့်ခွဲရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းချက်များကိုလည်း သွေဖီထားပါသည်။ ရေနံထုတ်လုပ်မှုနှင့် အချိုးနှင့်အညီ ရေနံဝင်ငွေ၏ (၂%) ကို ရေနံထွက်သည့် ပြည်နယ်/ဒေသများသို့ ပထမဦးစွာ ခွဲဝေပေးရမည်။ (AWS စာချုပ်၏ အပိုဒ် ၅.၅ တွင် လေ့လာနိုင်ပါသည်။) ထို့နောက် ကျန်ဝင်ငွေ၏ ၅၀% စီကို တောင်ဆူဒန်နှင့် ဆူဒန်အစိုးရတို့ကို ခွဲဝေပေးရမည်။ သယံဇာတပိုင်ဆိုင်မှုသည် တင်းမာမှုနှင့် ငြင်းခုံမှုများသော အကြောင်းအရာ ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ပြီးမှ ပြောဆိုဆွေးနွေးအဖြေရှာရန်နှင့် သယံဇာတ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှုကိစ္စတို့နှင့်သာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ဆွေးနွေးသွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ဝင်ငွေခွဲဝေမှု ကိစ္စကို နိုင်ငံအတွင်း ရှိနေသော တရုတ်ရေနံကုမ္ပဏီများက နောက်ပိုင်းသို့ ရွှေ့ထားလိုကြသည်။ နည်းလမ်းသစ်အတွက် ယခင်မူလ ကုန်ပစ္စည်းလဲလှယ်ပြီးသည့် ဘာတာစနစ်မဟုတ်ဘဲ ငွေသားကို အသုံးပြုရန်လိုသည်။ တရုတ်ရေနံကုမ္ပဏီကြီးတို့က ဘာတာစနစ်ဖြင့်သာ အစပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

၅.၅ ရေနံဝင်ငွေ၏ အနည်းဆုံး ၂% ကို ရေနံထွက်ရှိသော ပြည်နယ်/ဒေသများအတွက် ၎င်းတို့၏ ရေနံထုတ်လုပ်မှု အချိုးနှင့်အညီ ခွဲဝေပေးရန် နှစ်ဖက်လုံးက သဘောတူ သည်။

၅.၆ တောင်ဆူဒန်ရေနံတွင်းမှ ရရှိရာလာသော အသားတင်ရေနံဝင်ငွေကို ရေနံဝင်ငွေ တည်ငြိမ်ရေးစာရင်း (Oil Revenue Stabilization Account)နှင့် ရေနံထွက်သော ပြည်နယ်/ ဒေသများအတွက် ခွဲပေးပြီးနောက် ကျန်ရှိသော ရေနံဝင်ငွေများကို တောင်ဆူဒန် ၅၀% နှင့် မြောက်ဆူဒန် ၅၀% စီ ပြန်လည်ခွဲဝေရမည်။

တောင်ဆူဒန်နှင့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့တို့၏ ငြိမ်းချမ်းရေးစာချုပ်၊ အခန်း (၃)



ငြိမ်းချမ်းရေး သဘောတူစာချုပ် (AWS) ကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အငြင်းပွားဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပြီး ရေနံကော်မရှင်အဖွဲ့က ကော်မရှင်ဖွဲ့ပြီးသည့် နောက်ပိုင်းတွင် ပုံမှန်တွေ့ဆုံမှုမရှိခြင်း အပါအဝင် တောင်ဆူဒန်သို့ ဝင်ငွေခွဲဝေရာတွင် ပွင့်လင်းမြင်သာမှု ပြဿနာများရှိခဲ့သည်။ သို့ရာတွင် ဆူဒန်အစိုးရမှ တောင်ဆူဒန်သို့ ဘီလျံချီသော ဒေါ်လာများ စီးဝင်ခဲ့သည်။ နည်းပညာပိုင်း သဘောတူညီချက်များက မှန်ကန်သော ဒေသများသို့ ဝင်ငွေများ အမှန်တကယ် စီးဝင်နိုင်အောင် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်သည်ကို ဆူဒန်နိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်က မီးမောင်းထိုးပြခဲ့သည်။ သို့ရာတွင် ငြိမ်ချမ်းရေး ထာဝရ ရရှိရေးအတွက် သဘာဝ သယံဇာတပြဿနာသည် ကိုင်တွယ်ဖြေရှင်းရမည့် တစ်ခုတည်းသော ပြဿနာ မဟုတ်သည်ကိုလည်း ထိုဖြစ်စဉ်က မီးမောင်းထိုးပြခဲ့သည်။


## ၅.၁. ၃. နိုင်ဂျီးရီးယား




နိုင်ဂျီးရီးယားနိုင်ငံသည် သဘာဝ သယံဇာတ ဝင်ငွေခွဲဝေရာတွင် ပုံသေနည်းအခြေခံသည့် နည်းလမ်းကို အသုံးပြုသဖြင့် အကျဉ်းချုံးတင်ပြလိုပါသည်။ ဗြိတိသျှ အုပ်ချုပ်ခဲ့စဉ်ကာလ၌ နိုင်ဂျီးရီးယားတွင် သယံဇာတ အခွန်တော်များအတွက် သယံဇာတထွက်ရှိသော ဒေသများနှင့် အခြားဒေသများအား လုပ်ပိုင်ခွင့်များစွာ အပ်နှံခဲ့ကြသည်။ ဖက်ဒရယ် အစိုးရသည် ထိုအခွန်အတွက် ၂၀% သာ ရရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်နှင့်အတူ ကော်မရှင်များစွာ ဖွဲ့စည်းပြီး ဒေသများ၏ လိုအပ်ချက်များကို သယံဇာတထွက်ရှိရာ နေရာကို အခြေခံထားသည့်မူ (a principle of derivation of revenues) မှ တစ်ဆင့် တိတိကျကျ ဖြည့်ဆည်း ပေးနိုင်သည့် နည်းလမ်းများကို စဉ်းစားရန် ဖြစ်သည်။ တိုင်းရင်းသားအရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အကြောင်းအမျိုးမျိုးနှင့် နိုင်ငံတကာလွှမ်းမိုးမှုများကြောင့် ကိုလိုနီစနစ်ရုတ်သိမ်းပြီးနောက် ၁၉၆၀ ခုနှစ်ကာလ နောင်ပိုင်းတွင် ဘိုင်အာဖရန်စစ်မီး (Biafran War) သည် နိုင်ဂျီးရီးယား အရှေ့တောင်ဘက် ဒေသများကို တောက်လောင်ခဲ့သည်။ ထို့နောက် စစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း (၃၀) ခန့် ကျရောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကိုရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ စစ်စိုးရသည် ကော်မရှင်များကို ဆက်တိုက် ထပ်ဖွဲ့ပြီး ဝင်ငွေများကို ဗဟိုကောက်ပြီး လိုအပ်ချက်ကို အခြေခံထားသော ခွဲဝေမှု စနစ်တို့ဖြင့် ထုတ်လုပ်မှုကိုအခြေခံသည့်မူကို ဖျက်သိမ်းခဲ့သည်။ လက်ရှိတွင် ၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အသက်ဝင်နေဆဲဖြစ်ပြီး ပုံသေနည်းကို အခြေခံထားသည့် ရန်ပုံငွေခွဲဝေနည်း (formula-based revenue sharing mechanisms) ကိုပြဌာန်းထားသည်။ သက်ဆိုင်ရာ ဖွဲ့စည်းပုံ ပြဌာန်းချက်အရ ဝင်ငွေ ၁၃ ရာခိုင်နှုန်းကို ရေနံ မူလထွက်ရှိသော ပြည်နယ်/ ဒေသအား ခွဲဝေပေးရမည် ဖြစ်သဖြင့် ထွက်ရှိရာနေရာကို အခြေခံ ထားသော မူဝါဒများကို ထင်ဟပ်ပြနေပါသည်။ သို့ရာတွင် အခြားခွဲဝေမှုများကို ပါလီမန်လွှတ်တော်က ဆုံးဖြတ်ရသည်။ ထိုသို့ ဆုံးဖြတ်ရာတွင် ထည့်စဉ်းစားသည့် အချက်များမှာ လူဦးရေ၊ ပြည်နယ်များ၏ တန်းတူညီမျှမှု၊ ပြည်တွင်းဝင်ငွေရရှိလာမှု၊ မြေဧရိယာ အကျယ်အဝန်း၊ မြေမျက်နှာ သွင်ပြင်အနေအထားနှင့် လူဦးရေ သိပ်သည်းဆတို့ကို ပါဝင်သည်။ (ပုဒ်မ ၁၆၂-ခ) လက်ရှိအချိန်တွင် ဖက်ဒရယ်ငွေစာရင်း (Federation Account) ကို ရေနံဝင်ငွေများ လုံးလုံးခဲခဲ ပါဝင်ပြီး ပြည်သူ့ကဏ္ဍ ဝင်ငွေ၏ ၈၂% ကို ကိုယ်စားပြုနေသည်။ ၂၀၀၁ ခုနှစ်တွင် ပထမအကြိမ် ဝင်ငွေကောက်ခံပြီးနောက် ရေနံထွက်ရှိသော ဒေသအတွက် ၁၃% အပါအဝင်၊ ဝင်ငွေ ၅၀% ကို ဖက်ဒရယ်အစိုးရအတွက်လည်းကောင်း၊ ၂၅% ကို ပြည်နယ်များသို့လည်းကောင်း၊ ၂၁% ကို ဒေသန္တရအစိုးရများထံသို့လည်းကောင်း ခွဲဝေပေးခဲ့သည်။

၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ယခင်စစ်အစိုးရက ဦးဆောင်ကာ စောလျင်စွာ ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ နိုင်ဂျီးရီးယား နိုင်ငံသားများက ထိုဖွဲ့စည်းပုံရေးဆွဲပြဋ္ဌာန်းသည့် ဖြစ်စဉ်ထဲတွင် အပြည့်အဝပါဝင်ခွင့် မရရှိခဲ့ပေ။ နောက်ပိုင်းတွင် ဖွဲ့စည်းထားသော သီးခြားလွတ်လပ်သော သုံးသပ်ရေး ကော်မတီတစ်ခု၏ သုံးသပ်ချက်အရ အချို့နိုင်ငံသားများက စစ်မတိုင်ခင်က ဝင်ငွေခွဲဝေသည့်စနစ်ကို ပိုကြိုက်နှစ်သက်ကြပြီး ပုံသေနည်း အခြေခံခွဲဝေရေးစနစ်ကို ငြင်းပယ်မှုများ ရှိနေသည်။ ယခင် စနစ်သည် ပြည်နယ်များအား မိမိတို့ဒေသရှိ သဘာဝသယံဇာတများကို အပြည့်အဝပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် ထိုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပိုင်ခွင့်တို့ကို ပေးထားသည်။ သို့ရာတွင် နောက်ဆုံး၌ ထိုကော်မတီသည် ရေနံထွက်ရှိသေဒေသအတွက် အနည်းဆုံး ၁၃% ခွဲဝေပေးမှုကိုသာ အကြံပြုခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်တို့မှာ ငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း အစုအဖွဲ့များညှိနှိုင်းဆွေးနွေးမှု ရလဒ်ထက် နိုင်ငံရေးဆန်သောကြောင့် နိုင်ဂျီးရီးယား နိုင်ငံ၏ အတွေ့အကြုံကို သင်ခန်းစာယူရန် ခက်ခဲသည်။ သဘာဝသယံဇာတ စီမံခန့်ခွဲမှု မူများနှင့် နည်းလမ်းများကို ကိုလိုနီစနစ်မှ အမြစ်တွယ်လာပြီး ယနေ့နိုင်ငံရေး၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ ထိုလွှမ်းမိုးမှုကို လျော့ချခြင်းထက် ပိုအားကောင်းလာအောင် ဆောင်ရွက်ပေးသည့်အရာမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ထဲတွင် ဥပဒေပြုရေးအဖွဲ့အား ပုံသေနည်း ပြဋ္ဌာန်းပေးသည့် အာဏာကို အပ်နှံခြင်း ဖြစ်သည်။ သဘာဝသယံဇာတများကို စီမံခန့်ခွဲသည့် နည်းလမ်းတစ်ခု အဖြစ် ထိုအပေါ် ချီမွမ်းထောပနာ ပြုကြသလို ဝေဖန်ထိုးနှက်မှုလည်း ရှိခဲ့သည်။

### ၅.၁. ၄. ကနေဒါ




ကနေဒါနိုင်ငံသည် မြေအကျယ်အဝန်းအားဖြင့် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး နိုင်ငံ ဖြစ်သည်။ ပြင်သစ်ကိုလိုနီဘဝမှ အင်္ဂလိပ်ကိုလိုနီဘဝသို့ ကူးပြောင်းပြီး နောက်ဆုံးတွင် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သော နိုင်ငံတစ်ခု ဖြစ်သည်။[၂၈] ကနေဒါနိုင်ငံသည် ဗြိတိသျှ ဓနသဟာရ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပြီး ပါလီမန်ဒီမိုကရေစီကို အခြေခံပြီး ဖွဲ့စည်းထားသော ပထမဆုံးသော ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ကနေဒါ ပြည်ထောင်စုကို ပြည်နယ် (Provinces) (၁၀) ခုနှင့် နယ်မြေ (Territory) (၃) ခု တို့ဖြင့် ဖွဲ့စည်းထားပါသည်။[၂၉] ကနေဒါ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် အစိုးရတို့၏ လုပ်ပိုင်ခွင့် အာဏာများကို အတိအလင်း ရေးဆွဲပြဋ္ဌာန်းထားသည်။[၃၀] ဥပမာ - ဥပဒေပြုခွင့်အာဏာများနှင့် ပတ်သက်၍ ပြည်ထောင်စု က သီးသန့်ဥပဒေပြုခွင့်၊ ပြည်နယ်များက သီးသန့်ဥပဒေပြုခွင့်နှင့် ပြည်ထောင်စုနှင့် ပြည်နယ်တို့၏ ပူးတွဲဥပဒေပြုခွင့်များကို အခြေခံဥပဒေတွင် ဖော်ပြထားသည်။[၃၁]

ကနေဒါနိုင်ငံသည် အဖိုးတန် တွင်းထွက်သယံဇာတ အမြောက်အများရှိသော နိုင်ငံတစ်ခု ဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံနှင့် ဆော်ဒီအာရေးဗျနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံးရေနံသိုက် (ခန့်မှန်းခြေ

၂၈ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ထုတ်ဝေသော "ဖက်ဒရယ်ရေးရာ" စာအုပ်
၂၉ ibid
၃၀ "Oil and Gas in the Canadian Federation" by Andre Plourde, University of Alberta, Jan 2010 (available at https://sites.ualberta.ca/~econwps/2010/wp2010-01.pdf) (Accessed 7 Jan 2017)
၃၁ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ထုတ်ဝေသော "ဖက်ဒရယ်ရေးရာ" စာအုပ်



ပြည်နယ်တစ်ခုစီ၏ ဥပဒေပြုအဖွဲ့သည် အခွန်စနစ်တစ်ခုဖြင့် ဘဏ္ဍာငွေကောက်ခံသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(က) ပြည်နယ်အတွင်းရှိ ပြန်လည်မဖြည့်တင်းနိုင်သော သဘာဝသယံဇာတများနှင့် သစ်တောအရင်းအမြစ်များနှင့် ၎င်းတို့ကို ထုတ်လုပ်မှုများ၊

(ခ) ပြည်နယ်အတွင်း လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် လုပ်ငန်းနေရာနှင့် အဆောက်အဦးများ၊ ပြည်နယ်မှ ထုတ်လုပ်သော သယံဇာတများ၏ တစ်စိတ် တစ်ဒေသကိုလည်းကောင်း အပြည်အဝကို လည်းကောင်း တင်းပို့ရောင်းချခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိပြီး ထိုဥပဒေများသည် ကနေဒါနိုင်ငံ၏ အခြားဒေသများသို့ တင်ပို့မှုနှင့် တင်ပို့ခြင်း မရှိသည့် ပြည်နယ်အတွင်း သယံဇာတထုတ်လုပ်မှုများအပေါ် မသက်ရောက်ပါ။

ကနေဒါဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၉၂ (က)၊ အပိုဒ် ၄

ရေနံ စည်ပေါင်း ၁၇၁ ဘီလီယံ) တည်ရှိသော နိုင်ငံဖြစ်ပြီး ကမ္ဘာ့ရေနံစုစုပေါင်း၏ ၁၀.၃% ကို ကိုယ်စားပြုသည်။[၃၂] ရေနံနှင့်သဘာဝဓာတ်ငွေ့အပါအဝင် သဘာဝသယံဇာတများကို ထွက်ရှိသော ပြည်နယ်များက ပိုင်ဆိုင်ကြောင်း ကနေဒါ၏ အခြေခံဖွဲ့စည်းပုံဥပဒေ (ပုဒ်မ ၁၀၉ ) တွင် အတိအလင်း ဖော်ပြထားသည်။ ထို့အပြင် ပြန်လည်မဖြည့်တည်နိုင်သော သဘာဝ သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေများပြုခွင့် အပါအဝင် သယံဇာတနှင့် သစ်တောအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်များ (ပုဒ်မ ၉၂ -က) နှင့် သဘာဝသယံဇာတများမှ အခွန်ကောက်ခံခွင့် (ပုဒ်မ ၉၂ - က၊ အပိုဒ် ၄) တို့ကို ပြည်နယ်အစိုးရထံ အပ်နှင်းထားသည်။

ကနေဒါနိုင်ငံတွင် သဘာဝသယံဇာတ ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်တို့ကို သဘာဝသယံဇာတ ထွက်ရှိရာ ပြည်နယ်များအား အပ်နှံထားသဖြင့် သဘာဝသယံဇာတကြွယ်ဝသော ပြည်နယ်နှင့် သယံဇာတ အရင်းအမြစ် နည်းပါးသော ပြည်နယ်အကြား မညီမျှမှုများ ရှိနေခဲ့သည်။ ထိုမညီမျှမှုကို ထိန်းညှိနိုင်ရန်အတွက် ၁၉၅၇ ခုနှစ်တွင် တန်းတူညီမျှရေးမူဝါဒ (Equalization Policy) တစ်ရပ် ချမှတ်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ပြင်ဆင်လိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေထဲ၌ တရားဝင် ပြဋ္ဌာန်းခဲ့သည်။[၃၃] တန်းတူညီမျှရေးပေးငွေ (equalization payment) ကို သတ်မှတ်ထားသော အနိမ့်ဆုံးဝင်ငွေ မရှိသည့် ပြည်နယ်များအား ပြည်ထောင်စုအစိုးရမှ ပံ့ပိုးပေးသည်။ သယံဇာတကြွယ်ဝသော ပြည်နယ်များမှ အခွန်နှင့် အခြားရငွေများ ပေါင်းစပ်ကာ သယံဇာတထွက် နည်းသော၊ အနိမ့်ဆုံး ဝင်ငွေမရသော ပြည်နယ်များအား ပံ့ပိုးပေးသည်။ ပေးငွေပမာဏသည် ပြည်နယ်တစ်ခု၏ အနိမ့်ဆုံး ဝင်ငွေအပေါ် မူတည်သည်။ ထိုငွေများကို သယံဇာတကြွယ်ဝပြီး သတ်မှတ်ထားသော အနိမ့်ဆုံး ဝင်ငွေ ကျော်လွန်ရရှိသော ပြည်နယ်များက မရရှိကြပေ။ ထူးခြားချက်တစ်ခုမှာ လက်ခံရရှိသော ပြည်နယ်များက ထိုငွေများကို မည်သို့ အသုံးပြုမည်ကို ပြည်ထောင်စုအစိုးရနှင့်မဆိုင်ပဲ ပြည်နယ် အစိုးရကသာ ဆုံးဖြတ်သည်။[၃၄]

၃၂ ကနေဒါအစိုးရ၏ သဘာဝသယံဇာတဌာန အင်တာနက်စာမျက်နှာ http://www.nrcan.gc.ca/energy/oil-sands/18085 တွင် ဖော်ပြထားသည်။
၃၃ ၁၉၈၂ ကနေဒါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ အပိုင်း (၃) ပုဒ်မ ၃၆.၂ http://laws-lois.justice.gc.ca/eng/const/page-16.html (Accessed 7 Jan 2017)

## ၅.၂. မြန်မာနိုင်ငံ အတွအကြုံ

### ၅.၂.၁. ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် ရှေးယခင် ခေတ်အဆက်ဆက်ကပင် သီးခြားလွတ်လပ်သော ပြည်နယ်တစ်ခု အနေဖြင့် ကချင်ခေါင်းဆောင်ဒူးဝါကြီးများက အုပ်ချုပ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက် သို့ကျရောက်သောအခါ ဗြိတိသျှတို့က မြန်မာနိုင်ငံကို နယ်မြေအမျိုးအစားခွဲပြီး ခွဲခြားအုပ်ချုပ်ခဲ့သည်။[၃၅] ကချင် ပြည်နယ်ကို တောင်တန်းဒေသအုပ်ချုပ်ရေးဥပဒေဖြင့် စီမံအုပ်ချုပ်ခဲ့သည်။ ဗြိတိသျှတို့သည် ရဲစွမ်းသတ္တိရှိပြီး စစ်တိုက်ရာတွင် ကျွမ်းကျင်သော ကချင်လူမျိုးတို့ကို ဗြိတိသျှစစ်တပ်အတွက် စုဆောင်းခဲ့သည်။ ထို့ကြောင့် ကချင်လူမျိုးတို့သည် ဗမာလူမျိုးတို့ထက် ဗြိတိသျှတို့နှင့် ပိုရင်းနှီးမှုရှိခဲ့သည်။ သို့ရာတွင် ကချင်လူမျိုးတို့သည် ဗမာလူမျိုးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားသော တိုင်းရင်းသားလူမျိုးများနှင့်အတူ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရသောအခါ ကချင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် ယနေ့တိုင် တည်ရှိလာခဲ့သည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ ကချင်ပြည်နယ်၏ မြေဧရိယာ အကျယ်အဝန်းမှာ (၈၉၀၄၃) စတုရန်း ကီလိုမီတာ (၃၄၃၇၉.၂ စတုရန်းမိုင်) ရှိပြီး ခရိုင် (၄)ခု၊ မြို့နယ် (၁၈)ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ကချင်ပြည်နယ်၏ မြို့တော်မှာ မြစ်ကြီးနားမြို့ဖြစ်ပြီး ဧရာဝတီမြစ် စတင် မြစ်ဖျားခံသည့် မေခမြစ်နှင့် မလိခမြစ်တို့ ဆုံသော မြစ်ဆုံရှိရာ မြို့ဖြစ်သည်။ ကချင်ပြည်နယ်တွင် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်များဖြစ်သော ခါကာဘိုရာဇီတောင် (၁၉၂၉၆ ပေ) နှင့် ဂမ်လန်ရာဇီတောင် (၁၉၁၄၂ ပေ) သည် ချင်ပြည်နယ်တွင် တည်ရှိသည်။ ကချင်ပြည်နယ်၏ လူဦးရေမှာ ၂၀၁၄ ခုနှစ်တွင် (၁၆၈၉၄၄၁) ယောက် ရှိသည်။[၃၆] ကချင်ပြည်နယ်တွင် ကချင်လူမျိုး အများဆုံး နေထိုင်ပြီး ရှမ်း၊ ဗမာ၊ နာဂ၊ ဂေါ်ရခါး၊ တရုတ်နှင့် အခြားတိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။ ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာနှင့် အခြားသော ကိုးကွယ်ယုံကြည်မှုများလည်းရှိသည်။

ကချင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်း ဖြစ်သည်။ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အခြားသော တိုင်းရင်းသား ပြည်နယ်များ ကဲ့သို့ သဘာဝသယံဇာတ ပေါကြွယ်ဝသည်။ ရွှေ၊ ငွေ၊ ကြေးနီ၊ ပယင်း၊ သံ၊ ခဲ၊ ကျောက်စိမ်း၊ ကျောက်မီးသွေး၊ ကျွန်းသစ်နှင့် အခြားအဖိုးတန်ဓာတ်သတ္တုများ မြောက်များစွာ ထွက်ရှိသော ပြည်နယ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ခေတ်အဆက်ဆက် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ထိုအဖိုးတန်သဘာဝသယံဇာတများကို ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ထုတ်ယူ သုံးစွဲခဲ့ခြင်း မရှိခဲ့ပေ။ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)




၃၄ ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ (Arakan Oil Watch)မှ ထုတ်ပြန်သော "သယံဇာတကျိန်စာကို တိုက်ဖျက်ခြင်း - ဗဟိုအစိုးရချုပ်ကိုင်မှုအာဏာကို လျှော့ချ၍ သယံဇာတဆိုင်ရာ စီမံခန့်ခွဲခြင်း (Breaking the Curse: Decentralizating Natural Resource Management in Myanmar)" အစီရင်ခံစာ၊ စာမျက်နှာ ၅၀ (http://arakanoilwatch.org/wp-content/uploads/2016/03/Breaking-the-Curse-Eng.pdf) (Accessed 7 Jan 2017)

၃၅ ဗြိတိသျှအင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ နယ်မြေများကို အမျိုးအစားခွဲပြီး အုပ်ချုပ်ခဲ့သည်။ ကရင်၊ မွန်၊ မြန်မာ (ဗမာ)၊ ရခိုင်လူမျိုးအများစု နေထိုင်သော ဒေသများကိုပေါင်းလျက် ဗမာပြည်မ (Burma Proper) ဟု ခေါ်ဝေါ်ပြီး အင်္ဂလိပ် အစိုးရက တိုက်ရိုက်အုပ်ချုပ်ခဲ့သည်။ ရှမ်းစော်ဘွားများအုပ်ချုပ်သော ဖက်ဒရယ်ပြည်ထောင်စုရှမ်းပြည်အပါအဝင် ရခိုင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ၊ ကချင်ဒူးဝါများအုပ်အုပ်သော ကချင်နယ်မြေနှင့် ကရင်ပြည်နယ် သံလွင်ခရိုင် တို့ပါဝင်သော တောင်တန်းဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ (ဇယား၁)နှင့် တောင်တန်းဒေသ သီးသန့် အုပ်ချုပ်ခွင့်ရ နယ်မြေ (ဇယား၂)၊ တောင်ပေါ်စခန်းမြို့များနှင့် သီးခြားလွတ်လပ်သည့် ကရင်နီပြည်ဟူ၍ နယ်မြေ အမျိုးအစား (၅) မျိုးဖြင့် အုပ်ချုပ်ခဲ့သည်။ အသေးစိတ်ကို ခွန်းမတ်ရ်ကိုဘန်ရေးသော "ပင်လုံစာချုပ်ရှင်းတမ်း" တွင် လေ့လာနိုင်ပါသည်။

၃၆ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၄ ခုနှစ် မြန်မာ့လူဦးရေနှင့် အိမ်ထောင်စုစာရင်း ကချင်ပြည်နယ်၊ အတွဲ ၃(က)

တို့ကြား ဖြစ်ပွားသည့် နှစ် (၃၀)ကြာ လက်နက်ကိုင် ပဋိပက္ခများကြောင့် ကချင်ပြည်သူတို့၏ လူမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းအပေါ်များစွာ သက်ရောက်မှု ရှိခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်ထိ ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်နိုင်မှသာလျှင် ကချင်ပြည်သူတို့၏ အနာဂတ်ကို ငြိမ်းချမ်းစွာ ပုံဖော်နိုင်မည် ဖြစ်သည်။

## ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း

ကချင်ပြည်နယ်တွင် ထွက်ရှိသော အဖိုးတန် သဘာဝ သယံဇာတများ အနက် ကျောက်စိမ်းတူးဖော်ထုတ် လုပ်ရေးလုပ်ငန်းသည် တစ်ဖြည်း ဖြည်းနှင့် ကျယ်ပြန့်လာသော်လည်း ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ထိုက်သင့်သော အကျိုးအမြတ်များ မရရှိသည့် အပေါ် ကြီးမားသော စိုးရိမ်မှုများ ရှိနေသည်။ အထူးသဖြင့် မြန်မာ့ ကျောက်စိမ်းလုပ်ငန်း အရှုပ်တော် ပုံနှင့် ပတ်သက်ပြီး ၂၀၁၄ခုနှစ်တွင် Global Witness[၃၇]အဖွဲ့၏"ကျောက်စိမ်း-မြန်မာနိုင်ငံ၏အကြီးမားဆုံးလျှို့ဝှက်ချက်" အစီရင်ခံစာ ထုတ်ပြန်သည့် နောက်ပိုင်းတွင် ဂယက်ရိုက်မှု ရှိလာခဲ့သည်။ ထိုအစီရင်ခံစာအရ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းမှ ခန့်မှန်းခြေ ကျောက်စိမ်းတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ (၃၁) ဘီလျံ ရှိသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် တရားဝင် ထုတ်ပြန်ထားသော အချက်အလက် များတွင် ကျောက်စိမ်းမှရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၁.၁၅) ဘီလျံသာ ရရှိသည်ဟု ဖော်ပြထားသည်။ ကျောက်စိမ်းတူးဖော်ရေးကဏ္ဍ အပါအဝင် မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတ ကဏ္ဍ ပြုပြင်ပြောင်းလဲရန် အရေးတကြီးလိုနေပါသည်။

သမိုင်းမှတ်တမ်းများအရ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရောင်းချမှုများကို ကိုလိုနီခေတ် မတိုင်ခင် ကချင်ပြည်နယ်ကို ကချင်ဒူးဝါများကိုယ်တိုင် အုပ်ချုပ်ခဲ့သော ခေတ်ကာလ (အချပ်ပို - ၂ တွင် ကြည့်ရန်) ကတည်းက လက်ဖြင့် တူးဖော်သော တစ်နိုင်တစ်ပိုင်လုပ်ငန်းများအဖြစ် ရှိခဲ့သည်။ ကိုလိုနီခေတ်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး အစောပိုင်းနှစ်များအတွင်း၌လည်း ပုဂ္ဂလိက ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများကို ခွင့်ပြုခဲ့သည်။ သို့ရာတွင် ၁၉၆၂ ခုနှစ် တွင် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၄ ခုနှစ်တွင် ပုဂ္ဂလိကပိုင် လုပ်ငန်း များကို ပြည်သူပိုင်/ နိုင်ငံပိုင်အဖြစ် သိမ်းလိုက်သောအခါ ကျောက်စိမ်းလုပ်ငန်းလည်း အပါအဝင် ဖြစ်သည်။ နိုင်ငံပိုင် ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် - ၁၉ (ကျောက်မျက်ရတနာ) ဌာနအမည်ဖြင့် (၁၉၆၆-၁၉၇၅) ခုနှစ်အထိ ကျောက်စိမ်းများကို တူးဖော်ခဲ့သည်။ ထို့နောက် ၁၉၉၀ ခုနှစ်တွင် နိုင်ငံတော် အစိုးရမှ လုံးဝထိန်းချုပ်သည့် လုပ်ငန်းမှ ပုဂ္ဂလိကများ ပါဝင်လုပ်ကိုင်နိုင်သော ကျောက်မျက်ရတနာဖက်စပ် လုပ်ငန်းများကို ခွင့်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကြား ယူထားခဲ့သော ငြိမ်းချမ်းရေး ပျက်ပြားပြီး တိုက်ပွဲများ ပြန်လည် ဖြစ်ပွားသောအခါ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို အစိုးရက ရပ်ဆိုင်းစေခဲ့သည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်တွင် ပြည်လည် တူးဖော်ခွင့် ပြုခဲ့သည်။ ၂၀၁၆ ခုနှစ် အရပ်သားအစိုးရ တက်လာသော အခါ ကျောက်စိမ်းတူးဖော်ခွင့် လိုင်စင် အသစ်များကို ထပ်မံ ထုတ်ပေးခြင်း မရှိတော့ပါ။

ကမ္ဘာ့အဖိုးတန်ဆုံးနှင့် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများကို ကချင်ပြည်နယ် ဖားကန့်မြို့တွင် အမြောက်အများ ထွက်ရှိသည်။ ဖားကန့်မြို့သည် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် အတွင်းရှိ ဖားကန့်မြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ ဒုတိယ အင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော ကချင်လွတ်မြောက်ရေးတပ် (KIA) ယခင်ထိန်းချုပ်ခဲ့သော နယ်မြေလည်း ဖြစ်သည်။ ဖားကန့်ရှိ ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းများသည် ကိုလိုနီခေတ် မတိုင်ခင် မြန်မာဘုရင်များ အုပ်ချုပ်ခဲ့သော ခေတ်အဆက်ဆက် ကတည်းက စတင်ခဲ့သည်။ ထိုရှေး ယခင်



ကျောက်စိမ်းကို လက်ဖြင့် တူးနေကြခြင်း
Photo by ENAC

[၃၇] Global Witness အဖွဲ့သည် ဗြိတိန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သဘာဝ သယံဇာတလုပ်ငန်းတွင် အဂတိလိုက်စားမှု ဖော်ထုတ်ရေးနှင့် ပွင့်လင်းမြင်သာမှု တိုးတက်လာရေးအတွက် ဖွဲ့စည်း တည်ထောင်ထားသည်။



စွန့်ပစ်သည့် မြေစာပုံပေါ် ကျောက်စိမ်းရှာဖွေနေသော ရေမဆေး အလုပ်သမားများ
Photo by ENAC




ရေမျှောတိုက်ပြီး ကျောက်စိမ်းကိုရှာဖွေနေသော ရေမဆေး အလုပ်သမားများ
Photo by ENAC



ခေတ်များတွင် ကျောက်စိမ်ကို လက်ဖြင့် တူးဖော်သည့် အသေးစား တစ်နိုင်တစ်ပိုင် လုပ်ငန်းများသာ ရှိခဲ့သည်။ မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO) တို့ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုလိုက်သည့် ၁၉၉၄ ခုနှစ် နောက်ပိုင်းမှသာ စက်ဖြင့်တူးဖော်မှုများ စတင်လာခဲ့သည်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းများလာသည်။ ထို့နောက် ၂၀၀၅ ခုနှစ်မှစ၍ ၂၀၁၂ ခုနှစ် လယ်အထိ ဘက်ဟိုး၊ ဘူဒိုဇာနှင့် မြေသယ်ယာဉ်စသည့် ရောမ စက်ယန္တရားကြီးများဖြင့် ကျောက်စိမ်းတူးဖော်မှုများကို ကုမ္ပဏီပေါင်း (၅၀၀) ကျော်က ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်။[၃၈] မိုးရာသီတွင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း အများစု ရပ်နားကြသော်လည်း မျှောတိုက်တူးဖော်မှု အချို့ ရှိနေသေးသည်။

မြန်မာအစိုးရတပ်နှင့် ကေအိုင်အေတပ်တို့ အပြစ်အခတ်ရပ်စဲခဲ့သည့် ၁၇ ခုနှစ် (၁၉၉၄-၂၀၁၁ ခုနှစ်) ကာလအတွင်း ကျောက်စိမ်းထုတ်လုပ်မှုပမာဏမှာ တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိသိသာသာ တိုးလာခဲ့သည်။ အောက်ပါပုံတွင် ပြထားသည့်အတိုင်း ၁၉၉၅-၉၆ ခုနှစ် တရားဝင်ကျောက်စိမ်း ထုတ်လုပ်သည့် ပမာဏမှာ တန်ချိန် (၂၀၀၀) အောက်သာ ရှိခဲ့ရာမှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တန်ချိန် (၁၁၀၀၀) နှင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တန်ချိန် (၂၀၀၀၀) အထိ ခုန်တက်လာခဲ့သည်။ ထို့ကြောင့် (၁၀)နှစ်အတွင်း (၁၀)ဆ တိုးလာသည်ကို တွေ့ရှိရပြီး စက်ယန္တရားကြီးများ အသုံးပြုမှုနှင့် လက်နက်ကိုင်ပဋိပက္ခမရှိခဲ့မှုတို့ကြောင့် ထိုကျောက်စိမ်းပမာဏကို ထုတ်လုပ်နိုင်ခဲ့သည်ဟု ဟားဗတ် Ash Center မှ ထုတ်သည့် စာတမ်း တစ်ခုတွင် သုံးသပ်ထားသည်။[၃၉] ငြိမ်းချမ်းရေး ပျက်ပြားပြီး စစ်ပွဲများ ပြန်လည်ဖြစ်ပွားသဖြင့် တရားဝင်ကျောက်စိမ်းတူးဖော်ခြင်းကို ၂၀၁၂ ခုနှစ် နှစ်လည်မှ ၂၀၁၄ ခုနှစ် နှစ်လည်အထိ ရပ်ဆိုင်းခဲ့ရသဖြင့် ကျောက်စိမ်းထုတ်လုပ်သည့် ပမာဏ ကျဆင်းသွားသည်ကို အောက်ပါပုံ (ပုံ-၃)တွင် ပြထားသည့်အတိုင်း တွေ့ရှိရမည် ဖြစ်သည်။

## ပုံ (၃) ၁၉၉၅ -၂၀၁၅ ခုနှစ်အတွင်း ကျောက်စိမ်းထုတ်လုပ်မှု ပမာဏ (တန်ချိန်)




*အရင်းအမြစ် - "ခန်းနားသည့်အပေးအယူ-ဘာလဲ၊ဘာကြောင့်လိုအပ်ပါသလဲ"*
*Ash Center of Harvard Kennedy School*

၃၈ http://www.reuters.com/article/us-myanmar-jade-specialreport-idUSBRE98S00H20130929 (Access on 22 Dec 2016)
၃၉ Quoted from the discussion paper of the Ash Center of Harvard Kennedy School, "A Grand Bargain: What it is and Why it is Needed" http://ash.harvard.edu/files/ash/files/20160815_a_grand_bargain_eng_oct_24.2016.pdf (Accessed on 11 Dec 2016)

ဖားကန့်ဒေသကျောက်စိမ်းများကို ပုဂ္ဂလိကလုပ်ငန်းအနေဖြင့်လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း လုပ်ဆောင်သည့် အကျိုးတူလုပ်ငန်း အနေဖြင့်လည်းကောင်း တူးဖော်ကြသည်။ စက်ယန္တယားကြီးများသုံးသည့် အကြီးစားကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းများကို တရုတ်နှင့် ဝကုမ္ပဏီများက ပိုင်ဆိုင်ကြသည်။ ကျောက်စိမ်းကို တွင်းဖွင့်တူးသည့် အင်းဖြိစနစ် (open pit mining) ဖြင့် ရောမ စက်ယန္တယားများနှင့် နေ့ရောညပါ သီတင်းပတ်တစ်ခုလုံးနှင့် နှစ်ပတ်လည် တူးဖော်နေခြင်းကြောင့် လပိုင်းအတွင်း တောင်များ အလုံးလိုက် ပျောက်ကွယ်ကာ ချိုင့်ဝှမ်းများ ဖြစ်သွားခြင်းနှင့် ရွာအလိုက် ပြောင်းရွှေ့ရခြင်းလည်း ရှိခဲ့သည်။[၄၀] ထိုအကြီးစား တူးဖော်မှုများသည် အရင်းအနှီး[၄၁] ကြီးမားသဖြင့် ဒေသခံ ကချင်လူမျိုးများနှင့် ဗမာကုမ္ပဏီအချို့တို့သည် ထိုကုမ္ပဏီများ နှင့် ယှဉ်ပြိုင်ရန် အခက်အခဲရှိလာသည်။ ထို့ကြောင့် ရိုးရိုးစက်ငယ် များဖြင့် ဆက်လက်တူးဖော်ခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်းပြီး အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့်သာ ရပ်တည်လာကြသည်။ မြန်မာနိုင်ငံအနှံ့ရှိ အလုပ်အကိုင်ရှားပါးသောဒေသများမှ ပြည်သူများလည်း ကျောက်တူးသမားများအဖြစ် ဝင်ရောက် လုပ်ကိုင်လာကြသည်။ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၏ တရားဝင် အလုပ်သမားများအဖြစ် လုပ်ကိုင်နေသူများရှိသကဲ့သို့ ရေမဆေးအလုပ်သမားများ[၄၂]အဖြစ် လုပ်ကိုင်နေသူများလည်း ရှိသည်။ အခန့်မသင့်လျှင် မြေစာပုံများ ပြိုကျကာ မြေပိပြီး သေဆုံးနိုင်[၄၃] သဖြင့် ထိုရေမဆေး အလုပ်သမားများ၏ ဘဝသည် အသက်အန္တရာယ် အလွန်ကြီးမားပါသည်။

ကျောက်စိမ်းလုပ်ငန်းတွင် အကြီးအကျယ်ရင်းနှီးမြှုပ်နှံသူများနှင့် အသက် အန္တရာယ် ပဓာနမထားဘဲ ကျောက်စိမ်းအရိုင်းတုံးများ ရှာဖွေကောက်ယူသည့် အကြောင်းရင်းမှာ ကျောက်စိမ်း၏ တန်ဖိုး ဖြစ်သည်။ အရင်းအနှီးနှင့် အသက်အန္တရာယ် ကြီးမားသလောက်၊ လုပ်ငန်းအောင်မြင်လျှင် ကျောက် ကောင်းတစ်လုံးကောက်ရလျှင် လုပ်ငန်းရှင်များအတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်များ ကာမိပြီး အကျိုးအမြတ် မြိုးမြိုးမျက်မျက် ရနိုင်သလို ရေမဆေးအလုပ်သမားများမှာလည်း စွန့်စားပင်ပန်းရ ကြိုးနပ်ကာ သူဌေးလောပန်းများ ဖြစ်လာနိုင်သည်။[၄၄] ဖားကန့်တွင် ကျောက်စိမ်း အမျိုးမျိုး[၄၅] ထွက်ရှိပြီး ဈေးနှုန်းများမှာလည်း ကျောက်ရည်ကျောက်သားအပေါ်[၄၆] မူတည်ပြီး ကွဲပြားသည်။ ကျောက်ရည် ကျောက်သားကို အရည်ကျောက် (Imperial Jade)၊ အထည်ကျောက် (Commercial Jade) နှင့် အသားကျောက် (Unity Jade) ဟူ၍ အုပ်စု (၃)ခုဖြင့် ခွဲခြားထားသည်။ အရည်ကျောက်သည် အရည်အသွေးနှင့်တန်ဖိုး အမြင့်ဆုံး ကျောက်အမျိုးအစား ဖြစ်သည်။ ကျောက်စိမ်း၏ တန်ဖိုးကို သာမန်လူများ ခန့်မှန်းရန် ခက်ခဲနိုင်ပါသည်။ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော ကျောက်စိမ်း ကုန်သည်များ၊ သတ္တုတွင်း ကျွမ်းကျင်သူများနှင့် ပညာရှင်များကသာ အနီးစပ်ဆုံး ခန့်မှန်းနိုင်ကြသည်။

၄၀ အကြီးစားကျောက်စိမ်းတူးဖော်မှုများကြောင့် စုစုပေါင်းတောင်အလုံးရေ (၅၀) ခန့် ပျောက်ကွယ်ပြီး ရွာပေါင်း (၁၀) ရွာခန့် ရွှေ့ပြောင်းခဲ့ရသည်ဟု ဒေသခံ တစ်ဦးက ထောက်ပြပြောဆိုခဲ့သည်။ Available at http://elevenmyanmar.com/local/activists-hpakant-pin-hopes-change-new-government (Acessed on 22 Dec 2016)

၄၁ အကြီးစားကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတစ်ခုအတွက် ကနဦးရင်းနှီးမြှုပ်နှံမှု အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း (၁၀၀) လိုအပ်ပြီး အလုပ်သမား၊ စက်ကိရိယာနှင့် ဒီဇယ်စရိတ်များက တစ်ပတ်လျှင် အမေရိကန်ဒေါ်လာ (၁)သန်းခန့် ကုန်ကျနိုင်ပါသည်။ http://ash.harvard.edu/files/ash/files/20160815_a_grand_bargain_eng_oct_24.2016.pdf (Access on 22 Dec 2016)

၄၂ ကုမ္ပဏီများက ကျောက်စိမ်းတူးဖော်ရာတွင် တူးထုတ်ထားသောမြေစာများကို မြေသယ်ကားများဖြင့် သတ်မှတ်ထား သောနေရာတွင် စုပုံသောအခါ ထိုမြေပုံထဲတွင် ကျန်ရှိနေနိုင်သေးသော ကျောက်စိမ်းအရိုင်းတုံးများကို ရှာဖွေကောက်ယူသော အလုပ်သမားများကို ရည်ညွှန်းသည်။ နှစ်ချီလုပ်ကိုင်သည့် ရေမဆေးသမားတစ်ဦးသည် တန်ဖိုးရှိသည့် ကျောက်စိမ်း အရိုင်းတုံးကို အလွယ်တကူခွဲခြားသတ်မှတ်နိုင်သည်။ (သုတေသနလေ့လာရေးခရီးစဉ်မှ လေ့လာသိရှိခဲ့သည်။)

၄၃ http://www.mmtimes.com/index.php/national-news/17754-death-toll-feared-highest-in-a-decade-after-landslide-hits-jade-town.html, http://edition.cnn.com/2015/11/22/asia/myanmar-landslide/, http://www.mmtimes.com/index.php/national-news/17854-relatives-of-landslide-victims-urged-to-reject-compensation.html, http://www.mmtimes.com/index.php/national-news/17980-authorities-introduce-new-safety-measures-in-hpakant.html, http://www.mmtimes.com/index.php/national-news/18159-another-jade-mine-disaster-hits-hpakant.html (Accessed 12 February 2017)

၄၄ ကျောက်အောင်သည့် ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများသည် ယေဘုယျအားဖြင့် ကျောက်စိမ်းတန်ဖိုး၏ ၁၀% အောက်တွင်သာ ရှိသည်။ http://ash.harvard.edu/files/ash/files/20160815_a_grand_bargain_eng_oct_24.2016.pdf (Access on 22 Dec 2016)

၄၅ ကျောက်စိမ်းအမျိုးအစားများမှာ အမဲကြော၊ ကြက်သွေးကြော၊ ကြက်မင်းကြော၊ မြေမှုန်၊ ခွံဖြူ၊ အသားဆန်း၊ မော်ဆီဇာ၊ ခွံဝါ၊ ခွံစိမ်း၊ ခွံဖြူ၊ မနကျောက်၊ Black Jade၊ ခွံ၊ ခွံဝါ၊ ခွံပြာ၊ အရည်ကျောက်၊ ထည်လုံးစိမ်း

၄၆ ကျောက်မျက်ရတနာရောင်းဝယ်ရေးလောကတွင် ကျောက်မျက်ရတနာ၏ အရောင်ဝင်ရောက်မှုသဘာဝကို အရည်ဟု ခေါ်ပြီး ကျောက်မျက်ရတနာ၏ အရည်အသွေးကို ကျောက်ရည်ကျောက်သားဟု ခေါ်ဝေါ်ပြောဆိုကြသည်။ ကျောက်သား အနအရင့်ပေါ် မူတည်၍ ကျောက်၏ အရောင်တောက်ပြောင်မှု (အရည်) ကွာခြားသွားသည်။



ကျောက်ရည်အမျိုးမျိုး၏ ယေဘုယျတန်ဖိုးများကို အောက်ပါဇယား (ဇယား-၂) တွင် ဖော်ပြထားသည်။ ရောင်းချသည့် အချိန်အခါပေါ် မူတည်ပြီး ဈေးနှုန်းကွာဟမှုများ ရှိနိုင်ပါသည်။

### ဇယား (၂) - ကျောက်ရည်ကျောက်သားအမျိုးမျိုးနှင့် ၎င်းတို့၏ ယေဘုယျတန်ဖိုးများ

| အမျိုးအစား | ၁ ကီလိုဂရမ် ဈေးနှုန်း (အမေရိကန် ဒေါ်လာ) |
|---|---|
| အရည်ကျောက် (Imperial Jade) | ၂၅,၀၀၀,၀၀၀ |
| အထည်ကျောက် (Commercial Jade) | ၈၀,၀၀၀ |
| အသားကျောက်(A) | ၈၀၀ |
| အထည်ကျောက် (B) | ၇၅ |
| အထည်ကျောက် (C) | ၃၀ |
| အထည်ကျောက် (D) | ၁၀ |

*အရင်းအမြစ် - "ခန်းနားသည့်အပေးအယူ - ဘာလဲ၊ ဘာကြောင့်လိုအပ်ပါသလဲ"*
*Ash Center of Harvard Kennedy School*

ကချင်ပြည်နယ်တွင် အဖိုးတန်ကျောက်စိမ်း အမြောက်အများ ထွက်ရှိသော်လည်း ၎င်းတို့ကို ရောင်းချနိုင်သည့် ဈေးကွက်များမှာ ရှေးယခင်ကာလများ၌ တွင်တွင်ကျယ်ကျယ် မရှိခဲ့ပါ။ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံများသို့သာ တင်ပို့ရောင်းချလေ့ ရှိသည်။ နောက်ပိုင်းတွင် မြန်မာ့ကျောက်မျက်လုပ်ငန်းမှ ကြီးမှူးပြီး ကျောက်မျက်ရောက်ချပွဲ (Emporium) များကို တစ်နှစ် (၃) ကြိမ် ကျင်းပပေးသည်။ သို့ရာတွင် ထွက်ရှိသော ကျောက်စိမ်းအားလုံး၏ တစ်ဝက်ခန့်မှာ ထိုပွဲများသို့ မရောက်ဘဲ မှောင်ခိုလမ်း၊ မှောင်ခိုဈေးကွက်များမှတစ်ဆင့် အခွန်ရှောင်ကာ ပြည်ပသို့ တင်ပို့ရောင်းချကြသည်။ အထူးသဖြင့် အဖိုးတန်ကျောက်စိမ်းများကို ဝယ်လိုအားကောင်းသော တရုတ်နိုင်ငံသို့ နည်းမျိုးစုံဖြင့် ခိုးထုတ်ရောင်းချနေကြသည်။ လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ တရားဝင်ဈေးကွက်တွင် ရောင်းချသည့် ကျောက်စိမ်းသည် ဝယ်လက်ရှိသည့်တိုင် ငွေချေမှုများ ချက်ချင်းမလုပ်ကြသဖြင့် ပစ္စည်းအမှန်တကယ် ရောင်းထွက်သည့် အချိန် (ငွေချေသည့်အချိန်ထိ) စောင့်လျှင် ထုတ်လုပ်မှုကုန်ကျစရိတ်များကို အလျင်မမှီနိုင်သဖြင့် ထိုဈေးကွက်ကို ရှောင်ကြလေ့ ရှိသည်။[၄၇] ရင်းနှီးမြှုပ်နှံထားသည့် ငွေများ မြန်မြန်ဖော်နိုင်ရန်နှင့် အမြတ်များများ ကျန်ရှိရန်အတွက်လည်း ဖြစ်နိုင်သည်။

ထို့အပြင် လုပ်ငန်းရှင်အချို့သည် ရာဖြတ်အဖွဲ့[၄၈]နှင့် ပေါင်းပြီး ကျောက်စိမ်းတန်ဖိုးကို လျှော့ပေါ့ပြီး ဈေးသတ်မှတ်မှုများလည်းရှိသည်။ ထို့သို့ နည်းမျိုးစုံဖြင့် အခွန်ရှောင်ကြသဖြင့် ကျောက်စိမ်းမှ ရသော ဝင်ငွေများသည် နိုင်ငံတော်၏ တရားဝင် အခွန်ဘဏ္ဍာထဲသို့ အနည်းငယ်သာ ရောက်ရှိပြီး အများစုမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏လက်ထဲသို့သာ ရောက်သွားသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ကျောက်စိမ်းပစ္စည်း ထုတ်လုပ်မှုကဏ္ဍသည် တရုတ်နိုင်ငံနှင့် ယှဉ်လျှင် နည်းပညာပိုင်းအားဖြင့် နိမ့်ကျနေပါသည်။ ကျောက်ဖြတ်၊ ကျောက်သွေးခြင်းလုပ်ငန်းများ ရှိသော်လည်း တရုတ်နိုင်ငံကို မယှဉ်နိုင်သေးပါ။ ထို့ကြောင့် တွင်းမှထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံး (အရိုင်းထည်) များကို တန်ဖိုးမြှင့်တင်ထုတ်လုပ်ထားသည့် ကုန်ချော (အချောထည်)များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်လျှင် နိုင်ငံသားအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့်အပြင် အကျိုးအမြတ်များမှာလည်း ပြည်တွင်း၌သာ ပိုစီးဆင်းနိုင်မည် ဖြစ်သည်။

၄၇ သုတေသနကွင်းဆင်းလေ့လာမှုခရီးစဉ်၌ ဒေသခံကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်များမှ ယူထားသည်။

၄၈ ကျောက်စိမ်းရိုင်းတုံးတစ်တုံးကို တူးဖော်ရရှိသည့်အချိန်၊ ရောင်းချမှုများ မပြုလုပ်မီ အစိုးရက တရားဝင် တာဝန်ခန့်အပ် ထားသော ကျောက်မျက်တန်ဖိုးကို အကဲခတ်သည့် အဖွဲ့ကို ရည်ညွှန်းသည်။ ကျောက်စိမ်းထွက်ထွက်ချင်း ကောက်သော အခွန်ဖြစ်သည့် တွင်းဝခွန်ကို ကောက်ခံနိုင်ရန်အတွက် ထိုထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံး၏ တန်ဖိုးကို တန်ဖိုးဖြတ်/ရာဖြတ်ခြင်း ဖြစ်သည်။



နိုင်ငံခြားမှ တင်သွင်းလာသည့် ဧရာမ စက်ယန္တယားကြီးများဖြင့်
ကျောက်စိမ်းများကို အလွန်အကျွံ တူးဖော်နေပုံ
Photo by ENAC

ထို့ကြောင့် ကျောက်စိမ်းတူးဖော်ရေးကဏ္ဍကို စနစ်တကျ စီမံခန့်ခွဲရန် လိုပါသည်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန၊ ယခုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ပါဝင်သည်။ ၁၉၉၄ ခုနှစ် သတ္တုတွင်း ဥပဒေ (Myanmar Mines Law)၊ ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက်ဥပဒေနှင့် နည်းဥပဒေ (Myanmar Gemstone Law and Rules) တို့ဖြင့် ထိန်းချုပ်ထားခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို အရပ်သားတစ်ပိုင်း ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ အရပ်သားအစိုးရ လက်ထက် ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထပ်မံပြင်ဆင်ခဲ့သည်။ ပြင်ဆင်ထားသော ကျောက်မျက်ဥပဒေပါ လုပ်ငန်းလိုင်စင်သက်တမ်း တိုးချဲ့ပေးလာမှုအပေါ် စိုးရိမ်မှုများ ရှိနေသည်။ ယခင် ဥပဒေများတွင် လုပ်ကိုင်ခွင့်လိုင်စင်ကို အများဆုံး (၅) နှစ်သာ ချပေးခဲ့သော်လည်း လက်ရှိဥပဒေသစ်တွင်[၄၉] ဧက (၅၀၀) အထက်ရှိသော ကုမ္ပဏီများသည် (၁၀) နှစ် လိုင်စင်သက်တမ်းကို ရယူနိုင်ပြီး အလတ်စား ကုမ္ပဏီများက (၅) နှစ်နှင့် ဧက(၃၀)အောက် ကုမ္ပဏီများက (၃)နှစ်လိုင်စင်များကို ရယူခွင့်ပြုထားသည်။[၅၀] ထိုဥပဒေ ပြင်ဆင်ချက်၏ ပုဒ်မ ၄၁-၄၂ သည် ရေမဆေးအလုပ်သမားများ၏ အခွင့်အရေးကို ပိတ်ပင်ထားသလို ဖြစ်နေသဖြင့် ၎င်းကို ပြင်ဆင်ပေးရန် ဆန္ဒပြမှုများ ရှိခဲ့သည်။[၅၁]

လက်ရှိတွင် ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းကို စုစုပေါင်း ဝန်ထမ်း အင်အား (၁၀၂)ဦး (အချပ်ပို - ၃) ဖြင့် စုစုပေါင်း ကျောက်စိမ်း လုပ်ကွက် (၁၃၄၈၇)ခု (အချပ်ပို-၄)[၅၂] ကို စီမံကြီးကြပ်လျက်ရှိရာ ပျမ်းမျှတွက် ကြည့်လျှင် တစ်ဦးကို လုပ်ကွက်ပေါင်း (၁၃၂) ကွက်ခန့် ကြီးကြပ်နေရ သဖြင့် ထိရောက်မှု မရှိကြောင်း သံသယဖြစ်ဖွယ် မရှိပါ။ သဘာဝ ပတ်ဝန်းကျင် ထိခိုက်နစ်နာစေသော စည်းကမ်းမဲ့ ပရမ်းပတာ ကျောက်တူးခြင်း၊ မြေစာပစ်ခြင်းနှင့် လိုင်စင်သက်တမ်း ကုန်သည့်တိုင် ကျောက်များ တူးယူနေခြင်းတို့ကို ထိရောက်စွာ စစ်ဆေးကြပ်မတ်မှု မလုပ်နိုင်ပါ။ "ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) တွင် လုပ်ပိုင်ခွင့် တာဝန်များ (အချပ်ပို-၅) အပ်နှံထားသော်လည်း လက်တွေ့တွင် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ထွေအုပ်[၅၃]ကသာ ဦးစီးဆောင်ရွက်နေပါသည်။" ထို့အပြင် ကချင်ပြည်နယ်၏ နယ်စပ်ရေးရာဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် လုံခြုံရေးအကြောင်းပြကာ ဖားကန့်ဒေသ ရပ်မိရပ်ဖများကို တစ်ပတ်လျှင် တစ်ကြိမ် အစည်းဝေးခေါ်တွေ့ပြီး ဖားကန့်ဒေသကို စိုးမိုးနေကြသည်။ ထိုတာဝန်ရှိသူများကို ကျောက်စိမ်း လုပ်ငန်းရှင်အချို့က လာဘ်ထိုးမှု များလည်း ရှိနေပါသည်။[၅၄]

ထို့အပြင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းသည် တဖြည်းဖြည်း ကျယ်ပြန့်လာသည်နှင့်အမျှ ဖားကန့်ဒေသ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများလည်း ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အနယ်နယ် အရပ်ရပ်မှ ကျောက်တူးသမားအုပ်စုမှာလည်း ကြီးထွားလာသည်နှင့် အမျှ မတော်တဆသေဆုံးမှု၊ ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများမှာလည်း နေ့တစ်တူဝဖြစ်စဉ်များ သဖွယ်နေ့စဉ်လိုလို ဖြစ်ပွားလျက် ရှိနေပါသည်။ တောင်ပုံပုံထားသော မြေစာပုံများပေါ်တွင် ကျောက်စိမ်းများကို ရှာဖွေနေသော ထောင်နှင့်ချီသော ရေမဆေးအလုပ်သမားအချို့သည် မူးယစ်ဆေးအတွက် ကျောက်ကောက်နေသူများဖြစ်ပြီး မူးယစ်ဆေးကြောင့် ရာဇဝတ်မှုကျူးလွန်ရန် ဝန်မလေးသူများလည်း ရှိလာသည်။ ကျောက်မကောက်နိုင်သော အမျိုးသမီးများမှာလည်း လိင်လုပ်

၄၉ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် အမှတ် ၂၃) ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်
၅၀ http://www.myanmar-now.org/news/i/?id=a4b38da2-ca4b-48eb-8a83-0ed616a90609 (Accessed 22 Dec 2016)
၅၁ http://www.dvb.no/news/hpakants-jade-foragers-rally-for-mining-rights/71931 (Access 22 Dec 2016)
၅၂ ပုံနှိပ်ထုတ်ဝေခြင်း မပြုသော စာရွက်စာတမ်း
၅၃ မြို့နယ်အဆင့်မှစ၍ ခရိုင်၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် ထွေအုပ်များကို မြန်မာနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက တိုက်ရိုက်ခန့်အပ်သည်။ ထိုထွေအုပ်များသည် စစ်တပ်ယူနီဖောင်းပြောင်းထားသော စစ်တပ်နောက်ခံရှိသူ သို့မဟုတ် စစ်တပ်နှင့် နီးစပ်သူအသိုင်းအဝိုင်းများမှ ဖြစ်သည်။
၅၄ ဖားကန့်ဒေသသို့ သုတေသနကွင်းဆွင်းလေ့လာရေးခရီးစဉ်တွင် ဒေသခံတစ်ဦးထံမှ သိရှိရသည်။





ကျောက်စိမ်းတူးဖေါ်မှုကြောင့် တောတောင်များ ပြန်နီးတီးပျောက်ကွယ်သွားခဲ့ခြင်း
Photo by ENAC

သားများ၊ မူးယစ်ဆေးရောင်းဝယ်သူများ ဖြစ်လာကြသည်။[၅၅] လူညွန့်တုံးစေသော မူးယစ်ဆေးဝါး စွဲလမ်းမှုနှင့် HIV ပိုး ကူးစက်မှု အပါအဝင် ရာဇဝတ်မှု အားလုံးသည် ဖားကန့်ဒေသခံ ပြည်သူတို့၏ အသက် အိုးအိမ်လုံခြုံရေးအပေါ် ခြိမ်းခြောက်လာပါသည်။

နောက်ထပ်ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုမှာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်သည်။ ရောမစက်ယန္တယားကြီးများဖြင့် နေ့ရောညပါ တူးဖော်နေခြင်းကြောင့် ဖားကန့်ဒေသရှိ တောင်များနှင့် ချိုင့်ဝှမ်းများမှာ အချိန်တိုအတွင်း တိမ်ကောပျောက်ကွယ် နေပါသည်။ ဒေသခံများ၏ အဆိုအရ ဖားကန့်ကျေးရွာ ၁၉၉၅ ခုနှစ်မှ စတင်၍ တစ်ဖြည်းဖြည်း မြို့ဖြစ်လာသော ဒေသသည် ၂၀၁၃ ခုနှစ်ထိ သဘာဝတောင်အလုံးရေ (၅၀) ခန့် ပျောက်ဆုံးပြီး ဖြစ်သည်။[၅၆] ကုမ္ပဏီကြီးအချို့က တောင်ပေါ်ရွာအချို့အား ငွေပေးစည်းရုံးပြီး ရွှေ့ပြောင်းခိုင်းမှုများကြောင့် ကျေးရွာ အချို့လည်း ပျောက်ကွယ်နေပါသည်။ မိုးရာသီအတွင်း ရေကြီးမြေပြိုမှုများမှာ တားဆီး၍ မရနိုင်သော သဘာဝ ဘေးအန္တရာယ်များ အဖြစ် ဒေသခံများကို နစ်စဉ်ခြောက်လှန့်လျက် ရှိနေပါသည်။ ထို့အပြင် စွန့်ပစ်မြေစာများကို ဥရုချောင်းအတွင်း စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းပြီး နွေရာသီတွင် ရေခန်း ခြောက်မှုများ ရှိနေသည်။ သောက်သုံးရေအတွက် ဥရုချောင်းကို မှီခိုလာသည့် ဥရုချောင်း နံဘေးရှိ ကျေးရွာများအတွက် လူ့အခွင့်အရေးချိုးဖောက်ခံရသကဲ့သို့ ရှိနေပါသည်။

ဖားကန့်ဒေသ ကျောက်စိမ်းတူးဖော်မှုများ၏ အရုပ်တော်ပုံကို လက်ရှိအရပ်သားအစိုးရက တိတိပပ ကိုင်တွယ် ထိန်းချုပ်နိုင်ခြင်း မရှိသေးပါ။ ၂၀၁၆ ခုနှစ် ဇန္နဝါရီလဆန်းပိုင်းတွင် ယဉ်နှင့် ယန္တရားများ တင်သွင်းခွင့် ရပ်ဆိုင်းခဲ့သည်။ ထို့အပြင် ကျောက်စိမ်း တူးဖော်ခွင့် လိုင်စင်သစ်များ[၅၇] များကိုလည်း ရပ်ဆိုင်းထားပြီး ယခင် အစိုးရလက်ထက်ရခဲ့သော လိုင်စင်ဟောင်းများဖြင့်သာ တူးဖော်နေကြသော ကုမ္ပဏီကြီးများသည် ကျောက် များကို မြန်မြန်နှင့် များများ တူးထုတ်နေကြသည်။ ကျန်ရှိသော သက်တမ်းကာလအတွင်း ကျောက်စိမ်းများများ တူးဖော်ရရှိရေးအတွက် ကျောက်တူးပြီးလျှင် ကျောက်ရွေး/ ကောက်မှုများကို ချက်ချင်းမလုပ်ပဲ ကုမ္ပဏီပိုင်နက် ထဲတွင် ခြံခတ်ပုံထားသည်။ မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိအောင် စနစ်တကျ တူးဖော်ရမည့် "ရှေ့စား နောက်ပစ် ပြန်ဖို့စနစ်"[၅၈]ဖြင့် သဘာဝ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရမည့် အစား ကျောက်ရရှိမှုကိုသာ အဓိကထားပြီး ထုတ်ထားသော စည်းကမ်းသတ်မှတ်ချက်များကိုပင် လျစ်လျူရှုကြသည်။ ထိုသို့ အလွန်အကျွံ တူးထုတ်ယူမှုမှ ရရှိလာ ကျောက်စိမ်းများကို အခွန်ရှောင် ထုတ်ရောင်းနေခြင်းကြောင့် ဖားကန့်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် နစ်နာ ခဲ့ရသည်။ ဖားကန့်သည် လူများဖြင့် စည်ကားနေသလောက် မြို့တွင်းလမ်းများမှ ချိုင့်ခွက်များနှင့် ပြည့်နက်နေပြီး ဖုန်များဖြင့် လွှမ်းခြုံနေပါသည်။ ဖားကန့်ဒေသ ပြုပြင်ပြောင်းလဲရန်များစွာ ရှိနေပါသေးသည်။

၅၅ http://www.rfa.org/english/news/myanmar/kachin-state-political-parties-call-for-policy-on-natural-resource-extraction-05272016145812.html (Access on 22 Dec 2016)

၅၆ http://www.ygnnews.com/2013/08/blog-post_8799.html (Accessed on 22 Dec 2016)

၅၇ http://www.mmtimes.com/index.php/business/21593-jade-mining-permit-extensions-suspended.html Accessed on 22 Dec 2016

၅၈ "ရှေ့စားနောက်ပစ်ပြန်ဖို့စနစ်" ဆိုသည်မှာ ပထမဆုံးသတ်မှတ်ချက်အဖြစ် ဧရိယာတစ်ခုကို တူးဖော်မည်။ အနက်ပေ Black rock ဟုခေါ်သော မြေအခံကြော ရောက်သည်အထိ တူးပြီး ထွက်လာသော မြေစာများကို လုပ်ကွက်အတွင်း (သို့) အခြားခွင့်ပြုထားသော ဧရိယာအတွင်း၌လည်းကောင်း ယာယီစုပုံထားနိုင်သည်။ ဤနည်းဖြင့် မြေစာများဖယ်ပြီး ရတနာ ထုတ်ယူရာတွင် တူးထားဧရိယာအတွင်း ကျောက်သား (သို့) မြေသားဘောင်များဖြင့် ချန်လှပ်ထားပြီးမှသာ နောက်ဧရိယာ တစ်ခုကို ဆက်တူးဖော်ပြီး ထိုဧရိယာမှ ထွက်သော မြေစာများကို ပထမဧရိယာထဲသို့ ဖို့သည်။ ထွက်သည့် မြေစာများကို အဝေးသို့ သွားရောက်စွန့်ပစ်စရာ မလိုသဖြင့် အချိန်နှင့် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာစေသည်။ ထိုသို့ ရှေ့တူးနောက်ဖို့ခြင်းကြောင့် ပကတိ မြေပြင် အနေအထားကို အနည်းဆုံး ၇၀% အထိ ပြန်လည်ဖြစ်တည်စေနိုင်သည်။ (အသေးစိတ်ကို "နိုင်ငံတော်၏ အဖိုးတန် သယံဇာတများဖြစ်ကြသော ကျောက်စိမ်း ကျောက်မျက်ရတနာထုတ်လုပ်မှု၊ သတ္တုသယံဇာတ ထုတ်လုပ်မှု၊ စီးပွားရေးကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသား အကျိုးစီးပွားကာကွယ် စောင့်ရှောက်ထိန်းသိမ်းရေးဆိုင်ရာ အကြံပြုတင်ပြချက်" ဦးနေဝင်းထွန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပတ္တမြားနဂါးသတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း)





ကျောက်စိမ်းတူးဖေါ်ခြင်းမှ စွန့်ပစ်မြေစာများကြောင့် နောက်ကျိညစ်ညမ်းနေသော ဥရုချောင်း
Photo by ENAC

## သဘာဝသယံဇာတ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှု

ကျောက်စိမ်းသယံဇာတမှရရှိသောဒေါ်လာသန်းချီအကျိုးအမြတ်များသည်နိုင်ငံတော်ဘဏ္ဍာငွေထဲ မရောက်ဘဲ လက်တစ်ဆုပ်စာ လူနည်းစုလက်ထဲသို့သာ ရောက်ရှိနေကြောင်း Global Witness အဖွဲ့၏ "ကျောက်စိမ်း - မြန်မာနိုင်ငံ၏ အကြီးမားဆုံးလျှို့ဝှက်ချက်" အစီရင်ခံစာတွင် လေ့လာသိရှိနိုင်ပါသည်။ ထို့ကြောင့် ကချင်ပြည်နယ်ရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ ကချင်လူမျိုးတို့သည် ကချင်ပြည်နယ်အတွင်းရှိ ကျောက်စိမ်းအပါအဝင် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအပေါ် အလွန်စိုးရိမ်နေကြပြီး KIA နှင့် မြန်မာ့တပ်မတော်ကြား လက်နက်ကိုင် ပဋိပက္ခများလည်း ဆက်လက်ဖြစ်ပွားနေသဖြင့် အနာဂတ်အတွက် ရင်လေးနေကြသည်။ လွန်ခဲ့သော ၂၀၁၅ ခုနှစ်တွင် သဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာ မူဝါဒတစ်ရပ် ထွက်ပေါ်လာရေးအတွက် ကချင်နိုင်ငံရေးပါတီ (၃) ခု[၅၉] နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့ တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့ကြသည်။ ထိုမှတစ်ဆင့် သဘာဝသယံဇာတ တူးဖော်မှုမူဝါဒများ ထုတ်ပြန်ရေး၊ ပြည်နယ်သယံဇာတ တူးဖော်ရေးအတွက် ရန်ပုံငွေ ပံ့ပိုးပေးရေးနှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှု ရှိရေးစသည့် သယံဇာတဆိုင်ရာ တောင်းဆိုချက်များကို အစိုးရထံတောင်းဆိုခဲ့ကြသည်။[၆၀] ထို့ပြင် သယံဇာတပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှုနှင့် ပတ်သက်၍ မိမိတို့၏ ဘုံသဘောထားများကို ရယူခဲ့ကြသည်။

ENAC သုတေသနအဖွဲ့သည် ကချင်ပြည်နယ်မှ ထွက်သော သဘာဝသယံဇာတများနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားများကို လေ့လာရန်နှင့် ဖားကန့်ဒေသအခြေအနေများကို သိရှိရန်အတွက် ကချင်ပြည်နယ်သို့ သွားခဲ့သည်။ လက်ရှိ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအပါအဝင် ကချင်နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အကြိုတော်ဆောင်အဖွဲ့များ၏ ကိုယ်စားလှယ်များ၊ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို သီးသန့်စီ တွေ့ဆုံခဲ့ပြီး သယံဇာတပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှုဆိုင်ရာ မေးခွန်းများအပါအဝင် သဘာဝသယံဇာတ တူးဖော်မှုကြောင့် နောက်ဆက်တွဲ အကျိုးဆက်များကိုလည်း မေးမြန်းခဲ့သည်။ ဝင်ငွေခွဲဝေမှုနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှု အနည်းငယ်ရှိသော်လည်း ကျန်မေးခွန်းများ၏ အဖြေများမှာ ဆင်တူနေပါသည်။ နိုင်ငံရေးပါတီများတွင် သီးသန့်ထုတ်ပြန်ထားသော သယံဇာတမူဝါဒများမရှိသော်လည်း ၎င်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည့် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ KDNG အဖွဲ့မှ ထုတ်ပြန်ထားသော သဘာဝသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒစာတမ်းတွင် သယံဇာတ မူဝါဒများကို လေ့လာနိုင်ပါသည်။[၆၁]

### ပိုင်ဆိုင်မှု

သယံဇာတပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံတော်၏ သယံဇာတများအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သည်ဟု ပုဒ် ၃၇ (က) တွင် ဖော်ပြထားသည်။ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံဟုခေါ်ပြီး မြန်မာနိုင်ငံသားများအားလုံးကို ရည်ညွှန်းသည်။ သို့ရာတွင် လက်တွေ့တွင် ဗဟိုချုပ်ကိုင်မှုစနစ်ကြီးစိုးနေပြီး ဗဟိုမှ တာဝန်ရှိသူများကသာ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ခြယ်လှယ်နေကြသည်။ သယံဇာတအားလုံး၏ ပိုင်ရှင်များသဖွယ် ဒေသခံပြည်သူများနှင့် ပြည်နယ်အစိုးရတို့ကို ညှိနှိုင်းတိုင်ပင်ခြင်းမပြုဘဲ လုပ်ကွက်များ သတ်မှတ်ပြီး လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးကြောင်း ဒေသခံများထံမှ သိရှိရသည်။ သုတေသန ခရီးစဉ်အတွင်း မှတ်သားခဲ့သော ကချင်ခေါင်းဆောင်များ၏ သဘောထားများမှ

ကချင်ပြည်နယ်မှထွက်သောသဘာဝသယံဇာတများအားလုံးသည်ကချင်ပြည်နယ်သားအားလုံးနှင့်ဆိုင်သည် (သို့မဟုတ်) သယံဇာတထွက်သော ဒေသမှ ဒေသခံ ဌာနေတိုင်းရင်းသားများက[၆၂] ပိုင်ဆိုင်သည်။ သမိုင်းအထောက်အထားများအရ ကချင်ပြည်နယ်၏ သယံဇာတများကို ဒေသခံ ဌာနေသားများ ဖြစ်ကြသော ကချင်ဒူဝါကြီးများက ၁၉၆၂ ခုနှစ်အထိ ပိုင်ဆိုင်ခဲ့ကြသည်။

ကချင်ပြည်နယ်မှ ထွက်သော သဘာဝသယံဇာများအားကို ကချင်ပြည်သူ/ကချင်ပြည်နယ်သားများ ပိုင်ဆိုင်သည်ကို လက်ရှိအစိုးရလက်ထက်တိုင် ဆက်လက်တောင်းဆိုမှုများ ရှိသည်။ ၂၀၁၆ ခုနှစ် မတ်လ (၁) ရက်နေ့[၆၃]တွင် ကျင်းပသော သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးဆွေးပွဲတစ်ခုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့ပြီး ကချင်ပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ နိုင်ငံရေး ပါတီများနှင့် ဘာသာရေးအဖွဲ့အဖွဲ့အစည်း (၆၁)ဖွဲ့တို့မှ ခေါင်းဆောင်နှင့် ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၃) ဦးတက်ရောက်ခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲမှ ကချင်ပြည်နယ်မှ ထွက်သော သဘာဝသယံဇာတများအပေါ် ကချင်ပြည်သူတို့၏ သဘောထားများနှင့် ပတ်သက်၍ အချက် (၈) ချက်ပါ ထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်ခဲ့ သည်။ ထိုအချက်ထဲမှ အချက်(၂)သည် သဘာဝသယံဇာတပိုင်ဆိုင်မှုအကြောင်း ဖြစ်ပြီး ကချင်ပြည်နယ်ရှိ သဘာဝ သယံဇာတအားလုံး၏ မူရင်းပိုင်ရှင်သည် ကချင်ပြည်နယ်သူ/ပြည်နယ်သားများသာဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်။ ထိုထုတ်ပြန်ချက်များသည် ကချင်ပြည်သူတို့၏ သဘောထားများဖြစ်သဖြင့် လက်ရှိအစိုးရက အသိမှတ်ပြုပေးရန် လိုပါသည်။ လက်ရှိတည်ဆဲ ဖွဲ့စည်းပုံ၌လည်း ပြင်ဆင်ပြဌာန်းသင့်ပါသည်။

> ကချင်ပြည်နယ်သူ ပြည်နယ်သားများသည် ကချင်ပြည်နယ်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ် အားလုံး၏ မူရင်းပိုင်ရှင် ဖြစ်သည်။
>
> *ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ကချင်ပြည်သူလူထု၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ကြေငြာချက် (၂၀၁၆ ခုနှစ် မတ်လ ၇ ရက်)၊ အချက် (၂)*

### စီမံခန့်ခွဲမှု

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ၏ ပုဒ် ၃၇ (ခ) တွင် သယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုများကို နိုင်ငံတော်မှ ဆောင်ရွက်မည်ဟု ဖော်ပြထားသည်။ ပြည်သူအားလုံးကို ကိုယ်စားပြုသော နိုင်ငံတော်ကို ရည်ညွှန်းထားသော်လည်း လက်တွေ့တွင် ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် သယံဇာတစီမံခန့်ခွဲမှုများကို ချုပ်ကိုင်ထားပါသည်။ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများကို ရေးဆွဲထုတ်ပြန်ပေးခြင်း၊ လုပ်ကွက်နှင့် လုပ်ကိုင်ခွင့်လိုင်စင်ချပေးခြင်း၊ သယံဇာတ တူးဖော်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် အခွန်ငွေများ ကောက်ခံခြင်း စသည့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဗဟိုကသာ ချုပ်ကိုင်ထားသည်။ အရပ်သား အစိုးရ

၅၉ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၊ ကချင်ဒီမိုကရေစီပါတီနှင့် ကချင်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။
၆၀ http://www.rfa.org/english/news/myanmar/kachin-state-political-parties-call-for-policy-on-natural-resource-extraction-05272016145812.html (Accessed on 22 Dec 2016)
၆၁ KDNG, Kachin State Natural Resources Development Policy Discussion Paper, June 2015

၆၂ ဒေသခံဌာနေတိုင်းရင်းသားများဆိုသည်မှာ ဒေသအခေါ် ရှူဒီမရှာများကို ဆိုလိုသည်။ ရှူဒီမရှာနှင့် ပတ်သက်၍ တိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုမှ မရယူနိုင်ခဲ့ပါ။ ၁၉၄၆ ခုနှစ် မတိုင်ခင် မရစ်အနွယ်ဝင် ကန်းစီးဒူဝါကြီးများကို ရည်ညွှန်းမှုများ ရှိနေသည်။
၆၃ ကချင်ပြည်နယ်ရှိသဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ကချင်ပြည်သူလူထု၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ကြေငြာချက် (၂၀၁၆ ခုနှစ် မတ်လ ၇ ရက်)

တက်လာပြီးနောက် ပြည်နယ်အဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ခန့်အပ်ထားရှိသော်လည်း သွားမရှိသော ကျားများသဖွယ် လုပ်ပိုင်ခွင့် မယ်မယ်ရရမရှိပါ။ ထိုဝန်ကြီးနှင့် သက်ဆိုင်သည်ဟု ယူဆရသော ကိစ္စရပ်အချို့ကို ဝန်ကြီးက နောက်မှ သိလိုက်ရသည့် အခြေအနေမျိုးလည်း ရှိနေသည်။ ဥပမာ - ဖားကန့်မြို့နယ် ကျောက်မျက် တူးဖော်ကြီးကြပ်ရေးအဖွဲ့ကို နေပြည်တော်မှ ခန့်စာဖြင့် တိုက်ရိုက်ခန့်အပ်ရာတွင် ပြည်နယ်အဆင့် သယံဇာတ ဝန်ကြီးနှင့် တိုင်ပင် အသိပေးမှုမှာ လိုအပ်ချက်များရှိနေသည်။

လက်ရှိသယံဇာတစီမံခန့်ခွဲမှုကို ဗဟိုအစိုးရလက်ထက်မှ ပြည်နယ်အစိုးရလက်ထဲသို့ လွှဲပြောင်း ပေးရန် လိုပါသည်။ ကချင်ပြည်သူတို့ ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်အစိုးရကသာ အပြည့်အဝ စီမံခန့်ခွဲ သင့်သည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲပြီး ထိုဥပဒေနှင့်အညီ ကချင်ပြည်နယ်၏ သဘာဝသယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်ဟု ကချင်ပြည်နယ် သုတေသန ခရီးစဉ်အတွင်း ကချင်ခေါင်းဆောင်များကို ၎င်းတို့၏ သဘောထားများကို ထုတ်ဖော်ပြောပြခဲ့သည်။ ထို့အပြင် သယံဇာတများကို ရှာဖွေ၊ တူးဖော်၊ ရောင်းချ ပိုင်ခွင့်ဆိုင်ရာ စီမံခွန့်ခွဲပိုင်ခွင့်တို့ကို အနာဂတ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတို့တွင် ထည့်သွင်းပြဋ္ဌာန်းထားရန် လိုကြောင်း ပြည်နယ်လုပ်ပိုင်ခွင့်များ သေချာခိုင်မာရေးအတွက် အရေး ကြီးကြောင်း ကချင်ခေါင်းဆောင်များ၏ တူညီသော သဘောထားများကို တွေ့ရှိရသည်။ ပြည်နယ် အစိုးရ၏ စီမံခန့်ခွဲနိုင်စွမ်းနှင့်ပတ်သက်၍ စိုးရိမ်စရာ မလိုကြောင်း၊ ပြည်ထောင်စုအစိုးရ၏ စီမံခန့်ခွဲ နိုင်စွမ်းသည် ဘာမှ ထူးခြားနေခြင်း မရှိကြောင်း၊ အကျိုးအမြတ်များကို ဒေသဖွံ့ဖြိုးရေးအတွက်၊ ပြည်နယ်အတွက် ထားရှိသည့် စိတ်စေတနာကသာ အဓိကဖြစ်ကြောင်း၊ ပြည်နယ်များကို လုပ်ပိုင်ခွင့်ပေးလျှင် ကောင်းမွန်စွာ လုပ်ကိုင်နိုင်ကြောင်း ကချင်ခေါင်းဆောင် တစ်ဦးက ဖြစ်သင့် ဖြစ်ထိုက်သော စီမံခန့်ခွဲမှုပုံစံကို ထောက်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိ သဘာဝ သယံဇာတကဏ္ဍမှ တရားဝင်ကောက်ခံရရှိသော ဝင်ငွေသည် နိုင်ငံတော်ဘဏ္ဍာထဲ စီးဝင်သင့်သော ပမာဏထက် လျော့နည်းနေပါသည်။ စီမံခန့်ခွဲမှုစနစ် လိုအပ် ချက်များ (ချထားသော လုပ်ကွက်နှင့် တာဝန်ခန့်အပ်ထားသော ဝန်ထမ်းအင်အား မမျှတခြင်း၊ သယံဇာတထွက်သော ဒေသမှ ရပ်မိရပ်ဖများအား စီမံခန့်ခွဲရေးတွင် ပါဝင်ခွင့် မရှိခြင်း၊ ပညာရှင် ပါဝင်မှု နည်းပြီး စစ်တပ်အရာရှိများ ပါဝင်နေခြင်း)ကြောင့် အခွန်ရှောင်သည့် ပြဿနာနှင့် အဂတိ လိုက်စားသည့် ပြဿနာတို့ကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။ လက်ရှိ တည်ဆဲဥပဒေအရ သယံဇာတတူးဖော်ရောင်းချခြင်းဆိုင်ရာ အခွန်များကို ဗဟိုကသာ တရားဝင် ကောက်ခံပိုင်ခွင့်ရှိသည်။ သို့ရာတွင် ဖားကန့်ဒေသသည် ၁၉၉၄ ခုနှစ် မတိုင်ခင်အထိ ကေအိုင်အေ ထိန်းချုပ်နယ်မြေများ ဖြစ်ခဲ့ရာ ထိုဒေသအပေါ် ဩဇာညောင်းပြီး ထိုဒေသထွက် ကျောက်စိမ်းများမှ အခွန်အချို့ကို ကောက်ခံလျက်ရှိသည်ဟု ယူဆရသည်။

ကျောက်စိမ်းပါဝင်သည့် ကျောက်မျက်ရတနာကဏ္ဍ အခွန်စည်းကြပ်ပုံကို အကျဉ်းချုံးဖော်ပြပါမည်။ ၁၉၉၀-၁၉၉၄ ခုနှစ်အတွင်း ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (Produciton Sharing Contract) ဖြင့် နိုင်ငံတော်နှင့်လုပ်ငန်းရှင် ဖက်စပ်အကျိုးတူလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးထားပြီး ရတနာခွန် (တွင်းဝခွန်)[၆၄] ၂၀% နှင့် နိုင်ငံခြားငွေဖြင့် ရောင်းချရမှုအပေါ် ကုန်သွယ်ခွန် ၁၀% အခွန် စည်းကြပ်သည်။ လုပ်ငန်းရှင်ဘက်မှ ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ကျခံရသော်လည်း ထိုအတွက် ထည့်စဉ်းစား ထားပေးခြင်း မရှိခဲ့ပေ။ ၁၉၉၅ ခုနှစ်တွင် မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့် မြန်မာ့ကျောက်

၆၄ ရတနာခွန် (အရပ်အခေါ် တွင်းဝခွန်)သည် ကျောက်မျက်ရတနာဥပဒေအရ ထွက်ရှိသည့် ကျောက်မျက်ရတနာကို မှတ်ပုံတင်ချိန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ရာဖြတ်သည့်တန်ဖိုးအပေါ် ကောက်ယူသော အခွန်နှုန်းထားကို ဆိုလိုသည်။



မျက်ရတနာ နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီး ယခင်အခွန် အမျိုးစားအမျိုးအစားနှင့်အခွန်နှုန်းတို့ဖြင့် ဆက်လက်ကောက်ခံခဲ့သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်တွင် မြန်မာ့ ကျောက်မျက် ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ ကျောက်မျက်ရတနာ လုပ်ငန်းသည် ၂၀၁၆ ခုနှစ်တွင်ပင် ပြဋ္ဌာန်းလိုက်သော ပြည်ထောင်စု အခွန်အကောက်ဆိုင်ရာ ဥပဒေအရ အထူးကုန် စည်ခွန် (Special Goods Tax) နှင့် ကုန်သွယ်လုပ်ငန်းခွန် (commercial tax) တို့ကို ပေးဆောင် ရသည်။ ထို့အပြင် ဝင်ငွေခွန် (Income Tax) နှင့် ဝန်ဆောင်ခ (Signature Bonus) များကိုလည်း ပေးဆောင် ရသဖြင့် စုစုပေါင်း အခွန်အမျိုးအစား (၄) မျိုးဖြင့် စီးကြပ်ထားပါသည်။ (အချပ်ပို ၆)

## ဝင်ငွေခွဲဝေမှု

မြန်မာနိုင်ငံ၏ လက်ရှိသယံဇာတ ဝင်ငွေထိန်းချုပ်သည့်စနစ်တွင် ကောက်ခံရရှိလာသော သယံဇာတ ဝင်ငွေများကို သယံဇာတထွက်ရှိသော ဒေသနှင့် ပြည်နယ်အတွက် သီးခန့်ခွဲဝေပေးထားခြင်း မရှိပါ။ သယံဇာတ ဝင်ငွေများသည် နိုင်ငံတော်ဘဏ္ဍာထဲသို့ အခြားကဏ္ဍမှရလာသော ဝင်ငွေများနှင့်အတူ ထားရှိပြီး ထိုမှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်အလိုက် ချပေးသည်။ ထို့ကြောင့် ပြည်ထောင်စုမှ ချပေးလာသော ပြည်နယ်ဘတ်ဂျတ်တွင် သယံဇာတဝင်ငွေ မည်မျှကိုယ်စားပြုသည်ကို မသိနိုင်ပါ။ ကချင်ပြည်နယ်သည် ဝင်ငွေ အလုံးအရင်းရရှိနိုင်သော အဖိုးတန်သယံဇာတများစွာ ထွက်ရှိသဖြင့် သယံဇာတဝင်ငွေများကို ထွက်ရှိရာဒေသနှင့် ပြည်နယ် အတွက် သီးသန့်အကျိုးခံစားခွင့် ရထိုက်သည်ဟု သုံးသပ်ပြောဆိုမှုများ ရှိနေပါသည်။ ကချင်ပြည်နယ် သုတေသနခရီးစဉ်အတွင်း တွေ့ဆုံမေးမြန်းခဲ့သော ဒေသခံကချင်နိုင်ငံရေး ခေါင်းဆောင်များက သယံဇာတဝင်ငွေ ခွဲဝေမှုနှင့်ပတ်သက်၍ ကချင်ပြည်သူတို့၏ သဘောထားများကို ခံယူပြီး ဆုံးဖြတ် သင့်ကြောင်း၊ လက်ရှိ နိုင်ငံရေးအခြေအနေအရ သယံဇာတဝင်ငွေ ခွဲဝေမှုနှင့် ခွဲဝေသင့်သော ပမာဏများကို ဆုံးဖြတ်ရန် စောနေသေး ကြောင်း၊ သို့ရာတွင် ထိုအတွက် ခွဲဝေမှုမနစ်နှင့် ခွဲဝေမည့် ပမာဏများကို ကြိုတင်စဉ်းစားထားသင့်ကြောင်းနှင့် နိုင်ငံတကာ အတွေ့အကြုံများကိုလည်း လေ့လာရန်လိုကြောင်း ၎င်းတို့၏ သဘောထားများကို သိရှိခဲ့ရသည်။ ကချင်ပြည်နယ် ရသင့် ရထိုက်သည့် သယံဇာတအကျိုးအမြတ်ကို ထည့်သွင်း ရေးဆွဲ ထားသည့် ခွဲဝေရေးစနစ်တစ်ရပ်ကို ခေါင်းဆောင်အားလုံးက လိုလားကြသည်။

ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်၍ အကျိုးအမြတ်ခွဲဝေမှု ပုံစံမှာ ယခင်လုပ်ငန်းရှင် ၆၀%၊ နိုင်ငံတော် ၄၀% သတ်မှတ်ရာမှ ယခုအခါ လုပ်ငန်းရှင် ၇၅% နှင့် အစိုးရ ၂၅% သို့ လျော့ပေါ့ ပေးထားသည်။ အခွန်ဦးစီး ဌာနမှ အခွန်ရှောင်မှုကို လျော့ချရန်အတွက် ရင်းနှီးမြှုပ်နှံသူများကို မက်လုံးပေးခြင်းဖြစ်သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၆ ခုနှစ် ဒုတိယအကြိမ်ပြင်ဆင်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့အရ အခွန်အမျိုးအစားနှင့် အခွန်ရာခိုင်နှုန်းများ ပိုများလာသည်။ (ဇယား - ၃ ကို ကြည့်ရန်) ထိုအခွန် အမျိုးအစားနှင့် အခွန်နှုန်းထားများသည် လုပ်ငန်းရှင်နှင့် နိုင်ငံတော်ခွဲဝေမှုအပိုင်းဖြစ်ပြီး ပြည်ထောင်စု နှင့် ပြည်နယ်ခွဲဝေမှုပိုင်းကို လေ့လာသုံးသပ်ရန် လိုပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း သယံဇာတ ဝင်ငွေများကို လက်ရှိဥပဒေများအရ ပြည်ထောင်စုနှင့် ပြည်နယ် သီးသန့် ခွဲဝေမှုမရှိ သဖြင့် ထိုအတွက် ကချင်ခေါင်းဆောင်များ၏ သဘောထားကို ရယူခဲ့ပါသည်။ ခေါင်းဆောင်အချို့က နိုင်ငံတော်အတွက် ကချင်ပြည်နယ်မှ ကောက်ခံရရှိသော သယံဇာတ ဝင်ငွေများကို ပြည်နယ်

၆၅ ပြည်ထောင်စုနှင့် ပြည်နယ်ကြားခွဲဝေမှုကို ၂၀-၈၀ % (သို့မဟုတ်) ၅၀-၂၀% အစွန်းဘက်ကျသည့် ပုံစံမျိုးကို လက်မခံနိုင်သည့် ခေါင်းဆောင်များလည်း ရှိသည်။ (သုတေသနမေးမြန်းချက်)

၇၀%၊ ပြည်ထောင်စု ၃၀% (သို့မဟုတ်) ပြည်နယ် ၆၀ % နှင့် ပြည်ထောင်စု ၄၀% ခွဲဝေခံစားသင့်သည်ဟု ယေဘုယျအားဖြင့် အဆိုပြုကြသည်။[၆၅] ပြည်နယ်၏ အကျိုးခံစားခွင့်ထဲမှ သယံဇာတထွက်သော ဒေသများသည် သယံဇာတ မထွက်သော ဒေသများထက် ပို၍ အကျိုးခံစားသင့်သည်ဟု ယူဆကြသည်။ ယခင်အရပ်သားတစ်ပိုင်း ဦးသန်းစိန်အစိုးရ လက်ထက်တွင် သယံဇာတ ဝင်ငွေခွဲဝေမှုနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာဌာနမှ အဆိုတင်သွင်းခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု အကြောင်းပြကာ ဆွေးနွေးခွင့်မပြုခဲ့ပေ။[၆၆] လက်ရှိသယံဇာတ ကဏ္ဍစီမံခန့်ခွဲသည့်စနစ်မှာလည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှု အလွန်အားနည်းနေသဖြင့် ရသင့်ရထိုက်သော နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးနေပါသည်။ ထို့ကြောင့် အခြားနိုင်ငံများ၏ အောင်မြင်သော ခွဲဝေမှုစနစ်ကို လေ့လာပြီး သားစဉ်မြေဆက် ရေရှည်အကျိုးခံစားနိုင်သည့် ခွဲဝေမှုစနစ်ကို ကျင့်သုံးသင့်ပါသည်။

### ဇယား (၃) ကျောက်စိမ်းဝင်ငွေမှ ကောက်ခံသည့် အခွန်နှုန်းများ ပြောင်းလဲသွားပုံ

| အမျိုးအစား | လုပ်ငန်းရှင် | အစိုးရ | စီးကြပ်သည့် အခွန်အမျိုးအစား |
|---|---|---|---|
| ယခင် (၂၀၁၆ ခုနှစ် မတိုင်ခင်) | ၆၀% | ၄၀% | • ရတနာခွန်၊<br>• ကုန်သွယ် လုပ်ငန်းခွန်၊<br>• ဝင်ငွေခွန် |
| ယခု (၂၀၁၆ ခုနှစ် နောက်ပိုင်း) | ၇၅% | ၂၅% | • အထူးကုန်စည်ခွန်၊<br>• ကုန်သွယ်လုပ်ငန်းခွန်၊<br>• ဝန်ဆောင်ခ၊<br>• ဝင်ငွေခွန် |

၆၅ ပြည်ထောင်စုနှင့်ပြည်နယ်ကြားခွဲဝေမှုကို ၂၀-၈၀ % (သို့မဟုတ်) ၅၀-၂၀% အစွန်းဘက်ကျသည့်ပုံစံမျိုးကို လက်မခံနိုင်သည့်ခေါင်းဆောင်များလည်း ရှိသည်။ (သုတေသနမေးမြန်းချက်)

၆၆ သုတေသနခရီးစဉ်အတွင်း တွေ့ဆုံမေးမြန်းခဲ့သော ကချင်ခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်မှ ကောက်နုတ်ထားသည်။



## ဝင်ငွေများကို ခွဲဝေခြင်း

### ■ နည်းလမ်း (၁)

ကျောက်စိမ်းမှ ရရှိသော ဝင်ငွေများကို ခွဲဝေနိုင်သည့်နည်းလမ်းတစ်ခု (အောက်ပါပုံပြဇယား)ကို Harvard Ash Center မှ ထုတ်ထားသည့်အပေါ် အနည်းငယ်သုံးသပ်ပါမည်။ ထိုနည်းလမ်းအရ လုပ်ငန်းလိုင်စင် ချပေးသည့် ပြည်ထောင်စုအစိုးရ (သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာ)နှင့် ကချင်ပြည်နယ်အစိုးရတို့ဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းလိုင်စင်ချပေးသည့် အဖွဲ့သည် ဥပဒေနှင့် အညီဖွဲ့စည်းတည်ထောင်ထားသော (ကျောက်မျက်) တူးဖော်ရေးလုပ်ငန်းများအား ကျောက်စိမ်း လုပ်ကွက်နှင့် လုပ်ကိုင်ခွင့်လိုင်စင်များကို ချပေးသည်။ ထိုလုပ်ကွက်များမှ ထွက်သော ကျောက်စိမ်းများကို ပြည်တွင်းပြည်ပဈေးကွက်များတွင် ရောင်းချပြီး ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံတော်နှင့် လုပ်ငန်းရှင် အကြား ၅၀% စီ ခွဲဝေယူကြရမည်။ ထိုခွဲဝေမှုပုံစံသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (Production Shairng Contract) ဖြစ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များကို ခုနှိမ်ထားခြင်းမရှိသဖြင့် ကျောက်အောင် (ကျောက်ကောင်းရလျှင်) ကုန်ကျစရိတ်ကာမိနိုင်သော်လည်းမအောင်လျှင် လုပ်ငန်းရှင်များအတွက် အခက်တွေ့စေနိုင်သည်။ ကျောက်ကောင်းရသော်လည်း ကျောက်ဈေးကွက်တွင် ချက်ချင်းရောင်းထွက်နိုင်သည့် အလားအလာ အမြဲတမ်း စိတ်မချရသဖြင့် တရားဝင်ရောင်းချခြင်းထက် ခိုးထုတ်ရောင်းချမှုများကို အားပေးသလို ရောက်သွားနိုင်ပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ် ခုနှိမ်ပြီးမှ နိုင်ငံတော်အစိုးရထံ အခွန်ဆောင်လျှင် တရားမျှတမှု ရှိနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို စနစ်တကျ ခုနှိမ်ပေးနိုင်သည့် နည်းလမ်းများကို ရှာဖွေ ဖော်ထုတ်ပြီး လုပ်ငန်းရှင်များနှင့် ညှိနှိုင်းကာ ကျင့်သုံးသင့်သည်။


နောက်တစ်ဆင့်မှာ အစိုးရမှ ကောက်ခံရရှိလာသော ကျောက်စိမ်းအခွန်များကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြားခွဲဝေရာတွင် ကချင်ပြည်နယ်အတွက် သီးသန့်ရာခိုင်နှုန်း တစ်ခုကို ညှိနှိုင်းသတ်မှတ်ရန် တင်ပြထားသည်။ လက်ရှိဥပဒေအရ ကျောက်စိမ်းမှ ရရှိသော ဝင်ငွေများကို ကချင်ပြည်နယ်အတွက် ခွဲထားပေးခြင်း မရှိသေးသဖြင့် ထည့်သွင်းစဉ်းစားသင့်သော အချက်တစ်ချက် ဖြစ်သည်။ သို့မှသာ ကချင်ပြည်သူ များသည် မိမိတို့ပြည်နယ်မှ ထွက်သော သယံဇာတများသည် ကချင်ပြည်နယ်အတွက် မည်မျှ အကျိုးခံစားခွင့် ရှိသည်ကို သိနိုင်မည် ဖြစ်သည်။ ထိုခံစားခွင့်သည့် ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် မည်မျှပံ့ပိုးပေးနိုင်သည်ကို သိနိုင်မည်။ ကျန်ရှိသော သယံဇာတအခွန်ငွေများအား အခြားပြည်နယ်နှင့် တိုင်းများအတွက် ခွဲဝေပေးသည့်အပြင် စစ်တပ်ဘတ်ဂျက်အတွက်လည်း ညှိနှိုင်းရန် ပါရှိသည်။ အခွန်အပြည့်အဝရရှိရန် တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရေးအတွက် ရည်ရွယ်ထားသည်။ ကာကွယ်ရေးဝန်ကြီးဌာန အောက်ရှိ တပ်မတော်ကို အခွင့်ထူးခံပုံစံဖြင့် စဉ်းစားထားသကဲ့သို့ ဖြစ်နေသဖြင့် ထိုအချက်မှာ အငြင်းပွားဖွယ်ဖြစ်နိုင်သည်။ ကာကွယ်ရေး ဝန်ကြီးဌာနအတွက် ဘတ်ဂျက်ကို ပြည်ထောင်စု လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့်သာ ချပေးသင့်ပါသည်။ ရာခိုင်နှုန်းတစ်ခုဖြင့် သီးသန့်သတ်မှတ်ခြင်း မပြုသင့်ပေ။

နောက်တစ်ခုမှာ ကျောက်စိမ်းထွက်ရှိသော ဒေသအတွက် အနည်းဆုံးရာခိုင်နှုန်း မည်မျှခွဲဝေသင့်သည်ကို ကျောက်စိမ်းမှရရှိသော နိုင်ငံတော်ဘဏ္ဍာငွေ ခွဲဝေသည့်စနစ်တွင် ဖော်ပြထားရန် အရေးကြီးပါသည်။ ထွက်ရှိရာဒေသ၏ အကျိုးစီးပွားကို ရှေးရှုပြီး ဦးစားပေးခွဲဝေပေးသင့်သည်။ ကျောက်စိမ်းကို အင်းပြဲစနစ်ဖြင့် အလွန်အကျွံ ပရမ်းပတာ ထုတ်ယူနေမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်နှင့် လူမှုရေးပြဿနာ များကို ကုစားပေးရန်နှင့် သားစဉ်မြေးဆက် အကျိုးခံစားခွင့်များ ဖန်တီးပေးနိုင်ရေးအတွက် လုံလောက်သော ကျောက်စိမ်းဝင်ငွေခွဲတမ်းနှင့် ထိုငွေများကို စနစ်တကျသုံးစွဲသည့်စနစ်တစ်ခုကို လေ့လာဖော်ထုတ်သင့်ပါသည်။ လက်ရှိအရပ်သားအစိုးရသည် သက်တမ်းအားဖြင့် နုသေးသော်လည်း ကျောက်စိမ်းလုပ်ငန်းစီမံခန့်ခွဲမှုစနစ် (ကျောက်စိမ်းဝင်ငွေခွဲဝေမှု

အပါအဝင်) အတွက် (ကချင်ပြည်နယ်နှင့် ကျောက်စိမ်းထွက်ရှိရာဒေသများအတွက် ရှေးရှုသည့်) ကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပေးနိုင်ပါက လက်ရှိဖြစ်ပွားနေသော တပ်မတော်နှင့် ကေအိုင်အိုကြား လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

### ပုံ (၄) ကျောက်စိမ်းမှ ရရှိသည့် ဝင်ငွေများကို အနာဂတ်တွင် ခွဲဝေနိုင်ပုံ နည်းတစ်နည်း

(အောက်ပါပုံမှာ ပုံသေဖြစ်ရမည်ဟု မဆိုလိုပါ။ သက်ဆိုင်သူများအကြား ညှိနှိုင်းနိုင်ပါသည်။)




*အရင်းအမြစ် - Harvard Ash Center ၏ "The Grand Bargain: What it is and why it is needed." P14 http://ash.harvard.edu/files/ash/files/20160815_a_grand_bargain_mmr_v24.10.2016.pdf (Accessed on 16 Dec 2016)*




## ■ နည်းလမ်း (၂)

ဒုတိယနည်းလမ်းတစ်ခုမှာ သုတေသနခရီးစဉ်အတွင်း ကချင်ခေါင်းဆောင်တစ်ဦး၏ အဆိုပြုချက်ကို စဉ်းစားနိုင်ရန်နှင့်ဝေဖန်နိုင်ရန်အနည်းငယ်တင်ပြလိုပါသည်။ အဆိုပြုချက်ကိုပြန်လည်ပုံဖော်ရေးဆွဲထားသော အောက်ပါပုံပြဇယားတွင် လာမည့်အနာဂတ်၌ နိုင်ငံတော်နှင့်လုပ်ငန်းရှင် အကျိုးတူဖက်စပ်လုပ်ငန်းများမရှိတော့ဘဲပုဂ္ဂလိကလုပ်ငန်းများသာထားရှိသင့်သည်ဟုအဆိုပြုထားပါသည်။ ပုံတွင် ပြထားသည့်အတိုင်း ကျောက်စိမ်းမှ ရရှိလာသော (ထုတ်လုပ်မှု ကုန်ကျ စရိတ်နုတ်ထားပြီးသော) အသားတင် အမြတ်ငွေများကို လုပ်ငန်းရှင် ၆၀ % နှင့် နိုင်ငံတော် ၄၀ % ခွဲဝေ ထားသည်။ ထို့နောက် နိုင်ငံတော် ရရှိလာသော ကျောက်စိမ်းဝင်ငွေ ၄၀%အပေါ် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့က ၆၀% နှင့် ၄၀% စီ ထပ်မံခွဲဝေသည်။ နောက်ဆုံးခွဲဝေမှုအဆင့်တွင် ပြည်နယ်အစိုးရ ရှိလာသော ၆၀% ကို ကျောက်စိမ်းထွက်ရှိသော ဒေသနှင့် ကချင်ပြည်နယ် အစိုးရတို့က ၆၀% နှင့် ၄၀% စီ ထပ်မံခွဲဝေပေးထားသည်။ ဤခွဲဝေနည်းသည် စိတ်ဝင်စားစရာကောင်းပြီး ကချင်လူထုတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင် ဆုံးဖြတ်သင့်ပါသည်။

နိုင်ငံပိုင် (သို့မဟုတ်) အစိုးရနှင့်လုပ်ငန်းရှင်အကျိုးတူလုပ်ငန်းများကို ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် (Privatization) ပြောင်းလိုက်ခြင်းဖြင့် လုပ်ငန်းရှင်များအတွက် အမြတ်များများရစေနိုင်သည့် မက်လုံးများပေးကာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ အားပေးသင့်ပါသည်။ ထို့အပြင် မအောင်မြင်သော နိုင်ငံပိုင် လုပ်ငန်းများ၏ ဝန်ထုပ်ဝန်ပိုးများကိုလည်း လျော့ချနိုင်မည် ဖြစ်သည်။ ကျောက်စိမ်းဝင်ငွေခွဲဝေမှု အဆင့်ဆင့်အတွက် ယာထားသော အချိုး (၆း၄) မှာ ကျောက်စိမ်းထွက်သော ဒေသခံများနှင့် ကချင်ပြည်နယ်သူ/သားများအတွက် လက်ခံနိုင်ချေများပါသည်။ သို့ရာတွင် ခွဲယူထားမည့် အချိုး (ရာခိုင်နှုန်းမှာ) များနေပြီး အခြားပြည်နယ်နှင့် တိုင်းသေကြီးများအတွက် ပေးမည့် အချိုးက နည်းနေသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား ဖွံ့ဖြိုးမှုအဆင့် ကွာဟချက်များကို ထိန်းညှိကုစားရန်အတွက် အားနည်းသွားစေနိုင်ပါသည်။ ထို့အပြင် သဘာဝ သယံဇာတသည် ကုန်ခမ်းနိုင်သဖြင့် သယံဇာတဝင်ငွေတစ်ခုတည်းကိုသာ အားထားသည့် စီးပွားရေးထက် အခြား စီးပွားရေးအခွင့်အလမ်းများကိုလည်း ဒေသခံများအတွက် ဖန်တီးပေးသင့်ပါသည်။

### ပုံ (၅) အနာဂတ်ကျောက်စိမ်းဝင်ငွေခွဲဝေမှုပုံစံ



## သက်ရောက်မှု

အထက်တွင် ဖော်ပြထားသည့်အတိုင်း ကျောက်စိမ်းကို တွင်းဖွင့်အင်းပြဲစနစ်ဖြင့် တူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများနှင့် လူမှုရေးအကျိုးသက်ရောက်မှုများရှိနေပြီး ထိုဆိုးကျိုး သက်ရောက်မှုအန္တရာယ်များမှာ တစ်ဖြည်းဖြည်းကြီးထွားလာပါသည်။ ထိုအန္တရာယ်များကို ထိန်းချုပ်တားဆီး နိုင်ရေးအတွက် ကချင်လူမှုအဖွဲ့အစည်းများနှင့် ကချင်နိုင်ငံရေးပါတီ၊ ဘာသာရေး အဖွဲ့အစည်းများက တောင်းဆိုကြသော်လည်း (အချပ်ပို - ၇ တွင် ကြည့်ရန်) ထိရောက်သော အရေးယူဆောင်ရွက်မှုနှင့် တားဆီးမှုများကို မကြာသေးခင်က တက်လာသော အရပ်သားအစိုးရက ဆောင်ရွက်ခြင်း မရှိသေးပါ။ ယခင် ဦးသိန်းစိန် အစိုးရလက်ထက် ရရှိထားခဲ့သော လုပ်ငန်းလိုင်စင် (ယခုအစိုးရထိတိုင် သက်တမ်းရှိနေသေးသော လုပ်ကွက်များ) နှင့် ဥပဒေအားနည်းချက်များကို အခွင့်ကောင်းယူပြီး ကျောက်စိမ်းများများနှင့် မြန်မြန်ထုတ်ယူနိုင်ရေးသာ လုပ်ငန်းရှင်ကြီးများ၏ လောဘကို ထိန်းချုပ်နိုင်သည့် ထိရောက်သော နည်းလမ်းများကို အချိန်မီ ရှာဖွေ ဖော်ထုတ်ကျင့်သုံးရန်လိုသည်။ သို့မှသာ သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်ကို မှီခိုသော လူသားနှင့် သက်ရှိအားလုံးကို ကယ်တင်နိုင်မည် ဖြစ်သည်။

> စီမံကိန်းလိုင်စင်မချမီ မူလဒေသခံများအား ကြိုတင်အသိပေးအကြောင်းကြားခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်နှင့် သဘောတူညီချက်များ ရယူခြင်း (Free Prior Informed Consent) လုပ်ဆောင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရမည်။
>
> *ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ကချင်ပြည်သူလူထု၏ သဘောထား ရပ်တည်ချက် ထုတ်ပြန်ကြေငြာချက် (၂၀၁၆ ခုနှစ် မတ်လ ၇ ရက်)၊ အချက် (၅)*

### ၅.၂.၂. ရခိုင်ပြည်နယ်

ရခိုင်သမိုင်းမှတ်တမ်းများအရ ရခိုင်ပြည်နယ်သည် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦး စသည့် ရခိုင်မင်းဆက်(၄)ဆက်တို့ဖြင့် (ဘီစီ ၃၃၂၅ - အေဒီ ၁၇၈၅ အတွင်း) သီခြားလွတ်လပ်သော ပြည်ထောင် တစ်ခု အနေဖြင့် နှစ်ပေါင်း (၅၀၀၀) ကျော် ရပ်တည် လာခဲ့သည်။ ဗမာ (သို့မဟုတ်) မြန်မာမင်းများက ၁၇၈၄ ခုနှစ်တွင် ရခိုင်ပြည်ကို ဝင်ရောက်သိမ်းပိုက်ခဲ့သဖြင့် ရခိုင်ပြည်၏ အချုပ်အခြာအာဏာ ဆုံးရှုံးကာ ရခိုင်မင်းဆက် ပြတ်သွားခဲ့ရသည်။ ထို့နောက် ရှေးမြန်မာမင်းများက ရခိုင်ပြည်ကို မြန်မာနိုင်ငံ၏ လက်အောက် ခံနယ်တစ်ခု အနေဖြင့် သတ်မှတ်ကာ ခေတ်အဆက်ဆက် အုပ်ချုပ်လာခဲ့ကြသည်။ ဗြိတိသျှတို့က ကမ္ဘာ တစ်ဝန်း ကိုလိုနီနယ်ချဲ့လာသောအခါ မြန်မာတို့သည် ဗြိတိသျှတို့နှင့် စစ်ပွဲ (၃) ကြိမ် ဖြစ်ခဲ့ရပြီး ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှ လက်အောက်သို့မြန်မာတစ်နိုင်ငံလုံး ကျရောက်သွားခဲ့သည်။ ဗြိတိသျှ အုပ်ချုပ်မှုနှင့်အတူ မြန်မာနိုင်ငံ၏ ဘုရင်စနစ် ချုပ်ငြိမ်းသွားပြီးနောက် ရခိုင်ပြည်နယ်သည် ကိုလိုနီနယ်ချဲ့အစိုးရ၊ ဒီမိုကရေစီ အစိုးရနှင့် စစ်အာဏာရှင်အစိုးရတို့၏ အုပ်ချုပ်မှုစနစ် အမျိုးမျိုး အောက်တွင် အခြားပြည်နယ်များကဲ့သို့ ကြံ့ကြံ့ခံ ရပ်တည်လာခဲ့သည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး လက်ရှိ မြေဧရိယာ အကျယ်အဝန်းမှာ (၁၄၂၀၀) စတုရန်းမိုင် ရှိသည်။ အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် ဧရာဝတီတိုင်း၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော် တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ရခိုင်ပြည်နယ်ကို ခရိုင် (၅)ခု၊





မြို့နယ် (၁၇)ခု နှင့် မြို့နယ်ခွဲ(၃)ခု တို့ဖြင့် ဖွဲ့စည်းထားသည်။ ရခိုင်ပြည်နယ်၏ မြို့တော်မှာ စစ်တွေမြို့ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းအရ ရခိုင်ပြည်နယ်၏ စုစုပေါင်း လူဦးရေမှာ (၃.၂) သန်းခန့်[၆၇] ရှိပြီး မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယလူဦးရေ အများဆုံးပြည်နယ်လည်း ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများအပါအဝင် ချင်း၊ ဘင်္ဂါလီ နှင့် အခြားသော တိုင်းရင်းသား လူမျိုးများလည်း နေထိုင်လျက် ရှိသည်။ အများစုမှာ ဗုဒ္ဓဘာသာ၊ ယင်းနောက် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အိန္ဒူဘာသာတို့ကို ကိုးကွယ်ယုံကြည်ကြပြီး နတ်ကိုးကွယ်ယုံကြည်သူများလည်း ရှိသည်။

ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော ပြည်နယ်တစ်ခု ဖြစ်သည်။ ဘင်္ဂလား ပင်လယ်အော်တစ်လျှောက် (၃၆၀)မိုင် ရှည်လျားသော ရခိုင်ကမ်းရိုးတန်း၊ တောတောင်ထူထပ်သော ရခိုင်ရိုးမ၊ အချက်အခြာကျသော ရခိုင်ကမ်းလွန်ကျွန်းများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များက ရခိုင်ပြည်နယ်၏ အသက်သွေးကြောများသဖွယ် တည်ရှိနေပြီး သဘာဝ အရင်းအမြစ်များကို ပံ့ပိုးပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းဖြစ်ပြီး အခြားစီးပွားရေး လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ပထဝီအနေအထား အရ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိနေခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ပြည်တွင်း/ပ ရင်းနှီးမြှုပ်နှံမှု နည်းပါးပြီး မြန်မာနိုင်ငံရှိ အခြားဒေသများထက် ဖွံ့ဖြိုးမှုအဆင့် နိမ့်ကျခဲ့ရသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ရခိုင်ကမ်းလွန်ဒေသတွင် တန်ဖိုးမြင့် သဘာဝသယံဇာတများ ဖြစ်ကြသော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိလာမှုကြောင့် ရခိုင်ပြည်နယ်အတွင်း သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းနှင့် အလုံးအရင်း လိမ့်ဝင်လာကြသည်။ လက်ရှိ အချိန်တွင် ဖွံ့ဖြိုးရေးအမည်ခံ ရေနက်ဆိပ်ကမ်း စီမံကိန်းများ၊ အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ ဟိုတယ်ဇုံနှင့် စိုက်ပျိုးရေးစီမံကိန်း၊ သတ္တုတူးဖော်ထုပ်လုပ်ခြင်း စီမံကိန်းများနှင့် ရေအားလျှပ်စစ် စီမံကိန်းများကို ရခိုင်ပြည်နယ်တစ်ဝန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။[၆၈]

ရခိုင်ပြည်နယ်သည် ရခိုင်ကမ်းလွန်မှ ထွက်ရှိသော ရွှေသဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချခြင်းအပါအဝင် အခြားသော ရခိုင်ပြည်နယ်အတွင်း အကြီးစားနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှ တဆင့် နိုင်ငံခြားဝင်ငွေများကို မြန်မာနိုင်ငံအတွက် အများဆုံးရှာပေးနေသော ပြည်နယ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ရခိုင်ပြည်နယ်သည် ချင်းပြည်နယ်ပြီးလျှင် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးပြည်နယ်နှင့် ဒုတိယ အဆင်းရဲဆုံးပြည်နယ်တစ်ခု ဖြစ်သည်။[၆၉] ထိုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရခိုင်ဒေသခံလူထုများနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေး တိုင်ပင်ခဲ့ခြင်း မရှိသဖြင့် လူထုကန့်ကွက်သံများ မကြာခဏ ထွက်ပေါ်လာသည်။ အဖိုးတန် သဘာဝ သယံဇာတ များမှရသော အကျိုးအမြတ်များကို သယံဇာတထွက်ရှိသော ပြည်နယ်များ၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထိုက်ထိုက်တန်တန် ခွဲဝေခံစားခွင့် ရှိသင့်သော်လည်း မြန်မာနိုင်ငံ၏ လက်ရှိ သယံဇာတ စီမံအုပ်ချုပ်မှုစနစ်မှာ ပွင့်လင်းမြင်သာမှု မရှိပါ။ ရင်းနှီးမြှုပ်နှံမှုများမှာ ရခိုင်ပြည်သူလူထု၏ လူမှုစီးပွား အပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနေပြီး နစ်နာဆုံးရှုံးမှုများနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ထိခိုက်ပျက်စီးမှုများ ရှိနေပါသည်။

၆၇ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်း

၆၈ လေးမြို့ရေအားလျှပ်စစ်စီမံကိန်း (မြောက်ဦးမြို့နယ်)၊ ကုလားတန်မြစ်ကြောင်းစီမံကိန်း၊ တိုက်တေနီယမ်ထုတ်လုပ်မှု စီမံကိန်း(မောင်တောမြို့နယ်)၊ နေပူတောင်စီမံကိန်း(တောင်ကုတ်မြို့နယ်)၊ အထူးစီပွားရေးဇုန်စီမံကိန်းနှင့် မြဒေးကျွန်း ရေနက်ဆိပ်ကမ်းစီမံကိန်း(ကျောက်ဖြူမြို့နယ်)၊ ဟိုတယ်ဇုံ နှင့် စိုက်ပျိုးရေးစီမံကိန်း (မန်အောင်မြို့နယ်)၊ သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်း(သံတွဲမြို့နယ်)၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း (အမ်းမြို့နယ်)၊ ကျောက်ဖြူ - ကူမင်းရထားလမ်းနှင့် မြဒေးကျွန်းရေနက်ဆိပ်ကမ်းစီမံကိန်းတို့ ပါဝင်သည်။

၆၉ https://www.unicef.org/myanmar/Rakhine_State_Profile_Final.pdf (Access 22 Dec 2016)



## ရခိုင်ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့

မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့် ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်ပေါင်း (၁၀၁)[၇၀]ခုရှိပြီး မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) က အဓိက စီမံအုပ်ချုပ်လျက် ရှိသည်။ ရခိုင်ကမ်းလွန်လုပ်ကွက်များတွင် ဂျပန်၊ ပြင်သစ်နှင့် အမေရိကန် ကုမ္ပဏီများက ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မှုများကို ၁၉၆၆ ခုနှစ် ကတည်းက စတင်ခဲ့ကြသည်။ သို့ရာတွင် ထိုရှာဖွေတူးဖော်မှုများမှာ အောင်မြင်မှု မရှိခဲ့သဖြင့် လူသိနည်းခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ပထမဆုံးတွေ့ရှိသော တနင်္သာရီကမ်းလွန်ရတနာနှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့ များကို ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချပြီး ၂၀၀၄ ခုနှစ်တွင် ထပ်မံတွေ့ရှိသော ရခိုင်ကမ်းလွန်လုပ်ကွက်မှ ရွှေသဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သို့ တင်ပို့ရောင်းချခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတ ပေါကြွယ်ဝမှုကို နိုင်ငံတကာက တဖြည်းဖြည်း တွေ့မြင်လာသည်။ ပထဝီအနေအထား အရ ပင်လယ်ပြင်နှင့်ထိစပ်နေသော ရခိုင်ပြည်နယ်သည် စီပွားရေးအရ အချက်အချာကျသော ဒေသတစ်ခုအဖြစ် နိုင်တကာက မျက်စိကျလာသည်။ ရခိုင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် သူထက်ငါ လက်ဦးမှု ရယူရန် ကြိုးပမ်းလာကြသည်။




အရင်းအမြစ် - Arakan Oil Watch

စွမ်းအင်လုံခြုံရေးအတွက် တရုတ်နိုင်ငံ၏ စီးပွားရေးနယ်ချဲ့မှုမှာ ရခိုင်ပြည်နယ်တွင် တစ်ဖြည်းဖြည်း နှင့် ထင်သာမြင်သာ ရှိလာသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ပဒဲကျွန်းခေါ် မြဒေးကျွန်းတွင် တည်ဆောက်ထားသော ရောမ ရေနံသိုလှောင်ကန် (၁၂) ခုတွင် အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများမှ တရုတ်တို့ ဝယ်ယူထားသော ရေနံများကို သိုလှောင်ထားရှိမည် ဖြစ်သည်။ အန္တရာယ်များသော မလက္ကာရေလက်ကြားကို ရှောင်ပြီး ထိုရေနံများကို မြန်မာနိုင်ငံကို ဖြတ်ကျော် တည်ဆောက်ထားသည့် မြန်မာ-တရုတ်ရေနံပိုက်လိုင်းမှတဆင့် တရုတ်ပြည်သို့ တင်ပို့ မည်ဖြစ်သည်။ သဘာဝသယံဇာတ စီမံကိန်းများနှင့် စပ်လျဉ်း၍ အငြင်းပွားဖွယ် မြန်မာ-တရုတ် ရေနံနှင့် သဘာဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို (၂၀၁၁-၂၀၁၃) ခုနှစ် အတွင်း တည်ဆောက်ပြီးစီး ခဲ့သည်။ မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် အစပြုပြီး တရုတ်နိုင်ငံ

၇၀ http://www.bangkokpost.com/print/356692/ (Access 22 Dec 2016)

၇၁ http://www.ramree.com/2014/05/02/state-half-oil-gas-revenues-conference-suggests/ အခြားအရင်းအမြစ်များတွင် ဖော်ပြထားခြင်း မတွေ့ရပါ။ (Access 22 Dec 2016)




Shwe Gas Movement မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမြေပုံ။

တောင်ဘက် ယူနယ်ပြည်နယ်ရှိ ကူမင်းမြို့တွင် ဆုံးသော ထိုပိုက်လိုင်းသည် ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်ပေါင်း (၂၁) မြို့နယ်ကို ဖြတ်သန်းသွားသည်။ သတင်းများအရ ရခိုင်ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့သိုက်မှ တစ်နေ့လျှင် သဘာဓာတ်ငွေ့ သန်း (၅၀၀) ကုဗပေ ထုတ်လုပ်ပြီး ၎င်း၏ ၈၀ ရာခိုင်နှုန်း (ကုဗပေ သန်း ၄၀၀) ကို တရုတ်နိုင်ငံသို့ နှစ် (၃၀) ကြာ နေ့စဉ် တင်ပို့မည် ဖြစ်သည်။ ကျန်ရှိသော ၂၀ ရာခိုင်နှုန်း (ကုဗပေသန်း ၁၀၀)ကို ပြည်တွင်း သုံးစွဲရန် ရည်ရွယ်ပြီး ၎င်းထဲမှ ၂၀ ရာခိုင်နှုန်း (ကုဗပေသန်း ၂၀) ကို ကျောက်ဖြူမြို့နယ် အတွက် ခွဲဝေပေးမည်ဟု သိရှိရသည်။[၇၁] သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်အပြိုင် သွယ်တန်းထားသော ရေနံပိုက်လိုင်းမှာ ကျောက်ဖြူမြို့နယ် မြဒေးကျွန်းရှိ ရေနံသိုလှောင်ကန်မှ သိုလှောင်ထားသော ရေနံများကို တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် (၂၂) သန်းခန့် တရုတ်ပြည်သို့ ပို့ဆောင်မည်ဖြစ်သည်။ မြန်မာနိုင်ငံက တစ်နှစ်လျှင် တန်ချိန် (၂) သန်းဝယ်ယူသုံးစွဲခွင့် ရရှိမည် ဖြစ်သည်။[၇၂] (ဇယား - ၄ကို ကြည့်ရန်) မြန်မာမြေကို ကီလိုမီတာ (၈၀၀) နီးပါး အသုံးပြုဖြတ်သန်းမည့် ပိုက်လိုင်း ဖြတ်သန်းခမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၁၃.၈၁) သန်းရရှိမည် ဖြစ်သည်။

၇၁ http://www.ramree.com/2014/05/02/state-half-oil-gas-revenues-conference-suggests/ အခြားအရင်းအမြစ်များတွင် ဖော်ပြထားခြင်း မတွေ့ရပါ။

၇၂ http://www.frontiers-capital.com/2012/11/12/myanmar-china-gas-pipeline/



### ဇယား (၄) မြန်မာ-တရုတ် ရေနံနှင့်သဘာဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ နှစ် (၃၀) ကြာ နှစ်စဉ်စွမ်းအင်သုံးစွဲမှု ခွဲတမ်း

| နိုင်ငံ | ရေနံစိမ်း | သဘာဝဓာတ်ငွေ့ |
|---|---|---|
| တရုတ် | ၂၀ တန် (၉၁%) | ကုဗပေ သန်း ၉.၆ (၈၀%) |
| မြန်မာ | ၂ တန် (၉%) | ကုဗပေ သန်း ၂.၄ (၂၀%) |

*မှတ်ချက် ။ ။ မြန်မာနိုင်ငံခွဲတမ်းများအတွက် မြန်မာနိုင်ငံမှ ဝယ်ယူသုံးစွဲရမည် ဖြစ်သည်။*

ထိုပိုက်လိုင်းစီမံကိန်းကို တရုတ်နိုင်ငံ၏ နိုင်ငံပိုင် ရေနံကုမ္ပဏီကြီး (CNPC) နှင့် မြန်မာနိုင်ငံ အစိုးရပိုင် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) တို့၏ အကျိုးတူ လုပ်ငန်းဖြစ်ပြီး အနှစ် (၃၀) ကြာမည့် ရေရှည်စီမံကိန်းကြီး ဖြစ်သည်။ ထိုစီမံကိန်းတွင် ရည်ရွယ်ချက် (၃)ရပ် ရှိပြီး ၎င်းတို့မှာ (၁) တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေး၊ (၂) ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် (၃) ဒေသတွင်း စွမ်းအင်လုံခြုံရေးတို့ဖြစ်သည်။[၇၃] ရည်ရွယ်ချက်များနှင့် ရရှိလာမည့် အကျိုးခံစားခွင့်များကို အပေါ်ယံကြည့်လျှင် မက်မောစရာကောင်းပြီး ဒေသဖွံ့ဖြိုးရေးအတွက် မျှော်လင့်ချက်များ ပေးနေပါသည်။ သို့ရာတွင် လက်တွေ့တွင် စီမံကိန်းကြောင့် လယ်ယာမြေအသိမ်းခံရခြင်း၊ ထိုက်တန်သော နစ်နာကြေးများမရရှိခြင်း၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများပျောက်ဆုံးခြင်း၊ သယံဇာတတူးဖော်မှုဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းသစ်များအား လက်လမ်းမမှီခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းတို့ကို ပိုက်လိုင်း ဖြတ်သန်းသွားသော နယ်မြေများရှိ ပြည်သူများကို ခံစားခဲ့ရသည်။

ရခိုင်ပြည်သူများသည် မိမိတို့ဒေသတွင် ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ဒေသဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ အကျိုးပြုနိုင်သည်ကို သိလိုကြသည်။ သို့ရာတွင် စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ ဗဟိုအစိုးရလက်ထဲတွင်သာ ရှိပြီး ဒေသခံပြည်သူတို့အား ပွင့်လင်းမြင်သာစွာ ချပြခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ၎င်းတို့၏ သဘောတူညီမှုရယူခြင်းတို့၌ အားနည်းခဲ့သည်။ စီမံကိန်းနှင့်အတူ ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ပြဿနာများကို တာဝန်ယူဖြေရှင်းမှုမှာလည်း လုံလောက်မှု မရှိခဲ့ပေ။ နိုင်ငံခြားကုမ္ပဏီအချို့သည် အစိုးရနှင့်သာ တိုက်ရိုက်ထိတွေ့ရှိပြီး ဒေသခံလူထုနှင့်တိုက်ရိုက်ထိတွေ့မှုကို ရှောင်လေ့ရှိသည်။ မြန်မာနိုင်ငံဥပဒေ၏ အားနည်းချက်များနှင့် ဒေသခံပြည်သူတို့၏ မသိနားမလည်မှုများကို အခွင့်ကောင်းယူပြီး ဒေသတွင်း သယံဇာတများကို သူထက်ငါဦးအောင် ထုတ်ယူချင်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံကို ရာစုနှစ်များစွာ အုပ်ချုပ်လာခဲ့သော စစ်အစိုးရလက်ထက်တွင် စီးပွားရေးလုပ်ပိုင်ခွင့်များရယူကာ စီးပွားရေးအမြတ် ထုတ်ယူခဲ့ကြသည်။[၇၄]

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း

- **China National Petroleum Corporation (CNPC)**

CNPC သည် တရုတ်နိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီတစ်ခု ဖြစ်ပြီး တရုတ်နိုင်ငံ၏ အကြီးဆုံး စွမ်းအင်ကုမ္ပဏီကြီးတစ်ခုလည်း ဖြစ်သည်။ နိုင်ငံပေါင်း(၇၀)နီးပါး၌ ရေနံနှင့် သဘာဝ

၇၃ ibid

၇၄ စစ်တပ်ပိုင်ဦးပိုင်ကုမ္ပဏီများဖြစ်သော ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် (UMEHL)နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့သည် နဝတ(SLORC)၊ နအဖ (SPDC) ခေတ်ကတည်းက မြန်မာနိုင်ငံ၏ စီးပွားရေးတွင် စွမ်းအင်၊ သတ္တုနှင့် ကျောက်မျက်ကဏ္ဍအပါအဝင် အရေးကြီးသည့် စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားသည်။

ဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ရှိပြီး မြန်မာနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှစ၍ ရင်းနှီးမြှုပ်နှံမှုများ စတင်ပြုလုပ်လာခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစီမံကိန်း (၂) ခုနှင့် ကမ်းလွန်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်း (၁) ခု အပါအဝင် ရေနံတူးဖော်ရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။[၇၅] ရခိုင်ကမ်းလွန် A-1 နှင့် A-3 ရွှေသဘာဝလုပ်ကွက်မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များ ဝယ်ယူရန်နှင့် မြန်မာနိုင်ငံကို ဖြတ်ကျော်သွားမည့် ရေနံနှင့် သာဘာဝဓာတ်ငွေ့ပိုက်လိုင်းများတည်ဆောက်ရန်အတွက် CNPC သည် မြန်မာနိုင်ငံအစိုးရနှင့် ၂၀၀၈ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ခဲ့ကြသည်။

## Daewoo International Corporation (DIC)

ဒေဝူးကုမ္ပဏီ (DIC)သည် တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်မှုကုမ္ပဏီတစ်ခု ဖြစ်ပြီး ဓာတုပစ္စည်း၊ အထည်အလိပ်၊ သတ္တုနှင့် သံမဏိပစ္စည်းတို့ကို အဓိက ကူသန်းရောင်းဝယ်သည်။ ပီးရူး၊ ဗီယက်နမ်၊ အိုမန်နှင့် ရုရှားနိုင်ငံတို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံ နေသော နိုင်ငံတကာ ကုမ္ပဏီကြီးတစ်ခု ဖြစ်သည်။ ၁၉၉၀ ခုနှစ် အစောပိုင်းမှစ၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီး ကားတပ်ဆင်သည့် စက်ရုံသစ်၊ အထည်အလိပ်လုပ်ငန်းနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိသည်။ ၂၀၀၀ ခုနှစ်တွင် ဒေဝူးသည် ရခိုင် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် A-1 ကို လုပ်ပိုင်ခွင့် ရရှိခဲ့ပြီး အစုရှယ်ယာ (၆၀) ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး ကျန်ရှယ်ယာများကို အခြားကုမ္ပဏီများဖြစ်သော အိန္ဒိယ ONGC Videsh (၂၀%)၊ အိန္ဒိယ GAIL (၂၀%) နှင့် တောင်ကိုးရီးယား KOGAS (၁၀%) တို့အား ရောင်းချခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ရခိုင်ကမ်းလွန် လုပ်ကွက် A-3 လုပ်ပိုင်ခွင့်ကို လျှောက်ယူခဲ့ပြီး ထိုလုပ်ကွက်၏ အစုရှယ်ယာ (၁၀၀%)ကို ပိုင်ဆိုင်ထားသည်။[၇၆]

## Myanmar Oil and Gas Enterprise (MOGE)

မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သည် မြန်မာနိုင်ငံ၏ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်လုပ်ငန်း(၃)ခု[၇၇] အနက် တစ်ခု ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းနှင့် ကုန်းတွင်းကီလိုမီတာ ၂၄၈၈ ရှည်လျားသည့် ပိုက်လိုင်းကွန်ယက်စနစ်မှ တစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ သယ်ဆောင် ဖြန့်ဖြူးခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံမှ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခွင့်များကို ထိန်းချုပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက် လျက်ရှိသည်။[၇၈] MOGE တွင် တာဝန်ယူနေသူ များမှာ မြန်မာနိုင်ငံ၏ အခြားနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းကြီးများကဲ့သို့ မြန်မာ့တပ်မတော်နှင့် ဆက်နွယ်နေသော ဗိုလ်ကြီး/မှူးများနှင့် စစ်ဘက် ဆိုင်ရာ အရာရှိဟောင်းများ ဖြစ်ကြသည်။ မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွက် ဒေသခံတို့၏လယ်ယာမြေများကို သိမ်းဆည်းခြင်းနှင့် မျှတမှုမရှိသော နစ်နာကြေးကို မယူလိုသည့် လယ်သမားများကို ခြိမ်းခြောက်ခြင်းတို့ပြုခဲ့ပြီး ဒေသခံတို့၏ တောင်းဆို မှုများကို လျစ်လျူရှုခဲ့သည်။

## Myanmar-China Oil and Gas Pipeline

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကို တရုတ်၊ မြန်မာ၊ တောင်ကိုရီးယားနှင့် အိန္ဒိယ အစ ရှိသော နိုင်ငံ(၄)မှ ကုမ္ပဏီ(၆)ခုတို့ဖြင့် ပူးပေါင်းပြီး ဖောက်လုပ် တည်ဆောက်ခဲ့သည်။ SEAOP နှင့် SEAGP[၇၉] ဟူသော သီးခြားကုမ္ပဏီနှစ်ခုထူထောင်ကာ မှတ်ပုံတင်ခဲ့ပြီး ပိုက်လိုင်းနှစ်ခု တည်ဆောက်ရာတွင် အသီးသီး တာဝန်ယူ ခဲ့ကြသည်။ SEOP တွင် CNPC နှင့် MOGE တို့သာ ရှယ်ယာပိုင်ပြီး SEGP တွင် တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ မြန်မာနှင့် အိန္ဒိယကုမ္ပဏီများက အသီးသီးရှယ်ယာ ပိုင်ဆိုင်ကြသည်။[၈၀] နောက်တစ်မျက်နှာရှိ ဇယား (ဇယား - ၅) တွင် ဖော်ပြထားသော အစုရှယ်ယာများကို လေ့လာကြည့်ခြင်း အားဖြင့် CNPC သည် SEAOP နှင့် SEAGP ကုမ္ပဏီ နှစ်ခုလုံးတွင် အစုရှယ်ယာ အများဆုံး ပိုင်ဆိုင်ပြီး ရင်းနှီးမြှုပ်နှံထားသည်။ ထို့ကြောင့် ပိုက်လိုင်းစီမံကိန်းနှင့် ပတ်သက်၍ အဓိက ဆုံးဖြတ်ပိုင်ခွင့်အာဏာကို ရရှိထားပြီး စီမံကိန်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ်ခြင်း၊ တိုးချဲ့ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအားလုံးတွင် တာဝန်ပိုရှိသူ ဖြစ်သည်။[၈၁]

### ဇယား (၅) မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ အစုရှယ်ယာများ

| SEAGP | အစုရှယ်ယာ | SEAOP | အစုရှယ်ယာ |
|---|---|---|---|
| CNPC-SEAP | ၅၀.၉၀၀၀ % | CNPC-SEAP | ၅၀.၉% |
| Daewoo International Corporation | ၂၅.၀၄၁၀ % | MOGE | ၄၉.၁% |
| ONGC Videsh Ltd | ၈.၃၄၇၀ % | | |
| MOGE | ၇.၃၆၅၀ % | | |
| GAIL India Ltd | ၄.၁၇၃၅ % | | |
| KOGAS | ၄.၁၇၃၅ % | | |

အကျယ်ပေ (၃၀) ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ မြန်မာပြည်တွင်း အရှည်မှာ ကီလိုမီတာ (၈၀၀) နီးပါးခန့် ရှိသည်။ ပိုက်လိုင်းတည်ဆောက်သည့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၅) ဘီလျံ ခန့်ရှိသည်။[၈၂] မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် တရုတ်နိုင်ငံ၏ စွမ်းအင်တင်သွင်းမှု ကုန်ကျစရိတ်များကို လျှော့ချပေးနေပြီး တရုတ်နိုင်ငံ၏ စွမ်းအင်လုံခြုံမှုအတွက် အရေးပါသော စွမ်းအင် တင်သွင်းသည့်လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုအတွက် အတိုင်းအတာတစ်ခုထိ အကျိုးရှိသော်လည်း ဒေသခံပြည်သူများနှင့် ကြိုတင် အသိပေးတိုင်ပင်မှုများ မရှိခဲ့သဖြင့် ပိုက်လိုင်း စီမံကိန်း အစကပင် ဒေသခံပြည်သူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက စီမံကိန်းအပေါ် အပြင်းအထန် ကန့်ကွက်မှုများ ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ကုမ္ပဏီများသည် ၎င်းတို့၏ CRP များမှ တစ်ဆင့် ပိုက်လိုင်း ဖြတ်သွားသော ကျေးရွာများအတွက် စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ရေလှောင်ကန်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ပေးခဲ့သည်။ ဒေသခံပြည်သူ၏ စားဝတ်နေရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဂေဟစနစ်အပေါ် သက်ရောက်မှုများအား ဖြေရှင်းပေးနိုင်သည့်နည်းလမ်းများကို မချပြခဲ့ပေ။

---

၇၅ http://www.cnpc.com.cn/en/Myanmar/country_index.shtml (Accessed 22 Dec 2016)
၇၆ http://www.shwe.org/daewoo/ (Accessed 22 Dec 2016)
၇၇ လုပ်ငန်း (၃)ခုမှာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ မြန်မာ့ရေနံဓာတုလုပ်ငန်း(MPE)နှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(MPPE)တို့ ဖြစ်ကြသည်။
၇၈ မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်များတူးဖော်ရေး စက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် အဖွဲ့အစည်းများနှင့် ထိန်းချုပ်ကွပ်ကဲရေး ဆန်းစစ်ချက် (Adam Smith International and MDRI), p37

၇၉ SEAOP stands for South-East Asia Oil Pipeline Co.,Ltd and SEAGP stands for South-East Asia Gas Pipeline.
၈၀ http://usa.chinadaily.com.cn/business/2013-07/28/content_16844673.htm (Accessed 22 Dec 2016)
၈၁ မြန်မာ-တရုတ် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် လူမှုတရားမျှတမှုကို ရှာဖွေခြင်း (မြန်မာ-တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေးအဖွဲ့)၊ ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၆ ရက်၊ စာမျက်နှာ (၇-၈)
၈၂ https://www.chinadialogue.net/article/show/single/en/6183-China-Myanmar-oil-and-gas-pipelines-a-5-billion-problem- (Accessed 22 Dec 2016)

## ကျောက်ဖြူမြို့နယ်နှင့် အမ်းမြို့နယ်

မြန်မာ-တရုတ် ရေနံနှင့်သဘာဓာတ်ငွေ့ပိုက်လိုင်းသည် ပြည်နယ် (၂) ခုနှင့် တိုင်းဒေသကြီး (၂) ခု တို့ကို ဖြတ်သန်းသွားပြီး ရခိုင်ပြည်နယ်တွင် ကျောက်ဖြူနှင့် အမ်းမြို့နယ်တို့ကို ဖြတ်သွားသည်။ ကျောက်ဖြူမြို့သည် ရမ်းဗြဲကျွန်းပေါ်တွင် တည်ရှိပြီး ခန့်မှန်းခြေလူဦးရေ (၂၀၀၀၀၀) ခန့် ရှိသည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ကျောက်ဖြူစီးပွားရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဇုံ တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြသည်။ ရေနက်ဆိပ်ကမ်းတစ်ခု၊ ရထားလမ်း၊ လေယဉ်ကွင်းနှင့် စက်မှုဇုံများပါဝင်မည့် အထူး စီးပွားရေးဇုံတစ်ခုကို တည်ဆောက်ရန် သဘောတူခဲ့သည်။ သို့ရာတွင် စီမံကိန်းအတွက် ဒေသခံလယ်သမားများနှင့် တံငါသည်များကို ကြိုတင်အသိပေး၊ တိုင်ပင်ခြင်း မရှိခဲ့ပေ။ ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ် ကမ်းရိုးတန်း ဒေသတို့တွင် သဘာဝအလျောက်ပေါက်ရောက်နေသော မြန်မာ့ဒုတိယ အကြီးဆုံး လမုတောကြီးများသည် ထိုစက်မှုဇုန်ကြောင့် ပျက်စီးစေနိုင်ပြီး ထောင်ပေါင်းများစွာသော ဒေသခံပြည်သူတို့၏ လူမှုဘဝနှင့် ကျန်းမာရေးအပေါ် ဆိုးကျိုးများသက်ရောက်နိုင်ကြောင်း ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ (AOW) က ၎င်းတို့၏ "အန္တရာယ်ဇုံ" (Danger Zone) စာအုပ်တွင် ဖော်ပြထားပါသည်။ လက်ရှိတွင် မြန်မာ-တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ပြီးစီးသွားသော်လည်း ဒေသခံအချို့က ပိုက်လိုင်းအတွက် မိမိတို့ လယ်မြေများ သိမ်းဆည်းခဲ့မှုအပေါ် လျော်ကြေး မရရှိကြသေးပါ။ ကျောက်ဖြူမြို့နယ်သို့ ဝင်လာသော ရင်းနှီးမြှုပ်နှံမှုများသည် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း အဓိကလုပ်ကိုင်သသော ဒေသခံပြည်သူများအတွက် မဆိုင် နေသလို ဖြစ်နေသည်။

ပိုက်လိုင်းဖြတ်သွားသော ရခိုင်ပြည်နယ်၏ အခြားမြို့နယ်တစ်ခုမှာ အမ်းမြို့နယ်ဖြစ်ဖြစ်ပြီး ထိုမြို့တွင် မြန်မာ့တပ်မတော်၏ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တည်ရှိသည်။ ထိုစစ်ဌာနချုပ်သည် စစ်တွေ ကမ်းရိုးတန်းပေါ်တွင် ယခင်က တည်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပထဝီအနေအထားအရ ခုခံကာကွယ်ရန် အချက်အချာ ပိုကျသော အမ်းမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ မြန်မာ့တပ်မတော်သည် စစ်တပ်စခန်းများကို အမ်းမြို့နယ်တွင် တစ်ဖြည်းဖြည်းနှင့် အခိုင်အမာတိုးချဲတည်ဆောက်လာပြီး အမ်းမြို့နယ်ရှိ ရခိုင်ရိုးမ ဒေသအတွင်း ဒေသခံပြည်သူတို့၏ ဖြတ်သန်းသွားလာခွင့်ကို ပိတ်ပင်တားမြစ်မှုများ ရှိခဲ့သည်။ စစ်တပ်စခန်းများသည် အမ်းမြို့နယ်၏ မြေနေရာ တစ်ဝက်နီးပါးခန့် ရှိသည်ဟု ကျောက်ဖြူဒေသခံ လယ်သမားများထံမှ သိရှိရသည်။[၈၃] ထိုစစ်ဌာနချုပ် အကြီးအကဲသည် ရခိုင်ပြည်နယ်၏ ဝင်ငွေကောင်းသော စီးပွားရေး လုပ်ငန်းများအပေါ် ထိန်းချုပ်မှုများလည်းရှိသည်။[၈၄] ထိုစစ်တပ် မြေနေရာများအတွက် ရခိုင်ဒေသခံများ၏ လယ်ယာမြေများကို အတင်းအဓမ္မ သိမ်းဆည်းခဲ့မှုလည်း ရှိခဲ့သည်။[၈၅] ရခိုင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတ ပေါကြွယ်ဝပြီး ပထဝီအနေအထားအရ အချက်အချာကျသဖြင့် စစ်တပ်က အခိုင်အမာ တပ်စခန်းစွဲထားခြင်း ဖြစ်နိုင်သည်ဟု သုံးသပ်ကြသည်။ စစ်တပ် နေရာယူထားမှုများသဖြင့် မြန်မာ - တရုတ်ပိုက်လိုင်း စီမံကိန်းနှင့် ပတ်သက်၍ အမ်းမြို့နယ်၏ အသံများ သိပ်မကြားရသည့်အကြောင်းရင်း တစ်ခုလည်း ဖြစ်နိုင်သည်ဟု သုံးသပ်ကြသည်။



**ကျောက်ဖြူဒေသရှိ လယ်ယာမြေရှုခင်းတစ်ခု၊**
ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရန် ကျောက်ဖြူမြို့နယ်ရှိ သိမ်းဆည်းခဲ့သော လယ်ယာမြေများအချို့အတွက် ယနေ့ထိတိုင် လျော်ကြေးငွေများမရရှိသေးပါ။
Photo by ENAC

၈၃ ကျောက်ဖြူမြို့နယ်ရှိ မလကျွန်း၊ နမ်းဖဲတောင်နှင့် ပျာတဲကျေးရွာမှ ဒေသခံလယ်သမားများ၏ ပြောကြားချက်များ

၈၄ Supply and Command by AASYC, July 2006.

၈၅ https://democracyforburma.wordpress.com/2009/10/13/the-burmese-military-junta-has-been-constructing-a-tunnel-bunker-in-ann-township-in-arakan-state-since-the-beginning-of-this-year-for-storing-fighter-jets-said-a-military-source/ (Accessed 22 Dec 2016)



**ကျောက်ဖြူမြို့နယ်ရှိ အိမ်တစ်အိမ်။**
ကျောက်ဖြူမြို့နယ်မှ  အဖိုးတန် သဘာဝဓာတ်ငွေ့ထွက်ရှိသော်လည်း
ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံးပြည်နယ် ဖြစ်နေဆဲ
Photo by ENAC

## သဘာဝသယံဇာတများကို ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ခွဲဝေမှု

မြန်မာနိုင်ငံအစိုးရသည် နိုင်ငံခြားကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းပြီး ဖွံ့ဖြိုးရေးအမည်ခံ စီမံကိန်းများဖြင့် ရခိုင်ပြည်နယ်မှ ထွက်သော သဘာဝသယံဇာတများကို ထုတ်ယူပြီး ပြည်ပသို့ တင်ပို့ရောင်းချလျက် ရှိသည်။ ရခိုင်ပြည်သူများသည် ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့၏ သဘောထားများကို အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး ထိုဆွေးနွေးပွဲများ၏ ထုတ်ပြန်ချက်များမှသော်လည်းကောင်း၊ လက်မှတ်ရေးထိုးကောက်ခံပြီး လွှတ်တော်သို့ တင်သွင်းအသိပေးခြင်းဖြင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြ ဖော်ထုတ်ခြင်းဖြင့်လည်းကောင်း၊ ရခိုင်နိုင်ငံရေး ပါတီတစ်ခု၏[၈၆] သဘာဝသယံဇာတမူဝါဒ ထုတ်ပြန်ချက်များမှ လည်းကောင်း (အချပ်ပို - ၈တွင် ကြည့်ရန်)၊ နိုင်ငံရေးနှင့် လူမှုရေးအသင်းအဖွဲ့အားလုံး ပါဝင်သည့် ညီလာခံများ ကျင်းပကာ ညီလာခံထုတ်ပြန်ချက်များမှလည်းကောင်း ရခိုင်ပြည်သူလူထုတို့၏ ဆန္ဒသဘောထားများကို မကြာခဏ ဖော်ထုတ် အသိပေးလျက်ရှိနေပါသည်။ ရခိုင်ပြည်သူတို့သည် ရခိုင်ပြည်နယ်မှ ထွက်ရှိသော သယံဇာတများနှင့် ပတ်သက်၍ ၎င်းတို့၏ အခွင့်အရေးနှင့် အကျိုးခံစားခွင့်များအတွက် ယခုတိုင် ဆက်လက်တောင်းဆိုနေကြဆဲဖြစ်သည်။

### ပိုင်ဆိုင်မှု

> နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။
> *၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇ (က)*

ရခိုင်ပြည်သူများကို ကိုယ်စားပြုသော ရခိုင်နိုင်ငံရေးပါတီခေါင်းဆောင်များ၊ လူထုအခြေပြု ရခိုင်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ရခိုင်လူငယ်နှင့် အမျိုးသမီးအဖွဲ့များအပါအဝင် ဒေသခံ ရခိုင်ပြည်သူလူထုတို့သည် ရခိုင်ပြည်မှထွက်သော သဘာဝသယံဇာတနှင့် ပတ်သက်၍ တူညီသော သဘောထား ခံယူချက်များရှိသည်။ ရခိုင်သယံဇာတသည် ရခိုင်ပြည်သူတို့၏ လက်ထဲတွင် ရှိသင့်သည်။ ရခိုင်ပြည်နယ်၏ ကုန်းတွင်းနှင့် ကမ်းလွန် သဘာဝ သယံဇာတများအားလုံးကို ရခိုင်ပြည်သူများကသာ ပိုင်ဆိုင်သင့်သည်။ ရခိုင်ပြည်နယ်သားများသည် မူရင်းပိုင်ရှင်များ ဖြစ်ကြသည်ဟု ယူဆကြသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၇ (က)ကို ပြောင်းလဲပြင်ဆင်သင့်သည်ဟု တင်ပြတောင်းဆိုမှုများလည်း ရှိနေပါသည်။

### စီမံခန့်ခွဲမှု

> ပုဒ်မ ၃၇ (ခ) နိုင်ငံတော်သည် နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေး အင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေ ပြဋ္ဌာန်းရမည်။
> *၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇ (က)*

၈၆ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံသို့ ရခိုင်အမျိုးသားပါတီတင်သွင်းသည့်အကြံပြုစာတမ်း၊ စာမျက်နှာ ၇

ထို့အပြင် ရခိုင်ပြည်နယ်၏ သဘာဝသယံဇာတများကို ရခိုင်ပြည်နယ်ကသာ ထိန်းချုပ်ပြီး စီမံခန့်ခွဲသင့်သည်။ သယံဇာတများကို ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရောင်းချခြင်း အပါအဝင် သယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအားလုံးသည် ရခိုင်ပြည်သူလူထုများက ရွေးကောက်တင်မြှောက်ထားသော ရခိုင်ပြည်နယ် အစိုးရ လက်ထဲတွင်သာ ရှိသင့်သည်ဟု တစ်စိုက်မတ်တတ် တောင်းဆိုလာကြသည်။ ၂၀၁၅ ရွေးကောက်ပွဲ ပြီးနောက် တက်လာသော အစိုးရသစ်လက်ထက်တွင် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိမ်းသိမ်းရေး ဌာနများကို ပြည်နယ်များတွင် ထားရှိသော်လည်း တန်ဖိုးကြီး သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်များသည် ဗဟိုအစိုးရ လက်ထဲတွင်သာ ရှိနေသေးသည်။ တိုင်းရင်းသားများလိုသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု မပေါ်ပေါက်လာမီ အချိန်ကာလအတွင်း ဗဟိုချုပ်ကိုင်မှုများ လျော့ချနိုင်ရန် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၃၇ (ခ) ကို ပြင်ဆင်လိုကြသည်။

## ဝင်ငွေခွဲဝေမှု

ရခိုင်ပြည်နယ်မှထွက်သော သဘာဝသယံဇာတများအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတကဲ့သို့သော တန်ဖိုးကြီးမားသော သဘာဝသယံဇာတများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ရရှိလာသော အကျိုးအမြတ်များနှင့် ပတ်သက်၍ ရခိုင်ပြည်သူတို့သည် သယံဇာတမထွက်သော ဖွံ့ဖြိုးမှုနိမ့်ကျသည့် အခြားပြည်နယ်များနှင့် တိုင်းများသို့ ခွဲဝေလိုသော ဆန္ဒများ ရှိကြပါသည်။ သို့ရာတွင် မည်ကဲ့သို့ ခွဲဝေခံစားရမည်နှင့် မည်မျှ ခွဲဝေမည့်အကြောင်းအရာနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေပါသည်။ ရခိုင်ပြည်သူများ ရွေးကောက်တင်မြှောက်ထားသော ရခိုင်ပြည်နယ်အစိုးရ (သို့မဟုတ်) ရခိုင်ပြည်နယ်လွှတ်တော်၏ မဲခွဲ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေသည့်စနစ်ဆိုင်ရာဘုံသဘောတူညီချက်များကို ရခိုင်ပြည်နယ်ဖွဲ့စည်းပုံထဲတွင် ထည့်သွင်း ပြဋ္ဌာန်းသွားသင့်သည်ဟု ပြောဆိုမှုများလည်း ရှိနေပါသည်။

သယံဇာတအကျိုးအမြတ်များကို ဗဟို (သို့) ပြည်ထောင်စု အစိုးရမှ ရခိုင်ပြည်နယ်အပါအဝင် အခြားပြည်နယ်နှင့်တိုင်းများသို့ ခွဲဝေခြင်းထက် ရခိုင်ပြည်နယ်မှထွက်သော သယံဇာတ အကျိုးအမြတ်ကို ရခိုင်ပြည်နယ် အစိုးရမှတစ်ဆင့် ဗဟို (သို့) ပြည်ထောင်စုအစိုးရနှင့် အခြားဖွံ့ဖြိုးနိမ့်ကျသော ပြည်နယ်များကို ခွဲဝေပေးခြင်းကို လိုလားကြသည်။ ရခိုင်ပြည်နယ်အတွက် အနည်းဆုံး (၅၀)% အောက် မလျော့သော အကျိုးအမြတ် (သို့မဟုတ်) ပြည်နယ် (၇၀%)နှင့် ပြည်ထောင်စုက (၃၀%) ခွဲဝေခံစားပိုင်ခွင့်ရှိပြီး ပြည်နယ်၏ အကျိုးခံစားခွင့် ပမာဏထဲမှ ပြည်နယ်အတွင်း မြို့နယ်များသို့ ပြန်လည် ခွဲဝေရာတွင် သယံဇာတထွက်သော ဒေသက မထွက်သောဒေသများထက် ပို၍ အကျိုးခံစားခွင့် ရှိသင့် သည်ဟု ရခိုင်ပြည်သူလူထုအတွင်း ပြောဆိုမှုများ ရှိနေပါသည်။ "သယံဇာတတူးဖော်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို သယံဇာတထွက်ရှိသော ဒေသရှိ ပြည်သူများက ပို၍ ခံစားရနိုင်ဖွယ်များသောကြောင့်လည်းကောင်း ထိုထိခိုက်နစ်နာမှုများကို ရေတို၊ ရေရှည် ကုစားပေးနိုင်သည့် နည်းလမ်းများအတွက် ဘဏ္ဍာငွေလိုအပ်မည် ဖြစ်သောကြောင့်လည်း အခြားဒေသထက် ပိုရသင့်သည်ဟု ဆိုကြသည်။"

ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရှိမည့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တွင် ရခိုင်ပြည်နယ်၏ သဘာဝသယံဇာတဆိုင်ရာ မူဝါဒများကို အထက်ပါအတိုင်း ရေးဆွဲပြဋ္ဌာန်းလိုကြသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းအုပ်အုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၇ (က)နှင့် (ခ) အရ နိုင်ငံတော်သည် နိုင်ငံတော်၏ သယံဇာတများ အားလုံးကို ပိုင်ဆိုင်ပြီး သယံဇာတထုတ်ယူသုံးစွဲသည့် ဥပဒေ ပြဋ္ဌာန်းရမည်ဟု ဖော်ပြထားသည်။ ဖွဲ့စည်းပုံ အခန်း(၁၅)တွင် ပုဒ်မ ၁၈၈ကို ရည်ညွှန်းသော



ဇယား(၂)တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဥပဒေပြုစာရင်းအရ ပြည်နယ်တွင် သယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်မရှိဘဲ ဗဟိုအစိုးရကသာ ချုပ်ကိုင်နေသည်။ သယံဇာတဆိုင်ရာ ပြည်နယ်လုပ်ပိုင်ခွင့်များ ပိုမိုရရှိရေးနှင့် ဗဟိုချုပ်ကိုင်မှုလျော့ချနိုင်ရေးအတွက် ပုဒ်မ ၃၇ (က)နှင့် (ခ)ကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်း သင့်သည်ဟုလည်း ရခိုင်ပြည်သူများက ပြောဆိုမှုများ ရှိနေသည်။ ထို့အပြင် ငြိမ်းချမ်းရေး ဖော်ဆောင် နေစဉ်ကာလအတွင်း တန်ဖိုးကြီးမားသည့် သဘာဝသယံဇာတများကို တူးဖော်ထုတ်လုပ် ရောင်းချခြင်းနှင့် အကြီးစားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တရားဝင် ရပ်ဆိုင်းထားကြရန် တောင်းဆိုမှုများ ရှိနေသော်လည်း တစ်နေ့တစ်ခြား ပို၍သာ များလာသည်။

## မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ သက်ရောက်မှုများ

မိမိတို့ဘိုးဘွားပိုင်လယ်ယာမြေများပေါ် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများဖြင့် မိသားစုစားဝတ်နေရေးနှင့် သားသမီးတို့၏ ပညာရေးအတွက် အသက်မွေးဝမ်းကျောင်းပြုနေ ကြသော လယ်သမားအချို့၏ လယ်ယာမြေများသည် စီမံကိန်းပိုက်လိုင်းလမ်းကြောင်းနှင့် ပိုက်လိုင်း စက်ရုံမြေနေရာများအတွက် အတင်းအဓမ္မဆန်ဆန် သိမ်းဆည်းမှုများရှိခဲ့သည်။ အချို့ ဒေသခံပြည်သူများ၏ လယ်ယာမြေများသည် ပိုက်လိုင်းစီမံကိန်းထဲတွင် ပါသွားခြင်း မရှိသော်လည်း သိမ်းဆည်းခံမြေနှင့်နီးသော လယ်မြေများထဲတွင် ပိုက်လိုင်းမြှုပ်မည့် မြေနေရာများကို တူးထုတ်ထားသည့် မြေစာများကို ပုံထားခြင်း၊ ပိုက်လိုင်းတူးခြင်းကြောင့် မိုးရာသီ ရေကြီးချိန်တွင် မြေပြိုခြင်းနှင့် အချို့နေရာများတွင် ပိုက်လိုင်းတစ်ဘက်၌ ရေကြီးရေဝပ်ပြီး အခြားတစ်ဖက်တွင် ရေစီးဆင်းမှု နည်းပြီး ရေမရခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရာတွင် အခက်အခက်များစွာနှင့် ကြုံတွေ့နေရသည်။ လယ်သမားတို့ အားထားရသော သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ထိခိုက်ပျက်စီးမှုများသည် ဒေသခံလယ်သမားများ၏ လူမှုဘဝအပေါ် သက်ရောက်မှုများစွာ ရှိခဲ့သည်။

ပိုက်လိုင်းစီမံကိန်းအတွက် ဒေသခံ လယ်သမားအချို့၏ လယ်ယာမြေများကို သိမ်းယူချိန်၌ လယ်သမားများအား လယ်ယာမြေနှင့် ပတ်သက်၍ နစ်နာကြေး (သို့မဟုတ်) ဂရုဏာကြေးများပေးခဲ့သည်။ ပိုက်လိုင်းမြှုပ်ပြီး (၃) နှစ်အတွင်း ပိုက်လိုင်းကုမ္ပဏီများသိမ်းထားသော မိမိတို့၏ လယ်ယာမြေများပေါ်တွင် မူလအတိုင်း လယ်နှင့်သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်သည်ဟု ဆိုခဲ့သည်။ သို့ရာတွင် (၃) နှစ်နောက်ပိုင်းတွင် ပျက်ဆီးသွားသော မြေဆီလွှာများအတွက် ပြန်လည်ထိန်းသိမ်း ပြုပြင်ပေးခြင်းမရှိသဖြင့် ထိုမြေနေရာများတွင် စိုက်ပျိုးရေးလုပ်ရန် အဆင်မပြေတော့ပေ။ မြေဈေးကြီးသဖြင့် လယ်သမားများ ရရှိသော နစ်နာကြေးများနှင့် အစားထိုး မြေနေရာပြန်ဝယ်ရန် မဖြစ်နိုင် သည့်အပြင် ထိုလျော်ကြေးငွေသည် မိသားစုစားဝတ်နေရေးဖြေရှင်းရန်အတွက် မလုံလောက်သဖြင့် လျော်ကြေးလက်မခံလိုသော လယ်သမားများက မိမိတို့မြေများကိုသာ မူလအခြေအနေအတိုင်း ပြန်ပေးရန် တောင်းဆိုသောအခါ လုပ်ငန်းနောက်ယှက်မှုဖြင့် တရားစွဲမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ပိုက်လိုင်းကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) တို့ ပူးပေါင်းပြီး သိမ်းထားသော မြေနှင့် သီးနှံလျော်ကြေးအတွက် ပိုက်လိုင်းကုမ္ပဏီ၏ နစ်နာကြေး (သို့မဟုတ်) ဂရုဏာကြေးများကို ယခုအချိန်အထိ လက်မခံသေးသော လယ်သမားများလည်း ရှိနေသေးသည်။

ထို့အပြင် ကျောက်ဖြူဒေသခံလယ်သမားအချို့၏ ပြောပြချက်များအရ ကျောက်ဖြူမြို့နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားကုမ္ပဏီများက အကောင်အထည်ဖော် နေချိန်တွင် မသိနားမလည်သော ဒေသခံလယ်သမားများထံမှ လယ်ယာမြေ အများအပြား ဝယ်ယူမှုများရှိပြီး ဝယ်ယူသူများမှာ ချမ်းသာကြွယ်ဝသူများဟုသာ အကြမ်းဖျင်း သိထားကြပြီး နောက်ကွယ်တွင် ကုမ္ပဏီနှင့် ဆက်နွယ်သူများလည်း ဖြစ်နိုင်သည်ဟု သံသယရှိကြသည်။ ထိုသို့ဝယ်ထားသော လယ်မြေများထဲတွင် လယ် (သို့) သီးနှံစိုက်ပျိုးရေးများ မလုပ်ကြပဲ အလွတ်

ထားကြသဖြင့် ရခိုင်ပြည်နယ်တွင် စပါးအထွက်နှုန်း နည်းနေပြီး နောင်အနာဂတ်အတွက် ဆန်စပါး ပြတ်လပ်မည်ကို စိုးရိမ်မှုများ ရှိနေပါသည်။ ဒေသခံ အချို့က မိမိတို့ဒေသရှိ ချောင်းနှင့်အင်းအိုင် ငယ်များတွင် သားငါးများရှာဖွေပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းလေ့ရှိကြသော်လည်း ငွေနိုင်သူ များက ထိုချောင်းနှင့် အင်းအိုင်ငယ်များကိုပင် အလွတ်မပေးဘဲ ဝယ်ယူမှုများ ရှိနေသဖြင့် ဒေသခံ များက ထိုနေရာများတွင် သားငါးရှာဖွေခွင့် မရကြတော့ပေ။

ပိုက်လိုင်းစီမံကိန်းက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးလိမ့်မည်ဟု မျှော် လင့်ချက်များရှိခဲ့သော်လည်း လက်တွေ့တွင် ဒေသခံများသည် ကျောက်သည်၊ မြေတူးမြေဖို့၊ ထမင်းချက် နှင့် သန့်ရှင်းရေး၊ ခြံစောင့် အဆင့်မျိုးသာ လုပ်ခွင့်ရပြီး ထိုအလုပ်မျိုးထက် လစာပိုရသော ရာထူးများအတွက် စဉ်းစားပေးခြင်းမျိုးမရှိဟု ဆိုကြသည်။ မိမိတို့ဒေသရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ကျောင်း များကို ဒေသခံပြည်သူများအတွက် စီစဉ်ဖွင့်လှစ်ပေးခြင်းများ မရှိပါ။ ရေတိုအကျိုးသက်ရောက်မှု အတွက် ဒေသခံ လယ်သမားများအား တရားမျှတ သော နစ်နာကြေးများ မပေးသည့်အပြင် ရေရှည် အကျိုးသက်ရောက်မှုအတွက် ထည့်သွင်းစဉ်းစားထားခြင်းမရှိဟု သုံးသပ်နိုင်ပါသည်။ ဒေသဖွံ့ဖြိုးရေး အတွက် ဒေသခံပြည်သူတို့၏ အဓိကလိုအပ်ချက်များကို မေးမြန်း တိုင်ပင်ခြင်းမပြုဘဲ စာသင် ကျောင်းများ၊ ဆေးပေးခန်းများနှင့် ရေလှောင်ကန်နှင့် လျှပ်စစ်ဓာတ်အားစက်အချို့တို့ကို တည်ဆောက် ပေးပြီး အကာအကွယ်ယူကြဟန် ရှိနေပါသည်။

ရခိုင်ပြည်သူများက အခြားပြည်နယ်နှင့် တိုင်းများနည်းတူ (၂၄)နာရီ လျှပ်စစ်မီးလင်းရေး အတွက် အကြိမ်ကြိမ် ဆန္ဒပြ၍လည်းကောင်း၊ လက်မှတ်ကောက်ခံ တင်ပြခြင်းဖြင့် လည်းကောင်း နည်းမျိုးစုံ တောင်းဆိုမှုကြောင့် သက်ဆိုင်ရာ ပိုက်လိုင်းကုမ္ပဏီနှင့် MOGE တို့က ပိုက်လိုင်းဖြတ်သန်းသွား သော လမ်းကြောတစ်လျှောက်ရှိ ရွာအချို့သာ လျှပ်စစ်မီးသွယ်တန်းပေးသည်။ စီမံကိန်း လုပ်ငန်း အဆင်ပြေစေရန် ဖောက်လုပ်ထားသော ကျေးရွာတွင်းကတ္တရာလမ်းတစ်လျှောက် ကျေးရွာများသာ လျှပ်စစ်မီးရကြပြီး ထိုရွာများနှင့် ကပ်ရက် ရွာများက လျှပ်စစ်မီး မရရှိကြသဖြင့် ရွာအချင်းချင်း (သို့မဟုတ်) ဒေသခံပြည်သူအချင်းချင်းကြား ရန်တိုက် ပေးသကဲ့သို့ ဖြစ်နေသည်ဟု ကျောက်ဖြူ ဒေသခံလယ်သမားများ၏ ပြောပြချက်များအရ သိရှိရသည်။ မိမိတို့ ဒေသမှ ထွက်ရှိသော သယံဇာ တအကျိုးအမြတ်ခံစားပိုင်ခွင့်အတွက် တောင်းဆိုမှုများကို လျစ်လျူရှုခဲ့သည်က များနေသဖြင့် ဒေသခံအချို့သည် မိမိတို့အခွင့်အရေးအတွက် တောင်းဆိုရန် လက်လျှော့ သွားကြသည်။

## ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှု

မြန်မာနိုင်ငံ၏ လက်ရှိ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရောင်းချမှုဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ် သည် သံသယဖြစ်ဖွယ် ရှုပ်ထွေးနေပြီး သယံဇာတတူးဖော်ထုတ်လုပ်သည့် စီမံကိန်းဆိုင်ရာ သတင်း အချက်အလက်များကို ပြည်သူများက အလွယ်တကူ ရယူနိုင်ခြင်း မရှိပါ။ ရခိုင်ပြည်နယ်အတွင်း တူးဖော်ထုတ်လုပ်နေသော သဘာဝ သယံဇာတ စီမံကိန်းများနှင့် အခြားသော အကြီးစား စီမံကိန်း လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် လူထုဆန္ဒရယူမှုများ မရှိသောကြောင့် စီမံကိန်းနှင့်အတူ ဖြစ်ပေါ်လာသော လယ်ယာမြေ သိမ်းဆည်းမှု၊ ဆုံးရှုံးသွားသော လယ်ယာမြေများနှင့် ရိုးရာ စီးပွားရေးလုပ်ငန်းများအတွက် နစ်နာကြေး မပေးခြင်း၊ ပေးသည့် နစ်နာကြေးများမှာ လုံလောက် မျှတမှုမရှိခြင်း၊ နစ်နာကြေးပေးသည့် စာချုပ်များကို ဒေသခံပြည်သူများ နားလည်းသည့် ဘာသာ စကားဖြင့် မရေးထားခြင်း၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ထိခိုက်ပျက်စီးခြင်းနှင့် နောက်ဆက်တွဲ



အခွန်ရယ်များကို ဖြေရှင်းမှုမရှိခြင်း၊ ဒေသခံ ပြည်သူလူထု၏ ဆန္ဒပြ ထုတ်ဖော်မှုများအပေါ် ခြိမ်းခြောက်ခြင်း အစရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေပြီး တာဝန်ယူမှု/ တာဝန်ခံမှု အလွန်အားနည်း နေသည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရပါသည်။

သဘာဝသယံဇာတတူးဖော်ထုပ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာရေး ဆောင်ရွက်မှု (EITI) သည် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိလာသော ဝင်ငွေများနှင့် ပွင့်လင်းမြင်သာမှု ကို အားပေးသော ကမ္ဘာ့လုံးဆိုင်ရာ စံနှုန်းတစ်ရပ် ဖြစ်ပါသည်။

*(MEITI website)*

ပိုက်လိုင်းစီမံကိန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအမည်ခံ အခြားစီမံကိန်းများသည် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူ/တာဝန်ခံမှု အားနည်းနေသဖြင့် ယခင်စစ်အစိုးရနှင့်နွယ်သော စီးပွားရေးနှင့် နိုင်ငံရေး သမားအချို့အတွက်သာ အကျိုးရှိပြီး ရခိုင်ဒေသခံပြည်သူများအတွက် သယံဇာတ ကျိန်စာမိနေ သကဲ့သို့သာ ဖြစ်နေသည်။ သဘာဝ သယံဇာတပေါကြွယ်ဝပြီး စီးပွားရေး အခွင့်အလမ်းကောင်းများ ရှိနေသော်လည်း ရခိုင်ဒေသခံပြည်သူများသည် စီးပွားရေးအရ ကြဉ်ဖယ်ခြင်း ခံထားရသကဲ့သို့ ဖြစ်နေသည်။ လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝန်းများ၏ ထောက်ပြ ဝေဖန်မှုများကြောင့် သမ္မတဦးသိန်းစိန်အစိုးရလက်ထက် (၂၀၁၄) ခုနှစ်တွင် မြန်မာနိုင်ငံသည် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှု (EITI)[၇၇] အဖွဲ့ဝင်နိုင်ငံ ဖြစ်ရေးအတွက် လျှောက်တင်ခဲ့သည်။ မြန်မာနိုင်ငံသည် (EITI) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့်တိုင် ရခိုင်ပြည်သူတို့ လိုလားသော ရခိုင့်သယံဇာတ ရခိုင်ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးအမြတ် တိုက်ရိုက်ခွဲဝေပိုင်ခွင့် ရရှိရေးအတွက် တွန်းအားပေးခြင်း မဟုတ်ဘဲ ဗဟိုအစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဒေသတွင်းသို့ ပိုဝင်လာအောင် ပြုလုပ်သည့်နည်းလမ်း တစ်ခုအဖြစ် အသုံးချပြီး ဗဟိုထိန်းချုပ်သည့်စနစ်ဖြင့် သယံဇာတ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရောင်းချမှုများ ဆက်လက်တိုးချဲ့သွားနိုင်သည်ဟု သုံးသပ်ကြသည်။

၇၇ လက်ရှိတွင် EITI ကို ကမ္ဘာ့နိုင်ငံပေါင်း (၄၉) နိုင်ငံက အကောင်အထည်ဖော်လျက် ရှိသည်။

# အခန်း (၆) စဉ်းစားချက်များ

## ၆.၁. သုတေသနမှ ရရှိလာသော စဉ်းစားချက်များ

ဤသုတေသနစာတမ်း၏ အဓိကမေးခွန်း (၄) ခုကို အခြေခံ၍ သဘာဝသယံဇာတဆိုင်ရာ နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်နယ်နစ်ခုတို့၏ အတွေ့အကြုံများမှ တွေ့ရှိချက်များကို အောက်တွင် အကျဉ်းချုပ် ဖော်ပြထားသည်။

### ပိုင်ဆိုင်မှု

သဘာဝ သယံဇာတပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံ ဥပဒေထဲတွင် လည်းကောင်း၊ ငြိမ်းချမ်းရေးသဘောတူစာချုပ်ထဲတွင် လည်းကောင်း နိုင်ငံအတွင်းရှိ သဘာဝ သယံဇာတများ၏ မူရင်းပိုင်ရှင်များကို အတိအလင်း ပြဋ္ဌာန်းဖော်ပြထားသည်။ တပြည် ထောင်စနစ် ကျင့်သုံးသော နိုင်ငံများ (ဥပမာ - အင်ဒိုနီးရှား၊ ပေါ်ပါးနယူးဂီနီနှင့် မြန်မာနိုင်ငံ) တွင် သဘာဝသယံဇာတများကို နိုင်ငံတော် (ဗဟို) အစိုးရကသာ ပိုင်ဆိုင်သည်ဟု နိုင်ငံ၏ ဖွဲ့စည်းပုံ ထဲတွင်ပြဋ္ဌာန်းထားသည်။ ဖက်ဒရယ်စနစ် ကျင့်သုံးသော နိုင်ငံများတွင်မူ သဘာဝသယံဇာတများကို ပြည်ထောင်စုအစိုးရ (ဥပမာ - နိုင်ဂျီးရီးယား၊ အီရတ်နှင့် ဗင်နီဇွဲလား) ကလည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရ (ဥပမာ- ကနေဒါနှင့် ယူအေအီး)က လည်းကောင်း၊ ပြည်ထောင်စု၊ ပြည်နယ်နှင့် ပုဂ္ဂလိက (ဥပမာ - ရုရှား)တို့ကလည်းကောင်း ပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ (အချပ်ပို - ၉ တွင် ကြည့်ရန်) ထို့အပြင် ယခင်ဆူဒန်နိုင်ငံ၏ငြိမ်းချမ်းရေးစာချုပ်တွင်လည်း သယံဇာတပိုင်ဆိုင်မှုကိစ္စကို ထည့်သွင်းထားခြင်း မရှိခဲ့ပေ။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေ ပုဒ်မ (၃၇-က)တွင် နိုင်ငံအတွင်းရှိ သယံဇာတအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။ တိုင်းရင်းသားပြည်နယ် နစ်ခုမှ နိုင်ငံရေးပါတီနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက သဘာသယံဇာတ ပိုင်ဆိုင်မှုကို ပြည်နယ်လက်ထဲတွင်သာ ထားလို ကြသည်။ သယံဇာတထွက်သော ဒေသရှိ ဒေသခံတိုင်းရင်းသားများသာလျှင် မူရင်းပိုင်ဆိုင်များ ဖြစ်သင့်သည်ဟု ယူဆကြသည်။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုနှင့် ပြည်နယ် အခြေခံဥပဒေများတွင် ထည့်သွင်းလိုကြသည်။

### စီမံခန့်ခွဲမှု

သဘာဝသယံဇာတဆိုင်ရာဥပဒေ ရေးဆွဲပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့သည် နိုင်ငံတစ်ခုနှင့် တစ်ခု မတူကွဲပြားကြသည်။ အချို့နိုင်ငံများ (ဥပမာ - နိုင်ဂျီးရီးယားနှင့် ဗင်နီဇွဲလား)တွင် ပြည်ထောင်စု အဆင့် အစိုးရအားလည်းကောင်း၊ အချို့နိုင်ငံများ (ဥပမာ - ကနေဒါနှင့် ယူအေအီး)တွင် ပြည်နယ် အစိုးရအားလည်းကောင်း၊ အချို့နိုင်ငံများ (အီရတ်၊ ရုရှားနှင့် ဆူဒန်)တွင် ပြည်ထောင်စုနှင့် ပြည်နယ် အစိုးရနှစ်ရပ်လုံးကိုလည်းကောင်း သယံဇာတဥပဒေပြဋ္ဌာန်းပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် တို့ကို အခြေခံဥပဒေထဲတွင် အတိအလင်း ဖော်ပြထားသည်။ သုတေသနပြုခဲ့သော အင်ဒိုနီးရှားနိုင်ငံ တွင် သယံဇာတဆိုင်ရာ ဥပဒေများကို နိုင်ဒိုနီးရှားနိုင်ငံ၏ အထက်လွှတ်တော်ကိုသာ ရေးဆွဲပြဋ္ဌာန်း ပိုင်ခွင့်ပေးထားပြီး အာချေးပြည်နယ်အစိုးရသည် အားချေးပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ များကို အင်ဒိုနီးရှားအစိုးရနှင့် ပူးတွဲစီမံခန့်ခွဲခွင့် ပေးထားသည်။ (အချပ်ပို - ၁၀ တွင်ကြည့်ရန်) မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးသည် အခြေခံဥပဒေ (ပုဒ်မ ၃၇-ခ နှင့် ပုဒ်မ ၉၆ ကို ရည်ညွှန်းသော ဇယား ၁ ပြည်ထောင်စုဥပဒေပြု စာရင်း)[၆၆] အရ သယံဇာတ ဥပဒေ

ပြဋ္ဌာန်းခွင့်ကို နိုင်ငံတော် (ပြည်ထောင်စုလွှတ်တော်)မှ ရေးဆွဲပြဋ္ဌာန်းပြီး စီမံအုပ်ချုပ်ခွင့် ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအား ဥပဒေပြဋ္ဌာန်းခွင့် (အခြေခံဥပဒေ ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေ ပြုစာရင်းအရ)[၈၉] သယံဇာတစီမံခန့်ခွဲပိုင်ခွင့် ပေးထားသော်လည်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်စိမ်းကဲ့သို့သော တန်ဖိုးကြီးသယံဇာတများ စီမံခန့်ခွဲခွင့်ကို ပြည်ထောင်စုအစိုးရ လက်ထက်တွင်သာ ရှိသည်။ သုတေသနခရီးစဉ် အတွင်း ဒေသခံတိုင်းရင်းသားခေါင်းဆောင်နှင့် ပြည်သူများက သယံဇာတစီမံခန့်ခွဲမှုကိုလည်း ပြည်နယ်အစိုးရ လက်ထဲတွင်သာထားပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုနှင့် ပြည်နယ်အခြေခံ ဥပဒေများ၌ ပြဋ္ဌာန်းထားသင့်သည်ဟု ယူဆကြသည်။

## ဝင်ငွေခွဲဝေမှု

သဘာဝသယံဇာတမှ ရရှိလာသော ဝင်ငွေများကို ခွဲဝေခြင်းနှင့် ပတ်သက်၍ အချို့နိုင်ငံများ (ဥပမာ- အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယား၊ ဆူဒန်၊ အီရတ်နှင့် ဗင်နီဇွဲလား)တွင် ပြည်ထောင်စုအစိုးရမှ လည်းကောင်း၊ အချို့ နိုင်ငံများ (ကနေဒါ၊ ဆူဒန်၊ ရုရှားနှင့် ပေါပါးနယူးဂီနီ) တွင် ပြည်နယ်အစိုးရ၏ အခွန်ကောက်ခံခွင့်မှ လည်းကောင်း အချို့နိုင်ငံများ (ယူအေအီး၊ အီရတ်)တွင် ပြည်နယ်အစိုးရမှ လည်းကောင်း ကောက်ခံပိုင်ခွင့် ရှိသည်။ သယံဇာတဝင်ငွေပမာဏ ခွဲဝေမှုကို သဘောတူထားသော ရာခိုင်နှုန်းတစ်ခုခုဖြင့် လည်းကောင်း (ဥပမာ - ရေနံနှင့်သဘာဝဓာတ်ငွေ့ဝင်ငွေအားလုံး၏ ၃၀%ကို အာချေးပြည်နယ်အတွက် ခွဲဝေပေးခြင်း)၊ ပုံသေနည်းတစ်ခုဖြင့်လည်းကောင်း (ဥပမာ - နိုင်ဂျီးရီးယား နိုင်ငံတွင် ရေနံထွက်သော ပြည်နယ်အတွက် အနည်းဆုံး ၁၃% ခံစားခွင့်ထည့်ထားခြင်း)၊ ငြိမ်းချမ်းရေး စာချုပ်ဖြင့် လည်းကောင်း (ဥပမာ - ဆူဒန်နိုင်ငံတွင် ရေနံမှရရှိသော အသားတင်ဝင်ငွေ၏ ၂% ကို ရေနံထွက်ရှိသော ပြည်နယ်အတွက် ခွဲဝေပေးပြီးနောက် ကျန်ရှိသော ဝင်ငွေများကို ဆူဒန်အစိုးရနှင့် တောင်ဆူဒန်အစိုးရအား တစ်ဝက်စီအညီအမျှ ခွဲဝေပေးခြင်း) နည်းလမ်း အမျိုးမျိုးဖြင့် ခွဲဝေကြသည်။ အချို့နိုင်ငံများ (ကနေဒါ၊ အီရတ်၊ ရုရှား၊ ဆူဒန်နှင့် ပေါပါးနယူးဂီနီ)တွင် ခွဲဝေသည့် ဝင်ငွေ ပမာဏများကို သတ်မှတ်ထားခြင်းမရှိပေ။ သယံဇာတဝင်ငွေ ခွဲဝေမှုများမှာ များသောအားဖြင့် ဗဟိုမှ ပြည်နယ်သို့ ခွဲဝေမှုမျိုးသာ တွေ့ရသည်။ သို့ရာတွင် ယူအေအီးနိုင်ငံသည် ညှိနှိုင်းထားသော ပြည်နယ်ဝင်ငွေ၏ ပမာဏအချို့ကို ပြည်နယ်မှ ဗဟိုသို့ ခွဲဝေပေးသည်။ (အချပ်ပို- ၁၁ တွင် ကြည့်ရန်) မြန်မာနိုင်ငံတွင် နိုင်ငံတော် ဝင်ငွေများကို ပြည်ထောင်စု အစိုးရမှ ပြည်နယ်သို့ ခွဲဝေပေးပြီး သယံဇာတဝင်ငွေများကို သီးသန့်ခွဲဝေပေးခြင်း မရှိဘဲ နိုင်ငံတော်၏ အခြားဝင်ငွေများနှင့် ပေါင်းထည့်ပြီး ညွှန်းကိန်းများအပေါ် အခြေခံပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများအား ခွဲဝေပေးသည်။ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာအတွက် သယံဇာတ ဝင်ငွေရရှိမှုသည် မျှော်လင့်ထားသည်ထက် အလွန်နည်းနေသည်ကို[၉၀] တွေ့ရှိရပါသည်။ ဤသုတေသနခရီးစဉ် မှ လေ့လာသိရှိခဲ့သော သယံဇာတဝင်ငွေခွဲဝေမှုနည်းလမ်းအချို့ပါ အောက်ပါအတိုင်း ဖြစ်သည်။


၈၈ ပုဒ်မ ၉၆ "ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စု ဥပဒေပြုစာရင်းပါ ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ပြည်ထောင်စု တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်။ (မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ)

၈၉ ပုဒ်မ ၁၈၈ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်။" (မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ)


၉၀ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တွင်းထွက်သယံဇာတဝင်ငွေသည် တရားဝင်ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာ ၁.၁၅ ဘီလီယံဟု ဖော်ပြထားသော်လည်း တရုတ်နိုင်ငံ၏ တရားဝင် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှ တန်ဖိုးကြီး ကျောက်များတင်သွင်းမှုသည် ၂၀၁၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံဟုလည်းကောင်း၊ Global Witness အဖွဲ့မှ ထိုနှစ်အတွင်း (တရားဝင်နှင့် တရားမဝင်) ကျောက်စိမ်းထုတ်လုပ်မှုတန်ဖိုးခန့်မှန်းချက်မှာ အမေရိကန် ဒေါ်လာ ၃၁ ဘီလီယံဟု လည်းကောင်း၊ ဟားဗတ်တက္ကသိုလ်မှလည်း ကျောက်စိမ်းဝင်ငွေခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံဟု လည်းကောင်း ဖော်ပြကြသည်။




■ **နည်းလမ်း (၁)** သယံဇာတဝင်ငွေများကို ပြည်နယ်/တိုင်းဒေသကြီး ၇၀% နှင့် ပြည်ထောင်စု/ဗဟို ၃၀% ခွဲဝေပေးသည်။





■ **နည်းလမ်း (၂)** သယံဇာတဝင်ငွေများကို ပြည်နယ်/တိုင်းဒေသကြီး ၇၀%နှင့် ပြည်ထောင်စု/ဗဟို ၃၀% ခွဲဝေပေးသည်။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီး ရရှိသော ၇၀% မှ အခြား ပြည်နယ်/ တိုင်းဒေသကြီးများအား ခွဲဝေပေး ပိုင်ခွင့် ရှိသည်။




■ **နည်းလမ်း (၃)** သယံဇာတမှ ရရှိသော (ထုတ်လုပ်မှုစရိတ် နုတ်ထားပြီးသော) အသားတင်ဝင်ငွေများကို ပုဂ္ဂလိကလုပ်ငန်းရှင် ၆၀% နှင့် နိုင်ငံတော် ၄၀%၊ နိုင်ငံတော် ရရှိငွေ ၄၀% မှ ပြည်နယ်/ တိုင်းဒေသကြီး ၆၀% နှင့် ပြည်ထောင်စု/ဗဟို ၄၀%၊ ပြည်နယ်/တိုင်းဒေကြီး ရရှိငွေ ၆၀%မှ သယံဇာတထွက်သော ဒေသ ၆၀% နှင့် ပြည်နယ်/တိုင်းဒေသကြီး ၄၀% ခွဲဝေပေးသည်။




■ **နည်းလမ်း (၄)** သယံဇာတမှ ရရှိသော အသားတင်ဝင်ငွေများကို ပုဂ္ဂလိကလုပ်ငန်းရှင် ၅၀% နှင့် နိုင်ငံတော် ၅၀% ခွဲဝေမည်။



## သက်ရောက်မှု

သဘာဝသယံဇာတဝင်ငွေခွဲဝေမှုအပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သဘာဝသယံဇာတတူးဖော်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများကိုလည်း စနစ်တကျစီမံဆောင်ရွက်ရန် လိုပါသည်။ ယခုသုတေသနစာတမ်းတွင် ကမ္ဘာ့နိုင်ငံများ၏ သယံဇာတတူးဖော်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများအား မလေ့လာခဲ့သော်လည်း ကွင်းဆင်းလေ့လာခဲ့သော မြန်မာနိုင်ငံရှိ ပြည်နယ်နှစ်ခု၏ အတွေ့အကြုံများအရ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ တူးဖော်မှုကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အကျိုးသက်ရောက်မှုများအတွက် နိုင်ငံတကာစံနှုန်းနှင့် စနစ်တကျ စီမံဆောင်ရွက်ထားခြင်း မရှိသည်ဘဲ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ/တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်တွင် အစိုးရပိုင်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ တရုတ်အစိုးရပိုင် CNPC ကုမ္ပဏီနှင့် ကိုးရီးယားဒေဝူးကုမ္ပဏီတို့၏ ရေနံသိုလှောင်ရေးနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း တည်ဆောက်ရေးအတွက် ဒေသခံလယ်သမားတို့၏ လယ်ယာမြေများကို သိမ်းယူခဲ့သည်။ ထို့သို့ သိမ်းယူမှုများကြောင့် လယ်သိမ်းခံရသော လယ်သမားများ၏ စားဝတ်နေရေးကို ခက်ခဲစေခဲ့သည်။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းကို အင်းပြဲစနစ်ဖြင့် စက်ယန္တယားကြီးများသုံးကာ အလွန်အကျွံထုတ်ယူမှုများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးပြဿနာများမှာ နေ့တစ်တူဝ ဖြစ်ပျက်နေပါသည်။ ထိုသဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးပြဿနာများကို စနစ်တကျနှင့် အချိန်မှီ ကိုင်တွယ်ဖြေရှင်းရန် လိုသည်ဟု ဒေသခံများက ဆန္ဒဖော်ထုတ်ပြကြသော်လည်း ၎င်းတို့၏ ဆန္ဒများမှာ ယနေ့တိုင် လျစ်လျူရှုခံခဲ့ရသည်။

အထက်ပါတွင် ဖော်ပြခဲ့သော သဘာဝသယံဇာတ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှုတို့ကို သီးသန့်စီဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုသော နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများကို လွယ်ကူစေနိုင်သည်။ ထို့အပြင် သယံဇာတဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများတွင် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များက အစပိုင်းတွင် ပါဝင်သင့်သည်။ ညှိနှိုင်းဆွေးနွေးသူများ၏ သဘာဝသယံဇာတဆိုင်ရာ အခြေခံ ဗဟုသုတများ တူညီရေးနှင့် လက်ရှိမြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သယံဇာတများ တည်ရှိနေသည့် အတိုင်းအတာတို့ကို နားလည် သဘောပေါက်ရေးအတွက် သင့်တော်သလို ပညာပေးသွားရန် လိုပါသည်။ သက်ဆိုင်ရာ နိုင်ငံရေးအစုအဖွဲ့များနှင့်အတူ သယံဇာတဆွေးနွေးညှိနှိုင်းမှု အခြေခံမူများကို ဦးစွာရယူရန်လိုသည်။ ထို့အပြင် ဆွေးနွေးညှိနှိုင်းသူများ၏ အဆိုပြုချက်များနှင့်ပတ်သက်၍ အားနည်းချက်နှင့် အားသာချက်များကို ပညာရှင်များမှ သုံးသပ်ပေးသင့်ပါသည်။ ထို့နောက် သယံဇာတဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် အကျိုးသက်ရောက်မှုအတွက် ညှိနှိုင်းသဘောတူချက်များကို ငြိမ်းချမ်းရေးသဘောတူ စာချုပ်တွင် ထည့်သွင်းထားရမည်။ ထိုမှတစ်ဆင့်ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် သဘောတူခဲ့သည့်အတိုင်း လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခြင်းဖြင့် လည်းကောင်း၊ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု၏ ဖွဲ့စည်းပုံတွင် လည်းကောင်း အတိအလင်းပြဋ္ဌာန်းထားရန် လိုပါသည်။ ထို့သို့ ပြဋ္ဌာန်းပြီး အကောင်အထည် ဖော်နိုင်မှသာလျှင် စစ်မှန်သော ငြိမ်းချမ်းရေးအတွက် လက်လှမ်းနိုင်မည် ဖြစ်သည်။



## ၆.၂. အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော စဉ်းစားချက်များ

သဘာဝသယံဇာတ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဝင်ငွေခွဲဝေမှုနှင့် သက်ရောက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ယေဘုယျအားဖြင့် တူညီသော ဘုံသဘောထားများ တွေ့ရှိရပါသည်။ နည်းပညာပိုင်းဆိုင်ရာ စကားလုံးရွေးချယ်မှုနှင့် အသေးစိတ် အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် ကွဲပြားမှု အနည်းငယ်တွေ့ရပြီး ၎င်းတို့ကို နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးညှိနှိုင်းသင့်သည်ဟု အကြံပြုကြသည်။ အလုပ်ရုံဆွေးနွေးပွဲ (၃) ခုလုံးမှ ရရှိလာသော ဘုံတူညီချက်သဘောထားများနှင့် ခြားနားချက်အချက်ကို ဖော်ပြသွားပါမည်။

### ပိုင်ဆိုင်မှု

သဘာဝသယံဇာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပြည်နယ်အတွင်းရှိ သယံဇာတအရင်းအမြစ်များအားလုံးကို သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ (မူလ)ဌာနေတိုင်းရင်းသားများနှင့် ပြည်နယ်အတွင်း နှစ်ပေါင်းများစွာ အစဉ်တစိုက် နေထိုင်လာကြသော ဒေသခံတိုင်းရင်းသားလူမျိုးများက ပိုင်ဆိုင်သည်ဟု အခိုင်အမာပြောဆိုကြသည်။ သို့ရာတွင် "မူလဌာနေတိုင်းရင်းသား" သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရည်ညွှန်းမှု ကွဲပြားနိုင်သဖြင့် ထိုစကားရပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများကသာ ဆုံးဖြတ်သွားရန် အကြံပြုကြသည်။ ဥပမာ - ကချင်ပြည်နယ်တွင် ဒေသအခေါ် "ရှုဒီမရှာ" သည် မူလဌာနေတိုင်းရင်းသားများကို ရည်ညွှန်းပြီး "ရှုဒီမရှာ" အဓိပ္ပါယ်ကို ကချင်ပြည်နယ်က ဖွင့်ဆိုသွားရန် လိုပါသည်။ မူလဌာနေတိုင်းရင်းသားကို သတ်မှတ်သည့် ဆွေးနွေးချက်များအရ မူလဌာနေတိုင်းရင်းသားများသည် ၁၈၂၃ ခုနှစ်မတိုင်မီ စတင်နေထိုင်ခဲ့သော တိုင်းရင်းသားများလူမျိုးများကိုလည်းကောင်း၊ ၁၈၂၃ ခုနှစ် နောက်ပိုင်း အစောဆုံးရောက်ရှိသော လူမျိုးများကိုလည်းကောင်း၊ (၁၉၄၇ - ၁၉၆၀) ခုနှစ်အတွင်း ရှိနေခဲ့ပြီးသော ဌာနေတိုင်းရင်းသားများကို လည်းကောင်း ရည်ညွှန်းသည်။ ပြည်နယ်အတွင်း နှစ်ပေါင်း (၆၀) ကြာ အစဉ်တစိုက် နေထိုင်ခဲ့ပြီးသူ တိုင်းရင်းသားမျိုးနွယ်စုများကိုမူ ဒေသခံတိုင်းရင်းသားလူမျိုးများ အဖြစ် ရည်ညွှန်းသည်။

### စီမံခန့်ခွဲမှု

ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝ သယံဇာတ အရင်းအမြစ်များအားလုံးကို စီမံခန့်ခွဲရာတွင် ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့၏ ပူးတွဲစီမံခန့်ခွဲခွင့်၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့၏ သီးခြား စီမံခန့်ခွဲခွင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့၏ ပူးတွဲစီမံခန့်ခွဲခွင့်တို့ကို သတ်မှတ်ရမည်ဟု ယေဘုယျအားဖြင့် လက်ခံကြသည်။ သို့ရာတွင် သယံဇာတ စီမံခန့်ခွဲခွင့်အာဏာ အများစုကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ လက်ထက်တွင်သာ ထားရှိရမည်ဖြစ်ပြီး ယင်း ပြည်နယ်/တိုင်းဒေသကြီးရှိ ဒေသန္တရအစိုးရများ၏ စီမံခန့်ခွဲပိုင်ခွင့်နှင့် ရိုးရာအစဉ်အလာအားဖြင့် ကျင့်သုံးလာခဲ့သော တိုင်းရင်းသားများ၏ သယံဇာတစီမံခန့်ခွဲမှုနှင့် တိုင်းရင်းသား လူမျိုးစုငယ်များ၏ အထူးစီမံခန့်ခွဲပိုင်ခွင့်တို့ကို အသိအမှတ်ပြုပေးရမည်ဟု အဆိုပြုကြသည်။ ပြည်ထောင်စု တစ်ခုလုံး၏ အကျိုးစီးပွားကို ထိခိုက်နိုင်သော သယံဇာတထုတ်ယူမှုများကို ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက ပူးတွဲစီမံခန့်ခွဲသွားရန်၊ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုနှင့်သာ သက်ဆိုင်နိုင်သော သယံဇာတထုတ်ယူမှုများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရကသာ စီမံခန့်ခွဲသွားရန်၊ ပြည်နယ်/ တိုင်းဒေသကြီးတစ်ခုထက်မက ပတ်သက်နိုင်သော သယံဇာတ ထုတ်ယူမှုများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများက ညှိနှိုင်းသွားရန်နှင့် အချို့ ကိစ္စရပ်

များတွင် ပြည်ထောင်စုအစိုးရလည်း ပါဝင်ညှိနှိုင်းသွားရန် လိုလားကြသည်။ ထို့အပြင် အစိုးရ အဆင့်အလိုက် သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဖွဲ့စည်းပုံများတွင် ထည့်သွင်းပြဋ္ဌာန်းထားရန် ဆွေးနွေးခဲ့သည်။

## ဝင်ငွေ ခွဲဝေမှု

သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် သယံဇာတထုတ်ယူမှုမှ ကောက်ခံရရှိလာသော ဘဏ္ဍာငွေများ ကို ပြည်ထောင်စုနှင့် သယံဇာတထွက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးများအကြား ခွဲဝေခြင်း၊ ထိုသို့ ခွဲဝေရာတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသည် မိမိတို့ဒေသမှရသော သယံဇာတဘဏ္ဍာငွေ အများစုကို ရယူခံစားပိုင်ခွင့်နှင့် ပြည်ထောင်စုဘဏ္ဍာသို့ ထည့်ဝင်ပြီးနောက် ကျန်ရှိသော သယံဇာတ ဘဏ္ဍာငွေများကို ထွက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်း ပြန်လည်ခွဲဝေရာတွင် သယံဇာတထွက်သောဒေသသည် သယံဇာတ မထွက်သော ဒေသများထက် အကျိုးခံစားခွင့် ပိုရှိရမည်ဟု ယုံကြည်ထားကြသည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား ခွဲဝေရာလည်းကောင်း၊ ပြည်ထောင်စုသို့ ထည့်ဝင်ပြီးနောက် ပြည်နယ်/တိုင်းဒေသကြီးအတွင်း ပြန်လည်ခွဲဝေရာတွင်လည်းကောင်း ခွဲဝေမည့် ရာခိုင်နှုန်းတို့ကို ခေါင်းဆောင်နှင့် ကိုယ်စားလှယ်အချို့က အစပျိုးစဉ်းစားနိုင်ရန်အတွက် အဆိုပြုကြသော်လည်း အချို့ကမူ လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆွေးနွေးခြင်းမပြုသေးဘဲ ပြည်သူများရွေးကောက်တင်မြှောက်ပြီး လုပ်ပိုင်ခွင့်ရှိသော ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကသာ ပြည်သူ့ဆန္ဒနှင့်အညီ ဆုံးဖြတ်သင့်သည်ဟု အကြံပြုခဲ့ကြသည်။

သယံဇာတဘဏ္ဍာငွေ ခွဲဝေသည့် ပမာဏနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သော အဆိုပြုချက်များမှာ ပြည်နယ်/တိုင်းဒေသကြီး (၈၀) ရာခိုင်နှုန်းနှင့် ပြည်ထောင်စု (၂၀) ရာခိုင်နှုန်း၊ ပြည်နယ်/တိုင်းဒေသကြီး (၇၀) ရာခိုင်နှုန်းနှင့် ပြည်ထောင်စု (၃၀) ရာခိုင်နှုန်း၊ ပြည်နယ်/တိုင်းဒေသကြီး (၆၀) ရာခိုင်နှုန်းနှင့် ပြည်ထောင်စု (၄၀) ရာခိုင်နှုန်း စသည့် ခွဲဝေမှု အမျိုးအစားများကို ဆွေးနွေးခဲ့ကြသည်။ ပြည်နယ်/တိုင်းဒေသကြီး ခံစားခွင့်ရှိသော သယံဇာတဘဏ္ဍာငွေများကို ပြည်နယ်/တိုင်းဒေသကြီးအတွင်း ပြန်လည်ခွဲဝေသင့်သည့် ရာခိုင်နှုန်းကိုမူ ဆွေးနွေးမှုများ ထဲထဲဝင်ဝင်ဆွေးနွေးခဲ့ခြင်း မရှိသော်လည်း ကိုယ်စားလှယ်အချို့က ထွက်ရှိရာဒေသ (၂၀) ရာခိုင်နှုန်းနှင့် ကျန်ဒေသများ (၈၀) ရာခိုင်နှုန်း ခံစားသင့်သည်ဟု အဆိုပြုခဲ့ကြသည်။ ဤစာတမ်းတွင် လေ့လာတင်ပြထားသော နိုင်ငံတကာအတွေ့အကြုံများမှ ဆူဒန်နိုင်ငံတွင် သယံဇာတမှ ကောက်ခံရရှိသော ဘဏ္ဍာငွေများကို သယံဇာတထွက်သော ဒေသအတွက် ရာခိုင်နှုန်းတစ်ခု သီးသန့်ခွဲဝေပြီးမှသာ ကျန်ရှိသော သယံဇာတ ဘဏ္ဍာငွေများကို ထွက်ရှိရာ ပြည်နယ်နှင့် ပြည်ထောင်စုအကြား ခွဲဝေစေခဲ့သည်။ ထိုခွဲဝေမှုပုံစံကို မြန်မာနိုင်ငံ၏ အနာဂတ် သယံဇာတဘဏ္ဍာငွေ ခွဲဝေမှုတွင် ထည့်သွင်းစဉ်းစားကြည့်နိုင်ပါသည်။

ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးများသည် ခံစားခွင့်ရှိသာ သယံဇာတဘဏ္ဍာငွေနှင့် အကျိုးအမြတ်များကို သယံဇာတထွက်ရှိသော ဒေသရှိ မူလဌာနေတိုင်းရင်းသားများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအသုံးပြုသင့်ကြောင်း၊ လုံးလုံးခဲခဲနှင့် အမြောက်အများ ရရှိလာသော သယံဇာတဘဏ္ဍာငွေများကို စနစ်တကျအသုံးပြုကာ တာဝန်ယူ တာဝန်ခံမှု ရှိရမည်ဟု ဆွေးနွေးခဲ့ကြသည်။ အခြားထူးခြားချက်တစ်ခုမှာ ပြည်ထောင်စုအတွက် ထည့်ဝင်ပြီးနောက် ပြည်နယ်/တိုင်းဒေသကြီးသည် မိမိတို့ခံစားခွင့်ရှိသော သယံဇာတ ဘဏ္ဍာငွေများကို မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးအတွင်း၌ သာမက လိုအပ်သော အခြားပြည်နယ်များသို့လည်း ခွဲဝေလိုပါက ခွဲဝေပေးပိုင်ခွင့် ရှိရမည်ဟု လက်ခံကြသည်။ သယံဇာတ ဘဏ္ဍာငွေ



ခွဲဝေရာတွင် ပြည်ထောင်စုမှပြည်နယ်သို့ ခွဲဝေခြင်းများ ရှိသကဲ့သို့ ပြည်နယ် အချင်းချင်း ခွဲဝေမှုများလည်းရှိရာ မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော နည်းလမ်းများကို ရွေးချယ်သွားရန် လိုပါသည်။

သယံဇာတ ဘဏ္ဍာငွေနှင့်ပတ်သက်၍ ရေရှည်အကျိုးခံစားခွင့်ကိုလည်း ဆွေးနွေးကြသည်။ သယံဇာတ ဘဏ္ဍာငွေများကို သားစဉ်မြေးဆက် ရေရှည်အကျိုးခံစားနိုင်ရေးအတွက် သဘာဝသယံဇာတ ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရကသော်လည်းကောင်း၊ ဆက်စပ်လျက်သော ပြည်နယ်များကသော်လည်းကောင်း ထားရှိကြရန် အကြံပြုခဲ့ကြသည်။ ထို့အပြင် တန်ဖိုးကြီးမားသော သဘာဝသသယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကိုလည်း သီးသန့်ထားရှိခြင်းဖြင့် သယံဇာတဘဏ္ဍာငွေ အချက်အလက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုကို ရှိရှိစေနိုင်ပါသည်။

## သက်ရောက်မှု

သဘာဝသယံဇာများကို ထုတ်ယူသုံးစွဲရောင်းချခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝဖွံ့ဖြိုးမှုများ စသည့် ကောင်းကျိုးများ ရရှိစေနိုင်သကဲ့သို့ သဘာဝနှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများကို ထိရောက်စွာ တားဆီးထိန်းချုပ်ထားနိုင်သည့် အကာအကွယ်ယန္တရားများလည်း ထားရှိရမည် ဆွေးနွေးတင်ပြကြသည်။ အကာအကွယ်ယန္တယားများအတွက် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက် (Environmental Impact Assessment)၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက် (Social Impact Assessment)၊ ပဋိပက္ခထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက် (Conflict Impact Assessment)၊ လွတ်လပ်ပြီး လူထုထံမှ ကြိုတင်ရယူထားသော သဘောတူညီချက် (Free Prior Informed Consent)၊ ဂေဟလျော်ကြေး (Compensation for ecosystem)နှင့် ကုမ္ပဏီများ၏ လူမှုရေးတာဝန်ခံမှု (Corporate Social Responsibility) စသည့် စံနှုန်းများ ထားရှိရန်နှင့် ဒေသခံပြည်သူများပါဝင်နိုင်သော အကာအကွယ်ယန္တရားနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပါက ကြီးမားသော သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများကို ထိရောက်စွာ ကာကွယ်တားဆီး၊ ထိန်းချုပ်နိုင်မည်ဖြစ်သည်။

## မူဝါဒဖော်ဆောင်နိုင်သည့် လမ်းကြောင်းများ

အထက်တွင် တင်ပြထားသော သဘာဝသယံဇာတဆိုင်ရာ မူဝါဒများကို အတည်ပြုပြဋ္ဌာန်းစေနိုင်ရန် ချဉ်းကပ် နိုင်သည့် နည်းလမ်း (၂) ခု ရှိသည်။ ၎င်းတို့မှာ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကျင်းပသော နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘာဝ သယံဇာတဆိုင်ရာ သဘောတူညီချက်များကို ရယူပြီး ငြိမ်းချမ်းရေးစာချုပ်တွင် ထည့်သွင်းခြင်းတို့ဖြစ်သည်။ ထိုနည်းလမ်း တစ်ခုခုဖြင့် သော်လည်းကောင်း၊ နည်းလမ်း(၂)ခုလုံးဖြင့် သော်လည်းကောင်း သဘာဝသယံဇာတဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်သွားသင့်သည်ဟု လက်ခံထားကြသည်။ ထိုသို့ဖော်ဆောင်ရာတွင် ဘုံသဘောထားများဖြင့် စည်းလုံးညီညွတ်မှု ရှိရန် လိုအပ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက တိုင်းရင်းသားနယ်မြေများတွင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရယူခံစားနိုင်မည် ဖြစ်သည်။

# အခန်း (၇) နိဂုံး

ဤစာတမ်းတွင် ရေးသားထားသော သုံးသပ်ချက်အများစုသည် လွန်ခဲ့သော ဦးသိန်းစိန် အစိုးရ လက်ထက် (၂၀၁၁-၂၀၁၅ ခုနှစ်)အတွင်း အခြေအနေများအပေါ်တွင် ပြုလုပ်ထားပါသည်။ လက်ရှိအုပ်ချုပ်နေသော အရပ်သားအစိုးရသည် ဦးသိန်းစိန်အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သော သဘာဝ သယံဇာတဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်ထည်ဖေါ် ဆောင်ရွက်လျက်ရှိသည်။ သမ္မတဦးသိန်းစိန် လက်ထက် အတည်ပြုခဲ့သော သဘာဝသယံဇာတဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ထိရောက်စွာ ပြန်လည် သုံးသပ်ခြင်းများ မပြုရသေးပေ။ ကချင်ပြည်နယ်သည် ကျောက်စိမ်းလုပ်ငန်းများမှ ဝင်ငွေ ဒေါ်လာသန်းချီ ရရှိသော်လည်း နိုင်ငံတော်ဘဏ္ဍာသို့ အနည်းငယ်သာ စီးဝင်နေပြီး ကျောက်စိမ်းထွက်ရှိသော ဒေသ၏ လူနေမှု အဆင့်အတန်းနှင့် ဒေသဖွံ့ဖြိုးရေးအဆင့်မှာ လိုအပ်ချက်များ ရှိနေသေးသည်။ ရခိုင်ပြည်နယ်တွင်လည်း ရခိုင် ကမ်းလွန် သဘာဝဓာတ်ငွေ့၏ အကျိုးအမြတ်များကို ရခိုင်ဒေသအတွက် မစို့မပို့သာ ခွဲပေးပြီး စီမံကိန်းများ အတွက် သိမ်းထားသော လယ်ယာမြေပြဿနာများမှလည်း ယခုထိတိုင် ဖြေရှင်းပေးခြင်း မရှိပါ။ ရခိုင်ကမ်းလွန်တွင် သဘာဝဓာတ်ငွေ့ အမြောက်အများထွက်သော်လည်း ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ဒုတိယ အဆင်းရဲဆုံး ပြည်နယ်မှ မရုန်းထွက်နိုင်သေးဘဲ ဖွံ့ဖြိုးမှုအဆင့် နိမ့်ကျနေဆဲ ဖြစ်သည်။

ဤသုတေသနစာတမ်းတွင် မြန်မာနိုင်ငံ၏ သယံဇာတဆိုင်ရာ အရှုပ်အထုတ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး များအလိုက် မဟုတ်ဘဲ ပြည်နယ်နှစ်ခုကိုသာ လေ့လာထားပါသည်။ သို့ရာတွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး များအတွက် သင်ခန်းစာယူနိုင်သည့် ထိုပြည်နယ်နှစ်ခုမှ တွေ့ရှိချက်များ တင်ပြထားသဖြင့် မြန်မာနိုင်ငံ၏ အနာဂတ် သယံဇာတများ စီမံခန့်ခွဲမှုအတွက် စဉ်းစားပုံဖော်ရာတွင် တစ်စုံတစ်ရာ အကျိုးရှိစေနိုင်မည်ဟု ယုံကြည် ပါသည်။ ရခိုင်ပြည်နယ်တွင် စီမံကိန်းကြီးများအတွက် ကုမ္ပဏီနှင့် အစိုးရကြား သဘောတူ လက်မှတ်ရေးထိုး ထားသော နားလည်မှုစာချွန်လွှာ (MoU) မရရှိနိုင်ခြင်း၊ ဒေသခံပြည်သူများနှင့် တိုင်ပင်ညှိနှိုင်းမှု မရှိဘဲ စီမံကိန်း များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့် စီမံကိန်းနှင့်အတူ ပေါက်ဖွားလာသော မြေယာသိမ်းဆည်းမှု နှင့် အသက်မွေးဝမ်းကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/ တာဝန်ခံမှု ပြဿနာ ကြီးကြီးမားမား ရှိနေသည်။ ကချင်ပြည်နယ်တွင် ကျောက်စိမ်းဝင်ငွေများအပေါ် ထိရောက်စွာ အခွန်မစည်းကြပ်နိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ဆီးမှုအပေါ် ကုစားမှု မရှိခြင်းတို့ကြောင့် အစိုးရ၏ စွမ်းဆောင်ရည်နှင့် စေတနာတို့ကို ပြည်သူများက မေးခွန်းထုတ် လာပါသည်။ ထိုပြဿနာများကို အချိန်မီ မဖြေရှင်းနိုင်လျှင် မြန်မာနိုင်ငံသည် "သယံဇာတ ကျိန်စာ" သင့်သော နိုင်ငံတစ်ခုဟု ကမ္ဘာက လက်ညှိုးထိုးလာ နိုင်သည်။

ထို့ကြောင့် ဗဟိုချုပ်ကိုင်မှု ကြီးစိုးနေသော သယံဇာတကဏ္ဍကို ကောင်းမွန်ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းရန် လိုပါသည်။ နိုင်ငံတကာအတွေ့အကြုံအရ သယံဇာတဆိုင်ရာ အခွင့်ရေး (ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဝင်ငွေ ခွဲဝေပိုင်ခွင့်) တို့ကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ ယခင်ဖွဲ့စည်းပုံ အခြေခံ ဥပဒေထဲတွင် သယံဇာတ လုပ်ပိုင်ခွင့်များ မပါရှိသော နိုင်ငံများတွင် သယံဇာတလုပ်ပိုင်ခွင့်များကို ငြိမ်းချမ်းရေး သဘောတူစာချုပ်တွင် ထည့်သွင့်ခြင်းမှတစ်ဆင့် ပြည်နယ်များ၏ ရပိုင်ခွင့်များကို ခိုင်မာစေခဲ့သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် လက်ရှိ အခြေအနေအရ အားတက်ဖွယ်ရာမရှိပါ။ နိုင်ငံရေး ပြဿနာများကို လက်နက် နှင့် ဖြေရှင်းခြင်းထက် စားပွဲခုံတွင် ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက် ပြုလုပ်သွားရန် လိုပါသည်။ သယံဇာတ သည် ဆွေးနွေးညှိနှိုင်းသင့်သော အကြောင်းအရာတစ်ခု ဖြစ်ပြီး နှစ်ဘက်လုံး လက်ခံနိုင်သည့် သဘောတူညီမှု တစ်ခု ရယူနိုင်ပါက လက်နက်ကိုင်ပဋိပက္ခများကို ထိန်းချုပ်ရာတွင် အထောက်အကူ ဖြစ်နိုင်မည်။ ထိုမှတစ်ဆင့် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ငြိမ်းချမ်းရေးသဘောတူညီချက်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းရန် လိုပါသည်။ ထိုမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်လာနိုင်ပြီး ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်မည် ဖြစ်သည်။

# ကိုးကားသည့် အရင်းအမြစ်များ


- ပြည်ထောင်စုမြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ
- ခွန်းမတ်ရ်ကိုဘန်၊ ပင်လုံစာချုပ်ရှင်းတမ်း (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်)
- နိုင်ဟံသာ၊ စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးနှင့် သက်ဆိုင်သော ဆောင်းပါးများ (၂)၊ (၂၀၁၁ ခုနှစ် ဒီဇင်ဘာလ)
- နိုင်ဟံသာနှင့် အင်တာဗျူးမေးမြန်းချက်များ (၂၀၁၆ ခုနှစ် ဒီဇင်ဘာလ)
- မြန်မာနိုင်ငံရေ့နေများကောင်စီ၊  ဖက်ဒရယ်ရေးရာ
- မြန်မာ-တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေးအဖွဲ့၊ မြန်မာ-တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက် လိုင်းတစ်လျှောက် လူမှုတရားမျှတမှုကို ရှာဖွေခြင်း (၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၆ ရက်)
- မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၀၁၆ ခုနှစ် ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် ၂၃) ၂၀၁၆ ခုနှစ် ဇန္နဝါရီလ (၂၉) ရက်
- မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်
- ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ
- မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော "နိုင်ငံတော်၏ အဖိုးတန် သယံဇာတများ ဖြစ်ကြသော ကျောက်စိမ်းကျောက်မျက်ရတနာထုတ်လုပ်မှု၊ သတ္တု သယံဇာတ ထုတ်လုပ်မှု၊ စီးပွားရေး ကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရေးဆိုင်ရာ အကြံပြု တင်ပြချက်" ဦးနေဝင်းထွန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတွင်းမြားနဂါး သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုး တက်ရေးဖောင်ဒေးရှင်း၊
- Adam Smith International and MDRI, Institutional and Regulatory Assessment of the Extractive Industries in Myanmar (12 May 2015), (available at: http://documents.worldbank.org/curated/en/392811468000286309/Main-report), accessed 8 February 2017)
- Andrew Bauer, Paul Shortell and Lorenzo Delesgues, Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues (February 2016), (available at: http://www.resourcegovernance.org/sites/default/files/nrgi_sharing_Myanmar_Revenue-Sharing.pdf), accessed 7 January 2017
- Andre Plourde, Oil and Gas in the Canadian Federation (Department of Economics, University of Alberta, Working paper No. 2010-01, Janauary 2010), (available at: https://sites.ualberta.ca/~econwps/2010/wp2010-01.pdf) accessed 8 February 2017
- Arakan Oil Watch, Breaking the Curse: Decentralizing Natural Resource Management in Myanmar (February 2016), (available at: http://arakanoilwatch.org/wp-content/uploads/2016/03/Breaking-the-Curse-Eng.pdf ), accessed 7 January 2017
- Arakan Oil Watch, Danger Zone: Giant Chinese Industrial Zone threatens Burma's Arakan coast (December 2012), (available at: http://arakanoilwatch.org/wp-content/uploads/2012/12/Danger-Zone.pdf )

- ASSYC, Supply and Command: Natural gas in Western Burma (ASSYC, July 2006), ( available at: http://burmacampaign.org.uk/media/shwe_gas.pdf ), accessed 8 Feb 2017
- Asia Foundation, Natural Resources and Submational Governments in Myanmar: Key Consideration for Wealth Sharing in Myanmar (June 2014), (available at: https://asiafoundation.org/resources/pdfs/NaturalResourcesand SubnationalGovernmentsinMyanmar.pdf ), accessed 7 January 2017
- Global Witness, Jade: Myanmar's "Big State Secret" (October 2015), (available at: https://www.globalwitness.org/documents/18095/Jade_full_report_online_hi_res.pdf ), accessed 8 February 2017
- Kachin Development Networking Group: Kachin State Natural Resources Development Policy Discussion Paper (KDNG, June 2015) (available at: http://www.kdng.org/2015/06/17/kachin-state-natural-resources-development-policy-discussion-paper/), accessed 7 January 2017)
- Nicholas Haysom and Sean Kane, Negotiating natural resources for peace: Ownership, control and wealth-sharing (Hd Briefing Paper, October 2009), (available at: http://comparativeconstitutionsproject.org/files/resources_peace.pdf), accessed 8 February 2017)
- Memorandum of Understanding between the Government of the Republic of Indonesia and the Free Ache Movement (15 August 2005) (available at: http://www.acehpeaceprocess.net/pdf/mou_final.pdf ), accessed 8 February 2017)
- The Comprehensive Peace Agreement between the Government of the Republic of the Sudan and the Sudan People's Liberation Movement/Sudan People's Liberation Army (9 January 2005), (available at: http://unmis.unmissions.org/Portals/UNMIS/Documents/General/cpa-en.pdf), accessed 8 February 2017)
- The Constitution Acts, 19867 to 1982, Department of Justice, Canada (available at: http://laws-lois.justice.gc.ca/PDF/CONST_E.pdf), accessed 8 February 2017)
- http://hdr.undp.org/sites/default/files/2015_human_development_report.pdf, (accessed 7 January 2017)
- http://www.resourcegovernance.org/sites/default/files/nrgi_sharing_Myanmar_Revenue-Sharing.pdf , (accessed 7 January 2017)
- http://www.mmtimes.com/index.php/special-features/151-energy-spotlight/2922-offshore-gas-fields.html, (accessed 7 January 2017)
- http://www.myanmar-now.org/news/i/?id=947fc3ae-c8fd-4735-a0dd-9a840f0cf66b, (accessed 7 January 2017)
- http://www.bangkokpost.com/print/356692/, accessed 7 January 2017)
- https://www.unicef.org/myanmar/Rakhine_State_Profile_Final.pdf, accessed 1 January 2017)




# အချပ်ပို (၁)

## သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ (မူကြမ်း)

အရင်းအမြစ် - တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ ထုတ်ဝေသော "ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒများ အကြံပြုချက်များ(မူကြမ်း)" စာအုပ်၊ စာမျက်နှာ ၁၈-၃၂

### ဦးတည်ချက်

သက်ဆိုင်ရာတိုင်းရင်းသား ပြည်နယ်ရှိ သဘာဝသယံဇာတနှင့်ပတ်သက်၍ ၎င်းပြည်နယ် အတွင်းရှိ တိုင်းရင်းသား ပြည်သူများ ပိုင်ဆိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် ရှိရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲသော တိုင်းရင်းသား ပြည်နယ်များ၏ မူဝါဒများ၊ ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရန်။

### အခြေခံလမ်းညွှန်မှုများ

၁။ ဒေသခံတိုင်းရင်းသားလူထုကို ထိခိုက်နစ်နာစေနိုင်သည့် အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးဇုန်နှင့် တန်ဖိုးကြီးသော သယံဇာတတူးဖော်သုံးစွဲခြင်း လုပ်ငန်းများကို "ပြည်ထောင်စုသဘောတူစာချုပ်" ရရှိသည့် ကာလအထိ ရပ်ဆိုင်းထားရမည်။

၂။ သဘာဝသယံဇာတ စီမံခန့်ခွဲရေးတွင် ဒေသခံ တိုင်းရင်းသားလူမျိုးများသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု အုပ်ချုပ်မှုစနစ်အောက်၌ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝသယံဇာတ စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးပိုင်ခွင့်နှင့် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိစေရမည်။

၃။ အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးနှင့် တန်ဖိုးကြီးသော သယံဇာတ တူးဖော်သုံးစွဲရာတွင် ပထမ ဦးစားပေး အနေနှင့် ဒေသခံလူထုထံမှ လွတ်လပ်စွာ သဘောထားရယူရန်အသိပေးခြင်းဖြင့် ၎င်းတို့၏ သဘောတူညီမှု ရယူသည့် နိုင်ငံတကာ စံချိန်စံညွှန်း (FPIC) ဖြင့် ချမှတ်သွားရမည်။

### မူဝါဒအကြံပြုချက်များ

၁။ တိုင်းရင်းသားပြည်နယ်တွင်းရှိ သဘာဝသယံဇာတအားလုံးသည် သက်ဆိုင်ရာ တိုင်းရင်းသား ပြည်နယ်ရှိ ဌာနေတိုင်းရင်းသား ပြည်သူလူထုမှပိုင်ဆိုင်သည်။

၂။ လေထု၊ ရေထုနှင့် မြေပေါ်မြေအောက်ရှိ သဘာဝအရင်းအမြစ်များအပါအဝင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ အစဉ်အလာအရ ကျင့်သုံးလာသော သဘာဝသယံဇာတ စီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြု အာမခံသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရမည်။

၃။ သဘာဝသယံဇာတများကို စီမံခန့်ခွဲရာတွင် ဒေသခံတိုင်းရင်းသားပြည်သူလူထု၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ နှင့် ဒေသန္တရ အစိုးရ တို့ ပူးပေါင်းဆောင်ရွက်ရမည်။

၄။ သဘာဝသယံဇာတနှင့်ပတ်သက်ပြီး ထုတ်ယူသုံးစွဲခွင့်၊ တိုက်ရိုက်အကျိုးအမြတ်ခွဲဝေခံစားခွင့်၊ ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် နှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာ စသည့် တိုင်းရင်းသား ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များကို ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေများထဲတွင် ရေးဆွဲ ပြဋ္ဌာန်းရမည်။

- **တရားဥပဒေနှင့် စီမံခန့်ခွဲရေးမူဘောင် -** (၁) သဘာဝသယံဇာတထုတ်ယူရောင်းချမှုအတွက် စီမံခန့်ခွဲရာတွင် ရှင်းလင်း၊ မြင်သာ၍ အားလုံးပါဝင်သော မဟာဗျူဟာ ချမှတ်ရမည်။ (၂) သဘာဝ သယံဇာတ စီမံခန့်ခွဲရေးအတွက် တရားဥပဒေစိုးမိုးစေမည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးရမည်။ (၃) ရေနံ၊ သဘာဝ

ဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေးအပါအဝင် အခြားသော သဘာဝသယံဇာတ ထုတ်ယူရောင်းချမှုများသည် ကောင်းမွန်သော အကောက်အခွန် ရရှိနိုင်ရေးအတွက် ထိထိရောက်ရောက် ပူးပေါင်းစီမံခန့်ခွဲရမည်။

- **စမ်းသပ်လေ့ခြင်းနှင့်လုပ်ပိုင်ခွင့်** - (၁) ပထဝီမြေအနေအထား စမ်းသပ် လေ့လာခြင်း နှင့်ပတ်သက်ပြီး နောက်ခံသမိုင်းကြောင်း နှင့် နောက်ဆုံးရသတင်း အချက်အလက်များ ရယူရမည်။ (၂) သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ရှိ/မရှိအပေါ် အခြေခံပြီး လုပ်ပိုင်ခွင့် ချပေးရမည်။ (၃) လုပ်ပိုင်ခွင့်ချပေးခြင်း အဆင့်ဆင့်တွင် ပွင့်လင်း မြင်သာမှုရှိရမည်။
- **တာဝန်ယူမှုနှင့်တာဝန်ခံမှု** - (၁) စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်များကို ဒေသခံတိုင်းရင်းသား လူထု အပါအဝင် ပြည်သူလူထုအားချပြရမည်။ (၂) စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုနှင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာ ပမာဏအသီးသီးကို ပွင့်လင်း မြင်သာစွာ ချပြရမည်။ (၃) တိကျမှန်ကန်သော ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းများကို လူထုအား ချပြရမည်။

၅။ တိုင်းရင်းသားပြည်နယ်များအတွင်းရှိ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းအပေါ် ဖက်ဒရယ် ပြည်ထောင်စု အစိုးရနှင့် တိုင်းရင်းသားပြည်နယ်အစိုးရအကြား အကောက်အခွန်များ ခွဲဝေသုံးစွဲမှု အချိုးကို ဖက်ဒရယ်ဒီမိုရေစီ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် တိကျစွာ ပြဌာန်းရမည်။

- **အခွန်ကောက်ခံခြင်း** - (၁) ရှင်းလင်းပြီး တသမတ်တည်းရှိကာ စဉ်ဆက်မပြတ် တိုးမြှင့်ကောက်ခံနိုင်သော အခွန်ကောက်ခံရေးစနစ်ကို ချမှတ်ရမည်။ (၂) အခွန်ဝင်ငွေများကို သေချာစွာ စာရင်းပြုစုရမည်။ (၃) အခွန် ဘဏ္ဍာငွေကြီးကြပ်ခြင်းနှင့် အခွန်စာရင်းစစ်ဆေးမှုကို အားကောင်းစေရန် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်များထားရှိ၍ အကောင်ထည် ဖော်ရမည်။
- **အခွန်ဘဏ္ဍာငွေများကို မျှဝေအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း** - (၁) နှစ်စဉ်သုံး ကုန်ကျစရိတ် မြင့်မားမှုကို ချောမွေ့စေခြင်း၊ နိုင်ငံ၏ဘဏ္ဍာငွေမဟုတ်ဘဲ ပြင်ပ (သို့မဟုတ်) အခြားမှလာသော အသုံးစရိတ် များကို နိုင်ငံ၏ ဘဏ္ဍာငွေအသုံးစာရင်းတွင် ထည့်သွင်း စီမံခန့်ခွဲရမည်။ (၂) သဘာဝသယံဇာတ ထုတ်ယူရောင်းချခြင်းမှရရှိသော အခွန်နှင့်ဝင်ငွေများကို မျှဝေအသုံးပြုခြင်း အပါအဝင် တိုင်းရင်းသား ပြည်နယ်အဆင့် ဘဏ္ဍာဝင်ငွေမျှဝေအသုံးပြုခြင်း ပုံသေနည်း (Revenue Sharing Formula) ကို ဥပဒေဖြင့် ရေးဆွဲပြဌာန်းအကောင်အထည်ဖော်ရမည်။ (၃) အစိုးရပိုင်နှင့် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်း များမှ ပေးဆောင်ရမည့်အခွန်ပမာဏကို ရှင်းလင်းစွာ သတ်မှတ်ပြီး အကောင်အထည်ဖော်ရမည်။
- **အစိုးရ (သို့မဟုတ်) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ** - (၁) အစိုးရပိုင်နှင့်နိုင်ငံပိုင် သယံဇာတထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများအတွက် အခြားစီးပွားရေးလုပ်ငန်းများနည်းတူ ပွင့်လင်းမြင်သာမှု၊ တာဝန် ယူမှုနှင့် တာဝန်ခံမှုကို အခြေခံသည့်ဥပဒေများကို ပြဌာန်းပေးရမည်။ (၂) တိကျ ရှင်းလင်းမှုမရှိသော တာဝန်နှင့်အခန်းကဏ္ဍ၊ ပြည်သူပိုင်ဘဏ္ဍာငွေကို အလွဲသုံးစားပြုလုပ်ခြင်း၊ အားနည်းသော စီမံခန့်ခွဲမှု နှင့် ကိုယ်ကျိုးစီးပွားမျှော်ကိုးမှုကြောင့် ဖြစ်ပေါ်သော အကျင့်ပျက်ခြစားမှုများကို စနစ်တကျ ကိုင်တွယ် ဖြေရှင်းရန်အတွက် ဥပဒေများ ပြဌာန်းပြီး အရေးယူရမည်။

၆။ ပြည်ထောင်စုအစိုးရအနေဖြင့် သဘာဝသယံဇာတ နှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်း တစ်ခုခု ပြုလုပ်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (EIA)၊ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (SIA)၊ ကျန်းမာရေး ဆိုးကျိုး သက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HIA) ၊ ပဋိပက္ခ ဖြစ်နိုင်ခြေ အတွက် ဆန်းစစ်ခြင်း (CIA) နှင့် အခြားလိုအပ်သော ဆန်းစစ်ခြင်း တို့ကို တိုင်းရင်းသားပြည်သူများ သိရှိနားလည်အောင် စနစ်တကျ ရှင်းလင်းချပြပြီးမှ ၎င်းပြည်သူလူထု၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ရမည်။

- **ဒေသအပေါ်ထိခိုက်နစ်နာမှုကိုစီမံခန့်ခွဲခြင်း** - (၁) ထိခိုက်နစ်နာမှုဆိုင်ရာ ဆန်းစစ် လေ့လာမှုများအတွက် ရှင်းလင်းတိကျသောမူဝါဒများချမှတ်ရမည်။ (၂) စီမံကိန်းများ စတင် အကောင်အထည်မဖော်မီ ဒေသခံ တိုင်းရင်းသားပြည်သူများကို ကြိုတင်အသိပေးခြင်းနှင့် ၎င်းတို့၏ လွတ်လပ်စွာ သဘောထား ထုတ်ဖော်ခွင့် ရှိသည့် အားလုံးပါဝင်နိုင်သော တိုင်းရင်းသား လူထုသဘောထား ရယူမှုကို ပြုလုပ်ရမည်။ (၃) စီမံကိန်း ပြုလုပ်သည့် ဧရိယာတွင် ဒေသခံ တိုင်းရင်းသားလူထုနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုအပေါ် ဖြစ်ပေါ်မည့် ထိခိုက်နစ်နာမှုများကို ကာကွယ်ရမည့် အပြင် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲပြီးနောက် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားခြင်းနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။ (၄) ဒေသခံ တိုင်းရင်းသား လူထုများပြုလုပ်သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း(EIA)၊ လူမှုဘဝ အပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (SIA) ၊ ကျန်းမာရေး ဆိုးကျိုး သက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HIA) ၊ ပဋိပက္ခ ဖြစ်နိုင်ခြေ အတွက် ဆန်းစစ်ခြင်း (CIA) နှင့် အခြားလိုအပ်သော ဆန်းစစ်ခြင်းတို့ကို အသိမှတ်ပြုရမည်။

၇။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချရာတွင် လေ့လာစစ်ဆေးရန် အတွက်ပညာရှင်၊ ဒေသခံ တိုင်းရင်းသား လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ (CSOs) ပါဝင် ဖွဲ့စည်းထားသော လွတ်လပ်သည့် စောင့်ကြည့်လေ့လာရေး ကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်များ ကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြု၍ လေ့လာစစ်ဆေးခွင့်ရှိရမည်။

၈။ သဘာဝသယံဇာတမှ ရရှိသော အကျိုးအမြတ်များကို တိုင်းရင်းသားပြည်နယ်များအတွင်းရှိ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးပြုရမည် - (၁) ကျန်းမာရေးနှင့် ပညာရေးအတွက် ဘဏ္ဍာငွေကို ပိုမိုရင်းနှီးမြှုပ်နှံရမည်။ (၂) ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံများကို ဆောက်လုပ်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်။ (၃) ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အသုံးပြုသော ဘဏ္ဍာငွေနှင့် အသုံးစရိတ် စီမံခန့်ခွဲမှုစနစ်ကို သေချာစွာ ကြီးကြပ် ရမည်။

၉။ သဘာဝသယံဇာတစီမံခန့်ခွဲရေးတွင် နိုင်ငံတကာကုမ္ပဏီနှင့် ငွေကြေးထောက်ပံ့သူများ၏ ပူးပေါင်း ပါဝင်မှုကို စနစ်တကျလမ်းညွှန် ကြီးကြပ်ရမည်။

- **နိုင်ငံတကာကုမ္ပဏီများ၏အခန်းကဏ္ဍ** - (၁) ကုမ္ပဏီများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လုပ်ငန်းများကို နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ အကောင်အထည်ဖေါ်ရမည်။ (၂) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များတွင် ဒေသခံတိုင်းရင်းသားလူထု၏ သဘောတူညီမှုကို အလေးထား ရယူရမည်။ (၃) ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာပြည်တွင်းဥပဒေ အားနည်းနေပါက နိုင်ငံတကာ ဥပဒေနှင့် စံချိန်စံနှုန်းအတိုင်း လိုက်နာ အကောင် အထည်ဖေါ်ရမည်။
- **နိုင်ငံတကာအသိုင်းအဝိုင်း၏အခန်းကဏ္ဍ** - (၁) နိုင်ငံတကာ ငွေကြေးထောက်ပံ့သော အဖွဲ့အစည်းများ သည် အားလုံးပါဝင်ရေးဆွဲဆုံးဖြတ်သည့် လုပ်ငန်းအစီအစဉ်ချမှတ်ရေးကို အားပေး ထောက်ပံ့ရမည်။ (၂) စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖေါ်ခြင်းများသည် ကောင်းမွန်သော နိုင်ငံ တကာ စံချိန်စံနှုန်း နှင့်အညီဆောင်ရွက်ရမည်။

၁၀။ သဘာဝသယံဇာတနှင့်ပတ်သက်သော ဗဟုသုတအသိပညာများကို ကျောင်းသင်ရိုးညွှန်းတမ်းထဲတွင် ထည့်သွင်းသင်ကြားပေးရမည်။

၁၁။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချရာတွင် အချိန်တိုအတွင်း အလွန်အကျွံထုတ်ယူခြင်း မပြုပဲ ဂေဟစနစ်ပျက်စီးမှု လျော့ကျအောင် စနစ်တကျထုတ်ယူသည့် မူဝါဒများ ချမှတ်ရမည်။

## အချပ်ပို (၂)

### ကျောက်စိမ်းတူးဖော်ခြင်း သမိုင်း

ကျောက်စိမ်း စတင်တွေ့ရှိသူမှာ Jeng Reng Du Wa ကတော် Du Jan Naw Hpwi Tsen ဖြစ်သည်။ တစ်နေ့သောအခါတွင် Du Jan Naw Hpwi Tsen မှ နောက်လိုက်များနှင့် အတူ ထောင်ယာထဲသို့ ဖက်ခူးထွက်သောအခါ တောဆင်ရိုင်းအုပ်ကြီးတစ်အုပ်နှင့် တိုးသဖြင့် အခြား တစ်ဘက်သို့ ရှောင်းပုန်းနေကြသည်။ ဆင်အုပ်ကြီးမှာ ၎င်းတို့ဖက်ခူးသွားမည့် ဘက်သို့ ဦးတည်ကာ သွားကြသည်။ ဆင်အုပ်ကြီး မရှိတော့သည့်အတွက် ၎င်းတို့ဖက်ခူးရန် ပုန်းအောင်းရာမှ ထွက်အလာ နေရောင်ထိုးသဖြင့် တောက်ပစိမ်းစိုသော ကျောက်တုံးကြီး များကို တွေ့လိုက်သည်။

နေ့စဉ် ဖြတ်သန်းသွားလာသော်လည်း ထိုကျောက်တုံးကြီးကို ယခုကဲ့သို့ တောက်ပစွာ မတွေ့ရှိခဲ့ပေ။ ယခုမှာမူ တောဆင်ရိုင်းကြီးများ အုပ်လိုက်ဖြတ်ကျော်နင်းသွားရာမှ ကျောက် တုံးပေါ်ရှိ ရေညှိများ ကွာကျသွားခြင်းကြောင့် ကျောက်စိမ်းတုံးကြီးကို တွေ့ရှိရခြင်းဖြစ်သည်။ အိမ်သို့ ရောက်သော အခါ ဒူဝါကြီးအား ပြောပြကာ နတ်ဆရာထိုင်ခုံအဖြစ် အသုံးပြုလျှင် ကောင်းမည်ဟု အကြံပြုသဖြင့် ဒူဝါကြီးမှ အစေအပါးများအား သွားရောက်ယူဆောင်ခိုင်းကာ နတ်ဆရာထိုင်ရန် ထိုင်ခုံအဖြစ် အသုံးပြုခဲ့သည်။

ဒူးဝါကြီးကတော်မှာ ယက်ကန်းယက်ရာတွင် ထိုင်ခုံမရှိသဖြင့် ထိုကျောက်တုံးကိုပင် ထိုင်ခုံ အဖြစ် သုံးသကဲ့သို့ နတ်ပွဲများရှိလျှင် နတ်ဆရာထိုင်ခုံ အဖြစ် အသုံးပြုလာရင်း တစ်နေ့သော အခါတွင် ဒူဝါကြီး၏ ကုန်သွယ်ဖက် တရုတ်လောပန်း Wangli Min နှင့် Tung Chu Chya တို့နှစ်ဦးမှာ ရာဘာဝယ်ရန်အတွက် လာသောအခါ ဒူဝါကြီးကတော် ထိုင်နေသော ကျောက်စိမ်းတုံးကြီးကို တွေ့သွားကာ ပါလာသမျှသော ငွေဒင်္ဂါး (၃၀၀) နှင့် ဝယ်ယူခဲ့သည်။ ဒူဝါကတော်သည် ထိုကျောက်တုံး၏ တန်ဖိုးကို မသိသဖြင့် တရုတ်များမျက်စိမှားကာ ငွေအမြောက်အများပေး၍ ဝယ်သွားကြောင်း ဒူဝါကြီးကို ဝမ်းသာအားရ ပြောပြခဲ့သည်။ ဒူဝါကြီးသည် ထိုတန်ဖိုးမရှိသော ကျောက်တုံးကို ငွေအမြောက်အများပေးခြင်းမှာ ယုတ္တိ မရှိဟု ယူဆကာ ၎င်း၏ဇနီးကို ထိုတရုတ်ကုန်သည်နှစ်ဦးနှင့် အထင်လွဲခဲ့သည်။

ထိုတရုတ်ကုန်သည်နှစ်ဦးသည် ဒူဝါကြီး၏ ဇနီးမောင်နှံထံသို့ နောက်တစ်ကြိမ်ပြန်လည် ရောက်ရှိလာသောအခါ တရုတ်ဘုရင်ကြီးက ကျေးဇူးတင်သဖြင့် ငွေဒင်္ဂါး (၂၀၀) ကို လက်ဆောင်အဖြစ် ထပ်မံထည့်လာပေးကြောင်း ဒူဝါကြီးအား ပြောပြသည်။ ထို့အပြင် အခြား ကျောက်စိမ်းများကိုလည်း ဆက်လက်ရှာဖွေတူးဖော်ခွင့် တောင်းခံရာမှ Jeng Reng Du Wa ကို အခွန် ၁၀% ဆောင် စေကာ တူးဖော်ခွင့်ပြုခဲ့သည်။ ဆင်ခြေရာမှ တစ်ဆင့် စတွေ့ခဲ့သော ထိုမှော် (ကျောက်တွင်း)ကို Magwi Hkang Maw ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ အချို့မှာမူ စတင်တူးဖော်ရန် လုပ်ကွက် စတင် ဖော်စဉ်တွင် ခွေးခြေရာကို မြင်တွေ့ခဲ့သဖြင့် ဂွေခါမှော် (Gwi Hka Maw) ဟုလည်း ခေါ်ဝေါ်ကြသည်ဟု ဆိုစမှတ်ရှိကြသည်။

အရင်းအမြစ် - *Lungseng Duwa Hkyeng La Awn, Lung Tsit Seng Hprat (October 2016)*



## အချပ်ပို (၃)

### ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) ၏ ဝန်ထမ်းအင်အား*

| စဉ် | ဌာန | ညွှန်မှူး | ဒု ညွှန်မှူး | လ/ထ ညွှန်မှူး | ဒုလ/ထ ညွှန်မှူး | လ/ထ မန်နေဂျာ | အမှု ထမ်း | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကျောက်စိမ်း တူးဖော်ရေးဌာန၊ လုံးခင်း | | | | | | | |
| | (က) စီမံ/ထိန်းသိမ်း | ၁ | ၁ | - | - | ၃ | ၁၇ | ၂၂ |
| | (ခ) ထိန်းသိမ်း/ တင်ပို့ရေး | - | - | ၁ | - | ၁ | ၁၄ | ၁၆ |
| | (ဂ) လုပ်ငန်းကြီးကြပ် | - | - | - | ၁ | ၁ | ၄ | ၆ |
| | (ဃ) တိုင်းတာ/စစ်ဆေး | - | - | ၁ | ၁ | ၂ | ၈ | ၁၂ |
| | (င) တန်ဖိုးဖြတ် (ဖက) | - | - | ၁ | - | ၂ | ၅ | ၈ |
| | (စ) တန်းဖိုးဖြတ် (လခ) | - | - | ၁ | - | ၂ | ၅ | ၈ |
| | (ဆ) တန် (၃၀၀၀) | - | - | - | - | - | ၃ | ၃ |
| ၂ | ကျောက်စိမ်း တူးဖော်ရေးဌာန၊ စခန်းရုံး (ခွန္တီး) | - | - | - | ၁ | ၂ | ၄ | ၇ |
| ၃ | ကျောက်စိမ်း တူးဖော်ရေးဌာန၊ စခန်းရုံး (မိုးညှင်း) | - | - | ၁ | - | ၂ | ၁၀ | ၁၃ |
| ၄ | ကျောက်စိမ်း တူးဖော်ရေးဌာန၊ စခန်းရုံး (မြစ်ကြီးနား) | - | - | - | ၁ | ၁ | ၅ | ၇ |
| | စုစုပေါင်း | ၁ | ၁ | ၅ | ၄ | ၁၆ | ၇၅ | ၁၀၂ |

## အချပ်ပို (၄)

### ရတနာမြေအလိုက် တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂလိကနှင့် အကျိုးတူ လုပ်ကွက်များ*

| စဉ် | ရတနာနယ်မြေ | ပုဂ္ဂလိကလုပ်ကွက် | အကျိုးတူလုပ်ကွက် |
|---|---|---|---|
| ၁ | လုံးခင်း/ဖားကန့် | ၆၉၂၉ | ၃၀၅ |
| ၂ | မော်လူး၊ မော်ဟန် | ၆၂၀၉ | - |
| ၃ | နန့်ယားဆိပ် | ၄၄ | - |
| | စုစုပေါင်း | ၁၃၁၈၂ | ၃၀၅ |

* အထက်ပါဇယားနှစ်ခုလုံးသည် မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) ၏ လက်ရှိ ဝန်ထမ်းအင်အားနှင့် လုပ်ကွက် အရေအတွက်ဖြစ်သည်။ (ထုတ်ဝေဖြန့်ချိခြင်းမရှိသော (၁.၄.၂၀၁၅ မှ ၃၁.၇.၂၀၁၆) အစီရင်ခံစာမှ ကောက်နုတ် တင်ပြထားသည်။)

# အချပ်ပို (၇)

## ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) ၏ လုပ်ငန်းတာဝန်များ

၁။ ကျောက်စိမ်းထွက်ရှိနိုင်သော နေရာများတွင် လုပ်ကွက်များ သတ်မှတ်၍ အထက်ဌာနသို့ တင်ပြခြင်း လုပ်ပိုင်ခွင့် ရသောလုပ်ကွက်များကို အပ်နှံပေးခြင်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်အတိုင်း လိုက်နာမှု ရှိ/မရှိ စိစစ်ကြပ်မတ်ခြင်း။

၂။ အမိန့်ရလုပ်ကွက်များမှ ထွက်ရှိသော ကျောက်စိမ်းရိုင်းများအား တန်ဖိုးဖြတ်အဖွဲ့သို့ သတင်းပို့၍ တန်ဖိုးသတ်မှတ် အခွန်ပေးဆောင်စေခြင်းနှင့် အခွန်ပြည့်ရရှိရေး ကြပ်မတ်ခြင်း။

၃။ နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့၏ အကျိုးတူလုပ်ငန်းများကို လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တူးဖော်ဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော ကျောက်စိမ်းရိုင်းများ လေလွင့်ပျောက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးကို နယ်မြေကြီးကြပ်ရေးအဖွဲ့၊ အနီးကပ်ကြီးကြပ်ရေး အဖွဲ့များဖြင့် စနစ်တကျ ကြီးကြပ် ဆောင်ရွက်ခြင်း။

၄။ ရတနာခွန်ပေးဆောင်သော ပုဂ္ဂလိကထုတ်ကျောက်စိမ်းရိုင်း၊ နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများမှ ထွက်ရှိသော ကျောက်စိမ်းရိုင်းများနှင့် ဖမ်းဆီးကျောက်စိမ်းရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ နေပြည်တော်သို့ ပို့ဆောင်ရန်။

၅။ တန် (၃၀၀) ကျောက်စိမ်းတုံးကြီး မြေအောက်ပြတိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း။

၆။ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရန် ညှိနှိုင်း စီမံဆောင်ရွက်ခြင်း၊ ဥရုချောင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ရှင်းလင်းယူခြင်း၊ ရေဝေရေလဲ ဒေသများ ထိန်းသိမ်းခြင်း၊ စုပေါင်းမြေစာများ ပြိုကျမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် လုပ်ငန်းဌာနများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ခြင်း။

၇။ ခွင့်ပြုမိန့်မရရှိဘဲ ကျောက်စိမ်းရိုင်းများတူးဖော်မှု မရှိစေရေး၊ ကျောက်စိမ်းရိုင်းများ ပြည်ပသို့ ခိုးယူရောင်းချမှု မရှိစေရေးကို ဥပဒေနှင့်အညီ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။



# အချပ်ပို (၈)

## ကျောက်မျက်ရတနာခွန် အမျိုးအစားနှင့် အခွန်ရာခိုင်နှုန်း

| စဉ် | အခွန် အမျိုးအစား | ပုဒ်မ | တွက်ချက်မှု | အခွန် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ရတနာခွန် (တွင်းဝခွန်) | ၁၉၉၅ ခုနှစ် ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ -၂၇ (က)(၁) | ထုတ်လုပ်သည့် ပစ္စည်း၏ ရာဖြတ်တန်ဖိုးအပေါ် | ၂၀% |
| ၂။ | အထူးကုန်စည်ခွန် | ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန် အကောက်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ (က) နောက်ဆက်တွဲ ဇယားအရ | (က) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက် ရတနာများ (အရိုင်းများ) (ပြည်ပမှ တင်သွင်းခြင်း) | ၁၅% |
| | | | (ခ) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက် ရတနာ (အချောထည်များ၊ လက်ဝတ်ရတနာများ) (ပြည်ပမှ တင်သွင်းခြင်း) | ၅% |
| | | ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ (ခ) နောက်ဆက်တွဲဇယားအရ | (က) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက် ရတနာ (အရိုင်းများ) (ပြည်ပသို့ တင်ပို့ခြင်း) | ၂၀% |
| | | | (ခ) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက် ရတနာ (အချော ထည်နှင့် လက်ဝတ်ရတနာများ) (ပြည်ပသို့ တင်ပို့ခြင်း) | ၅% |
| ၃။ | ကုန်သွယ် လုပ်ငန်းခွန် | ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆ (က) (၂)၊ ၁၄ (ဂ) | ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် | ၅% |
| ၄။ | ဝင်ငွေခွန် | ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေ ပိုဒ်မ ၂၁ | လုပ်ငန်းရှင်ကုမ္ပဏီ၏ အသားတင်အမြတ် အပေါ်တွင် | ၂၅% |
| ၅။ | ဝန်ဆောင်ခ | ဒုတိယ အကြိမ်ပြင်ဆင်သည့် မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ၂၈ | ရောင်းချမှုအပေါ်တွင် | ၃% |

# အချပ်ပို (၇)

## ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီး ကချင်ပြည်နယ်လူထု၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ။ ၇ မတ်လ ၂၀၁၆

မတ်လ ၁ ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ် သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေး အဖွဲ့အစည်းများ(၆၁)ဖွဲ့မှ ခေါင်းဆောင်ပေါင်း (၁၀၃)ဦးတို့ ဆွေးနွေးပြီး အောက်ပါသဘောထား ရပ်တည်ချက်ကို သဘောတူ ထုတ်ပြန်ကြေငြာ လိုက်ပါသည်။

၁။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စနစ်ကို အမြန်ဆုံးဖော်ဆောင်၍ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး အာဏာများကို ကချင်ပြည်နယ်တွင် ထားရှိပြီး ပြည်နယ်လွှတ်တော်မှ ရွေးချယ်တင်မြှောက်သော ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်ထောင်စုအစိုးရမှ အသိအမှတ်ပြုပေးရမည်။

၂။ ကချင်ပြည်နယ်သူပြည်နယ်သားများသည် ကချင်ပြည်နယ်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်အားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။

၃။ ကချင်ပြည်နယ်အစိုးရမှ သဘာဝသယံဇာတရင်းမြစ်များကို တိုက်ရိုက်ထုတ်ယူသုံးစွဲခွင့်၊ အခွန်ကောက်ခံပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်၊ အကျိုးအမြတ် ခွဲဝေပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာမခံပေးထားရန်။

၄။ တိုင်းရင်းသားနယ်မြေများတွင် ဖြစ်ပွားနေသော ပဋိပက္ခများကို တွန်းအားပေးသော စီမံကိန်းများအားလုံးနှင့် သဘာဝသယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုများကို နိုင်ငံရေးအရ ဖြေရှင်းနိုင်မှု မရှိသေးသရွေ့ ရပ်တန့်ထားပေးရန်။

၅။ စီမံကိန်းလိုင်စင် မချမီ မူလဒေသခံများအား ကြိုတင်အသိပေး အကြောင်းကြားခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်နှင့် သဘောတူညီချက်များ ရယူခြင်း (Free Prior Informed Consent) လုပ်ဆောင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရမည်။

၆။ ပြည်သူလူထု၏ သတင်းရရှိပိုင်ခွင့်(Right to know)ကို လေးစားသောအားဖြင့် သယံဇာတထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ အခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းလိုင်စင် ချပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များ၊ အခွန်ဘဏ္ဍာခွဲဝေသုံးစွဲခြင်း ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူသိစေရန် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်း၊ ပညာပေး ခြင်းများကို အချိန်နှင့် တစ်ပြေးညီ ပြုလုပ်ပေးရန်။

၇။ သဘာဝသယံဇာတအရင်းအမြစ်ကြောင့် ဖြစ်လာမည့် အကျင့်ပျက်ချစားမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ လက်နက်ကိုင်ပဋိပက္ခ၊ လူမှုရေးထိခိုက်မှု ပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့် ကြပ်မတ်ခြင်းနှင့် ဖြစ်ပေါ်လာပါက တာဝန်ယူ တာဝန်ခံမှု ရှိရမည်။

၈။ လက်ရှိအခြေအနေတွင် ပြည်တွင်းပြည်ပ သုတေသီများမှ ဒေသအခြေအနေ၊ နောက်ခံသမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံတမ်းများကို ထည့်သွင်းသုံးသပ်ခြင်း မရှိဘဲ ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတအရင်းအမြစ်များမှ ရရှိလာသော အကျိုးအမြတ် ခွဲဝေခြင်းနှင့် ပတ်သက်၍ အချိုးအစား မည်မျှ ရှိသင့်သည်ဟု အကြံပြု၊ ချဉ်းကပ်နေသော လုပ်ဆောင်မှုများ ရှောင်ရှားရန်။

**ဆက်သွယ်ရန်**


ကိုစာဂျီ - + ၉၅ ၉၇ ၈၉၅၇၅၀၂၆
ဒေါ်ခွန်ဂျာ - + ၉၅ ၉၄ ၂၅၂၈၈၈၉၉
ဦးလမောင် လတောင် - + ၉၅ ၉၄ ၇၀၂၄၉၆၃




### ထောက်ခံသည့် အဖွဲ့များ

1. ကချင်ယဉ်ကျေးမှုနှင့် စာပေကော်မတီ (မနောကွင်း)
2. ကချင်လူမှု ဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ (KDNG)
3. ဟူးကောင်းဒေသတောင်သူလယ်သမားအကျိုးဆောင်အဖွဲ့
4. ကချင်ငြိမ်းချမ်းရေးကွန်ရက် (KPN)
5. ကချင်အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက် (KWPN)
6. Kachin Women Association Thaialnd (KWAT)
7. ဥသုံဒေသဖွံ့ဖြိုးရေးအဖွဲ့
8. မျိုးရာလူမှုဖွံ့ဖြိုးရေးအသင်း (MSDS) ကားမိုင်း
9. လွတ်လပ်သောတိုင်းရင်းခရစ်ယာန်အသင်းတော်
10. လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ
11. Nau Shawng Education Network (NSEN)
12. Mung Chying Rawt Jat (MRJ)
13. ဂိုက်စ်နှစ်ခြင်းအသင်းတော် (ရှမ်းစုတောင်)
14. မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (Angalican)
15. ဆဒုံးဒေသနှစ်ခြင်းခရစ်ယာန်အသင်းတော်
16. ချီဖွေဖုံနယ် နှစ်ခြင်းခရစ်ယာန်အသင်းတော်
17. ကက်သလစ်အသင်းတော် (မြစ်ကြီးနားသာသနာ) RCM
18. မိုးညှင်း ကချင်နှစ်ခြင်းအသင်းတော်
19. မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ (MCC)
20. လီဆူအမျိုးသားတိုးတက်ရေး (ဒူးလေးပါတီ)
21. ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)
22. ကချင်ဒီမိုကရက်တစ်ပါတီ (KDP)
23. ထိန်နန်ဖုံနယ်နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ် (THZ)
24. Myu Sha Zin Lum Hpung (ဖားကန့်)
25. မလိယာန် နှစ်ခြင်းခရစ်ယာန်အသင်းတော်
26. ဆဒုံးနှစ်ခြင်းခရစ်ယာန်အသင်းတော်
27. Humanitarian Institute (HI)
28. Htoi Gender
29. Ram Hkye
30. Kachin State Farmers Network
31. Kachin Alliance (USA)
32. Wunpawng Ninghtoi (WPN)
33. Civil Society Network for Peace Kachin (CSNeP Kachin)
34. Loi Yam Bum Community Devleopment Orgnization (Moh Nyin)
35. Mingala Foundation (Wai Maw)
36. CHAD
37. KBZ Social Service Group (Moegaung)
38. Bhamaw Youth Network
39. Zinlum Bhamaw
40. Htoi Shalat Social Service group (Hpakant)
41. 88 Genderation (မိုးညှင်း)

## အချပ်ပို (၈)

### ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံညီလာခံသို့ ရခိုင်အမျိုးသားပါတီ (Arakan National Party) မှ တင်သွင်းသည့် အကြံပြုစာတမ်း၊ စာမျက်နှာ (၇)

### သယံဇာတခွဲဝေသုံးစွဲမှု ကဏ္ဍ

၁။ သဘာဝ သယံဇာတများအားလုံးကို ထိုသဘာဝသယံဇာတများတည်ရှိရာ သက်ဆိုင်ရာ အမျိုးသားပြည်နယ် များက ပိုင်ဆိုင်သည်။ သက်ဆိုင်ရာအမျိုးသားပြည်နယ်များက စီမံထိန်းချုပ်ကွပ်ကဲခွင့်ရှိသည်။

၂။ သက်ဆိုင်ရာ အမျိုးသားပြည်နယ်သည် မိမိ၏သဘာဝသယံဇာတများအား ထုတ်ယူသုံးစွဲပိုင်ခွင့်၊ ထိန်းချုပ် စီမံပိုင်ခွင့် ရှိသည့်အပြင်၊ သယံဇာတဝင်ငွေများကို ကိုင်တွယ်ပြီး ဖက်ဒရယ်အစိုးရသို့ ခွဲဝေခြင်းကို သက်ဆိုင်ရာ အမျိုးသားပြည်နယ်က ကိုင်တွယ်လုပ်ဆောင်ရမည်။

၃။ သဘာဝသယံဇာတ ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်စီမံခွင့်၊ အကျိုးခံစားခွင့် ရယူခွင့်တို့နှင့် ပတ်သက်၍ အမျိုးသား ပြည်နယ်က ကိုင်တွယ်ရမည့်စာရင်းနှင့် ဖက်ဒရယ်အစိုးရက ကိုင်တွယ်ရမည့် စာရင်းဟူ၍ ခွဲခြားခြင်းမပြုရ။ သဘာဝ သယံဇာတများအားလုံးကို သက်ဆိုင်ရာအမျိုးသားပြည်နယ်များက စီမံခန့်ခွဲပြီး သဘောတူသတ်မှတ် ကြသည့် အချိုးကျရသင့်ငွေကို သက်ဆိုင်ရာအမျိုးသားပြည်နယ် ဘဏ္ဍာငွေစာရင်း ထဲသို့ ထည့်ဝင်စေပြီး သတ်မှတ်အချိုးကျ ခွဲဝေပေးငွေကို ဖက်ဒရယ်ပြည်ထောင်စု ဘဏ္ဍာငွေသို့ ထည့်ဝင်စေရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုဘဏ္ဍာငွေသို့ ထည့်ဝင်ရမည် သတ်မှတ်အချိုးကျ ခွဲဝေပေးငွေမှာ သက်ဆိုင်ရာ အမျိုးသားပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကိုရရှိမှသာ ဖက်ဒရယ်ပြည်ထောင်စု ဘဏ္ဍာငွေသို့ ထည့်ဝင်စေရမည်။



## အချပ်ပို (၉)

### ရွေးချယ်ထားသော နိုင်ငံများရှိ သဘာဝသယံဇာတပိုင်ဆိုင်မှု

| တပြည်ထောင်စနစ် | အခွန် ရာခိုင်နှုန်း |
| --- | --- |
| အင်ဒိုနီးရှား | **နိုင်ငံတော်။** (ပုဒ်မ ၃၃.၂) နိုင်ငံတော်အတွက် အရေးကြီးပြီး ပြည်သူလူထု၏ ဘဝ အပေါ် သက်ရောက်မှု ရှိသော ထုတ်လုပ်မှုကဏ္ဍများကို နိုင်ငံတော်၏ လုပ်ပိုင်ခွင့် အာဏာ အောက်တွင် ရှိမည်။ (၃) နိုင်ငံအတွင်းရှိ မြေ၊ ရေထုနှင့် သဘာဝ သယံဇာတ များသည် နိုင်ငံတော်၏ အာဏာအောက်တွင် ရှိမည်ဖြစ်ပြီး ပြည်သူ လူထု၏ အကျိုး စီးပွားအတွက် အကောင်းဆုံး အသုံးပြုသွားမည်။ |
| ပေါပါးနယူးဂီနီ | **နိုင်ငံတော်။** Baugainville Island ကျွန်းအတွက် သဘာဝသယံဇာတပိုင်ဆိုင်မှုကို အနာဂတ်တွင် ဆုံးဖြတ်သွားမည်။ (အပိုင်း ၁၊ ပုဒ်မ ၂.၂) ပေါပါးနယူးဂီနီ၏ အချုပ်အခြာ အာဏာသည် ၎င်း၏ ပိုင်နက် နယ်မြေအတွင်း၌လည်းကောင်း၊ ၎င်းပိုင်နက် နယ်မြေ အတွင်းရှိ သဘာဝသယံဇာတအပေါ်၌ လည်းကောင်း ရှိပြီး ဆက်လက် တည်သွားမည်။ |
| **ဖက်ဒရယ် ပြည်ထောင်စုစနစ်** | |
| ကနေဒါ | **ပြည်နယ်။** (ပုဒ်မ ၁၀၉) မြေ၊ သတ္တု၊ တွင်းထွက်နှင့် ခိုင်ကြေးများသည် ကနေဒါ၏ ပြည်နယ်များ ဖြစ်သော Nova Scotia, New Brunswick, Ontario, Quebec တို့က ပိုင်ဆိုင်မည်ဖြစ်သည်။ |
| နိုင်ဂျီးရီးယား | **ဖက်ဒရယ်အစိုးရ။** (ပုဒ်မ ၄၄) နိုင်ဂျီးရီးယားနိုင်ငံအတွင်းရှိ တွင်းထွက်သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့အားလုံးနှင့် နိုင်ဂျီးရီးယားနိုင်ငံ၏ ရေပိုင်နက်နယ်မြေနှင့် သီးသန့် စီးပွားရေးဇုန်များကို နိုင်ဂျီးရီးယား နိုင်ငံ၏ ဖက်ဒရယ်အစိုးရက ပိုင်ဆိုင်သည်။ |
| အီရတ် | **ပြည်သူလူထု။** (ပုဒ်မ ၁၁၁) ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အီရတ်ပြည်သူများကို ပိုင်ဆိုင်သည်။ |
| ရုရှား | **ပုဂ္ဂလိက၊ ပြည်နယ်၊ မြူနီစီပယ် သို့မဟုတ် အခြားပုံစံ။** (ပုဒ်မ ၉.၁) ရုရှား ဖက်ဒရေးရှင်း တွင် မြေနှင့် အခြားသဘာဝသယံဇာတများကို ဖက်ဒရေးရှင်းအတွင်း နေထိုင်သော ပြည်သူများ၏ ဘဝကို ကာကွယ်ရန် အလို့ငှာ အသုံးပြုပြီး ကာကွယ်သွားမည် ဖြစ်သည်။ (၂) မြေနှင့် အခြားသဘာဝသယံဇာတများသည် ပုဂ္ဂလိက၊ ပြည်နယ်၊ မြူနီစီပယ် သို့ မဟုတ် အခြားပုံစံတစ်ခုခုဖြင့် ပိုင်ဆိုင်ခွင့် ရှိသည်။ |
| ဆူဒန် | **သတ်မှတ်ထားခြင်းမရှိ။** (အလုံးစုံငြိမ်းချမ်းရေးသဘောတူစာချုပ်၊ ကြွယ်ဝမှုခွဲဝေခြင်း သဘောတူချက်၊ ပုဒ်မ ၂.၁) ဤစာချုပ်သည် သက်ဆိုင်ရာ အစုအဖွဲ့၏ သယံဇာတ ပိုင်ဆိုင်မှု သဘောထားများအပေါ် အငြင်းအခုံမထားဘဲ သယံဇာတပိုင်ဆိုင်မှုကို ဆွေးနွေးရန် ရည်ရွယ်ထားခြင်း မရှိပါ။ |
| ယူအေအီး | **ပြည်နယ်။** (ပုဒ်မ ၂၃)ပြည်နယ်အလိုက်သဘာဝသယံဇာတနှင့်ကြွယ်ဝမှုများကိုပြည်သူများကပိုင်ဆိုင်သည်။ |
| ဗင်နီဇွဲလား | **ပြည်ထောင်စု။** (ပုဒ်မ ၁၂) နိုင်ငံတော်၏ ပိုင်နက်နယ်မြေ (ပင်လယ်အောက်၊ စီးပွားရေးဇုန်၊ မြေပိုင်နက်) အတွင်းရှိ သတ္တုသိုက်နှင့် ဟိုက်ဒရိုကာဗွန်များကို ပြည်ထောင်စု ပိုင်ဆိုင်ပြီး ပြည်သူများက ပိုင်ဆိုင်သည်။ |

အရင်းအမြစ် - *"Negotiating natural resources for peace: ownership, control and wealth –sharing" by Hd Briefing paper, October 2009, 11 (http://comparativeconstitutionsproject.org/files/resources_peace.pdf)*

## အချပ်ပို (၁၀)

### ရွေးချယ်ထားသော နိုင်ငံများရှိ သဘာဝသယံဇာတ စီမံထိန်းချုပ်မှု

| နိုင်ငံတော် | ပြည်နယ် | ပူးတွဲ | မညီမျှမှု |
|---|---|---|---|
| **နိုင်ဂျီးရီးယား**<br>ပြည်ထောင်စု အစိုးရသည် တွင်းထွက်သတ္တု၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ အားလုံး အတွက် ဥပဒေပြုခွင့် အာဏာ ရှိသည်။ (ပုဒ်မ ၃၉) | **ကနေဒါ**<br>ပြည်နယ်ဥပဒေပြုအဖွဲ့နှင့် ပြည်နယ် အစိုးရတို့အား သစ်တော်နှင့် ပြန်လည် မဖြည့်တည်းနိုင်သော သဘာဝ သယံဇာတ ရှာဖွေ တူးဖော်မှု၊ ဖွံ့ဖြိုးမှုနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်း ပိုင်ခွင့် ပေးထားသည်။ (ပုဒ်မ ၉၂) | **အီရတ်**<br>ဖက်ဒရယ်အစိုးရနှင့် သယံဇာတ ထွက်သော ပြည်နယ်များ၏ အစိုးရတို့နှင့် ပူးပေါင်း ပြီး ရေနံနှင့် သဘာဝ ဓာတ်ငွေ့ဆိုင်ရာ မူဝါဒများကို အီရတ်ပြည်သူ အကျိုးငှာ ရေးဆွဲရမည်။ (ပုဒ်မ ၁၁၂.၂) | **အင်ဒိုနီးရှား**<br>အထက်လွှတ်တော်သည် သဘာဝ သယံဇာတနှင့် အခြားစီးပွားရေး သယံဇာတများကို စီမံခန့်ခွဲမှုနှင့် ဆိုင်သော ဥပဒေများကို ပြဋ္ဌာန်းပေးရမည့် တာဝန်ကို လုံးဝ အပ်နှံထားသည်။ (အခန်း ရ-က ၂၂ဃ၊ အပိုင်း ၁ နှင့် ၂)<br><br>**အာချေး**အစိုးရ ဥပဒေတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံခန့်ခွဲမှုများအတွက် အင်ဒိုနီးရှားအစိုးရနှင့် အာချေးပြည်နယ် အစိုးရတို့၏ ပူးတွဲ စီမံခန့်ခွဲပိုင်ခွင့်ကို ပေးထားသည်။ (အပိုင်း ၁၆၀၊ ပုဒ်မ ၅) |
| **ဗင်နီဇွဲလား**<br>ဖက်ဒရယ်အစိုးရသည် တွင်းထွက် သတ္တုနှင့် ဟိုက်ဒရို ကာဗွန်များကို စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု အတွက် တာဝန်ရှိ သည်။ (ပုဒ်မ ၁၅၆. ၁၆) | **ယူအေအီး**<br>ပြည်နယ်တစ်ခုချင်းစီတွင် ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတများနှင့် အခြားကြွယ်ဝမှုများကို အပြည့်အဝထိန်းချုပ်ပိုင်ခွင့် ရှိသည်။ (ပုဒ်မ ၂၃) | **ရုရှား**<br>မြေ၊ တွင်းထွက်သယံဇာတ၊ ရေနှင့် အခြား သဘာဝ သယံဇာတများကို ဖက်ဒရေးရှင်း အစိုးရနှင့် အဖွဲ့ဝင်များက အသုံးပြုခွင့်နှင့် စီမံခန့်ခွဲခွင့် ရှိသည့်အပြင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက်လည်း တာဝန် ရှိသည်။ (ပုဒ်မ ၇၂.၁.ဂ နှင့် ပုဒ်မ ၇၂.၁.င) | |
| | | **ဆူဒန်**<br>အမျိုးသား ရေနံကော်မရှင် (NPC) ကို နိုင်ငံတော် အစိုးရနှင့် တောင်ဆူဒန် အစိုးရနှင့် ပြည်နယ်အစိုးရ တို့က တည်ထောင်ခဲ့သည်။ ပြည်သူ့ရေးရာ မူဝါဒ၊ ဖွံ့ဖြိုးရေး မဟာဗျူဟာများ နှင့် ရေနံ လုပ်ကိုင်ခွင့် စာချုပ်များ ညှိနှိုင်းပေးခြင်း နှင့် အတည်ပြုခြင်းတို့ အတွက် တာဝန်ရှိသည်။ (အလုံးစုံ ငြိမ်းချမ်းရေး သဘောတူစာချုပ်၊ ကြွယ်ဝမှုခွဲဝေခြင်း၊ ပုဒ်မ ၃.၂) | **ပေါပါးနယူးဂီနီ**<br>နိုင်ငံတော်၏ ဥပဒေပြုအာဏာ ထဲတွင် သဘာဝ သယံဇာတ ကဏ္ဍလည်း တစ်ခု အပါအဝင် ဖြစ်သည်။ သဘာဝ သယံဇာတနှင့် မြေယာသည် Bougainville ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအား လိုအပ်ချက်နှင့် လုပ်ဆောင် နိုင်စွမ်း ရှိလာသော အချိန်၌ လွှဲပြောင်းပေးရန် ဖြစ်သည်။ |

အရင်းအမြစ် - *"Negotiating natural resources for peace: ownership, control and wealth –sharing" by Hd Briefing paper, October 2009, 14 (http://comparativeconstitutionsproject.org/files/resources_peace.pdf)*



## အချပ်ပို (၁၁)

### ရွေးချယ်ထားသော နိုင်ငံများရှိ သဘာဝသယံဇာတ ဝင်ငွေ ခွဲဝေမှု

| နိုင်ငံတော် | အခွန်ကောက်ခံခွင့် | ပြည်နယ် |
|---|---|---|
| **အင်ဒိုနီးရှား**<br>ဥပဒေများကို အကောင်အထည် ဖော်ရန်လိုသည်။ (ပုဒ်မ ၁၈.က) ဥပဒေအရ ရေနံဝင်ငွေ၏ ၁၅% ကို လည်းကောင်း၊ သဘာဝ ဓာတ်ငွေ့ ဝင်ငွေ၏ ၃၀%ကို လည်းကောင်း ရေနံနှင့် သဘာဝ ဓာတ်ငွေ့ထွက်ရှိသော ပြည်နယ်သို့ လွှဲပြောင်း ခွဲဝေပေးရသည်။ အာချေးပြည်နယ်အတွက် အထူးပြဋ္ဌာန်းချက်အရ အားချေး ပြည်နယ်မှထွက်သော ရေနံနှင့် သဘာဝ ဓာတ်ငွေ့ဝင်ငွေ၏ ၇၀% ကို အားချေး ပြည်နယ်သို့ ခွဲဝေပေးရ သည်။ (အားချေးပြည်နယ် ဥပဒေ အပိုင်း ၁၈၁၊ ပုဒ်မ ၁-ခ) | **ကနေဒါ**<br>ပြည်နယ်များသည် သဘာဝ သယံဇာတမှ ရရှိသော ဝင်ငွေများအပေါ် အခွန်နှင့် ခိုင်ကြေး အမျိုးမျိုး လုံးဝ ကောက်ခံခွင့် ရှိသည်။ (ပုဒ်မ ၉၂.က.၄) ဖက်ဒရယ် အစိုးရသည် လုပ်ငန်းဝင်ငွေခွန်များကိုသာ ကောက်ခံခွင့်ရှိသည်။ (ပုဒ်မ ၉၁.၃) | **ယူအေအီး**<br>ပြည်နယ်များသည် ၎င်းတို့၏ ဝင်ငွေများမှ ညှိနှိုင်းထားသော ပမာဏကို ပြည်ထောင်စု ဘတ်ဂျက်ထဲသို့ ထည့်ဝင်ပေးရသည်။ (ပုဒ်မ ၁၂၇) |
| **အီရတ်**<br>ဖက်ဒရယ်အစိုးရနှင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ထွက်သော ပြည်နယ်တို့ သည် လက်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပူးတွဲ စီမံခန့်ခွဲခွင့် ပေးထားသည်။ သို့ရာတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ဝင်ငွေများကို လူဦးရေ ပျံ့နှံ့မှုအလိုက် ခွဲဝေပေးခြင်းနှင့် ယခင် လိုအပ်ချက်ရှိသော ဒေသများကို ခွဲဝေပေးခြင်းတို့ ပြုလုပ်ရန်လိုသည်။ (ပုဒ်မ ၁၁၂.၁) | **အီရတ်**<br>ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွန်ကောက်ခံခွင့်ကို မသတ်မှတ်ထားသော်လည်း အမည်မဖော်ပြထားသော ပြည်နယ်များသည် သီအိုရီအရ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို အခွန် ကောက်ခံနိုင်သည်။ (ပုဒ်မ ၁၁၅) | **အီရတ်**<br>ဖွဲ့စည်းပုံအခြေခံဥပဒေအရ အနာဂတ်ရေနံနှင့် သဘာဝ ဓာတ်ငွေ့သိုက်များနှင့် ပတ်သက်၍ ဖော်ပြထားခြင်း မရှိသဖြင့် သွယ်ဝိုက်သော အားဖြင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ဝင်ငွေများကို ပြည်နယ် ထိန်းချုပ်မှုအောက် ထားနိုင်သည့် အလားအလာ ရှိနိုင်သည်။ (ပုဒ်မ ၁၁၅) |
| **နိုင်ဂျီးရီးယား**<br>ပါလီမန်လွှတ်တော်သည် ရေနံဝင်ငွေများကို ခွဲဝေသည့် ပုံသေနည်းကို ၅ နှစ်တစ်ကြိမ် ဆုံးဖြတ်ပေးသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လူဦးရေ၊ ပြည်နယ်များ၏ တန်းတူညီမှု၊ ပြည်တွင်းဝင်ငွေ ရရှိမှုနှင့် မြေထုတို့ကို ခွဲဝေသည့် ပုံသေနည်းတွင် ထည့်သွင်းစဉ်းရန် လိုအပ်ပြီး ရေနံဝင်ငွေ၏ အနည်းဆုံး ၁၃% ကို ရေနံထွက်သော ပြည်နယ်များ အတွက် ခွဲဝေပေးသည်။ (ပုဒ်မ ၁၆၂.၂) | **ရုရှား**<br>ရုရှားဖက်ဒရေးရှင်းနှင့် ပြည်နယ်တို့သည် အခွန်စနစ် အခြေခံ မူဝါဒများကို ပူးတွဲသတ်မှတ်ခွင့် ရှိသည်။ (ပုဒ်မ ၇၂.၁.က) ထို အတွက် ဖက်ဒရယ်ဥပဒေဖြင့် ကြီးကြပ်ကွပ်ကဲသည်။ (ပုဒ်မ ၇၅.၃) လက်တွေ့တွင် ပြည်နယ်များသည် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ကုမ္ပဏီကြီးများထံမှ လုပ်ငန်းဝင်ငွေခွန်များကို ကောက်ခံနိုင်သည်။ | |

| | | |
|---|---|---|
| **ဆူဒန်**<br>ရေနံထွက်ရှိသော ပြည်နယ်များအတွက် ရေနံ အသားတင်ဝင်ငွေ၏ ၂% ကို ထုတ်လုပ်မှု ပမာဏနှင့်အညီ ခွဲဝေပေးပြီး နောက်ကျန်ရှိသော ရေနံအသားတင် ဝင်ငွေများကို ဆူဒန်အစိုးရနှင့်တောင်ဆူဒန် အစိုးရတို့ အား အညီအမျှ ခွဲဝေပေးရသည်။ (အလုံးစုံ ငြိမ်းချမ်းရေး သဘောတူစာချုပ်၊ ကြွယ်ဝမှုခွဲဝေခြင်း၊ ပုဒ်မ ၅.၅ -၅.၆) | **ဆူဒန်**<br>ပြည်ထောင်စု အစိုးရသည် စီးပွားရေးလုပ်ငန်းအကျိုးအမြတ် ခွန်ကောက်ခံပြီး ပြည်နယ်များ သည် မြေခွန်၊ ခိုင်ကြေးနှင့် ယစ် မျိုးခွန်တို့ကိုကောက်ခံသည်။ (အလုံးစုံငြိမ်းချမ်းရေးသဘောတူ စာချုပ်၊ အာဏာခွဲဝေခြင်း၊ ဇယား က.၃၅၊ ဇယား ခ.၁၂ နှင့် ဇယား ဂ.၃၉) | |
| **ဗင်နီဇွဲလား**<br>ပြည်ထောင်စုအစိုးရဘတ်ဂျက်၏ ၁၅-၂၀% ကို ပြည်နယ်များအတွက် ခွဲဝေပေးရမည်။ (ပုဒ်မ ၁၆၇.၄) ဟိုက်ဒရိုကာဗွန်နှင့် သတ္တု တွင်းလုပ်ငန်းများရှိသော ပြည်နယ်များ အတွက် အထူးခွဲဝေမှုများကို စဉ်းစားပေး ထားသည်။ (ပုဒ်မ ၁၅၆.၁၆) | **ပေါပါးနယူးဂီနီ**<br>ပြည်ထောင်စုအစိုးရသည် ငွေကြေးအရ အမှီအခို ကင်းလာ စေရန် Bougainville ကျွန်းအား ကူညီပေးမည်။ မိမိဘာသာ ရပ်တည် လာနိုင်သည့် အခြေ အနေမျိုးရောက်သောအခါ ပေါပါးနယူးဂီနီအစိုးရနှင့် Bougain ville Island အစိုးရတို့သည် ဝင်ငွေခွဲဝေမှု ပုံသေနည်းတစ်ခုကို ရေးဆွဲ သတ်မှတ်မည်။ (ပုဒ်မ ၃၂၄) | |

အရင်းအမြစ် - *"Negotiating natural resources for peace: ownership, control and wealth –sharing" by Hd Briefing paper, October 2009, 22 (http://comparativeconstitutionsproject.org/files/resources_peace.pdf)*



# အချပ်ပို (၁၂)

## ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ (၃)သို့ သုတေသနခရီးစဉ်အတွင်း ဒေသခံရွာသားများ ထံမှ ကောက်ယူစုဆောင်းခဲ့သော ကျေးရွာအချက်အလက်များ

| ကျေးရွာ (၁) | |
|---|---|
| ကျေးရွာအမည် | မလကျွန်း |
| အိမ်ခြေ | ၂၆၀-၂၇၀ |
| လူဦးရေ | ၁၆၀၀ (ခန့်မှန်းခြေ) |
| ပညာရေး (ကျောင်း) | အလယ်တန်းကျောင်းခွဲ |
| စီးပွားရေး | ရာသီပင် (သခွား၊ ခရမ်း၊ ငရုတ် စသည်) စိုက်ပျိုးရေး |
| တွေ့ဆုံမေးမြန်းခဲ့သော တောင်သူ လယ်သမားနှင့် ဒေသခံများ | ၁။ ဦးစိုးသွင် (အုပ်ချုပ်ရေးမှူး)<br>၂။ ဦးနှင်းထွန်း<br>၃။ ဦးဝေဖြူ<br>၄။ ဒေါ်ငွေကြည်<br>၅။ ဦးဝေခင်<br>၆။ ဦးတင်ရွှေလေး<br>၇။ ဦးအောင်စောန(အုန်းတောရွာ) (အုန်းတောရွာ)<br>၈။ ဒေါ်ကြည်ကြည်ညွန့်(ကုန်းရှင်ရွာ)<br>၉။ ဦးကျော်သောင်း<br>၁၀။ ဦးနိုင်နိုင်ထွန်း<br>၁၁။ ဦးခင်မောင်ရီ<br>၁၂။ ဦးစိုးလွင်<br>၁၃။ ဒေါ်နှင်းနှင်းန<br>၁၄။ ကိုလှထွန်း (လိပ်ခမော်ရွာ)<br>၁၅။ ဦးမောင်ရောင်း |

| ကျေးရွာ (၂) | |
|---|---|
| ကျေးရွာအမည် | နမ်းဖဲတောင် |
| အိမ်ခြေ | ၈၉ |
| လူဦးရေ | - |
| ပညာရေး (ကျောင်း) | အလယ်တန်းကျောင်းခွဲ |
| စီးပွားရေး | ရာသီပင် (သခွား၊ ခရမ်း၊ ငရုတ် စသည်) စိုက်ပျိုးရေး |
| တွေ့ဆုံမေးမြန်းခဲ့သော တောင်သူ လယ်သမားနှင့် ဒေသခံများ | မှတ်ချက် - လူဦးရေ (၁၂) ဦးခန့် တွေ့ဆုံမေးမြန်းခဲ့သော်လည်း ၎င်းတို့၏ အမည်များကို မှတ်တမ်းမယူခဲ့ပါ။ |

| ကျေးရွာ (၃) | |
|---|---|
| ကျေးရွာအမည် | ပျားတဲ |
| အိမ်ခြေ | ၁၃၅ |
| လူဦးရေ | ၆၀၀ ကျော် (ခန့်မှန်းခြေ) |
| ပညာရေး (ကျောင်း) | - |
| စီးပွားရေး | ရာသီပင်နှင့် စပါးစိုက်ပျိုးရေး |
| တွေ့ဆုံမေးမြန်းခဲ့သော တောင်သူလယ်သမားနှင့် ဒေသခံများ | မှတ်ချက် - လူဦးရေ (၂၀)ကျော်အား တွေ့ဆုံမေးမြန်းခဲ့သော်လည်း ၎င်းတို့၏ အမည်များကို မှတ်တမ်းမယူခဲ့ပါ။ |

# အချပ်ပို (၁၇) သုတေသနခရီးစဉ်နှင့် အလုပ်ရုံဆွေးနွေးပွဲ ဓာတ်ပုံမှတ်တမ်းများ

## ကချင်ပြည်နယ် သုတေသနခရီးစဉ် မှတ်တမ်းဓာတ်ပုံများ



ကချင်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီး အိပ်ချ်လအောင်နှင့်
ENAC သုတေသနအဖွဲ့ဝင်များ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ENAC
သုတေသန အဖွဲ့ဝင်များ



ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG)နှင့် ENAC
သုတေသနအဖွဲ့ဝင်များ



ငြိမ်းချမ်းရေးဖော်ဆောင်ရေးအကြံပေးအဖွဲ့ (TAT) နှင့်
ENAC သုတေသန အဖွဲ့ဝင်များ




ကချင်လူမှုဖွံ့ဖြိုးကွန်ယက်အဖွဲ့မှ Steven Naw Awng နှင့် ENAC
သုတေသန အဖွဲ့ဝင်များ





ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌဒေါက်တာ မနာမ်တူးဂျာနှင့်
ENAC သုတေသန အဖွဲ့ဝင်များ



ကချင်နှစ်ချင်းခရစ်ယာန်အသင်းချုပ် (KBC) ၏ အထွေထွေ အတွင်းရေးမှူး
ဒေါက်တာ ခလမ်ဆမ်ဆင်နှင့် ENAC သုတေသန အဖွဲ့ဝင်များ



ကချင်ပြည်နယ် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီမှ
ဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ENAC သုတေသန အဖွဲ့ဝင်များ



ကချင်ပြည်နယ်ရှိ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့်
ENAC သုတေသနအဖွဲ့ဝင်များ

## ရခိုင်ပြည်နယ် သုတေသနခရီးစဉ် မှတ်တမ်းဓာတ်ပုံများ



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ENAC အမှုဆောင်ဒါရိုက်တာ
ဖိုသုန်းမုန်မှ တွေ့ဆုံမေးမြန်းခြင်း



ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ခိုင်နှင့်
ENAC သုတေသနအဖွဲ့ဝင်များ



ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်အား
တွေ့ဆုံမေးမြန်းခြင်း



ကျောက်ဖြူမြို့နယ် မလကျွန်းကျေးရွာမှ
တောင်သူလယ်သမားများအား တွေ့ဆုံမေးမြန်းခြင်း





ရခိုင်အမျိုးသားပါတီအဖွဲ့ဝင်များနှင့် ENAC သုတေသနအဖွဲ့ဝင်များ



ကျောက်ဖြူမြို့နယ်၊ နမ်းဖဲတောင်ကျေးရွာမှ
ဒေသခံတောင်သူလယ်သမားများကို တွေ့ဆုံမေးမြန်းခြင်း



ကျောက်ဖြူမြို့နယ်၊ ပျားတဲကျေးရွာမှ ဒေသခံ
တောင်သူလယ်သမားများအား တွေ့ဆုံမေးမြန်းခြင်း

## အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများ






EAOs ခေါင်းဆောင်နှင့် ကိုယ်စားလှယ်များနှင့်
အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်း
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ - ၁၂ ရက်နေ့





CSOs ကိုယ်စားလှယ်များနှင့် အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်း
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ - ၁၄ ရက်နေ့





နိုင်ငံရေးပါတီများနှင့် အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်း
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ - ၁၇ ရက်နေ့



ENAC

ဆက်သွယ်ရန်

P.O.Box 5
Chang Puak, A. Mueang
Chiang Mai 50302
Thailand

Email: info@burmaenac.org
Website: www.burmaenac.org